www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

## မာယာ တရေးနိုး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ<br>ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | - | ၆ လင်း |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမာ<br>ပုညခင်စာပေ၊ (မြ - ၀၄၅၃၈)<br>တိုက်(၆၁)၊ အခန်း(၁၁)၊<br>ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဦးတင်ဝင်း (မြ-၀၉၄၇၁)<br>မဟာမီဒီယာပုံနှိပ်တိုက်၊<br>အမှတ် ၃၁၅၊ ကန်သာယာ ၂ လမ်း၊<br>ကျည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်<br>အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | ပုညခင်စာအုပ်တိုက် |

၈၉၅.၈၃

ပုညခင်

မာယာတရေးနိုး / ပုညခင် ။ - ရန်ကုန် ။

ပုညခင်စာပေ၊ ၂၀၁၃။

၂၈၈ - စာ၊ ၁၈ × ၁၂ စင်တီ။

(၁) မာယာတရေးနိုး


ပုညခင်စာအုပ်တိုက်

# ပုညခင်

# မာယာတရေးနိုး



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ...

စွန့်လွှတ်တိုင်းလည်း မဆုံးရှုံးသလို ...

သိမ်းပိုက်တိုင်းလည်း မပိုင်ဆိုင်ဘူး ...။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားတွေရဲ့ ဇီဇစိတ်မှာ
မာယာဆိုတာ ပါလာပြီးသားပါ...။
အသုံးမပြုချင်လို့သာ မသုံးဘဲ ပစ်ထားပေမယ့်
မသုံးမဖြစ် သုံးဖို့လိုအပ်လာရင်တော့လည်း
အိပ်ပျော်နေတဲ့ မာယာဆိုတာ
တရေးတော့ နိုးလာတတ်သေးတာပဲ...။

(ခင့်ညိုညို)

ငါသေရင်သာ ကိုကို နင့်အတွက် ထားခဲ့ပေးမှာ...။
ငါမသေသေးသရွေ့တော့...
ကိုကို နင့်လက်ထဲ မထည့်နိုင်ဘူးလေ...။

(လဝန်းလဲ့ပြာ)

ငါ့ကို ခင့်ညိုနဲ့ ပေးစားဖို့ စိတ်ကူးတာကိုက
မင်း... ရုပ်ရှင်ဆန်ဆန်တွေးပြီး
သက်သက် အရှုံးထတာပဲ...။

(လင်းရိပ်ထင်)

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ညနေခင်းက ဖွဲဖွဲရွာသော မိုးကြောင့် မှုန်မှိုင်းရီဝေနေသည်။ ကောင်းကင်မှာတော့ တိမ်ရိပ်က ညို့နေသည်။ စွတ်ရုံလေးရွာသော မိုးကြောင့် ကတ္တရာလမ်းမကြီးက မည်းအိရွှဲပြောင်နေသည်။ 'လင်းရိပ်ထင်' မောင်းလာသော ကားထဲမှာတော့ 'လဝန်းလဲ့ပြာ'က လင်းရိပ်ထင်ရဲ့ ဘယ်ဘက်လက်ကို တွဲချိတ်လျက် ငြိမ်သက်စွာလိုက် ပါလာရင်းက ...

"ကို ..."

"အင်ဟင် ..."

"ဖြည်းဖြည်းမောင်းနော် ..."

"ဖြည်းဖြည်းပဲ မောင်းနေပါတယ် လဝန်းရဲ့ ..."

"ဒါ့ထက် ပိုပြီး ဖြည်းဖြည်းမောင်းပါဆို ..."

"ရော် ... အဲ့ဒါဆို ဘီးလိမ့်ရုံကလေးပဲ ဖြစ်တော့မှာပေါ့၊

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နောက်က ကားတွေ ပြဿနာရှာလိမ့်မယ်လေ လဝန်းရယ်၊ ပြီးတော့ လေယာဉ်ချိန် မမီဘဲလည်း နေဦးမယ်"

"လဝန်းကဖြင့် လေယာဉ်ချိန် မီမှာတောင် ကြောက်နေတား ကားပေါ်မှာ ကိုကိုနဲ့တူတူ အချိန်ကြာကြာ နေချင်သေးတာ"

"ကိုယ်နဲ့ မခွဲချင်ဘူးပေါ့ ..."

"အင်း ... ခဏလေး ခွဲရမှာတောင် ငိုချင်တယ်"

"ကဲ ... ဒါဆို ပြန်လှည့်လိုက်တော့မယ်၊ မသွားနဲ့တော့"

"အာ ... အဲ့လိုကြီးတော့ မဖြစ်သေးဘူး ကိုရဲ့၊ အားလုံး စီစဉ်ပြီးသားကြီးကို အနားကပ်မှ ဖျက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ပြီးတော့ ဒီတစ်ခါ သွားရတာက ပြိုင်ပွဲအတွက်လေ ...၊ လဝန်း မလိုက်ရင် လဝန်းရဲ့ ဝတ်စုံနဲ့ ပြိုင်ပွဲဝင်မယ့် မော်ဒယ်လေးလည်း အဆင်မပြေ ဖြစ်သွားမှာပေါ့၊ ကိစ္စတွေက ဖျက်လို့မရမှန်း သိပေမယ့် ကိုနားကပ်ပြီး ရသမျှအချိန်လေးမှာ ချွဲလို့ရသလောက် ချွဲကြည့်ချင်သေးတာပါ ကိုရယ်၊ ဒီနေ့ကျမှ မိုးကလည်း ရွာနေတော့ ရင်ထဲ တစ်မျိုးကြီးနဲ့ လွမ်းသလို ဆွေးသလိုကြီး ဖြစ်နေရတာ ..."

"နှစ်ပတ်တည်းပဲကွာ၊ အကြာကြီး ခွဲရတာမှ မဟုတ်တာ၊ ကိုယ်တို့ နေ့တိုင်း ဖုန်းပြောမယ်ကွာ၊ skype မှာ တွေ့မယ်ကွာ၊ ထိုင်းနဲ့ မြန်မာနဲ့ကလည်း ဒီလောက်နီးတာ၊ လဝန်း





အရမ်းတွေ့ချင်တယ်ဆိုရင်တောင် ကိုယ် ချက်ချင်း ပြေးလာလို့ ရတယ်ကွာ ..."

"အင်း ... ဒါတော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့်လည်း နေ့တိုင်းတွေ့နေကျကို မတွေ့ရတော့ တစ်မျိုးကြီးပေါ့ ..."

"ဟိုရောက်တော့လည်း လဝန်း ကိုယ့်ကို လွမ်းချိန်တောင် ရမှာမဟုတ်ပါဘူးကွာ၊ ပြိုင်ပွဲအတွက် အလုပ်တွေက အရမ်းရှုပ်တော့မှာ မဟုတ်လား၊ တကယ်တမ်းကျ ကိုယ်နဲ့ ဖုန်းပြောဖို့တောင် အချိန် ရမရ မသေချာပါဘူး ..."

"အင်း ... အလုပ်ကတော့ ရှုပ်မှာသေချာတယ်၊ ဒါပေမယ့်လည်း လွမ်းတာကတော့ လွမ်းတာပါပဲ ကိုရယ်"

လဝန်းလဲ့ပြာက ချွဲချွဲလေးပြောရင်း ကားမောင်းနေသော လင်းရိပ်ထင်ဘက်သို့ ယိမ်းကာ လင်းရိပ်ရဲ့ပခုံးပေါ် ခေါင်းလေးငဲ့မှီ ငြိမ်သက်သွားပါသည်။

သူငယ်ချင်းဘဝက လာတဲ့ ရွယ်တူ သမီးရည်းစားဆိုပေမယ့်လည်း 'လဝန်း'က အမြဲ အငယ်လိုချွဲတတ်ခဲ့တာပင် ...။ အောင်မြင်တဲ့ ဖက်ရှင်ဒီဇိုင်နာ ဆိုပေမယ့် လင်းရိပ်ထင်နဲ့ တွေ့ရင်တော့ လဝန်းလဲ့ပြာ ဆိုတာ ကလေးသူငယ်လို ဖြစ်နေတတ်သည်ပင် ...။

လေဆိပ်ရှေ့ ကားပါကင်မှာ ကားရပ်တော့ လဝန်း



www.burmeseclassic.com

www.burmeseclassic.com



က ကားပေါ်က တော်တော်နဲ့မဆင်းချင်ဘဲ အိသြောင် အိသြောင် ချွဲနွဲ့နေပါသည်။

လင်းရိပ်ထင်က နာရီတစ်ချက်ကြည့်လိုက်ရင်း ...

"ချစ်လေး ... အချိန်နီးနေပြီလေ၊ လေဆိပ်ထဲ ဝင်ကြရအောင်၊ အထဲရောက်မှ စကားဆက်ပြောကြတာပေါ့ ..."

"အထဲကိုရောက်ရင် ခုလို ကိုပခုံးကို မှီထားလို့ မရလို့ပေါ့ ကိုရဲ့ ...၊ ဘာလဲ ... ကိုက လဝန်းကို မြန်မြန်သွားစေချင်နေပြီလား၊ ဘာအကြောင်းရှိလို့လဲ ..."

"ဘာအကြောင်း ရှိရမှာလဲ လဝန်းရယ်၊ လဝန်းနဲ့ ဒီလိုနေရတာကို ကိုယ်လည်း ကြိုက်ပါတယ်၊ ဒါပေမယ့် မဖြစ်မနေ သွားရမယ့် ခရီးတစ်ခုကို မမိမကမ်း ပျားယီးပျာယာ မဖြစ်စေချင်တာတော့ အမှန်ပဲ"

"ကို ..."

"အင်း ... ပြောလေ လဝန်း"

"လဝန်း သွားနေတုန်း နိုင်ငံခြားက ကိုမိတ်ဆွေတွေ ရောက်လာကြဦးမှာလား"

"ခုထိတော့ ရောက်ဖို့ အစီအစဉ်မရှိသေးဘူးလေ၊ လဝန်း သွားနေတုန်း ရောက်မရောက်တော့ ကိုယ်လည်း မပြောနိုင်ဘူး"





"ဧည့်သည်တွေ လာရင် ဟိုဆိုင်ချည်း ခေါ်ကျွေးမနေနဲ့ဦး၊ လဝန်း သွားနေတုန်း အသွားအလာ ဆင်ခြင် ..."

အင်း ... မြားဦးကတော့ လှည့်လာနေပါပြီ။ အဲ့ဒါက လည်း တစ်ပြသနာ ဖြစ်ပါသည်။

လဝန်း ရည်ညွှန်းတဲ့ 'ဟိုဆိုင်'ဆိုတာဟာ လဝန်းနဲ့ ရော လင်းရိပ်ထင်နဲ့ပါ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးအဖြစ် ပတ်သက်မှုရှိတဲ့ ခင့်ညိုညိုရဲ့ မြန်မာထမင်းဆိုင် ဖြစ်ပါသည်။

"ကြည့်စမ်း ... ဒါ ဘာဖြစ်သွားတာလဲ ကိုရဲ့၊ ချက်ချင်းကြီး ငြိမ်ချက်သား ကောင်းသွားပုံက ရိုးကိုမရိုးဘူး"

"ကိုယ်က ရိုးပါတယ် လဝန်းရယ်၊ စိတ်ပူစရာမရှိတာ ကြဲဖန်ပူနေရင် လဝန်းလေးပဲ စိတ်ပင်ပန်းမှာ စိုးလို့ပါ၊ ခုချိန်မှာ လဝန်းက ကိုယ့်ချစ်သူ၊ ခင့်ညိုညိုက ကိုယ့်သူငယ်ချင်း၊ ချစ်သူကို ချစ်သူလို ဆက်ဆံပြီး သူငယ်ချင်းကို သူငယ်ချင်းကို ဆက်ဆံနေတာလည်း လဝန်း အသိပဲလေ၊ ပြီးတော့ ခင့် ဆိုင်က မြန်မာထမင်းဟင်းကို အရသာရှိရှိ အဆင့်အတန်းရှိရှိ ရောင်းတဲ့ဆိုင် ...၊ နိုင်ငံခြားသားတွေ အကြိုက် အငန်ပေါ့ပေါ့ အစပ်လျှော့လျှော့ ဆီသန့်သန့်နဲ့ ရောင်းတဲ့ ဆိုင် ...၊ ဆိုင်ဖွင့်ထားတာကလည်း ဆိတ်ငြိမ် ရပ်ကွက်က ခြံကျယ်ကြီးထဲမှာ၊ တိုးရစ်တွေ တော်တော်များ



www.burmeseclassic.com

www.burmeseclassic.com



များလည်း သူ့ဆိုင်မှာ လာစားကြတာပဲ၊ ဒီလိုဆိုင်မျိုးမှာ ကိုယ့်ဧည့်သည်တွေကို မကျွေးသင့်ဘူးလား၊ စားမကောင်းတဲ့ဆိုင် အဆင့်နိမ့်တဲ့ ဆိုင်မျိုးဆိုရင် ခင့်ဆိုင်ပဲဖြစ်ဖြစ် ဘယ်ဆွေမျိုးဆိုင်ပဲဖြစ်ဖြစ် ကိုယ် မကျွေးဘူး ...”

“ကို ပြောနေပုံက ရန်ကုန်တစ်မြို့လုံး သူ့ဆိုင်တစ်ဆိုင်တည်းပဲ စားကောင်းတဲ့အတိုင်းပဲ၊ ကို ပြောသလိုဆို တခြားမြန်မာထမင်းဆိုင်တွေ စီးပွားပျက်သွားမှာတောင် စိုးရတယ်”

“စားကောင်းရုံနဲ့ မပြီးသေးဘူးလေ လဝန်းရဲ့၊ စားကောင်းတဲ့ ထမင်းဟင်းကို အပေါ်စား ဗွန်းပန်းကန်နဲ့ ထည့်ရောင်းတဲ့ ဆိုင်မျိုး၊ အေးအေးချမ်းချမ်း သက်သောင့်သက်သာ ထိုင်ဖို့ နေရာထိုင်ခင်း အဆင်မပြေတဲ့ ဆိုင်မျိုး၊ စားပွဲထိုးတွေ ရည်ရည်မွန်မွန် ယဉ်ယဉ်ကျေးကျေး မရှိတဲ့ ဆိုင်မျိုးမှာတော့ ကိုယ့်ဧည့်သည်တွေကို ခေါ်မကျွေးချင်ဘူးလေ၊ ခင့်ဆိုင်က အဲ့ဒီလို ချွတ်ယွင်းချက်တွေ မရှိတာ လဝန်းလည်း သိပါတယ်ကွာ၊ တကယ်ဆို ခင့်က လဝန်းနဲ့လည်း သူငယ်ချင်းပဲလေ၊ ဒီလောက်ခင်ခဲ့တဲ့ သူငယ်ချင်းကို အမြင်ကြည်ကြည်လေး ထားမှပေါ့ ...၊

“ကဲ ... စကားပြောနေတာနဲ့ လေယာဉ်ချိန်နောက်ကျဦးမယ်၊ လာ ... သွားကြရအောင်၊ ကလေး





အတွေးတွေ တွေးပြီး ပူလောင်မနေနဲ့၊ ကြားလား ... အချစ်ကလေး ...”

လင်းရိပ်ထင်က သဝန်တိုတတ်လွန်းတဲ့ ချစ်သူလေးရဲ့ မေးစေ့ကို တစ်ချက်ဆွဲဖျစ် လှုပ်ယမ်းလိုက်ပြီး ကားပေါ်မှဆင်းလိုက်ပါသည်။

လဝန်းက ရှေ့ဆက်ပြောဖို့ အချိန်မရှိတော့တာမို့သာ ကားပေါ်မှ ဆင်းလာလိုက်ရသော်လည်း ရင်ထဲမှာတော့ ကို့ကို စိတ်မချသလိုလို တစ်မျိုး နောက်ဆန်ငင်နေပါသည်။

ခင့်အပေါ်ဆို သဝန်မတိုဘဲမနေနိုင်တာဟာ ဝဋ်ကြွေး တစ်ခုပဲလား ...။

ခင့်အပေါ်ကို ချစ်ခင်သော ပမာဏနဲ့အညီ မနာလို စိတ်ကြီးကလည်း လဝန်းရင်မှာ ခိုဝင်နေခဲ့တာ နှစ်တွေတောင် ကြာခဲ့ပြီပဲ မဟုတ်လား ...။

အင်းလေ ... ထားပါတော့ ...။ ဒါမျိုးအတွေးတွေ မတွေးတော့ပါဘူး။ ကိုက လဝန်းကို ချစ်ခဲ့တာပဲ ...။ လက်ထပ်ဖို့တောင် ဆုံးဖြတ်ပြီးကြပြီပဲ။ ခင့်နဲ့ ပတ်သက်ပြီး ပူစရာတော့ မရှိတော့ပါဘူးလေ ...။

“လဝန်းလေး ဆင်းတော့လေ ...”

ကိုက လဝန်းဘက်က ကားတံခါးကို ဆွဲဖွင့်ရင်း လှမ်းပြောလိုက်တာမို့ လဝန်းက ကားပေါ်က လှမ်းအဆင်း...



www.burmeseclassic.com

www.burmeseclassic.com



"အ ... ကျွတ် ... ကျွတ် ..."

ရုတ်တရက် ခေါင်းကထိုးကိုက်လာတာမို့ လဝန်းက နားထင်နှစ်ဖက်ကို လက်မ လက်ညှိုးဖြင့် ညှပ်၍ဖိရင်း ညည်းညူလိုက်မိပါသည်။

ကိုက လဝန်းရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဖေးမထားလိုက်ရင်း ...

"လဝန်း ... ခေါင်းကိုက်လာပြန်ပြီလား"

"ဟုတ်၊ နည်းနည်းပါ"

"ဒီလိုပဲ နည်းနည်း နည်းနည်းနဲ့ ခဏခဏ ကိုက်နေတာကြာပြီမဟုတ်လား၊ ဟိုရောက်လက်စနဲ့ ဟိုက ဆေးရုံတစ်ခုမှာ checkup လုပ်ကြည့်ခဲ့ပါလား"

ကိုက စိုးရိမ်တကြီး ပြောနေတာမို့ လဝန်းက ရယ်လိုက်မိရင်း ...

"အဲ့ဒီလောက်ကြီး ရေးကြီးခွင်ကျယ်လုပ်ဖို့ မလိုပါဘူး ကိုရယ်၊ stress ကြောင့် ဖြစ်တာပါ၊ လဝန်းမှာ အလုပ်တွေပိနေတာ သုံးလေးလ ရှိပြီလေ၊ ဒီမှာလုပ်မယ့် ဖက်ရှင်ရှိုးအတွက်ရော၊ ထိုင်းမှာလုပ်မယ့် နိုင်ငံတကာ ဖက်ရှင်ပြိုင်ပွဲအတွက်ရော ပင်ပန်းနေခဲ့တာ ကြာပြီ၊ အိပ်ရေးက ပျက်၊ စားချိန်က မမှန်၊ စိုးရိမ်စိတ်တွေကလည်း များ၊ မျက်လုံးကလည်း အားစိုက်ရဆိုတော့ ဒီခေါင်းက မကိုက်ခံနိုင်ပါ





မလား၊ အလုပ်ကိစ္စတွေ စိတ်အေးသွားရရင် သူ့ဘာသာပျောက်သွားမှာပါ"

"ဟိုရောက်ရင် လုပ်စရာရှိတာတွေကို အေးအေးဆေးဆေးနားနားနေနေလည်း လုပ်ဦး"

"နားနားနေနေတော့ မနေနိုင်ပါဘူး ကိုရယ်၊ လဝန်းမှာလုပ်စရာတွေ သွားစရာတွေ အများကြီးပဲလေ ...၊ လဝန်းအလုပ်အတွက် လိုအပ်တာလေးတွေလည်း ဝယ်ရမယ်၊ ပြီးတော့ လဝန်းတို့ မင်္ဂလာဝတ်စုံမှာ ထိုးဖို့ ကျောက်တွေရှာဝယ်ရမယ်၊ လဝန်းတို့ မင်္ဂလာဝတ်စုံကို အကောင်းဆုံးအလှဆုံး အခမ်းနားဆုံးဖြစ်အောင် လဝန်းကိုယ်တိုင် ဖန်တီးချင်တာ ..."

"မင်္ဂလာပွဲက လိုပါသေးတယ် လဝန်းရယ် ..."

"၆ လပဲ လိုတော့တာလေ ကိုရဲ့ ...၊ သတို့သားလောင်းတစ်ယောက်အတွက်တော့ ၆ လဆိုတာ အဝေးကြီးလိုသေးတာလို့ ယူဆလို့ရပေမယ့် ပြင်ဆင်စရာကိစ္စတွေ များတဲ့သတို့သမီးလောင်းတစ်ယောက်အတွက်တော့ နီးနီးလေးပဲလိုတော့တာရှင့် ..."

"ကဲ ... ဟုတ်ပါပြီကွာ၊ ကိုယ်က လဝန်း ပင်ပန်းမှာစိုးလို့ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



လဝန်းက မျက်စလေးချီကာ ပြုံးတုံ့တုံ့လေးပြောရင်း လေဆိပ် အဆောက်အဦဆီသို့ လျှောက်သွားလိုက်ချိန်မှာ လင်းရိပ်ကလည်း လဝန်းရဲ့ လက်ဂေ့ဂျ်ပေါ်မှာ လက်ဆွဲအိတ်ကို တင်၍ တွန်းရင်း လဝန်းနောက်က လိုက်လာခဲ့ပါသည်။

သူများအတွက်ဆို ဝတ်စုံ လှလှလေးတွေ ဖန်တီးတီထွင်ချုပ်လုပ်ပေးတတ်သော လဝန်းလဲ့ပြာဟာ သူကိုယ်တိုင်ကျတော့ ပေါ့ပါးလွတ်လပ်သည့် ရယ်ဒီမိတ် အဝတ်အစားတွေကိုသာ ဝတ်ဆင်လေ့ရှိပါသည်။ ပွဲတက်အဝတ်အစားလောက်ကိုသာ ကိုယ်တိုင် ချုပ်ဝတ်တတ်လေ့ရှိပြီး ပုံမှန်အချိန်တွေမှာတော့ ဘောင်းဘီကွာတားလေးတွေ၊ ဒူးအထိရှည်သည့် ဂါဝန်လိုလို အင်္ကျီရှည်တွေ၊ စကတ်တိုတိုလေးတွေကို ဝတ်လေ့ရှိသူပင် ...။ ဘေးခွဲဆံပင်တိုလေး တစ်ခြမ်းကို နားရွက်နောက်မှာ ဆွဲညှပ်ထားပြီး ကျန်တစ်ခြမ်းက အုပ်အုပ်ဆွေဆွေလေး ဝဲကျနေတဲ့ ဆံပင်ပုံကလေးနှင့် ...။ နားရွက်ဖျားမှာ လှပဆန်းပြားသည့် နားဆွဲမျိုးစုံ၊ နားကပ်မျိုးစုံကို ဝတ်လေ့ရှိတာကလွဲရင် တခြား တန်ဖိုးကြီး စိန်ရွှေရတနာတွေလည်း ဝတ်ဆင်လေ့မရှိ။ ကြိုးအရှည် အိတ်တစ်လုံးနှင့် ကြိုးသိုင်းဒေါက်မြင့်ဖိနပ်ကတော့ လဝန်းရဲ့ အမှတ်အသားဟု ဆိုရမလား မသိပါ။

ခုလည်းပဲ ဒူးအထိရှည်သည့် ခေါင်းစွပ်ဂါဝန် အင်္ကျီလက်ရှည်လေးကို ခါးပတ်ပတ်၍ ဝတ်ထားကာ ကြိုးအရှည် အိတ်





တစ်လုံးလွယ်ပြီး ကြိုးသိုင်းဒေါက်မြင့်ဖိနပ်အမြင့်ကြီးကို အသားကျကျ စီး၍ လျှောက်သွားပုံက ကြွကြွရွရွ ရှိလှပါသည်။

လေဆိပ်ခန်းမထဲရောက်တော့ လဝန်းနှင့်အတူ လိုက်မည့် အဖော်နှစ်ယောက်က မရောက်သေးတာမို့ ခုံတွေပေါ်မှာ ဝင်ထိုင်လိုက်မိကြပါသည်။

လဝန်းက ကိုကို ပခုံးနှင့် တိုက်လိုက်ရင်း ...

“တွေ့လား ... သူတို့တောင် မရောက်သေးဘူး၊ ကိုက စိတ်စောနေတာ”

“မရောက်သေးတာလား၊ အထဲဝင်သွားတာလား ဖုန်းဆက်ကြည့်လိုက်ဦးလေ ...”

လဝန်းက အိတ်ထဲက ဖုန်းကိုထုတ်၍ ဖုန်းဆက်ကြည့်လိုက်တော့ သူတို့က လမ်းမှာပဲရှိသေးသည်ဟု ဆိုပါသည်။

“သူများတကာကိုကျတော့ စောစောလာခိုင်းပြီး သူတို့ကျတော့ နောက်ကျနေတယ်၊ ဟွန့် ... ဒီလိုမှန်းသိ ကားပေါ်မှာပဲ ထိုင်စောင့်နေလိုက်ပါတယ်”

လဝန်းက တီးတိုးရေရွတ်ပြီး ဖုန်းပိတ်လိုက်ချိန်မှာပဲ လဝန်းမြင်ကွင်းထဲသို့ ခင့်ညိုညိုက ဝင်လာပါသည်။

“ခင့် ...”

လဝန်းက ခင့်နာမည်ကို လွှတ်ခနဲ ခေါ်မိတော့ ကိုကပါ လဝန်းကြည့်သည့်ဘက်သို့ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်က လေဆိပ်ဝင်ပေါက်ကို ကျော်၍ လေဆိပ်ခန်းမထဲသို့ လျှောက်ဝင်လာနေပါသည်။

ခင့်ဟာ လဝန်းလောက်လည်း မလှ ...၊ လဝန်းရဲ့ အသားအရည်လို ဖြူဖွေးကြည်သန့်နေတာလည်း မဟုတ်၊ လဝန်းလို စတိုင်လ်အလန်းအသွက်လည်း မဟုတ်၊ သို့သော် ဘာက ဘယ်လို ဆွဲဆောင်မှုရှိမှန်းမသိ ထူးခြားကာ သူ့မျက်နှာပေါ်မှာ သတ္တိဗျတ္တိတစ်မျိုး ရှိနေသည်ဟု ထင်ရသည်။

ခင့်ညိုဟာ မန္တလေးမှာမွေးပြီး ပုဂံသောင်ဦးမှာ ကြီးပြင်းလာတဲ့ အညာသူမစစ်စစ်ကြီး။ အရပ်ကလည်း လဝန်းလို ၅ ပေ ၆ လက်မ အရပ်ကို မမီ။ ၅ ပေ ကျော်လှ နည်းနည်းပေါ့။ အသားအရည်က ညိုကျစ်ပြီး တင်းပြောင်နေသည်။ ကပ္ပလီလောက် မမည်းပေမယ့် အမေရိကန် ကပ္ပလီကပြားလောက်တော့ ဥပမာထားပြလို့ရသည်။

ခင့်ညိုရဲ့ ဝတ်စားဆင်ယင်မှု စတိုင်လ်ဟာ ရိုးလွန်းလို့ ဆန်းသွားသည့် စတိုင်လ်မျိုးဟု ဆိုရပါမည်။

အပွင့်နုတ်နုတ် ရှုပ်ရှုပ်လေးတွေ ပါသည့် အသားပျော့ပျော့ ပိတ်စတွေကို ရင်ဖုံးခါးတို လက်ပြတ်ချုပ်၍ လုံချည်နှင့် ဝမ်းဆက် အမြဲဝတ်လေ့ရှိတဲ့ ခင့်ဟာ ဒီနေ့လည်း အပြာလွှင်လွှင် အပွင့်နုတ်နုတ်ဝမ်းဆက်ကို ဝတ်လာသည်။ အသားဒီလောက်ညိုတာတောင် ဘယ်တော့မှ အရောင် ရင့်ရင့်မှိုင်းမှိုင်း မဝတ်ဘဲ





အဖြူ၊ အပြာနု၊ အဝါနုနှင့် ပန်းရောင်လို သူ့အသားနှင့် တခြားစီဖြစ်သော အရောင်အနုအလွှင်တွေကိုမှ ရွေးဝတ်တတ်တာဟာလည်း စတိုင်လ်တစ်မျိုးပဲလို့ ဆိုရလေမလား။ အသားရောင်နှင့် အဝတ်အစားက ဆန့်ကျင်ဘက်မို့ ခင့်ပုံစံက ပိုပြီး ထင်ပေါ်ကာ လူကြည့်ချင်စရာ ဖြစ်နေတော့တာပင်။

လက်ပြတ်အင်္ကျီအောက်ကနေ ထိုးထွက် စင်းကျသွားတဲ့ လက်မောင်းတွေကလည်း ထူးခြားမှုတစ်မျိုး ရှိနေပြန်သည်။ ပြည့်တင်းချောမွတ် ညိုပြောင်နေတဲ့ လက်မောင်းရဲ့ အရင်းပိုင်းတွေဟာ အဆီနဲ့အသား ပြည့်လုံးလှပနေတာမျိုး မဟုတ်ဘဲ အလေးမ လေ့ကျင့်ခန်းလုပ်ထားလို့ ကြွက်သားချည်း မာကျစ်တင်းဖုနေသလိုမျိုး ...။

ခင့်မျက်နှာက ညိုသော်လည်း စင်သည်။ အဖုအပိမ့် အစက်အပျောက်မရှိ ပြောင်ရှင်းနေတဲ့ မျက်နှာပေါ်မှာ ကွေးဝိုက်သော မျက်ခုံးမွေး နှစ်တန်းက မည်းနက်တင်းပနေသည်။ မျက်ဝန်းအိမ်ကြီးကြီး၊ မျက်ရစ်ထင်းထင်း၊ မျက်တောင်မွေးနက်နက်ထင်းထင်း၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းက အပေါ်အောက် အထူအပါးညီညီ ပိရိသေသပ်လျက် တိကျပြတ်သားသော အသွင်ကို ဆောင်နေသည်။ ဘာမိတ်ကပ်မှ မလိမ်းခြယ်ဘဲ လိမ္မော်သွေး နှုတ်ခမ်းနီလေး ဆိုးထားရုံနှင့် ခင့်ညိုညိုပုံစံက ထင်းလင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီလို ပူအိုက်တဲ့အခါမျိုးမှာ မြင်းခြံဘက်က နဖျင်းထည်လို့ ခေါ်တဲ့ ချည်ကြမ်းသားကို ပေါင်းတင်ထားသည့် မြန်မာ့ချည်စစ်စစ်ကို ဝယ်ကာ အင်္ကျီလက်ပြတ် ရင်စေ့နှင့် ပတ်လုံချည်လေးတွေ ချုပ်ဝတ်တတ်တဲ့ ခင့်ဟာ လဝန်းလို ဖက်ရှင်ဒီဇိုင်နာသာ မဟုတ်ပေမယ့် ဖက်ရှင်အမြင်လည်း ရှိသူပင်။ ပုတီးစေ့လေးတွေ သီတွဲကပ်ချုပ်ပြီး ဝတ်လိုက်ရုံနှင့် ချည်ကြမ်းတွေဟာ ခင့်ကိုယ်ပေါ်မှာ ထင်ရှားလှပနေတတ်ပြန်ပါသည်။

တိကျပြတ်သား ရဲရင့်သော၊ သတ္တိရှိသော၊ ကိုယ့်ကိုယ်ကိုယ် အားကိုးချင်စိတ်အပြည့်၊ ဦးဆောင်လိုစိတ် အပြည့် ရှိသော ခင့်စိတ်ဓာတ်နဲ့ အမူအကျင့်တွေဟာ ယောကျ်ားဆန်နေပေမယ့် အိမ်မှုကိစ္စ အချက်အပြုတ် အချုပ်အလုပ်၊ မုန့်ဖုတ် စသော မီးဖိုချောင်ကိစ္စတွေမှာကျတော့လည်း မညံ့ပြန် ...။ ခင့်လို အရည်အချင်း ရှိသူဟာ ယောကျ်ားဖြစ်ရင်လည်း မိန်းမယူစရာ မလိုအောင် ပြည့်စုံပြီး မိန်းမဖြစ်ရင်လည်း ယောကျ်ားယူဖို့ မလိုအပ်အောင် ပြည့်စုံလွန်းနေခဲ့သည်။

အဲ့ဒီလို ပြည့်စုံလွန်းလို့ပဲ လဝန်းက မနာလိုဖြစ်ခဲ့ရတာ ...။ ကိုက ခင့်ကို ချီးကျူးလေ၊ ခင့်အရည်အချင်းတွေကို သဘောကျလေ လဝန်းက မနာလိုဖြစ်ရလေ ...။

လဝန်းကတော့ လဝန်း ဝါသနာပါတဲ့ ဒီအလုပ် တစ်ခုကလွဲရင် ဘာမှမတတ်၊ သတ္တိလည်း သိပ်မရှိ၊ နမော်နမဲ့က





လည်း နိုင်သေး၊ အမြဲတမ်း မာမီ့ကိုပဲ မှီတွယ်နေရတာ မာမီကပဲ လဝန်းရဲ့ ဝေယျာဝစ္စ၊ လဝန်း စားဖို့သောက်ဖို့ကအစ စီစဉ်ပေးရတာပင် ...။

"ဒီအရွယ်ပဲ ရှိနေပြီ၊ ဒီအလုပ်နဲ့ပဲ အောင်မြင်နေပြီ၊ ခုထိ ကလေးကြီးလိုမျိုး အမေကို ချွဲချင်တုန်း၊ အားကိုးချင်တုန်း၊ ညည်းလုပ်နေတဲ့ အလုပ်တစ်ခုကလွဲရင် တခြား ဘာမှကို မတတ်တော့သလိုမျိုး၊ ဒီပုံနဲ့ အိမ်ထောင်ကျသွားရင် လင်းရိပ်ထင် ခမျာ သနားစရာတောင် ကောင်းနေပြီ၊ ကိုယ့်ယောကျ်ားကို ချက်ပြုတ်ပြုစု ကျွေးမွေးတာလေးတော့ လုပ်ပေးရမယ် မဟုတ်လား လဝန်းရယ် ..."

မာမီက ဆုံးမသလိုပြောတော့ လဝန်းက ပခုံးလေး တွန့်မိကာ ...

"ကိုကတောင် မပူဘဲ မာမီက ဘာတွေပူနေတာလဲ၊ လဝန်း အဲ့ဒါမျိုးတွေ မတတ်ဘူးဆိုတာ ကိုလည်း သိတာပဲ၊ သိရက်သားနဲ့ ချစ်လို့ကို ချစ်ခဲ့တာလေ၊ လဝန်း ဒါတွေမတတ်မှန်း သိရက်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာလေ ..."

"အင်း ... ငါ့သမက်လောင်း ခမျာလည်း အားမကိုးရတဲ့ မိန်းမမျိုးကို ရတော့မှာပါလား"

"ယောကျ်ားဆိုတာ မိန်းမကို အားကိုးဖို့ လိုလို့လား မာမီရဲ့၊ မိန်းမကသာ ယောကျ်ားကို အားကိုးရမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ယံ တွေးရင်တော့ အဲ့ဒီလို ထင်ချင်စရာပေါ့ သမီး၊ ဒါပေမယ့် ယောကျ်ားတွေရဲ့ဘဝမှာလည်း အားကိုးလောက်စရာ မိန်းမမျိုး ရဖို့လိုအပ်တယ် ...၊

"ဘယ်ယောကျ်ားကမှတော့ မိန်းမတစ်ယောက်ကို အားကိုးမှီတွယ်ဖို့ဆိုပြီး မယူပါဘူး သမီး ...၊

"ဒါပေမယ့် အဲ့ဒီယောကျ်ားရဲ့ ဘဝမှာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲတွေ ကြုံရတဲ့အခါ သူတို့ကို ပြန်အားပေးမယ့်၊ သူတို့ဘက်က သစ္စာရှိရှိ မားမားမတ်မတ် ရပ်ပေးမယ့် စိတ်ဓာတ်ခိုင်မာတဲ့၊ သူတို့ အားနည်းချက်မှာ ဦးဆောင်ဖေးမပေးမယ့် မိန်းမမျိုးတော့ လိုတာပဲ၊ အဲ့ဒီလို မိန်းမမျိုးက အားကိုးလောက်စရာ မိန်းမပေါ့ ...၊

"သူတို့ ကျဆုံးလဲပြိုတဲ့ ဒဏ်ကို မခံနိုင်တဲ့ မိန်းမတွေကျတော့ ယောကျ်ားက အဆင်မပြေရင် ညူစူဆောင့်အောင့် ရန်လုပ်ကြတယ်၊ ဝမ်းနည်းငိုယို ပူဆာကြတယ်၊ တချို့ စိတ်ဓာတ်မခိုင်တဲ့ မိန်းမတွေဆို ဖောက်ပြန်ကြတယ်၊ တခြား အားကိုးရာ ရှာသွားကြတယ်၊ အဲ့ဒါမျိုးတွေက အားမကိုးရတဲ့ မိန်းမတွေပေါ့ ...၊

"အဲ့ဒီတော့ ယောကျ်ားတစ်ယောက် ဘဝမှာလည်း အားကိုးလောက်စရာ မိန်းမမျိုး ရမှ သူတို့လည်း အောင်မြင်တိုးတက်ကြတာ ...၊





"ယောကျ်ားဆိုတိုင်းလည်း အမှီအတွယ်မပါဘဲ အရာရာကို ဦးဆောင်သွားနိုင်တဲ့ သူတွေပဲလို့ ယူဆလို့ မဖြစ်ဘူးလေ၊ သူတို့မှာလည်း သူတို့ မစွမ်းနိုင်တဲ့ ကိစ္စတွေကျရင် မိန်းမတွေကို မှီခိုအားကိုးရတာပဲ၊ အိမ်မှုကိစ္စတွေ စီမံဖို့၊ သားသမီးကို ရင်အုပ်မကွာ ပြုစုဖို့ ကိစ္စတွေမှာလည်း မိန်းမအပေါ်မှာ မှီခိုကြရတာပဲ ...၊

"မာမီဖြင့်လေ သမီးသူငယ်ချင်း ခင့်ညိုညိုကို သိပ်သဘောကျတာ၊ သူက တကယ့်ကို စိတ်ဓာတ်မာမာ ချာချာ သစ္စာရှိရှိ၊ အိမ်မှုကိစ္စကလည်း ကျွမ်းသလားမမေးနဲ့၊ ရန်ကုန်မြို့ကြီးမှာ အဆင့်အတန်းမြင့်မြင့် မြန်မာထမင်းဆိုင်တစ်ခုကို သူ့ခွန်အားနဲ့သူ ထူထောင်ထားနိုင်တာကလည်း ချီးကျူးစရာပဲ၊ မာမီ့မှာများ သားရှိရင် ခင့်ညိုညိုနဲ့ ပေးစားပါရဲ့"

"ရော့ ... မာ့မီ၊ ရေလေးသောက်လိုက်ဦး"

"အွန့် ... ငါ ရေမဆာပါဘူး"

"ခင့်ကို ချီးမွမ်းခန်း ဖွင့်ရတာနဲ့ မောနေမှာစိုးလို့ပါ"

"တယ် ... ဒီကောင်မလေး"

မာမီက ခင့်ကို ချီးမွမ်းခန်းဖွင့်တိုင်း လဝန်းက မနာလိုဖြစ်ခဲ့ရတာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အမြင်မှာ ခင့်ညိုညိုဟာ အားကိုးလောက်စရာ မိန်းမလို့ မြင်တာလား ...။

ခင့်ဟာ အရာရာ ပြည့်စုံတဲ့ မိန်းမမျိုးတဲ့လား ...။

မာမီ မြင်သလို ကိုကရော မမြင်ဘူးလို့ ပြောနိုင်မလား။

ကို့ မျက်စိထဲမှာရော ခင့်ညိုဟာ အရာရာ ပြည့်စုံတဲ့ မိန်းမမျိုးလား ...။

အဲဒီအတွေးတွေကပဲ ခင်မင်ရတဲ့ သူငယ်ချင်းနဲ့ သွေးကွဲစေခဲ့တာပင် ...။

“လဝန်း ... ဟိုမှာ ခင့်လေ ...”

“အင်းပါ ... မြင်ပါတယ် ကိုရဲ့၊ ကိုကလည်း”

“ရော် ... မမြင်ဘူးလားလို့ပါ၊ ဧည့်သည်လိုက်ပို့တာ ထင်တယ်၊ ခင့်က ကိုယ်တို့ကို မမြင်ဘူးကွ၊ ကိုယ် သွားခေါ်လိုက်မယ်”

“နေ ... နေ ... လဝန်း သွားခေါ်လိုက်မယ်၊ ကို ဒီကပဲစောင့် ...”

ထဖို့ ဖင်ကြွလိုက်သော လင်းရိပ်ထင်ရဲ့ လက်ကို လဝန်းက ဖတ်ခနဲ ဖမ်းဆွဲ၍ ပြန်ထိုင်ခိုင်းထားလိုက်ပြီး ခင့်ထံသို့ သွက်သွက်လေး လျှောက်လာလိုက်ပါသည်။





“ဟေး ... ခင့် ...”

“ဟယ် ... လဝန်း”

နှစ်ယောက်သား အပြုံးကိုယ်စီဖြင့် လှမ်းနှုတ်ဆက်ကြကာ တစ်ယောက်ရှိရာသို့ တစ်ယောက် သွက်သွက်လေး လှမ်းလာလိုက်သည်။ ဟင်း ... ဟင်း ... မိန်းမတွေပဲလေ ဘာရမလဲ။ နောက်ကွယ်မှာ မုန်းကာမုန်းရော ရှေ့မှာတော့ ခပ်ပြုံးပြုံးပဲ ...။

“ခင့် ... ဧည့်သည် လိုက်ပို့တာလား”

“ဟုတ်တယ်၊ အမေရိကားကနေ ပြန်လာလည်တဲ့ သူငယ်ချင်း တစ်ယောက်ကို ပြန်လိုက်ပို့တာ၊ လဝန်းကရော ...”

“လဝန်းက ထိုင်းကိုသွားမှာ၊ ဖက်ရှင်ပြိုင်ပွဲအတွက်လေ”

“လဝန်း တစ်ယောက်တည်းလား၊ ဘယ်သူလိုက်ပို့လဲ ...”

“ဟင်း ... ဟင်း ... ထုံးစံအတိုင်း ကိုပဲပို့တာပေါ့၊ ဘယ်သူရှိဦးမလဲ ...၊ တစ်လမ်းလုံးလည်း အမှာစကားတွေ ပါးနေလိုက်တာ နားကိုငြီးနေတာပဲ၊ ဟိုရောက်ရင် အလုပ်တွေ သိပ်မလုပ်ဖို့၊ အိပ်ရေးဝဝ အိပ်ဖို့၊ stress မဖြစ်အောင် စိတ်ကို သက်သက်သာသာ ပျော့ပျော့ပျောင်းပျောင်းလေး ထားပေးဖို့၊ အလုပ်ပြီးတာနဲ့ မြန်မြန်ပြန်ခဲ့ဖို့၊ အို ... စုံနေတာပဲ၊ ပြီးတော့ မြန်မြန်ခွဲရမှာစိုးလို့ဆိုပြီး ကားကို ဖြည်းဖြည်းလေးမောင်းနေလိုက်သေးတာလေ၊ လေယာဉ်ချိန် မမီမှာစိုးလို့ မြန်မြန်မောင်းဖို့ မနည်း တောင်းပန်လာခဲ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီခရီးက မသွားလို့မဖြစ်ဘူးလေ၊ ငါတို့မင်္ဂလာပွဲအတွက် ဝတ်စုံကို ငါကိုယ်တိုင်ချုပ်မှာဆိုတော့ ဝတ်စုံအတွက် လိုအပ်တဲ့ ကျောက်တွေ၊ အဆက်စရိတ်တွေကိုလည်း ဟိုမှာ ရှာဝယ်ရဦးမှာ ...”

ကရားရေလွှတ် တတွတ်တွတ်ပြောနေသော လဝန်း စကားတွေကို နားထောင်ရင်း ခင့်ညိုညိုက ပြုံးလိုက်လေသည်။

ဟင်း ... ဟင်း ... အကိုတွေပါ လဝန်းရယ် ...။ ထင်က အဲ့ဒီလို အပိုတွေလုပ်မယ့် ယောကျ်ားမျိုးမှ မဟုတ်တာ ...။ အဲဒီလို အိုဗာလုပ်မယ့်သူက ထင်မဟုတ်ဘဲ နင်ဆိုတာ ငါက ငအမို့ မသိရမှာလား။ ထင့်အကြောင်းကို နင့်ထက်ငါ ပိုသိတာ၊ ထင့်စိတ်ကို နင့်ထက် ငါက ပိုနားလည်တာကို နင်မေ့နေပြီလား။

လဝန်း အိုဗာတွေ ပြောနေတာကို ခင့်က ခပ်ပြုံးပြုံး နားထောင်နေတုန်းမှာ လင်းရိုပ်ထင်က ခင့်တို့နှစ်ယောက်ဆီသို့ လျှောက်လာပါသည်။

ခင့်က တစ်ချိန်က ချစ်ခဲ့ရသော သူငယ်ချင်းလေး လင်းရိုပ်ထင်ကို လှမ်းကြည့်ရင်း ရင်ထဲ အေးမြလာပါသည်။

ထင့်မျက်နှာထားက ငြိမ်းချမ်းလိုက်တာ။ ထင့်ကို ဘယ်တော့ကြည့်ကြည့် အေးချမ်းတည်ကြည်သော အသွင်ဖြင့် တွေ့ရမည်သာ ...။





သူငယ်ချင်းဘဝတစ်လျှောက်လုံးမှာ ထင့်အပေါ် နားလည်မှုရှိစွာ ရဲဘော်ရဲဘက် ပီသစွာ ဂရုစိုက်ဖေးမခဲ့သူက ကိုယ်သာလျှင်ဖြစ်သော်လည်း ထင်က လဝန်းလဲ့ပြာကိုသာ ချစ်သူအဖြစ် ရွေးချယ်သွားခဲ့သည်။ ဒီလို ရွေးချယ်ခဲ့တာဟာ လဝန်းရဲ့ နှုတ်သွက်ခြေသွက်မှုတွေကြောင့်လည်း ဖြစ်ပေမည်။ ခင့်ညိုညိုက ဘယ်လို မူရာမာယာမျိုးကိုမှ တတ်ကျွမ်းသူမျိုး မဟုတ်၍လည်း ဖြစ်ကောင်းဖြစ်ပေမည်။

သူတို့ ချစ်သူဖြစ်ပြီးနောက်မှာတော့ ခင့်အပေါ်မှာ သိသိသာသာ ဆက်ဆံရေးကျဲသွားခဲ့ကြသည်။ ဒါဟာလည်း ခင့်နဲ့ ထင်ရဲ့ ရင်းနှီးမှုကို မရှုစိမ့်သော လဝန်းရဲ့ စနက်ဖြစ်မည်ဆိုတာ ခင့် သိခဲ့ပါသည်။

သို့သော် ... ထင့်အလုပ်က ခရီးသွားကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာဖြစ်၍ သူ့မိတ်ဆွေ နိုင်ငံခြားသားတွေ လာတိုင်း ခင့်ဆိုင်ကို ခေါ်လာတတ်တာမို့ ခင့်နဲ့ ထင်က အဆက်အသွယ်မပြတ်ခဲ့။ ဒါကို လဝန်း မကျေနပ်ဘူးဆိုတာကိုလည်း ခင့်က သိပါသည်။ လဝန်းဟာ ခင့်ရှေ့ဆို စကားလှလှလေးတွေ ရွေးရွေးပြောပြီး အခင်အမင် မပျက်သယောင် ဟန်ဆောင်တတ်သလို ခင့်ကလည်း အပြုံးမပျက် ဆက်ဆံရင်း ကိုယ်စီကိုယ်ငှ ခံစားချက်တွေကို မျိုသိပ်ချိုးနှိမ်ထားနိုင်ကြသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထင့်အပေါ် ခင့်သံယောဇဉ်တွေ များပြားခဲ့ပေမယ့်လည်း ခုချိန်မှာ ထင်ဟာ လဝန်းလဲ့ပြာရဲ့ ချစ်သူဖြစ်ခဲ့ပြီမို့ ခင့်အနေနဲ့ ထင့်ကို ခင့်ဘက်ပါအောင် ဆွဲဆောင်ဖို့လည်း စိတ်ကူးမရှိပါ။ ထင်ဟာ တစ်နေ့မှာ လဝန်းလဲ့ပြာနှင့် လက်ထပ်ရမည့်သူဟုသာ စိတ်ထဲမှာ စွဲမြဲမှတ်သား စည်းခြားထားပါသည်။

"ခင့် … ဧည့်သည် လိုက်ပို့တာလား"

ထင်က ခင့်ကိုပြုံးပြနှုတ်ဆက်ရင်း ခင့်ရှေ့မှာ ရပ်လိုက်သည်။ ခင့်ကလည်း ပြန်ပြုံးပြရင်း …

"ဟုတ်တယ် … ထင်၊ ထင် နေကောင်းတယ်နော်"

"ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲ ခင့်ရေ …၊ သူ့မှာ နှာစေးချောင်းဆိုးတောင် ဖြစ်ခဲ့ပေမယ့် ငါ့မှာတော့ ခဏခဏ ခေါင်းကိုက် ဗိုက်နာ အအေးမိဆိုတာတွေ ဖြစ်တတ်လွန်းလို့ သူပဲ ဆေးခန်းလိုက်လိုက်ပို့ပေးနေရတာ …"

အင်း … လဝန်းတို့ကတော့ သူချည်း လုပြောနေတော့တာပါလား …။ ခင့်က လဝန်းကို စိတ်ခပ်ပျက်ပျက်လေး ကြည့်မိသော်လည်း နှုတ်ခမ်းတွေကိုတော့ အပြုံးမပျက်အောင် ထိန်းထားရသည်။ ယောကျ်ားတစ်ယောက်ကို ရှေ့ထားပြီး မိန်းမနှစ်ယောက် ရန်စောင်နေတယ်ဆိုတာ ရှက်စရာကောင်းတယ် မဟုတ်ဘူးလား …။





"ခု … ဒီကိုလာရင်းနဲ့တောင် လဝန်း ခဏခဏ ခေါင်းကိုက်တတ်လို့ဆိုပြီး ဟိုမှာ checkup လုပ်ခဲ့ဖို့ တဖွဖွပြောလာတာ၊ ငါက ဒီလိုပဲ stress များရင် ခေါင်းကိုက်တတ်တာပါလို့ ပြောလည်း သူက စိတ်ပူနေတော့တာပဲလေ"

"နင်လည်း စိတ်ဖိစီးမှု မများအောင် စိတ်ကို ရှင်းရှင်းလင်းလင်း ငြိမ်းငြိမ်းချမ်းချမ်းလေး ထားတတ်ဖို့ ကြိုးစားပေါ့ လဝန်းရယ် …၊ အပေါ်ယံက ပြုံးနေပြီး ရင်ထဲမှာ ရှုပ်ထွေးပင်ပန်း လွန်းရင်လည်း ခေါင်းကိုက်တတ်တယ်လေ"

အင် … ခင့်ညိုညို …။ နင် … ဒါ … ငါ့ကိုနှက်တာ မဟုတ်လား။ နင်ကရော ဘာထူးလို့လဲ …။ နှုတ်ခမ်းတွေက ပြုံးနေပေမယ့် စိတ်ထဲမှာတော့ ငါ့ကို အမြင်ကတ်နေတာပဲ မဟုတ်လား …။

"ငါက မရင့်ကျက်တဲ့သူမို့လို့ပါ ခင့်ရယ်၊ တချို့ ရင့်ကျက်တဲ့သူများကျတော့လည်း စိတ်ထဲမှာ ဘာဖြစ်နေနေ စိတ်ဖိစီးမှုမဖြစ်အောင် နေတတ်ကြပါတယ် …"

"လဝန်း … လေယာဉ်ချိန် နီးနေပြီနော်၊ လဝန်း အဖော်က ခုထိမရောက်သေးဘူးလား"

"ရောက်ပါပြီ ကိုရဲ့၊ လဝန်းတို့ စကား ပြောနေတာမြင်လို့ ဟိုမှာ ထိုင်စောင့်နေတယ်၊ အချိန်က ရပါသေးတယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ အထဲမှာ အကြာကြီး စောင့်မနေချင်ဘူး၊ ကိုတို့နဲ့ စကားပြောနေချင်သေးတယ် ...”

ကိုက သတိပေးသော်လည်း လဝန်းက နာရီတစ်ချက် ကြည့်ပြီး ဖွတ်ပေကပ်နေသည်။ သူတို့နှစ်ယောက်ကို ထားပြီး ထွက်မသွားချင်သေး ...။

ထင်က ခင့်ကို ကြည့်ရင်း ...

“ခင်လည်း ဆိုင်အလုပ်တွေနဲ့ ရှုပ်နေမှာပဲနော်”

“အင်း ... ခရီးသွားရာသီဆိုတော့ လူပိုကျတယ်လေ ထင်၊ ရိုးရာ အစားအစာလေးတွေပါ တွဲရောင်းနေတော့ ဝန်ထမ်းလည်း အသစ်ခန့်၊ ဆိုင်နေရာလည်း ချဲ့ပေါ့၊ ဆိုင်ခွဲတစ်ခု ဖွင့်ဖို့လည်း ရှိတယ်”

“ဟုတ်လား၊ ဘယ်မှာ ဖွင့်မှာလဲ”

“( ... ) မှာလေ၊ ထင်တို့ရုံးနဲ့ နီးတယ်”

“ကောင်းတာပေါ့၊ ညှော်သည်တွေလာရင် နီးနီးနားနား စားရတာပေါ့”

“ဆိုင်ဖွင့်ပွဲလည်း ဖိတ်လိုက်မယ်လေ၊ နှစ်ယောက်အတူ လာကြပေါ့ ...”

“ဆိုင်ဖွင့်ပွဲက ဘယ်တော့လဲ ခင့် ...”

လဝန်းက သူတို့နှစ်ယောက် စကားတွေ များများ ပြောနေတာကို မရှုစိမ့်ဘဲ ခပ်မြန်မြန်လေး ဖြတ်မေးလိုက်သည်။





“လာမယ့် ဆန်းဒေးလေ ...”

“အို ... အဲဒီနေ့ဆို ငါ ပြန်မရောက်သေးဘူး၊ ငါပြန်လာမှ လုပ်ရောပေါ့ဟယ် ...”

“အဟင်း ...”

ခင့်က လဝန်းရဲ့ ‘ကလေးအထာ’ တစ်ဖက်သတ် အပြောကို တုံ့ပြန်မနေတော့ဘဲ အသံထွက်ရုံကလေးတော့ တစ်ချက် ရယ်လိုက်သည်။ လဝန်းက ဒါ ငါ့ကိုလှောင်တာပေါ့လေ ... ဟု တွေးကာ စိတ်တိုသွားချိန်မှာ လေဆိပ်ထဲသို့ မဝင်မဖြစ် ဝင်ရတော့မည့် အချိန်သို့ ကျရောက်လာပါသည်။ ကိုကတော့ အလိုက်မသိ လှစွာဖြင့် လဝန်းကို နှစ်သိမ့်လိုက်ပါသေးသည်။

“လဝန်းမရှိလည်း ကိုယ်ရှိနေတာပဲ၊ ကိုယ် သွားလိုက်ပါ့ မယ်၊ ကဲ ... အချိန်နီးပြီ ... ဝင်တော့နော်”

လဝန်းက လေဆိပ်အတွင်းခန်းမထဲသို့ ဝင်ခါနီးမှ နောက်သို့ သမင်လည်ပြန် ကြည့်ကာ ...

“ကို ...”

“ဟင် ... ပြောလေ လဝန်းလေး”

“လဝန်း စိတ်ချမယ်နော်”

“စိတ်ချ ... စိတ်ချ ... ကိုယ် ဆက်ဆက်သွားလိုက်မယ်၊ ဖွင့်ပွဲအမှတ်တရ လက်ဆောင်အတွက်လည်း မပူနဲ့၊ ကိုယ် သေချာ စီစဉ်သွားလိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ... ဟင်း ... ငါနော် အသည်းယားလိုက်တာနော် ...။ ဖြစ်စေချင်တာက တခြား ... သူလုပ်မှာက တခြား၊ ခင့်ညိုက မတ်တတ်ကြီးရှိနေတော့လည်း ဘာမှမပြောနိုင် ...။ လဝန်းမှာ ခင့်ကိုပါ ဟန်ဆောင်ပြုံးကလေးနှင့် လက်ပြနှုတ်ဆက်ပြီး ဝင်လာခဲ့ရပါတော့သည်။

◆ ◆ ◆



ဝေဟင်ဆီမှ ပျပျလွမ်းမြင်နေရသော ရွှေတိဂုံဘုရားပုံရိပ်တော်က ... လဝန်း မြင်ကွင်းမှ ပျောက်သွားသည်နှင့် လဝန်းလဲ့ပြာက လေယာဉ်ထိုင်ခုံနောက်မှီပေါ် ခေါင်းမှီကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိပါသည်။

မျက်စိသာ မှိတ်ထားသော်လည်း အာရုံထဲမှာ ပုံရိပ်ဟောင်း တချို့ ရှင်သန် လှုပ်ရှားလာခဲ့ရပါသည်။

တစ်ချိန်တုန်းက ...
လင်းရိပ်ထင်ရယ်
ခင့်ညိုညိုရယ်
လဝန်းလဲ့ပြာရယ် ...
သူငယ်ချင်း သုံးယောက် ရှိခဲ့ကြလေသည် ...။

www.burmeseclassic.com

www.burmeseclassic.com

“ဟာယ် … ထင်၊ ကိုယ်တွေ့ပူနေပါလား၊ ငါ ထင်တော့ ထင်သားပဲ၊ မနက်ကတည်းက နှင့်ပုံစံက အရှမ်းထိုင်းမှိုင်းလေးလံနေတာ၊ မျက်နှာကလည်း အမ်းပြီး မျက်လုံးတွေလည်း မှို့အစ်ပိတ်နေတာ၊ မသက်သာလို့ နဖူးစမ်းကြည့်တော့မှပဲ သိရတော့တယ်၊ နေမကောင်းဘူးဆိုလည်း ပြောရောပေါ့ ထင်ရယ် …”

ထင့် နဖူးကို စမ်းကြည့်ပြီး စိုးရိမ်တကြီးလေး ပြောလိုက်သော ခင့်ညိုကို လဝန်းက မသိမသာလေး မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်မိပါသည်။ ဟွန့် … သူပဲသိနိုင်လွန်း၊ ဂရုစိုက်နိုင်လွန်း၊ သူ အဲ့ဒီလိုတွေ လုပ်ပြနေတာနဲ့ပဲ ဒီက လဝန်းလဲ့ပြာမှာ ထင့်ကို ဂရုမစိုက်သလိုလို အလကား ဖြစ်ရဦးမည်။

“မနက်ကတည်းက နှင်နဲ့တူတူ ရှိနေတာတောင် မရိပ်မိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား လဝန်းရယ်၊ ထင့်မျက်နှာကို နင် သေချာမကြည့်ဘူးလား ...”

“ကြည့်တာပဲ ...”

“ကြည့်ရင် သိရမှာပေါ့ ...”

“ကြည့်တိုင်း သိမလားဟဲ့၊ သူက တစ်ခါတလေ ဒီလိုပဲ အအိပ်များရင် မျက်နှာဖောင်းအစ်နေတတ်တာ”

“အအိပ်များလို့ ဖောင်းတာနဲ့ အအေးမိလို့ ဖောင်းတာ တူမှမတူတာ၊ ဒါလေးတောင် မခွဲခြားတတ်ဘူးလား၊ သူက ဒီလိုပဲ နေပူထဲသွားရင် သူ့ချွေးနဲ့သူ ပြန်အအေးပတ်ပြီး ဖျားတတ်တယ်လေ၊ မနေ့က ငါတို့သုံးယောက် ရုပ်ရှင်သွားကြည့်ပြီး ပြန်ထွက်လာတော့ နေပူကြီးထဲ လျှောက်သွားနေတာ၊ အေးရာကနေ ချက်ချင်း နေပူထဲသွားရင် သူ ဒီလိုဖြစ်နေကျမို့ မသွားပါဘူးဆိုလည်း နင်ကဇွတ်ပဲ၊ နင်က နင်ပျော်ဖို့ပဲ နင်သိတယ်၊ ထင် ဘာဖြစ်ဖြစ် ဂရုကိုမစိုက်ဘူး”

“ဘာ ... ဘာ ... ဘာ ... တော်ပြီလား၊ နင်ပြောချင်တာ ဒါအကုန်ပဲလား”

“မကုန်သေးပါဘူး၊ ပြောစရာတွေမှအများကြီး၊ နင် ထင့်ကို နှိပ်စက်ကလူ ပြုနေတာတွေ တော်တော်များနေပြီ၊ ငါ





မပြောချင်လို့ ကြည့်နေတာ၊ ဘယ်တော့မှ ကိုယ့်အားကိုယ်ကိုးချင်စိတ် မရှိဘူး၊ ထင့်ကိုပဲ ခိုင်းစားနေတာ ငါကြည့်မရတော့ဘူး၊ မိတ္တူကူးစရာရှိလည်း ထင့်ပဲ ပြေးကူးခိုင်း၊ ဗိုက်ဆာလည်း ထင့်ပဲပြေးဝယ်ခိုင်း၊ သူ့မှာ ခြေတွေ လက်တွေ မရှိတော့တဲ့အတိုင်း၊ ခိုင်းစရာရှိတာ ခိုင်းပြီးရင်လည်း ထင် ဘာဖြစ်ဖြစ် ဂရုစိုက်တာမှ မဟုတ်တာ ...”

“ထင်က ကြည်ဖြူလို့ လုပ်ပေးတာလေ၊ နင်က ကြားထဲက မနာလိုဖြစ်မနေနဲ့ဟဲ့ ...”

“သူကတော့ အားနာတတ်တဲ့သူလေ၊ သဘောကောင်းတဲ့သူလေ၊ ဘယ်သူငယ်ချင်းက ခိုင်းခိုင်း သူလုပ်နိုင်ရင် လုပ်ပေးမှာပဲ၊ ထင့်စိတ်ကိုသိလို့ ငါ ဘာမှမခိုင်းတာ၊ လုပ်တဲ့သူက လုပ်တောင် ခိုင်းတဲ့သူက သိတတ်ဖို့ကောင်းတယ်”

“ကဲ ... ကဲ ... တော်ပါပြီ ခင့်ညိုရယ်၊ လဝန်းက ဇွတ်ခိုင်းတာတော့ မဟုတ်ပါဘူး၊ သူမလုပ်ချင်ဘူး ပြောတာလေးတွေပဲ ငါလုပ်ပေးရတာပါ”

ထင်က ဝင်ပြောတော့ ခင့်ညိုက ဟွန့်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

“သူလုပ်ချင်တာကော ဘာများရှိလို့လဲ”

“ငါ့ဘာသာ ရှိရှိ မရှိရှိ နင်နဲ့ဆိုင်လား ...”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကဲ … တော်ပါတော့ဟာ၊ ငါ တကယ် စိတ်ရှုပ်လာပြီ၊ နင်တို့ မိန်းကလေးတွေ ဆုံလိုက်ရင် ဒီလိုပဲ ပစိပစပ်ကို များတယ်"

"ဟွန်း …"

"ဟင်း …"

လင်းရိပ်ထင် ပြောနေတဲ့ကြားကပဲ ခင့်ညိုညိုနဲ့ လဝန်းတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မျက်စောင်းလှမ်းထိုးလိုက်ကြပါသေးသည်။

ပြီးတော့ ခင့်ညိုညိုက ထင့်ကို ကရုဏာသက်သက်လေး လှမ်းကြည့်လိုက်ရင်း …

"ထင် … နင် ဒီလိုနေလို့ မဖြစ်ဘူး၊ ဆေးတော့သောက်ထားမှ ဖြစ်မယ်"

"ဒီနားမှာ ဆေးမှဝယ်လို့မရတာ"

"ပူမနေနဲ့၊ ငါ့မှာ အဆင်သင့်ပါတယ်၊ နင် ဒီလိုဖြစ်တတ်မှန်းသိလို့ ဆောင်ထားတာ၊ ခေါင်းလည်း ကိုက်နေတယ် မဟုတ်လား …"

"အင်း …"

"ရော့ … ပါရာစီတမောလ်လေး သောက်ထားလိုက်"

"ငါက ဆေးဆို ရေနဲ့မှ သောက်တတ်တာ၊ ကျောင်းခန်းထဲရောက်မှ ရေနဲ့သောက်မယ်လေ"





"ရေဘူးလည်း ပါပါတယ် ထင်ရယ်၊ ရော့ … သောက်လိုက်နော် …"

ခင့်ညိုတို့ သိတတ်ပုံများ အကွက်ကိုစေ့နေသည်။ လွယ်အိတ်ထဲက ဆေးထုပ်နှင့် ရေဘူးအသေးသေးလေး ထုတ်ပြီး ထင့်ကို တိုက်နေတာကို လဝန်းက အငေးသားကြည့်ရင်း မခံချိမခံသာ ဖြစ်မိနေသည်။

လဝန်းက မိသားစုထဲမှာ ဖူးဖူးမှုတ်ခံ အငယ်ဆုံးသမီးလေးမို့ သူများကို ဘယ်လိုဂရုစိုက်ပေးရမယ်ဆိုတာ မစဉ်းစားတတ်ဘဲ ကိုယ်ကသာ ဂရုစိုက်ခံချင်သူ ဖြစ်ခဲ့သည်။ လူတစ်ယောက်ကို ချစ်ပြီ ခင်ပြီ တွယ်တာပြီဆိုရင် အဲ့ဒီလူအတွက် ဘာလုပ်ပေးရမယ်ဆိုတာ မစဉ်းစားဘဲ အဲ့ဒီလူကို ကိုယ်ကသာ ဆိုးချင်နွဲ့ချင် ဂျီကျပူဆာချင်သူမျိုးပင် …။

ခင့်ညိုညိုကတော့ လဝန်းလို မဟုတ်၊ မိသားစုထဲမှာ အကြီးဆုံးသမီးပီပီ ဦးဆောင်လိုစိတ်ရှိသည်။ ရင့်ကျက်သည်။ တာဝန်ယူချင်စိတ် ရှိသည်။ သူငယ်ချင်းသုံးယောက်ဟာ ရွယ်တူဆိုပေမယ့် ခင့်က အကြီးသဖွယ် အမြဲဦးဆောင်ဖေးမကာ လဝန်းနဲ့ လင်းရိပ်ထင်ကို ဂရုစိုက်တတ်မြဲပင် …။ ခင့်ကို ခင်မိပေမယ့် လဝန်းရင်ထဲမှာ မနာလိုသည့် စိတ်ကတော့ ရှိနေသည်။ သူငယ်ချင်း အချင်းချင်း မနာလိုစိတ်မရှိသင့်တာကို သိသော်လည်း ထို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြီးဟာ ဖျောက်မရ ပြုမရနှင့် လဝန်းလဲ့ပြာရဲ့နှလုံးသားမှာ စွဲထင်နေရပါသည်။

အထူးသဖြင့်ကတော့ လင်းရိပ်ထင်နဲ့ ပတ်သက်လို့ပေါ့ ...။ လင်းရိပ်ထင်ကို ခင့်က ဂရုစိုက်တိုင်း၊ အလိုက်သိတိုင်း လဝန်းက ခင့်ကို မနာလိုဖြစ်ရသည်။ ထင့်အရိပ်အကဲကို သိပဲသိနိုင်လွန်းတဲ့ ခင့်ကိုလည်း လက်ဖျားခါရသည်။ အဲ့ဒီလိုဆိုတော့ ခင့်လို လိုက်လုပ်မလားမေးရင် လဝန်း မလုပ်တတ်။ လဝန်းဟာ သူတစ်ပါး အရိပ်အကဲ သိတတ်သည့် ပါးလှပ်လှပ် မိန်းကလေးမျိုးမှ မဟုတ်ဘဲ ...။

ခင့်လို အလိုက်မသိတတ်ပေမယ့် ထင့်ကို ချစ်နေမိတာတော့ လဝန်းဘာသာ သေချာသည်။ ရှက်ရှက်နဲ့ပဲ ဝန်ခံရမယ်ဆို ... ၉ တန်း စာမေးပွဲတွေပြီးလို့ ကျောင်းပိတ်လိုက်ကတည်းက ပါပဲ။ ကျောင်းပိတ်ရက်မှာ ထင်က တောင်ကြီးက သူ့အဘွားအိမ်မှာ သွားနေတာမို့ နေ့တိုင်းမတွေ့ရ ...။ အဲ့ဒီအချိန်ကတည်းက လွမ်းဆွတ်ရတဲ့ ခံစားမှုကို လဝန်း နားလည်သွားသည်။ ထင့်ကို လွမ်း တိုင်း မျက်ရည်ကျသည်။ အစားကောင်း အသောက်ကောင်းလေး စားရတိုင်း ထင့်ကို ပြေးကျွေးလိုက်ချင်သည်။ ပျော်စရာကြုံရလည်း သတိရ၊ ဝမ်းနည်းစရာ ကြုံတော့လည်း သတိရ ...။ ထင်နဲ့ပြန် တွေ့ရမယ့် ရက်ကို လက်ချိုးရေရင်း စောင့်နေခဲ့မိသည်။

ဆယ်တန်းတက်ချိန်၊ ထင်နဲ့ပြန်တွေ့ရချိန်မှာ လဝန်းက ထင့်အနားက မခွာဘဲ စကားတွေ ပြောမကုန်နိုင်ခဲ့။ ထင်နဲ့ မတွေ့ရတဲ့ရက်တွေက လဝန်းရဲ့ နေ့တစ်ရှုဝက်စွာလေးတွေကို စီကာစဉ်ကာ ပြန်ပြောပြနေခဲ့မိသည်။ ထင်က လဝန်း ပြောတာကို ဂရုစိုက်နားထောင်ပေးရင်း ရယ်စရာပြောတဲ့အခါ ရယ်မော၊ အံ့သြတဲ့အခါ အံ့သြ၊ မေးခွန်းပြန်ထုတ်တဲ့အခါထုတ်၊ လဝန်းတို့ နှစ်ယောက်တည်း ရေပက်မဝင်ဖြစ်နေချိန်မှာ ခင့်က စကားများများဝင်မပြောဘဲ ကြည်လင်သော မျက်နှာထားလေးဖြင့် လဝန်းတို့နှစ်ယောက် ပြောတာကို အေးအေးဆေးဆေး နားထောင်နေခဲ့သည်။

လဝန်းက ရေပက်မဝင် ပြောနေရင်းက ခင့်ကို မျက်စောင်းလှည့်ထိုးလိုက်ရင်း ...

"နင့်ကို ငါကသာ သတိရနေရတာ ထင်ရဲ့၊ ခင့်တို့ကတော့ လုံးဝ အေးဆေးပဲ သိလား၊ ကျောင်းပိတ်ရက်မှာ အိမ်တောင် ကပ်တာမဟုတ်ဘူး၊ အညာပြန်ပြီး အမျိုးတွေဆီ လျှောက် လည်နေတာ ..."

လဝန်း အပြောကြောင့် ခင့်က ပြုံးလိုက်သည်။

လဝန်းကတော့ ကိုယ်ပဲအနိုင်ရသည်ထင်ကာ ကျေနပ်နေသည်။ သို့သော် လဝန်းတို့ စကားတွေပြောအပြီးမှာ ခင့်ညိုညိုက စက္ကူအိတ်လေး တစ်အိတ်ကို ထင့်ထံ လှမ်းပေးလိုက်သည်။

"ရော့ ... ထင်၊ နင် နောက်နှစ်ခါ တောင်ကြီးသွားရင် ဝတ်ဖို့"







www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာလဲဟင်"

လဝန်းက မျက်လုံးလေး ပြူးဝိုင်းကာ ထင့်လက်ထဲက အိတ်ကို လှမ်းကြည့်ရင်း အလောတကြီး မေးလိုက်သည်။ ခင့်ကွ ဘာမှဝင်မမေ့ဖြဲဘဲ ပြုံးရုံပြုံးနေသည်။

ဉာင်က အိတ်ထဲက ပေါ့ပွပွပစ္စည်းကို ဆွဲထုတ်ဖြန့်ကြည့်လိုက်သည်။

ခေါင်းစွပ်ဆွယ်တာ လှလှလေး တစ်ထည် ...။

အရောင်က ဆင်စွယ်နှစ်နှစ်လေး ...။

"လှလိုက်တာ ခင့်ရာ၊ နင်ကိုယ်တိုင် ထိုးထားတာလား"

"ဈေးက ဝယ်တာဖြစ်မှာပေါ့ ထင်ရဲ့၊ အဲ့ဒါမျိုး ဆွယ်တာတွေမှ အများကြီး"

ထင် သဘောကျသွားတာကို မခံမရပ်နိုင်သော လဝန်းက ပျာပျာသလဲ ဝင်ပြောမိသည်။ ခင့်က လဝန်းပြောတာကို ဂရုမစိုက်ဘဲ ထင့်ကိုသာ ကြည့်နေရင်း ...

"ဟုတ်တယ် ထင်၊ ငါ နင်သွားနေတုန်း တစ်နေ့နည်းနည်းနဲ့ နေ့တိုင်းထိုးထားတာ"

"နင် ... နင် ဘယ်တုန်းက ဒါမျိုး ထိုးတတ်လို့လဲ"

လဝန်းက အလောတကြီး ဝင်ပြောမိသည်။

"ဩော် ... နင် မသိသေးဘူးထင်တယ်၊ ငါ မနှစ်က နွေ





ရာသီ ကျောင်းပိတ်ရက်မှာ နှစ်ချောင်းထိုးသင်တန်း တက်ထားတာလေ"

"ငါ့ကိုတော့ မပြောဘူး ..."

"ငါက ရန်ကုန်မှာ သင်တာမှမဟုတ်တာ၊ အညာပြန်ရင်း အိမ်နီးချင်း အစ်မကြီးဆီက သင်ထားတာ"

လဝန်းက မျက်နှာလေးရှုပ်ကာ ဘာဆက်ပြောလို့ ပြောရမှန်းမသိ ဖြစ်နေပြီးမှ စိတ်တိုလာကာ ...

"နင့်အင်္ကျီက ထင်ဝတ်မယ့်အချိန်ကျ တော်မှာမဟုတ်တော့ဘူး"

"ဘာလို့လဲ ..."

"ရန်ကုန်မှာက ပူတော့ နင့်အင်္ကျီကိုဝတ်လို့ ရမှာမှမဟုတ်တာ၊ နှစ်ကုန် ကျောင်းပိတ်လို့ တောင်ကြီးသွားမှ ဝတ်ရမှာကို ခုကတည်းက ထိုးပေးထားတော့ အင်္ကျီကသေးနေမှာပေါ့၊ ထင်က လူကောင်ထွားလာဦးမှာ ..."

"ထွားလာလည်း ဝတ်လို့ရအောင် နည်းနည်းပွပွလေး ထိုးပေးထားတယ်လေ၊ သေချာဖြင့် မကြည့်ဘဲနဲ့"

"ထင် သွားမယ့်အချိန်က နွေရာသီကြီးကို ဟိုမှာ ဆွယ်တာဝတ်ရလောက်အောင်လည်း မအေးပါဘူး"

"ဩော် ... သေချာမကြည့်ဘဲ ပြောပြန်ပြီ၊ ဆွယ်တာက



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးကျဲကျဲလေးပါဟဲ့၊ ဝတ်လို့ရပါတယ်၊ တောင်ကြီးမှာက နွေဆိုလည်း အေးမြမြလေးပဲဟာ"

ခင့်ညိုက အကွက်စေ့လွန်းတာမို့ လဝန်းမှာ အပြစ်ဆက်ရှာလို့မရ ...။ ထင်က ဆွယ်တာလေးကို တရိုတသေ ပြန်ခေါက်ထည့်နေတုန်း ခင့်က လှမ်းမေးလိုက်ပြန်သည်။

"ထင် ... ငါပို့လိုက်တာတွေ စားလို့ကောင်းရဲ့လား"

"ဟင် ... ဘာ ... ဘာပို့လိုက်တာလဲ"

လဝန်းက ပြုံးတုံးပြုံးတဲ ဝင်မေးမိပြန်သည်။

"ခင့်ညိုက ပုဂံကနေ တောင်ကြီးလာတဲ့ လူကြုံရှိလို့ ငါကြိုက်တဲ့ ပုန်းရည်ကြီးတွေရော၊ မန်ကျည်းဖူးထောင်းနဲ့ ငြေပဲကြော်တွေပါ ထည့်ပေးလိုက်တာလေ၊ ကျေးဇူးပဲနော် ... ခင့်၊ နင့်ဆီက စားစရာတွေ ရောက်လာမှ ငါလည်း စားလို့ဝင်တော့တယ်၊ ဟိုမှာဆို ဘွားဘွားတို့အိမ်က ငါမကြိုက်တဲ့ ရှမ်းစာတွေပဲ အမြဲချက်စားနေကြတာလေ၊ ဒါနဲ့ ခင့် ... မန်ကျည်းဖူးထောင်းနဲ့ ချဉ်ပေါင်ဖူးထောင်းက နင့်လက်ရာလား"

"အေး ..."

"အရမ်းစားကောင်းတယ်ဟာ၊ နင့်လက်ရာက ပထမတန်းပဲ၊ နင် ထမင်းဆိုင်ဖွင့်ရင် အောင်မြင်မှာ"

"ငါလည်း အဲ့ဒီလိုပဲ စိတ်ကူးယဉ်ထားတာ ...၊ ငါတို့





မြန်မာ့အစားအစာကို အဆင့်မြင့်မြင့် သန့်သန့်ရှင်းရှင်း ကျန်းမာရေးနဲ့ညီညွတ်အောင် ရောင်းရင် နိုင်ငံခြားသားတွေလည်း ကြိုက်မှာသေချာတယ်၊ မြန်မာလည်းကြိုက်၊ တိုးရစ်တွေလည်းကြိုက်ရင် ခရီးသွားကုမ္ပဏီတွေကလည်း ငါ့ဆိုင်ကို ခေါ်လာကျွေးမှာပဲလေ ..."

"နင့်အိပ်မက်တွေ တကယ်ဖြစ်လာမှာပါဟာ၊ နင်က အရည်အချင်း ရှိပါတယ်"

"အဟမ်း ... အဟမ်း ..."

သူတို့ စကားကောင်းနေပြီဆို လဝန်းက နှောင့်ယှက်ချင်တာမို့ ချောင်းဟန့်လိုက်ရင်း ...

"ဟင်းတွေက နင်ချက်တာရော ဟုတ်ရဲ့လား၊ ငါ သိသလောက်ကတော့ ဟင်းချက်ကောင်းတာက နင့်အမေပါ"

"ဟင်းချက်ကောင်းတဲ့ အမေက သင်ပေးထားတော့ ငါလည်း ဟင်းချက်ကောင်းတာပေါ့ လဝန်းရယ်"

"အဟမ်း ... အဟမ်း ... အဟွတ် ... ဟွတ်"

လဝန်းက သူတို့စကား ဆက်ကောင်းနေမှာစိုးတာမို့ အာခေါင်ခြစ်ကာ အဆက်မပြတ် ချောင်းဆိုးပြလိုက်တော့ ထင့်အာရုံက လဝန်းဆီ ရောက်လာသည်။

"လဝန်း ... ချောင်းတွေဆိုးလှချည်လား၊ အအေးပတ်နေလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အွန်း … ရေချိုးတာ နည်းနည်းကြာသွားလို့လေ ထင်"

"ရော့ … ရော့ … လည်ချောင်းလေး ပွရှိန်းနွေးသွားအောင် ငုံဆေးပြားလေး ငုံထားလိုက်"

လဝန်းက ထင်ပေးသော ငုံဆေးပြားလေးကို လှမ်းယူငုံကာ ပီတိဖြစ်နေဆဲ ယင်က ခင့်ကို လှမ်းကြည့်ကာ …

"ခင့် … ငါ တောင်ကြီးသွားခါနီး နင်ပေးလိုက်တဲ့ ငုံဆေးပြားတွေက များလွန်းလို့ ခုထိတောင် မကုန်သေးဘူးကွ၊ နောက်တစ်ခါသွားရင်တောင် ယူသွားလို့ရတယ် …"

"ဟင် … ဒါ … ဒါက ခင့် ဝယ်ပေးထားတာလား"

"ဟုတ်တယ်လေ၊ ထင်က တောင်ကြီးရောက်ရင် အမြဲနှာစေးချောင်းဆိုး ဖြစ်တတ်လို့ ဆောင်ထားရအောင် ငါ ဝယ်ပေးလိုက်တာ …"

အင်း … ဘာလေးမှ ခင့်ညိုနဲ့မလွတ်ပါလား။ လဝန်းမှာ မနာလို ဝမ်းနည်း မခံချင်စိတ်ဖြင့် မျက်ရည်လေးတောင်ဝဲရသည်။ ထင့်ကိုချစ်မိသော်လည်း ဘယ်လို ဂရုစိုက်ရမှန်းမသိ။ ကိုယ်ကသာ ကိုယ်ချစ်ရသူရဲ့ ဂရုစိုက်မှုကိုလိုချင်သည်။ ခင့်လိုမျိုး အလိုက်တသိ မဖြည့်ဆည်းတတ်သည့် ကိုယ့်ကိုယ်ကိုယ်လည်း စိတ်တိုမိသည်။

ထင်ကတော့ ခင့်ကို ပိုအရေးပေးတာမျိုး မရှိ …။ လဝန်းကိုလည်း သာတူညီမျှ ဂရုစိုက် ခင်မင်ခဲ့တာပင် …။





အဲ့ဒီနှစ်က ဆယ်တန်းစာမေးပွဲကြီးပြီးလို့ ထင် တောင်ကြီးသွားခါနီးမှာ လဝန်းက ဆွယ်တာပါးလေးတစ်ထည် ဝယ်ကာ ထင့်ကို လက်ဆောင်ပေးခဲ့ပါသည်။

ထင် ခရီးသွားမည့်နေ့မှာ ခင့်ညိုနဲ့ လဝန်းက အဝေးပြေးကားဂိတ်သို့ လိုက်ပို့ကြသည်။

ခင့်ညိုက …

"ထင် … ငါပေးထားတဲ့ ဆွယ်တာလေး ပါရဲ့လား၊ မေ့ကျန်မှာစိုးလို့"

"မကျန်ပါဘူး ခင့်ရဲ့၊ ပါပါတယ်"

လဝန်းက …

"ငါ ဝယ်ပေးထားတဲ့ ဆွယ်တာရော …"

"အင် … အဲ … အဲ့ဒါက အိတ်ထဲမှာတော့ မပါဘူး"

ထင့် စကားကြောင့် လဝန်းမျက်နှာက ချက်ချင်းရှုပ်ပွလာသည်။ ထင် မတရားတာ။ မျက်နှာလိုက်တာ။ လဝန်းကိုယ်တိုင် ထိုးပေးတာမဟုတ်လို့ တန်ဖိုးမထားတာ။ လဝန်းဆတနာကို အပေါ်စားစေတနာလို့ ထင်သွားတာ။

လဝန်းသည် ရှေ့ဆက် ဘာစကားမှ ပြောချင်စိတ်ရှိတော့ဘဲ အောက်နှုတ်ခမ်းလေးကို ဖိကိုက်ကာ မျက်ရည်ဝဲလာသည်။ ထင်ကတော့ လဝန်းကို ပြုံးစိစိဖြင့် ခပ်စိုက်စိုက်လေး ကြည့်ပြီး မျက်နှာလွှဲသွားကာ ခင့်နဲ့ စကားတောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ခင့်က ရုပ်ထားသည့် ကားထဲမှာ ကျန်ခဲ့သည့် မဂ္ဂဇင်းစာအုပ်ကို သွားယူတာမို့ အဝေးပြေးကားကြီး နားမှာ လဝန်းနဲ့ ထင်တို့နှစ်ယောက်တည်း ရပ်ကျန်နေခဲ့သည်။

ထင်က လဝန်းရဲ့ စူပုပ်ပုပ်မျက်နှာကို ပြုံးစိစိ စိုက်ကြည့်လိုက်ရင်း ...

"ဟိတ် ... မျက်နှာက ဘာဖြစ်လို့ ဒီလောက် စူပုပ်နေရတာလဲ"

"ဟွန့် ... မျက်နှာကိုလိုက်တယ်"

"ဟောဗျာ ... ၊ ဘာများ မျက်နှာလိုက်မိလို့လဲ ..."

"ခင့်ညို ပေးတဲ့ အင်္ကျီတော့ ယူသွားတယ်၊ လဝန်း ပေးတဲ့ အင်္ကျီတော့ မယူဘူးမဟုတ်လား"

"ဘယ်သူပြောလဲ ..."

"ထင်ပဲ ပြောတာလေ ..."

"မပြောပါဘူး"

"ကြည့် ... ဗြောင်လိမ်တာ၊ ထင်ပဲ ခုန ပြောတယ်လေ အိတ်ထဲမှာ မပါဘူးဆို ..."

"အင်းလေ ... အိတ်ထဲမှာမှ မပါတာ"

"အဲ့ဒါ မျက်နှာလိုက်တာမဟုတ်လို့ ဘာလဲ၊ လဝန်းလက်ဆောင်ကို တန်ဖိုးမထားတာ မဟုတ်လို့ ဘာလဲ"





လဝန်းက ငိုမဲ့မဲ့လေး ရန်တွေ့တော့ ထင်က သူ့ရင်ဘတ်ကို ပုတ်ပြရင်း ...

"အိတ်ထဲမှာ မပါပေမယ့် ဒီမှာပါတယ်လေ လဝန်းလဲ့ပြာရဲ့ ..."

"ဟင် ..."

ထင်က သူ့ရုပ်အင်္ကျီ အပေါ်ကြယ်သီးလေး သုံးလုံးကို ဖြုတ်ဟပြလိုက်သောအခါ အတွင်းက ခံဝတ်ထားသော လဝန်းရဲ့ ဆွယ်တာလေးကို တွေ့လိုက်ရလေသည်။

လဝန်းသည် ရုတ်တရက် နှလုံးသားတွေ ဖျတ်ဖျတ်ခါသွားသလို တုန်ရီ မောလှိုက်ဆို့နစ် ကြည်နူးသွားရကာ စောစောတုန်းက ညှိုးမှိန်နေသော မျက်လုံးလေးတွေဟာ တစ်ခဏချင်းမှာ ဖျိုးဖျိုးဖျပ်ဖျပ် အရောင်တွေ လက်လာပါသည်။

"သိလည်းမသိဘဲနဲ့ လူကို လာအပြစ်တင်နေတယ်"

"အဟင်း ... ဟင်း ..."

လဝန်းက သဘောတကျ ပြုံးရယ်နေဆဲ ခင့်က အနားပြန်ရောက်လာကာ ...

"အံမယ် ... လဝန်း၊ နင့်မျက်နှာက ခုနနဲ့ တခြားစီပါလား၊ ဘာတွေ ဒီလောက်သဘောကျနေတာလဲ"

"ဟင်း ... ဟင်း ... အကြောင်းရှိလို့ပေါ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညိုက လဝန်းကိုကြည့်ရင်း အံ့သြနေသည်။ ထင်က ခင့်ညို ယူလာပေးသည့် စာအုပ်ကိုယူပြီး နှစ်ယောက်လုံးကို တာ့တာပြကာ အဝေးပြေးကားကြီးပေါ် တက်သွားသည်။

အဲ့ဒီနေ့လေးဟာ လဝန်းလဲ့ပြာအတွက် ပြန်တွေးတိုင်း လတ်လတ်ဆတ်ဆတ် ရင်ခုန်ရသည့် နေ့လေးတစ်နေ့ ဖြစ်ခဲ့ပါသည်။

◆ ◆ ◆



♥ ♥ ♥

ဆယ်တန်းအောင်ချိန်မှာ လဝန်းတို့ သုံးယောက်လုံး UFL မှာ အင်္ဂလိပ်စာမေဂျာယူ၍ အတူတက်ဖြစ်ခဲ့ကြပါသည်။

တက္ကသိုလ်ကျောင်းသူဘဝမှာလည်း သုံးယောက်အတူတူ တတွဲတွဲ။ သို့သော် လင်းရိပ်ထင်ရဲ့ အချစ်က ဘယ်သူ့ဆီမှာဆိုတာကိုတော့ ဝေခွဲရ ခက်လှပါသည်။

လဝန်းအထင်တော့ ထင်ဟာ ခင့်ညိုနဲ့ ပိုပြီး ရင်းနှီးနားလည်မှုရှိသလိုပင်။ ခင့်ညိုနဲ့ယှဉ်ရင် လဝန်းက အမြဲ နောက်ကောက်ကျနေကျပင် ...။

အဲ့ဒါကြောင့်ပဲ ခင့်အပေါ် မနာလိုစိတ်နှင့် လဝန်းစိတ်ဟာ မအေးချမ်းခဲ့။

ထင်ဟာ တစ်နေ့သောအခါမှာ သူ့အပေါ် နားလည်မှုရှိစွာ ဖြည့်ဆည်းပေးနိုင်မယ့် ခင့်ညိုညိုလို ထက်မြက်တဲ့ မိန်းမမျိုးကိုပဲ လက်ထပ်လိမ့်မည်ဟု လဝန်းက ထင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းတို့ တက္ကသိုလ်နောက်ဆုံးနှစ်မှာတော့ မထင်မှတ်သော ဖြစ်ရပ်တစ်ခုကြောင့် အရာရာဟာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားခဲ့ရပါသည်။

အဲ့ဒီနေ့က ...

သုံးယောက်သား ကျောင်းဆင်းချိန်မှာ လှည်းတန်းဘက်သို့ လမ်းလျှောက်လာခဲ့ကြပါသည်။

လှည်းတန်းက စာအုပ်ဆိုင်မှာ စာအုပ်လည်း ဝယ်၊ မုန့်လည်းစားဖို့ ကြံရွယ်ခဲ့တာပင် ...။

လှည်းတန်းမီးပွိုင့်နားမှာ လမ်းဖြတ်ကူးဖို့ သုံးယောက်သား ရပ်နေဆဲ မီးနီသွားပြီမို့ ထင်က ခြေလှမ်းသွက်သွက်နှင့် လမ်းဖြတ်အကူး ...

"ဟယ် ... ထင် ... ထင် ..."

"ကျွိ ..."

"အမလေး ... သေပါပြီ ... ထင် သေပါပြီ"

မီးနီကိုဖြတ်၍ အရှိန်ပြင်းစွာ ကွေ့ချလာသော ကားတစ်စီးက ထင့် ဘယ်ဘက်အားကို ပွတ်တိုက်ပြီး လုံးဝရပ်မပေးဘဲ ထွက်ပြေးသွားလေသည်။

ညာဘက်လက်မှာ သွေးတွေ ရဲခနဲဖြစ်လျက် ခွေခနဲ လဲကျသွားသော ထင့်ဆီကို လဝန်းတို့နှစ်ယောက် တအား ပြေးသွားလိုက်သည်။





လဝန်းက ထင့်ကို ပွေ့ထားလိုက်ရင်း ...

"ထင် ... ထင်၊ အမလေး ... သွေးတွေ ထွက်နေပြီ၊ ထင် သေပါပြီ၊ အီး ... ဟီး ... ဟီး ... ဟီး ..."

"ဟဲ့ ... လူကြားမကောင်းအောင် အော်ငိုမနေနဲ့၊ သေချာကြည့်၊ လက်ကို ပွတ်တိုက်မိရုံပဲ၊ အရှိန်နဲ့ တွန်းလိုက်သလိုဖြစ်လို့ လဲသွားတာ၊ မသေလောက်တာ သေချာတယ် ...၊ ကားတစ်စီးငှားပြီး ဆေးခန်းသွားရမယ်၊ ပြီးရင် ရဲကို တိုင်ရမယ်၊ ငါ ကားနံပါတ် မှတ်မိတယ်၊ လဝန်း နင်လည်း မှတ်မိတယ် မဟုတ်လား"

"ဟင် ... မမှတ်မိဘူး၊ ငါ့မျက်လုံးတွေ အရမ်းပြာသွားတာနဲ့"

လဝန်းက ပြာနေသလောက် ခင့်က တုန်လှုပ်ကြောက်ရွံ့ တွေဝေခြင်းမရှိဘဲ အားလုံးကို စီမံသွားနိုင်သည်။

လဝန်းကတော့ တုန်တုန်ရင်ရင်နှင့် ငိုလို့သာနေသည်။ ထင့်မှာ နာကျင်နေရက်နဲ့တောင် လဝန်းကို ပြန်ချော့နေရသည်။

"လဝန်း မငိုနဲ့ ... မငိုနဲ့၊ တိတ် ... တိတ်၊ ငါ ဘာမှမဖြစ်ဘူး၊ ငါတကယ် ဘာမှမဖြစ်ဘူး သိလား ..."

"အရေးထဲ သူ့ပြန်ချော့နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ကတော့ လဝန်းကို အမြင်ကတ်၍သာ နေ[cut]
သည်။

လဝန်းက ကိုယ့်ကိုယ်ကိုယ်လည်း ညံ့ဖျင်းရကောင်[cut]
လား၊ ခင့်လို မထက်မြက်ရကောင်းလားဟု တွေးကာ အားမ[cut]
အားမရ ဖြစ်ရသည်။

လဝန်း တဖြည်းဖြည်း သိမြင်လာရသည်မှာ လဝန်[cut]
ဟာ ထင့်ဘဝကို ပံ့ပိုးကူညီပေးနိုင်မည့် ပါရမီဖြည့်ဘက်ကောင်[cut]
မဟုတ် ဆိုတာပင်။ ခင့်ညိုကတော့ ပါရမီဖြည့်ဖက်ကောင်း ဖြ[cut]
မည့် မိန်းမမျိုးပေါ့ ...။

ထင့်အချစ်ဟာ လဝန်းအတွက် မျှော်လင့်လို့ မဖြ[cut]
နိုင်၊ မပြည့်ဝနိုင်သော ဆန္ဒတစ်ခုပါပဲဟု စိတ်ပျက်လက်လျှော့လာ[cut]
ရပါသည်။

ထင့်ကို ကားပွတ်တိုက်မိသော နေ့က ထင် ဆေး[cut]
တစ်ရက် တက်ရသည်။

အဲဒီနေ့က လဝန်းက ဆေးရုံကနေ တော်တော်[cut]
မပြန်။ ထင့်အမေက နားချဖျောင်းဖျလည်း နားမဝင်။

"သမီးရယ် ... အဲဒီလောက်ကြီးလည်း စိတ်မပူပါနဲ့ကွယ်[cut]
သားခြေထောက်က တအားဆိုးဆိုးဝါးဝါး ဖြစ်စရာလည်[cut]
ဘာအကြောင်းမှ မရှိပါဘူး၊ နာနေတယ်ဆိုလို့ စိတ်အေ[cut]





ရအောင် ဓာတ်မှန်ရိုက်စရာရှိတာလေးရိုက်၊ ဒီညနားပြီး မနက်ဆို ဆင်းရမှာပါ"

ထင့် မေမေက လဝန်းကို ဖျောင်းဖျပြီး စားစရာ တစ်ခုခုဝယ်ဖို့ အပြင်ထွက်သွားသည်။ ထင်ကတော့ အိပ်ပျော်နေပါသည်။ ခင့်ညိုကတော့ ရဲစခန်းကို ကိုင်စရာကိစ္စ ရှိသေးတာမို့ စောစောကတည်းက ပြန်သွားနှင့်ပြီ။

လဝန်းသည် အိပ်ပျော်နေသော ထင့်ကို စိုက်ကြည့်ရင်း မျက်ရည်တွေတွေ ကျလာပြန်လျက် တီးတိုးပြောမိပြန်ပါသည်။

"ထင်ရယ် ... ငါကလေ နင့်အတွက် အားမကိုးရတဲ့သူပါ၊ ဘာမှအသုံးမဝင်တဲ့ သူပါ၊ စိုးရိမ်ရုံကလွဲပြီး ဘာမှ မလုပ်တတ်တဲ့ သူပါ ...၊ ဒါပေမယ့် ငါ နင့်ကို အရမ်းချစ်ပါတယ်ဟာ"

လဝန်းက တီးတိုးရှိုက်ငင်နေဆဲမှာပဲ ထင့်မျက်လုံးတွေ ပွင့်လာခဲ့သည်။

ထင့်ရဲ့ အကောင်းပကတိ လက်လေးတစ်ဖက်က မြောက်တက်လာကာ လဝန်းရဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို တို့ထိသုတ်ပေးလိုက်တာမို့ လဝန်းက အသက်မရှူနိုင်လောက်အောင် မင်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာလို့ အသုံးမကျတဲ့သူ ဖြစ်ရမှာလဲ၊ နင် ခုလို ငါ့အတွက် စိတ်ရင်းနဲ့ စိုးရိမ်ပူပန် မျက်ရည်ကျရတယ်လေ၊ လောကကြီးမှာ ကိုယ့်အတွက် ခုလို ခံစားပေးတဲ့သူ ရှိတာကပဲ ကျေးဇူးတင်စရာ မဟုတ်လား၊ ငါ့ကို ချစ်ပေးတာကိုက နင့်ရဲ့ စွမ်းဆောင်ရည်တစ်ခုပဲ မဟုတ်လား ..."

"ဟင် ... ဘာ ... ဘာချစ်တာလဲ၊ မချစ်ပါဘူး"

"မညာပါနဲ့၊ နင်ချစ်တာ ငါသိပါတယ်၊ ငါလည်း နင့်ကို ချစ်တာပဲလေ၊ ဘယ်သူက အရင်ချစ်တာမှန်း မသိပေမယ့် ချစ်တာချင်းတော့ တူနေကြတာပဲ မဟုတ်လား"

သူ့စကားကြောင့် လဝန်းလဲ့ပြာရဲ့ နှလုံးသား မျက်နှာပြင်မှာ မိုးကြိုးတွေပစ်သွားသည်။ ထစ်ချုန်းမိုးတွေ သည်းထန်သွားသည်။ ရင်ခွင်တစ်ခုလုံး တုန်ဟည်း၍ သွားခဲ့လေသည်။

◆ ◆ ◆



♥ ♥ ♥

"ကို ..."

"ပြော ... လဝန်းလေး"

"ဒီကမ္ဘာပေါ်မှာ လဝန်းကလွဲပြီး ကို သံယောဇဉ်အရှိဆုံး တစ်ယောက် မိန်းမက ဘယ်သူလဲ"

"မေးနေရသေးလား၊ လဝန်းလည်း သိမှာပါ"

"လဝန်း မသိပါဘူး"

"လဝန်း သိပါတယ်၊ ကိုယ်တို့ သူငယ်ချင်း သုံးယောက် ရှိခဲ့ကြတာပဲလေ၊ ခင့်ညိုညိုက ကိုယ်သံယောဇဉ်အရှိရဆုံး သူငယ်ချင်းပေါ့ ..."

ကို ဒီလိုဖြေတိုင်း လဝန်းက မကျေနပ်ချင်ခဲ့ပါ။ ကိုနဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြပေမယ့်လည်း ခင့်ညိုနဲ့ ပတ်သက်ပြီး စိတ်မချစွာ သဝန်တိုခဲ့ရသည်။ ခင့်ညိုကိုခင်သော်လည်း မနာလို စိတ်ကြီးက ရှေ့ကနေ ကာဆီးထားသဖြင့် သူငယ်ချင်းအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်တန်းတန်းလေး ဖြစ်လာသည်။ ကိုနဲ့ ခင့်ညို တွေ့ဖြစ်မှာကိ
လဝန်း မလိုလား။ ခင့်ညိုနဲ့ ပတ်သက်ရင် လဝန်းမှာ ရတက်မအေ
နိုင်။

"ကို ... ခင့်ညိုကို ကို သဘောကျလားဟင်"

"ကျတာပေါ့ လဝန်းလေးရဲ့၊ ခင့်ညိုက ဘယ်လောက်
သဘောကျစရာကောင်းတဲ့ သူငယ်ချင်းမျိုးလဲ၊ ရင့်ကျက်
တယ်၊ ဦးဆောင်နိုင်စွမ်းရှိတယ်၊ သတ္တိရှိတယ်၊ ဇွဲစပ်သေ
ချာတယ်၊ ပြီးတော့ ..."

"အမလေးတော် ... ချီးမွမ်းခန်းကလည်း ဖွင့်လို့မပြီးတော့
ပါလား၊ ဒီလိုဆိုလည်း စကကည်းက ခင့်ညိုကိုပဲ ရွေးလိုက်
ပါတော့လား"

"သဘောကျတာက သပ်သပ်၊ ချစ်တဲ့ခံစားမှုက သပ်သပ်
လေ လဝန်းလေးရဲ့၊ သဘောကျတိုင်း မချစ်သလို ချစ်
တိုင်းလည်း သဘောမကျတာမျိုးတွေ ရှိတတ်တာပဲလေ"

"လဝန်းကိုတော့ ချစ်ပေမယ့် သဘောမကျဘူးဆိုပါတော့"

"ဟား ... ဟား ... လဝန်းတို့ကတော့ကွာ ပျိစရာမရှိ ဂျီးနေ
တော့တာပဲ၊ လဝန်းကိုတော့ ချစ်လို့ကို သဘောကျသွားတာ
သူများတကာ သဘောကျကျ မကျကျ ကိုယ်ကတော့
သဘောကျစရာလေးတွေကို ရှာကြံစဉ်းစားပြီး သဘောကျ
တာ ဟုတ်ပြီလား ..."





"ဟွန်း ... အဲ့ဒါ လဝန်းကျေနပ်အောင် လျှောက်ပြောတဲ့
စကားပါ"

ကိုက လဝန်းကိုချစ်တာသိလည်း တစ်နေ့မှာ ခင့်ညို
ကို စိတ်လည်သွားနိုး စဉ်းစားစိတ်ပူမိတဲ့ လဝန်းရဲ့စိတ်ကို ခင့်ညို
သည်း သိမှာပင် ...။

ကျောင်းမပြီးခင်မှာသာ သူငယ်ချင်းသုံးယောက်
အတွဲမပျက်ပေမယ့် ကျောင်းပြီးချိန်မှာတော့ ခင့်ညိုနဲ့ လဝန်းတို့
နှစ်ယောက်က တဖြည်းဖြည်း ဝေးကွာလာခဲ့ရပါသည်။

ခင့်ညိုကလည်း သူ့အလုပ်ထဲမှာ အချိန်ပြည့် အာရုံ
စိုက်ရင်း အောင်မြင်လာသလို လဝန်းကလည်း ဒီဇိုင်နာ လဝန်း
လဲ့ပြာ ရယ်လို့ အောင်မြင်လာခဲ့ရပါသည်။ ထင်ကတော့ ခရီးသွား
လုပ်ငန်းတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့သည်။

ကိုယ်စီအလုပ်တွေနဲ့ မအားလပ်ကြပေမယ့် အားတဲ့
အချိန်လေးတွေမှာ ကိုယ့်ချစ်သူအတွက် ဦးစားပေးရတာ ထုံးစံမို့
လဝန်းနဲ့ ကိုက မကြာခဏ တွေ့ဖြစ်ကြပါသည်။ ခင့်ညိုနဲ့တော့
သိပ်မတွေ့ဖြစ်ခဲ့။

သို့သော် ... ကိုက သူ့ညှော်သည် နိုင်ငံခြားသားတွေ
ရောက်လာတဲ့အခါတိုင်း ခင့်ညိုဆိုင်မှာ ထမင်းကျွေးသဖြင့် သူတို့
တွေ တွေ့ဖြစ်နေကြသည်။ အဲ့ဒီကိစ္စကို ပိတ်ပင်လို့မရလို့သာ
ငြိမ်နေရပေမယ့် တကယ်တမ်းတော့ မကျေနပ်လှ ...။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သာ ဆုံချင်ဆုံလိုက်မယ်၊ သူတို့ နှစ်ယောက်တည်း တွေ့မှာကိုတော့ လဝန်းက မလိုလားနိုင်။

လဝန်းရဲ့ သိသာလှသော ဝန်တိုမှုကြီးကို ခင့်ညိုကလည်း သိတာမို့ သူ့မာနနဲ့သူ ခပ်ကင်းကင်း နေနေခဲ့ပါသည်။

"ကျေးဇူးပြု၍ ထိုင်ခုံခါးပတ်များ ပတ်ထားကြပါရန် ..."

"အင် ..."

လေယာဉ်မယ်၏အသံကြောင့် လဝန်းရဲ့အမျှင်တန်းနေသော အတွေးများ ခတ္တပြတ်တောက်သွားခဲ့ရသည်။

လေယာဉ်ကြီးက ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ လေဆိပ်သို့ ဆင်းသက်လာခဲ့သော်လည်း လဝန်းရဲ့ စိတ်ကတော့ မြန်မာနိုင်ငံက လေဆိပ်ထဲမှာ ကျန်ရစ်သည်။

သူတို့ အတူတူပြန်မှာလား ...

တစ်နေရာရာကို အတူသွားပြီး မုန့်လေးဘာလေးစား၊ စကားလေးဘာလေး ပြောကြဦးမှာလား ...။

◆ ◆ ◆



♥ ♥ ♥

"ခင့် ... နင် ... ဆိုင်ကိုပြန်မှာလား"

"အေး ..."

"ဒါဆို ငါလည်းလိုက်မယ်"

"ဘာလုပ်ဖို့လဲ ..."

"ဟ ... ထမင်းစားမှာပေါ့ဟ၊ နေ့လယ်စာ စားချိန်ပဲ ရောက်နေပြီ၊ ကိုယ့်သူငယ်ချင်းကို ကြုံတုန်း ထမင်းလေးတစ်နပ်လောက် ကျွေးဖို့တော့ ကောင်းတာပေါ့"

"လဝန်းက ခွင့်ပြုရဲ့လား ..."

"သူငယ်ချင်းဆိုင် ထမင်းလိုက်စားတာပဲ ဘယ်သူ့ဆီက ခွင့်ပြုချက် ယူရဦးမှာလဲ"

ထင်က ပေါ့ပေါ့ပါးပါး ပြန်ပြောတာမို့ ခင့်က နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံ ပြုံးလိုက်မိရင်း ...

"နင် အဲ့ဒီလို ခပ်ပေါ့ပေါ့ပြောလည်း ဒီကိစ္စက ပေါ့သေး



www.burmeseclassic.com

www.burmeseclassic.com



သေး မဟုတ်တာကို နင် သိပြီးသားပါ ထင်ရယ်၊ လဝန်းက သူ့ကွယ်ရာမှာ နင်နဲ့ငါ အတူရှိတာကို မကြိုက်ဘူးလေ၊ လဝန်း ဘယ်လောက် သဝန်တိုတတ်တယ်ဆိုတာ နင်ရော ငါရော သိပြီးသားပါ၊ ငါ လဝန်းနဲ့ ပြဿနာမဖြစ်ချင်ဘူး ထင်၊ ငါ့အထင်တော့ လဝန်းက သူခရီးသွားနေတုန်း နင်နဲ့ ငါ မတွေ့ဖို့ အထပ်ထပ်မှာခဲ့မှာပါ၊ နင့်ချစ်သူစကားကို နင် နားထောင်လိုက်ပါ၊ ဆိုင်ဖွင့်ပွဲနေ့ကျမှ နင်လာလိုက်တော့လေ၊ အဲဒီနေ့ကျရင် တခြားဧည့်သည်တွေလည်း လာကြမှာ၊ အားလုံးကို ဆိုင်မှာပဲ ထမင်းကျွေးမှာ၊ အဲဒီတော့မှ စားပေါ့၊ ကဲ ... ငါ သွားပြီနော်"

ခင့်ညိုက ထင့်ကိုနှုတ်ဆက်ပြီး လေဆိပ်ခန်းမထဲက အရင်ထွက်လာနှင့်ပါသည်။

အမှန်ပြောရရင် ခင့်လည်း ထင့်ကို ဆိုင်ကိုခေါ်သွားချင်တာပေါ့။ ဆိုင်မှာ နှစ်ယောက်အတူ ထမင်းစားရင်း စကားစမြည် ပြောဆိုချင်တာပေါ့။ သို့သော် ... ခင့်ညိုကလည်း ကိုယ့်မာနနဲ့ကိုယ်ပဲလေ ...။

ထင့်ကို သံယောဇဉ်ကြီးရသည် မှန်သော်လည်း လဝန်းရဲ့ မသင်္ကာသော အကြည့်တွေကို သည်းမခံနိုင်။ လဝန်းရဲ့ သဝန်တိုမှုတွေဟာ တဆိတ်တော့ ကြောက်စရာကောင်းလှတယ် မဟုတ်လား။





သုံးယောက်အတူ ဆုံကြရင်တောင် ခင့်ညိုနဲ့ ထင်နဲ့ စကားကောင်းပြီဆို သူ ကဖျက်ယဖျက်လုပ်ပြီ။ နှုတ်ခမ်းစူ မျက်နှာသိုပြီး စကားတွေ ဖြတ်ပြော၊ လုပြော၊ ထင့် အကြည့်တွေကို အကဲတခတ်ခတ်နှင့် ရုပ်ပျက်လှသည်။

ဒါ့ကြောင့် ခင့်ညိုဟာ အတတ်နိုင်ဆုံးတော့ သူတို့နှံတွဲနဲ့မဆုံအောင် ခပ်ကင်းကင်းနေသည်။ ထင်နဲ့ဆုံရင်တောင် အရင်လို တရင်းတနှီး မဆက်ဆံဘဲ စည်းတစ်ခုခြားကာ ခပ်စိမ်းစိမ်းသာ နေဖြစ်သည်။

ထင်ကတော့ အရိပ်သုံးပါး သိပ်နားလည်လှတယ် မဟုတ်။ ခင့်ညိုကို အရင်လို တရင်းတနှီး ခေါ်ပြောဆက်ဆံချင်သည်။ တွေ့လိုက်တိုင်း လှိုက်လှဲစွာ ဆက်ဆံလွန်းတာမို့ ခင့်ညိုက စိတ်ညစ်ရသည်။

သူကတော့ ရိုးသားသူမို့၊ မိန်းမချင်းတွေမှာ ရှိတတ်တဲ့ အထာတွေကို နားမလည်သူမို့ သူနဲ့ လဝန်းတို့ ချစ်သူဖြစ်သွားသည့်တိုင် ခင့်ညိုနဲ့ အရင်လို ရင်းနှီးခင်မင်လို့ ရဦးမယ်လို့ပဲ ထင်ခဲ့တာလေ။

ဒါပေမယ့် ... မရဘူး လင်းရိပ်ထင် ရေ ...။

ရှင် လဝန်းကို ရွေးချယ်ပြီးကတည်းက ကျွန်မတို့ကြားမှာ စည်းခြားသွားခဲ့ပြီလေ ...။

ခင့်ညိုက နာကျင်ရသော အတွေးလေး တွေးမိရင်း



www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်မှာ ရပ်ထားသည့် ကားဆီ လျှောက်သွားကာ လေဆိ
ဝန်းထဲမှ မောင်းထွက်လာခဲ့ပါသည်။

◆ ◆ ◆

လင်းရိုပ်ထင်သည် ကိုယ့်ကားရှေ့က မောင်းထွ
သွားသော ခင့်ညိုကားကို လှမ်းကြည့်ရင်း ကားကို ခပ်ဖြည်းဖြ
မောင်းလာခဲ့သည်။

စိတ်ထဲမှာတော့ ရှုပ်ထွေးလှပါသည်။

ချစ်သူတစ်ယောက် ရတာနဲ့ပဲ သူငယ်ချင်းနဲ့ က
ကင်းစိမ်းစိမ်းကြီး ဖြစ်သွားခဲ့ရတဲ့အဖြစ်ကို တွေးလိုက်တိုင်း ရင်
မှာ ခုထိ မခံချိမခံသာ ခံစားရပါသည်။

သူကတော့ ရှင်းရှင်းပဲ တွေးခဲ့သည်လေ ...။

မိန်းကလေး သူငယ်ချင်း နှစ်ယောက်ထဲက တ
ယောက်ကို ချစ်သူလို ချစ်ပြီး ကျန်တစ်ယောက်ကိုတော့ သူင
ချင်းလို ဆက်ချစ်သွားချင်သည်။

ခင့်ညိုနဲ့ ပတ်သက်ပြီး ရင်ခုန်စိတ်လှုပ်ရှားတာမျိ
မရှိပေမယ့် လေးနက်စွာ ရင်းနှီးငြိတွယ်မှုတော့ ရှိခဲ့သည်။ ဒါ
သံယောဇဉ်ကြီးတယ်လို့ပဲ ခေါ်မလား ...။

လဝန်းနဲ့ ချစ်သူမဖြစ်ခင်ကတည်းက လေးလေးန





နက် တိုင်ပင်စရာရှိတိုင်း ခင့်ညိုကိုပဲ ပြေးသတိရတတ်သည်။ ခင့်ညိုဟာ လင်းရိုပ်ထင်ရဲ့ ချစ်သူ မဖြစ်ခဲ့ပေမယ့်လည်း အထူး စပါယ်ရှယ် သူငယ်ချင်းတစ်ယောက်တော့ ဖြစ်ခဲ့သည်။

ခုတော့ ... ထိုသူငယ်ချင်းနဲ့ ခပ်စိမ်းစိမ်း ဆက်ဆံနေခဲ့ရတာ ကြာခဲ့ပြီ ...။

"ကျွတ် ... ဘယ်လိုကြီးလဲကွာ ...၊ သူငယ်ချင်းချင်းပဲ ဒီလောက် စိမ်းစရာလိုလားကွာ"

လင်းရိုပ်ထင်က အလိုမကျစွာ တီးတိုးရေရွတ်ရင်း ခင့်ညိုဆိုင်မှာ ထမင်းသွားစားဖို့ ဆုံးဖြတ်ကာ ကားကို ခင့်ညိုတို့ဆိုင်ဘက်သို့ သွားရာလမ်းဆီ ကွေ့ချိုးမောင်းလာခဲ့သည်။ ကားလမ်းကြောကလည်း နေရာတိုင်းလို ပိတ်ဆို့နေတာမို့ တစ်နာရီလောက်ကြာမှ ခင့်ညိုတို့ဆိုင်ရှိရာ လမ်းသွယ်လေးထိပ်သို့ ရောက်လာသည်။

ထိုအချိန်မှာပဲ ဖုန်းသံမြည်လာပါသည်။

လဝန်းဆီက ...။

သူက ဖုန်းဖွင့်ကိုင်လိုက်သည်။

"ဟဲလို ... လဝန်းလေး ... ရောက်ပြီလား၊ အားလုံး အဆင်ပြေပြေပဲလား"

"အိုကေပါ ... ကို၊ ခုပဲ ရောက်တယ်၊ ရောက်ရောက်ချင်း ဖုန်းဆက်လိုက်တာ၊ ကို့ကို မေးစရာလေး ရှိလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ လဝန်း ..."

"ကိုနဲ့ ခင့်ညို အတူတူပြန်ကြတာလား"

"ခင့်ညိုမှာလည်း ကားပါတယ်လေ လဝန်းရဲ့၊ သူက သူ့ ဘာသာ ပြန်တာပေါ့၊ သူ့မှာ ကားမပါရင်တော့ ကိုယ် လိုက်ပို့ရမှာပေါ့ ..."

"အို ... ကိုကလည်း သူက ကားမပါလည်း ဒီလိုပဲ ကား တစ်စီးငှားပြီး သွားလာနေကျပဲဟာ"

"သူငယ်ချင်း အချင်းချင်းပဲ၊ ကားမပါရင်တော့ ပို့သင့်တယ် ထင်ရင် ပို့ရမှာပေါ့ လဝန်းရယ်၊ အဲ့ဒီလောက် ဘာလို့ ပူလောင်နေရတာလဲ၊ လဝန်း စိတ်ကို ရှင်းရှင်းထားပါတော့ ခင့်အပေါ် စိတ်ရှင်းပါတော့ကွာ၊ လဝန်း အဲ့ဒီလို လုပ်နေ တာနဲ့ပဲ သူငယ်ချင်း အချင်းချင်း ခပ်စိမ်းစိမ်းတွေ ဖြစ်ကုန် တော့မယ်"

"အင်းပါ ... အင်းပါ၊ ဒါပဲနော် ... ကို၊ လဝန်း သွားရတော့ မယ်"

"အိုခေ ... အိုခေ ... ကိုယ် လုပ်ရမယ့်အလုပ်ကို ခေါင် အေးအေးထားပြီး သေချာ အောင်မြင်အောင် လုပ်ခဲ့နော် လဝန်းလေး၊ ကျန်းမာရေးလည်း ဂရုစိုက်"

"ဟုတ် ... ကို၊ ဒါပဲနော်"





လဝန်း ဖုန်းချသွားတော့ သူလည်း သက်ပြင်းချရ သည်။

သူ ခဏငြိမ်သက်နေပြီးမှ နောက်တစ်ကြိမ် သက် ပြင်းချကာ ခင့်တို့ဆိုင်ဘက်သို့ ဦးတည်ထားသော ကားကို ဂငယ် ကွေ့ ပြန်ကွေ့လိုက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

◆ ◆ ◆

ခင့်ညိုညိုရဲ့ ဆိုင်ခွဲသစ် ဖွင့်ပွဲနေ့က လင်းရိပ်ထင် ရောက်သွားတော့ ခင့်ညိုက အပြုံးဖြင့်ဆီးကြိုသည်။

"လာ … ထင်၊ ဟိုဘက်မှာ ငါတို့ကျောင်းတုန်းက သူငယ်ချင်းတွေအတွက် သပ်သပ် တစ်ဝိုင်း စီစဉ်ထားတယ်"

သူက ခင့်ညို ခေါ်ရာသို့ လိုက်လာခဲ့သည်။ ခင့်ညိုဟာ လဝန်းနဲ့ပတ်သက်သည့် ကိစ္စတွေမှာသာ မာနပါးမှုန်းတောင် ပြတတ်ပေမယ့် သာမန်အချိန်တွေမှာတော့ အရင်လို ရင်းနှီးနွေးထွေးသည့် ပုံစံမျိုးလေးတွေ လှစ်ခနဲ လှစ်ခနဲ ပေါ်လာတတ်သည်။ ခင့်ညို ဒီလိုပုံမှန်ဖြစ်နေရင် သူစိတ်ချမ်းသာသည်။ လဝန်းလည်း ခင့်ညိုအပေါ် မနာလိုဝန်တို စိတ်မျိုး ရှိမနေရင် သူ စိတ်ချမ်းသာသည်။

"ဟိုမှာ နင့်ဘော်ဒါအရင်းကြီး ဖြိုးမင်းတော့ ရောက်နေပြီ"

"ဟော့ကောင် … ထင်ကြီး"





"ဟော့ကောင် ဖြိုး၊ မင်းလည်း ဝါးကြောကျမှ ပေါ်လာတော့တယ်နော်"

"ဟဲဟဲ … ဆိုင်ဖွင့်ပွဲနေ့ဆိုတော့ အလကား စားရမှာသေချာလို့ မရောက်ရောက်အောင် လာရတာပေါ့ကွာ …"

ဖြိုးမင်းက ခင့်ညိုကို လှမ်းကြည့်ရင်း ပြုံးစိစိ ပြောတာမို့ ခင့်ညိုက မျက်စောင်းထိုးရင်း …

"အေးပါ ဖြိုးရယ်၊ နင့်အကြောင်း ငါသိပါတယ်၊ နင်က အလကားစားရမှာ သေချာမှ ငါ့ဆိုင်ကို ခြေဦးလှည့်တတ်တဲ့ လူမျိုး၊ နင် သူ့အကြောင်းမသိသေးလို့ ထင်၊ သူက ငါ့ဆိုင်မှာ ထမင်းစားချင်ပြီဆို ဆိုင်မှာ ငါ ဘယ်အချိန်ရှိမလဲ ဖုန်းဆက်မေးပြီး ငါရှိတဲ့အချိန်မှ လာစားတာ"

"သူငယ်ချင်း အချင်းချင်း တွေ့ချင်လို့နေမှာပါ ခင့်ရာ"

"အဟင်း … ဟုတ်နေဦးမယ်၊ ငါရှိတော့ သူ ပိုက်ဆံမရှင်းရလို့လေ ထင်ရဲ့"

"ငါက နင့်ကိုတွေ့ချင်လို့ နင်ရှိတဲ့အချိန်မေးပြီး လာတာပါ ခင့်ရာ"

"အပိုတွေပါဟာ၊ ကဲ … ကဲ … အေးအေးဆေးဆေး ဖြည်းဖြည်းလေး စား၊ ပြီးရင် ဘယ်ဟင်းကို ဘာ့ကြောင့် ကြိုက်တယ်၊ ဘယ်ဟင်းကိုတော့ ဘာ့ကြောင့် မကြိုက်ဘူးဆိုတာ ဟိုမှာ ချထားတဲ့ စာအုပ်မှာရေးပြီး အကြံပြုသွားဦး"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ နင်စိစဉ်တဲ့ ဟင်းဆို အားလုံးကြိုက်"

"ဖှားမနေနဲ့၊ ထင် သူ့ဗိုက်ကိုလည်း ကြည့်ဦး၊ ငယ်ငယ် ရွယ်ရွယ်နဲ့ ဗိုက်ပူချက်က ရက်စက်တယ်၊ အစားအသောက် ဘယ်လောက် သောင်းကျန်းတယ်ဆိုတာ ဗိုက်ကြည့်သိသာ တယ်"

"နင်က ငါ့ဆို ချွတ်ပြီ"

"ဟဲ့ … စားကြနော်၊ အေးဆေး၊ ငါ ဟိုဘက်မှာ ဧည့်သည် တွေ သွားဧည့်ခံလိုက်ဦးမယ်"

ခင့်ညိုက နောက်ထပ် ရောက်လာသော ဧည့်သည် တွေဘက်သို့ သွက်သွက်လေး လျှောက်သွားသည်။ လင်းရိပ်ထင် ကတော့ ငယ်သူငယ်ချင်းတွေနဲ့ ခုလို နွေးနွေးထွေးထွေး တွေ့ဆုံ ပြောဆိုခွင့် ရတာကိုပဲ ဇမ်းသာကြည်နူးနေမိသည်။ လဝန်းပါရင် ခင့်ကလည်း ခုလို တရင်းတနှီး ပြောမှာမဟုတ်၊ သူလည်း စိတ် ကျဉ်းကျပ် နှုတ်ဆိတ်နေရမည်။

"လဝန်းကော မလာဘူးလား ထင်ကြီး"

"သူ ဘန်ကောက် သွားတယ်ကွ"

"အေး … သွားတာပဲ ကောင်းတယ်၊ သူပါရင် မင်းနဲ့ ခုလို လွတ်လွတ်လပ်လပ် ပြောလို့ဆိုလို့ရမှာ မဟုတ်ဘူး၊ သူက မျက်စိဒေါက်ထောက် ကြည့်နေမှာ …"





ဖြိုးမင်းအပြောကြောင့် သူက ပြုံးမိသည်။ ဖြိုးမင်းနဲ့ လဝန်းက ကျောင်းတုန်းကတည်းက သိပ်အဆင်ပြေလှတာ မဟုတ် ပါ။ လဝန်းကလည်း ဖြိုးမင်း ကပ်စေးနဲတာ၊ စကားများတာတွေ ကို ကြည့်မရ။ ဖြိုးမင်းကလည်း လဝန်းကို ဂဏှိဂဏောင်မဟု အမည်ပညတ်ကာ ကြည့်မရချင် …။

"ခင့်ညိုက အရင်တုန်းကနဲ့ တခြားစီပဲ၊ အရမ်း လှလာတယ် နော် ထင်ကြီး …"

ဖြိုးမင်းက ခပ်ဝေးဝေး ဝိုင်းနားမှာ ရပ်နေသည့် ခင့်ညိုကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

သူက စားပွဲပေါ်ရှိ မြေပဲဆေ့ ပန်းကန်ထဲက မြေပဲဆေ့ တွေကို ကောက်ဝါးနေရင်းက တစ်ချက်ရယ်လိုက်ရင်း …

"ငါ့မျက်စိထဲတော့ 'မဲတူမ' ဟာ 'မဲတူမ' ပါပဲကွာ၊ အရင် အတိုင်းပါပဲ"

ဟု ပြောလိုက်မိသည်။ ခင့်ညိုရဲ့ ကျောင်းတုန်းက နာမည်ပြောင်ဟာ 'မဲတူမ' …။ သူ့မျက်စိထဲမှာတော့ ခင့်ညိုကို လှတယ်လို့ တစ်ခါမှ မမြင်ခဲ့ဖူးပါ။

"မင်းက အမြင်မှ မရှိတာ …"

"ဘာရယ် …"

"ခင့်ညိုကို မလှဘူးထင်တာ မင်း အမြင်မရှိလို့ပေါ့ …"

"မလှလို့ မလှဘူး ထင်တာလေကွာ၊ မင်းလည်းမြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ၊ ခင့်ညိုက အသားလည်း မဖြူ၊ အရပ်လည်း မမြင့်၊ ရုပ်ရည်နဲ့ ခန္ဓာကိုယ်ကလည်း သာမန်ပါပဲ”

“ငါ့အမြင်မှာတော့ ခင့်ညိုက မင်း လဝန်းလဲ့ပြာထက်တောင် ဆွဲဆောင်မှု ရှိသေးတယ်၊ လဝန်းက အသားဖြူလို့ အရပ်မြင့်လို့ ဟော့ရှော့လေး သွက်သွက်လေးနေတတ်လို့ ရုပ်သန့်သန့်လေး ထွက်နေတာပဲရှိတာ၊ တကယ်တမ်းကျတော့ ဘာမှထူးထူးခြားခြား ဆွဲဆောင်မှုရှိလှတာမှ မဟုတ်တာ …၊

“ခင့်ညိုကမှ တကယ် ထူးခြားတာ၊ ညိုနေတဲ့ အသားလေးက မွတ်စင်နေတာ၊ အရပ်မမြင့်ပေမယ့် ခန္ဓာကိုယ်လေးက လုံးလုံးကျစ်ကျစ်လေး တကယ့်ကို ဆွဲဆောင်မှု ရှိတာ၊ မျက်ခုံးထူထူ မျက်ဝန်းအိမ်ကျယ်ကျယ်နဲ့ နှုတ်ခမ်းကလည်း ခပ်ကြီးကြီးလေး၊ ဆံပင်တွေကို နဖူးအပြောင် သိမ်းပြီး ထိပ်နား မကျတကျမှာ ခပ်ကျစ်ကျစ်ထုံးပြီး ဆံထိုးရှည်ရှည်ဆန်းဆန်းလေး စိုက်ထားပုံကလည်း တစ်မျိုးလေး ဆန်းနေတာ၊ တစ်ခုချင်းကြည့်ရင် မလှသလိုလိုနဲ့ အားလုံးပေါင်းကြည့်လိုက်မှ ဟယ်လီဘယ်ရီ လိုလို၊ ဂျနီဖာလိုပက် လိုလို၊ အာဖရိကန်နွယ်ဖွား အလှတစ်ပါးလေး လိုလို …”

“မင်း တော်တော့်ကို အနုစိပ် ရှုမြင်ခံစားထားတာပါလား ငဖြိုးရာ၊ ခင့်ကို မင်း ကြိုက်နေတာလား”

“အဟဲ … အေးကွ”





“တကယ် …”

“အေးပါဆိုကွာ၊ မင်းသွားမပြောနဲ့နော်၊ ငါ ခင့်ညိုကို ကြောက်တယ်ဟ …”

“ဟား … ဟား … လက်စသတ်တော့ မင်း ခင့်ညိုဆိုင်ကို သွားသွားနေတာ ထမင်းအလကား စားချင်လို့မှ မဟုတ်ဘဲ ကိုး၊ အင်း … စိတ်တော့မကောင်းပါဘူးကွာ၊ ခင့်ညိုက မင်းကို မကြိုက်မှာတော့ သေချာပါတယ်”

“အေးပါ … ငါသိပါတယ်၊ ခင့်ညိုကြိုက်တာက မင်း …”

“ဟော့ကောင် …”

လင်းရိုပ်ထင်က အလန့်တကြားဖြစ်သွားကာ ဖြိုးမင်းလက်မောင်းကို လက်သီးဖြင့် လှမ်းထိုးရင်း တားမြစ်လိုက်မိသည်။

“မင်းက ငအ၊ ငတုံး၊ အမြင်မရှိတဲ့ ကောင်၊ ခင့်ညိုက ဒီလောက်ချစ်နေတာတောင် ခင့်ညိုဘက်ကို နည်းနည်းမှ မကြည့်တဲ့ကောင်”

“ဟော့ကောင် မင်း စကားတွေ လွန်ပြီနော်၊ သူငယ်ချင်း အချင်းချင်း အိုးတိုးအမ်းတမ်းဖြစ်အောင် လုပ်မနေစမ်းနဲ့ကွာ၊ ငါတို့က ဖြူဖြူစင်စင် သူငယ်ချင်းတွေ”

“အဲ့ဒါကြောင့် မင်းကို ‘အ’တယ် ပြောတာပေါ့ ထင်ကြီးရာ၊ ခင့်ညို မျက်လုံးလေးတွေထဲမှာ မင်းကိုချစ်တဲ့ အရိပ်အငွေ့လေးတွေ အရမ်းထင်ရှားနေတာ ဘေးလူတောင် သိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ကွာ၊ မင်း လဝန်းနဲ့ လက်မထပ်ခင် တစ်ခေါက်လောက်တော့ ပြန်စဉ်းစားစေချင်တယ်ကွာ၊ ငါ တကယ်အတည်ပြောတာပါ"

"မင်း ဒါမျိုးတွေ ပြောနေတာ လဝန်းသိရင် မင်းတော့ မလွယ်ဘူး ဖြိုး ..."

"လဝန်းကလည်း ခင့်ညိုစိတ်ကို သိပြီးသားပဲကွာ"

"ကဲ ... တော်ကွာ၊ အေးဆေးနေပါရစေ"

"မင်းဘက်က အေးဆေးဆိုရင်တော့ ငါ့အတွက် မျှော်လင့်ချက် ရှိတာပေါ့ကွာ ..."

လင်းရိပ်ထင်က ဖြိုးမင်းနဲ့ စကားဆက်ပြောမနေတော့ဘဲ နောက်ထပ်ရောက်လာသည့် သူငယ်ချင်းတစ်ယောက်နှင့် စကားဆက်ပြောနေလိုက်ပါသည်။

ဖြိုးမင်းကတော့ မေ့စ်ဘုတ်သုံးသလား ဘာလားမသိ သူ့အိုင်ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်သွားသည်။

လင်းရိပ်ထင်က သူငယ်ချင်းနှင့် စကားပြောရင်းကပဲ ခပ်ဝေးဝေးက စားပွဲဝိုင်းနားမှာ ရပ်နေသည့် ခင့်ညိုကို လှမ်းလှမ်းကြည့်မိနေပါသည်။

မဲတူမပုံစံက ဒီနေ့ တော်တော်လေးတော့ ကြည့်ကောင်းနေတာ အမှန်ပင်။



ဖြူဆွတ်နေသော ချည်ထည်ပေါ်မှာ အနီနှင့်အစိမ်းရောင် ဒေါင်းရုပ်လှလှကြီး ထိုးထားသော မြန်မာ့ဝတ်စုံက ခင့်ညိုရဲ့ ညိုတိုတိုအသားပေါ်မှာ ထင်းနေသည်။ မြန်မာအင်္ကျီ လက်ပြတ်ရင်စေ့လေးပေါ်မှာ အနီရောင်ပုတီးရှည်လေး ဆွဲထားသည်။ ဆံပင်ကို နဖူးအပြောင်သိမ်းကာ ခပ်မြင့်မြင့်လေး စုထုံးပြီး ဒေါင်းရုပ်ပုံပါသည့် ဆံထိုးလှလှကြီးတစ်ခု ထိုးထားသည်။ ဖြိုးမင်း ပြောတဲ့ ထူးခြားတဲ့ ဆွဲဆောင်မှုဆိုတာက ဒီလိုမျိုး စတိုင်လ်ကို ပြောတာလား။ ကိုယ့်မျက်စိထဲတော့ ဒီငယ်သူငယ်ချင်း မဲတူမကို ဆွဲဆောင်မှုရှိသူလို့ တစ်ခါမှမထင်ခဲ့ပါ။ ခင့်ညိုရဲ့ နက်ရှိုင်းသော မျက်ဝန်းများနှင့် ဆုံရလျှင်တော့ သေချာပြန်ပြောမပြတတ်သည့် ခံစားမှုတစ်မျိုးဖြင့် ကြက်သီးစိမ့်ဖြာသလို ဖြစ်ခဲ့ရဖူးသည်။

ခင့်ညိုရဲ့ ဂရုစိုက်မှု၊ အလိုက်သိမှု၊ ရဲရင့်ဖျတ်လတ်ဦးဆောင်တတ်မှုတွေကိုတော့ သူအလွန်နှစ်သက်ခဲ့ပါသည်။ ခင့်ညိုနဲ့ သူ့ကြားမှာ သူငယ်ချင်းဆိုသည့် ခိုင်မြဲသည့် သံယောဇဉ်ကြိုးကတော့ ခုထိ အထပ်ထပ် ရစ်ဖွဲ့ထားမြဲပင်။

လဝန်းရဲ့ သဝန်တိုမှုတွေကြောင့် ခင့်ညိုနဲ့ ခပ်စိမ်းစိမ်း နေရတိုင်း သူ စိတ်မကောင်းဖြစ်ရမြဲပင်။ လဝန်းကြောင့် ခင့်ညိုက သူ့အပေါ် တင်းတင်းပြတ်ပြတ် ဆက်ဆံသည့်အခါတိုင်းလည်း သူ ကြေကွဲခံစားရပါသည်။ လဝန်းကို ချစ်သူတစ်ယောက်လို အစွမ်းကုန်ချစ်သလို ခင့်ညိုကိုလည်း သူငယ်ချင်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လို အစွမ်းကုန် ချစ်ခွင့်ရချင်ပါသည်။ ဒါဟာ မထားအပ်တဲ့ လောဘလားတော့ သူလည်းမသိပါ။

သူ့သူငယ်ချင်းတစ်ယောက်ကတော့ ပြောခဲ့ဖူးသည်။

"မိန်းမတစ်ယောက်ကို ချစ်သူအဖြစ်ရွေးချယ်လိုက်တာနဲ့ သူငယ်ချင်းအဖြစ် ရွေးချယ်ထားတဲ့ မိန်းမတွေကို စွန့်လွှတ်ဖို့ အသင့်ပြင်ထားတော့ ..."

တဲ့ ...။

အဲ့ဒီလိုတော့လည်း မဖြစ်သင့်ဘူး ထင်ပါသည်။

◆ ◆ ◆



♥ ♥ ♥

"ခဏနော်၊ ဖုန်းကိုင်လိုက်ချင်လို့ ..."

ခင့်ညိုသည် ညှော်သည်ဝိုင်း တစ်ဝိုင်းနားမှာ ရပ်၍ စကားပြောနေရင်းက အသံမြည်လာသော ဖုန်းလေးကို ငုံ့ကြည့်ရင်း ခွင့်တောင်းလိုက်မိပါသည်။

ဖုန်းနံပါတ်ကတော့ ခင့်ညိုမသိသော နံပါတ်ပင်။ ခင့်ညိုက အသံဗလံများနှင့် ခပ်ဝေးဝေး ခြံထောင့်သို့ လျှောက်လာရင်း ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို ... အမိန့်ရှိပါရှင်"

"ခင့် ... ငါပါ ... လဝန်းပါ"

"ဩော် ... လဝန်း"

"ဒီနေ့ နှင့်ဆိုင်ဖွင့်ပွဲဆိုတာ သတိရလို့ congratulation လှမ်းလုပ်တာဝါ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြား ရောက်နေတာတောင် ခုလို ငါ့ဆီ တကူးတက ဖုန်းဆက်တာ သင့်ခ်ယူပါ သူငယ်ချင်း"

ခင့်က အေးအေးဆေးဆေး ပြန်ပြောလိုက်သော် လည်း နှုတ်ခမ်းစွန်းလေး တစ်ဖက်ကတော့ တွန့်ကွေးသွားသည်။ ထင် လာမယ့်ပွဲဆိုတော့ ထင်နဲ့ ငါ စကားပြောနေလား၊ ရယ်မော နေလားလို့ နှင် နောက်ဆန်တငင်ငင်ဖြစ်ပြီး လှမ်း check တာ မဟုတ်လား လဝန်းရယ်။ နှင့်အကြောင်း ငါမသိတာမှ မဟုတ် တာလေ။

"ခင့် ... နှင် ဒီနေ့ အရမ်းလှတာပဲ သိလား၊ အဖြူခံပေါ်မှာ ဒေါင်းစိမ်းရုပ်ကြီး ထိုးထားတာ အရမ်းလှတာပဲ၊ နှင်နဲ့ အရမ်းလိုက်တယ် ..."

ခင့်က မျက်ခုံးပင့်သွားမိကာ ...

"နှင် ဘယ်လိုသိလဲ ..."

"နှင့် ဆိုင်ဖွင့်ပွဲပုံတွေကို ငြိမ်း ဓာတ်ပုံရိုက်ပြီး သူ့ ဖေ့စ်ဘုတ် မှာ တင်နေတာ တွေ့လို့လေ ..."

"သြော် ... သြော်၊ ဒါနဲ့ နှင် အဲ့ဒီမှာ အလုပ်မရှုပ်ဘူးလား၊ ဒီအချိန် ဖေ့စ်ဘုတ်ထိုင်သုံးနေဖို့ အချိန်ရတယ်လား"

"ဖေ့စ်ဘုတ်ဆိုတာ တကူးတက ထိုင်သုံးမှမဟုတ်ဘူးလေ ခင့်ရဲ့၊ ဒီလိုပဲ ပြေးရင်းလွှားရင်း အားရင်အားသလို ဝင် ကြည့်ရတာပေါ့၊ အလုပ်ကတော့ ရှုပ်သလား မမေးနဲ့





ရောက်ကတည်းက တစ်ခါမှကို မအားရတာ၊ နည်းနည်း လေး အချိန်ရတာနဲ့ မင်္ဂလာဝတ်စုံအတွက် လိုအပ်တဲ့ အဆက်စရီတွေ ပြေးဝယ်ရသေးတာ ...၊ ငါဝယ်ထားတဲ့ ကျောက်တွေ အရမ်းလှတယ် သိလား၊ ဒီကျောက်တွေသုံး ပြီး သတို့သမီးဝတ်စုံ ချုပ်လိုက်ရင် အရမ်းကို လှမှာ ...၊ ထင့် တောင်ရှည်ပုဆိုးမှာ ထိုးဖို့ ကျောက်သေးသေးလေး တွေလည်း ဒီမှာ ရှာဝယ်လို့ရတယ်၊ ဈေးကြီးပေမယ့် အရမ်း လှတယ်၊ နှင် မင်္ဂလာဆောင်ရင်လည်း မင်္ဂလာဝတ်စုံကို ငါ စပွန်ဆာပေးမယ် သိလား၊ နှင် ဆောင်ဖို့နီးနေရင် ငါ ခုကတည်းက လိုတာတွေ ကြိုဝယ်လာပေးလို့ ရတယ်"

အင်း ... မောနေပါ့မယ် လဝန်းရယ် ...။ နှင့်မှာ ထင်နဲ့ နှင် မင်္ဂလာဆောင်တော့မယ့် ကိစ္စကိုလည်း ငါမေ့နေမှာစိုး လို့ အထပ်ထပ် ပြောရ၊ ငါ့မှာ လက်ထပ်ဖို့ အစီအစဉ်ရှိမရှိလည်း အစ်ရအောက်ရနဲ့ ပင်ပန်းနေတော့မယ်၊ ဖြစ်နိုင်ရင် 'နှင့်ရည်းစား ကို လုဖို့ အစီအစဉ် လုံးဝမရှိဘူး' ဟု ဖြောင်ဖွင့်ပြောလိုက်ချင်ပေ ခယ့် လဝန်းနဲ့ ရန်မဖြစ်ချင်။ သူငယ်ချင်း သံယောဇဉ်က အခိုင် အမာ ရှိထားတာမို့ လဝန်းရဲ့ မယုံသင်္ကာမှုတွေကို စိတ်ပျက်ပေ ခယ့်လည်း မသိချင်ယောင် ဆောင်နေခဲ့ရတာ။ စကားမလွန်အောင် ထိန်းပြီး သည်းခံနေရတာပါ ...။

"နှင် စပွန်ဆာပေးရင်တော့လည်း ကောင်းတာပေါ့၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လောလောဆယ်တော့ ငါ့မှာ လက်ထပ်ဖို့ အစီအစဉ် မရှိသေးဘူး၊ အင်း … ရှင်းအောင်ပြောရရင် လက်ထပ်ချင် လောက်အောင် ချစ်ရမယ့်သူမျိုး မရှိသေးဘူး"

"ဖြိုးမင်းကတော့ နင့်ကို အရမ်းသဘောကျနေတာ၊ ဒီကောင်က ဆိုးတော့မဆိုးဘူးဟ၊ စိတ်ရင်းလေးလည်း ကောင်းတယ်၊ နင့်အပေါ် လေးလေးနက်နက် ရှိတယ်"

"နိုင်ငံခြားကနေတောင် လှမ်းပြီး အောင်သွယ်နေရတာ ဖုန်းဖိုးတွေ ကုန်နေပါဦးမယ် လဝန်းရယ်၊ ငါလည်း ညည်းသည်တွေ ညည်းခံဖို့ရှိသေးတယ်၊ ဖုန်းချလိုက်တော့မယ်၊ သြော် … တစ်ခုတော့ ပြောချင်တယ် လဝန်း၊ ငါ့ခံယူချက်က တစ်စုံတစ်ယောက်ကို မချစ်တော့ဖို့အတွက် နောက်တစ်ယောက်ကို ချစ်နိုင်အောင် ကြိုးစားဖို့ မလိုဘူးထင်တာပဲ"

"နင် … နင်က ဘယ်သူ့ကို ချစ်နေလို့လဲ …"

"နင် မသိလည်း ဖြစ်တယ်"

"ငါ သိချင်တယ်"

"ရော် … ဇွတ်ပါလား၊ ဘယ်သူမဆို လွတ်လွတ်လပ်လပ် ချစ်လို့ရတာပဲ လဝန်းရဲ့၊ ဥပမာ ငါက ကိုရီးယားမင်းသား လီဖြောင်ဟွန်းကို ချစ်နေလို့လည်း ရတယ်လေ၊ သူနဲ့မတွေ့ရလည်း ကိစ္စမရှိဘူး၊ ငါ့အချစ်ကို သူသိစရာလည်း မလိုဘူး၊ သူ့ကို ငါ လက်လည်းမထပ်ချင်ဘူး၊ ချစ်ရုံသက်သက်လေး





ချစ်နေတာမျိုး၊ တစ်ချိန်ချိန်ကျ အဲဒီစိတ်က ပျောက်ချင်လည်း ပျောက်သွားမယ်၊ ဆက်ရှိချင်လည်း ရှိမယ်၊ အဲဒီလို ချစ်လို့ရတာပဲ မဟုတ်လား"

ခင့်ညိုက လဝန်းကို ကလိလိုက်ရတာမို့ ကျိတ်ပြုံးလိုက်မိသည်။ လဝန်းက ခဏတိတ်သွားပြီးမှ …

"အဓိပ္ပာယ်မရှိတာ၊ အဲ့ဒါ လက်တွေ့မကျတဲ့ အချစ်၊ စိတ်ကူးယဉ်တဲ့ အချစ်"

"ဘာပဲဖြစ်ဖြစ်လေ ဒါ ငါ့ ကိုယ်ပိုင်အခွင့်အရေးပဲဟာ"

လဝန်းက ခဏတိတ်နေပြီးမှ အသံအက်အက်ဖြင့်

"ဒါနဲ့ ထင် ရောက်ပြီလား ခင့် …"

"ရောက်ပြီလေ …"

"ဘယ်အချိန်ရောက်လဲ၊ အင်း … ဒီလိုဟာ သူက ပွဲတစ်ခုခု သွားရင် အမြဲနောက်ကျတတ်လို့ စောစောစီးစီးမှ ရောက်ရဲ့လားလို့ပါ"

"ရောက်ပါတယ် လဝန်းရဲ့၊ စောတာမှ သူရောက်လာတော့ ဒီမှာ ခုံတွေတောင် စီတုန်း"

ခင့်က အမြင်ကတ်လာပြီမို့ တမင် ပိုပိုသာသာပြောပြီး ပြုံးစိစိလေး ဖြစ်သွားရပါသည်။ လဝန်းဘက်က ငြိမ်သွားပြန်သည်။

"နင် ထင့်ဆီကော ဆက်ပြီးပြီလား လဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"အွန်း … ဆက်တော့ဆက်တယ်၊ ဖုန်းက လိုင်းမမိဘူးဖြစ်

နေတယ်၊ ထင် အခု နှင့်အနားမှာ ရှိလား"

"အင်း … သိပ်တော့ မဝေးပါဘူး"

"ဒါဆို နှင့်ဖုန်း သူ့ဆီ သွားပေးလိုက်ပါဟာ၊ ငါ သူနဲ့

ဖုန်းပြောချင်လို့"

"အိုခေလေ … ခဏကိုင်ထား"

ဒါဟာ ထင်နဲ့လဝန်းရဲ့ သက်ဆိုင်မှုကို တမင်ဖော်ပြချင်တာ၊ အများအလယ်မှာ ရင်းနှီးသက်ဆိုင်မှုကို သိသာထင်ရှားစေချင်တာ။ လဝန်း တမင် အရစ်ရှည်နေတာကို သိပေမယ့်လည်း ခင့်ညိုက သည်းခံကာ ထင်တို့ဝိုင်းဘက်သို့ လျှောက်လာခဲ့ပါသည်။

"ထင် … လဝန်းက နှင်နဲ့ ပြောချင်လို့တဲ့"

"ဟုတ်လား၊ ငါ့ဖုန်းတော့ မဆက်ဘူး"

"ဆက်တယ်တဲ့၊ လိုင်းမမိလို့တဲ့ …"

လင်းရိပ်ထင်က ခင့်ညို ပေးသော ဖုန်းကို လှမ်းယူလိုက်ရင်း ခင့်ညိုကို အားနာသလိုလို ဖြစ်နေမိသည်။ ဒီနေရာဟာ အလွန် ဖုန်းလိုင်းမိသောနေရာမို့ လဝန်းပြောတာ မဖြစ်နိုင်မှန်း ခင့်ညိုလည်း သိမှာပင်။

"ဟဲလို … လဝန်း"

"ကို … အစောကြီး ရောက်နေတယ်ဆို"





"ဪ … အင်း … စောလား"

"ကိုယ်ရောက်တာ စောလား၊ နောက်ကျလားတောင် မသိဘူးလား"

"ဖိတ်ထားတဲ့ အချိန်ထက်တော့ နည်းနည်း စောရောက်တယ်လေ၊ သူငယ်ချင်းတွေအားလုံးလည်း လာမှာဆိုတော့ တွေ့ချင် စကားပြောချင်တာနဲ့ စောလာလိုက်တာ၊ ဖြိုးမင်းလည်း စောရောက်နေတာနဲ့ ကိုယ်တို့ စကားပြောနေကြတာ …"

"ဖြိုးင်းကတော့ စောမှာပေါ့၊ သူက ခင့်ညိုကို ကြိုက်နေတာကိုး"

"ဪ … အင်း … ဟုတ်လား"

"အဲ့ဒါ ကို မသိဘူးလား"

"အင်း … သိတော့ သိပါတယ်"

ခင့်ညိုက လင်းရိပ်ထင်နားမှာ လက်ပိုက်ရပ်ရင်း လင်းရိပ်ထင်ကို ခပ်ပြုံးပြုံး တစ်ချက်လှမ်းကြည့်လိုက်သည်။ ခင့်ညိုကြားမှာ သေချာတာမို့ လင်းရိပ်ထင်က လဝန်း ပြောနေ မေးနေတာတွေကို ဝေဝေဝါးဝါး ပြန်ဖြေရင်း ချွေးတွေတောင် ပြန်လာသည်။ လဝန်းရဲ့ ဝန်တိုမှုတွေကို သိနားလည်နေသော ခင့်ညိုဟာ နှုတ်ကသာ ဖြောင်ဖွင့်မပြောပေမယ့် လင်းရိပ်ထင်ကို ပြုံးထေ့ချင်နေတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"လဝန်း … ခင့်ကို ဖုန်းပြန်ပေးရမှာမို့လို့ ကိုယ် ဖုန်း
လိုက်တော့မယ်နော်"

"စောစောပြန်နော် … ကို"

"အိုခေ … အိုခေ၊ ဒါပဲနော်"

လဝန်းက ဖုန်းချသွားတော့မှ သူက ဖုန်းကို ခင့်ညို ထံ လှမ်းပေးလိုက်သည်။

စောစောက ပြုံးချင်သလို လုပ်နေသော ခင့်ညို မျက်နှာက ခုတော့ ခပ်စိမ်းစိမ်း။

ခင့်ညိုက ဖုန်းကို လှမ်းယူလိုက်ရင်း …

"နဖူးပေါ်က ချွေးတွေ သုတ်လိုက်ပါဦး ထင်၊ ရာသီဥတု
ဖြင့် သိပ်မပူဘဲနဲ့ …"

ဟု ခပ်တည်တည်ပြောပြီး အပေါ်နှုတ်ခမ်းလေး လှုပ်ရုံ လှစ်ခနဲ တစ်ချက်ပြုံးကာ သူ့ရှေ့မှ လှည့်ထွက်သွားခဲ့ သည်။

လင်းရိပ်ထင်က သက်ပြင်းမောကို ရှိုက်မိသည်။ တကယ်တော့လည်း သူငယ်ချင်းနဲ့ ရည်းစားကြားမှာ ဗျာများရတဲ့ အဖြစ်ဟာ အသစ်အဆန်းတော့မဟုတ်။ ဒါမျိုး အဖြစ်တွေ မကြာ မကြာ ကြုံဖူးပြီ။

ရှေ့ဆက်လည်း ကြုံရဦးမည်ဟု ထင်ခဲ့သည်။





သို့သော် …

အလွန် အင်မတန် မယုံနိုင်စရာကောင်းသော အချိုး အကွေ့တစ်ခုကို နောက် တစ်ပတ်အကြာမှာ တွေ့ကြုံခဲ့ရပါတော့ သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

လဝန်းကို ကြိုဖို့ လေဆိပ် ဆိုက်ရောက်ခန်းမထဲသို့ ဝင်လာသော လင်းရိပ်ထင်က လေယာဉ် ဆိုက်ရောက်ချိန်တွေ ဖော်ပြနေသော display board ရှေ့သို့သွားကာ အချိန်တွေကို လိုက်ဖတ်နေလိုက်ပါသည်။

"ဟင် ... အချိန်က လွဲနေပါလား"

လဝန်း လိုက်ပါလာမည်ဟု ပြောသော လေယာဉ်၏ ဆိုက်ရောက်ချိန်က ညနေ ၅ နာရီခွဲဟု ဖော်ပြနေသည်။ လဝန်း ပြောတာတော့ ညနေ ၄ နာရီခွဲတဲ့။ လဝန်း မှားပြီးပြောသလား။ ဒီပုံအတိုင်းဆို သူက လေဆိပ်ကို လေယာဉ်ဆိုက်ရောက်ချိန်ထက် တစ်နာရီ စောရောက်လာခဲ့တာပေါ့ ...။

တစ်နာရီကျော် စောင့်နေရမှာ နည်းနည်းတော့ ပျင်းရကောင်းပေမယ့် အပြင်ပြန်ထွက်ပြီး နီးနီးနားနား သွားစရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ၊ ယာဉ်ကြောကျပ်ချိန်မို့ အပြင်ပြန်ထွက်လည်း ဒီ
တစ်နာရီဟာ လမ်းပေါ်မှာပဲ အချိန်ကုန်သွားမှာ သေချာသည်။

သူက လေဆိပ်ထဲမှာပဲ စောင့်နေတော့မည်ဟု စဉ်း
စားကာ အမျှင်းပြေ ဟိုဟိုဒီဒီ လျှောက်ကြည့်ပြီး လေဆိပ်ထဲက
Airport Garden ကော်ဖီဆိုင်လေးဘက်သို့ လျှောက်လာခဲ့ပါသည်။

"ခင့် ..."

သူ့လိုပဲ ဆိုင်ဘက်သို့ လျှောက်လာသော ခင့်ညိုကို
လှမ်းတွေ့လိုက်ရတာမို့ သူက ခင့်ထံ ခပ်သွက်သွက် လျှောက်သွား
လိုက်သည်။

လဝန်းကို လိုက်ပို့တုန်းကလည်း ခင့်နဲ့ဆုံ၊ အခု
လာကြိုတော့လည်း ဆုံရပြန်ပြီလေ။

"ခင့် ညှော့သည် လာကြိုတာလား"

"ဟင် ... ထင်၊ နင်လည်း လာတယ်"

လင်းရိပ်ထင်က ခင့်ညို စကားကို နားမလည်ဘဲ ...

"ငါက လဝန်းကို လာကြိုတာလေ၊ နင်ကရော"

"ငါလည်း လဝန်းကို လာကြိုတာ ..."

"ထူးထူးဆန်းဆန်းပါလား"

"အေး ... ငါလည်း ထူးဆန်းပါတယ်လို့ ထင်နေတာ၊ သူက
ငါ့ဆီ ဖုန်းလှမ်းဆက်ပြီး ၄ နာရီခွဲအရောက် လာကြိုပေး





ရယ်၊ သူလိုက်လာမယ့် လေယာဉ်ရယ်ပြောပြီး ဖုန်းချသွား
တာ၊ ငါထင်လိုက်တာက နင် မအားလို့၊ ဒါမှမဟုတ်
သူ့အိမ်ကလူတွေလည်း မအားလို့ ငါ့ကို လာကြိုခိုင်းတယ်
ထင်တာ၊ ငါတို့ကြားမှာ ဘာတွေပဲရှိရှိ သူနဲ့ငါက သူငယ်
ချင်း အရင်းကြီးဆိုတော့ သူပြောတဲ့အတိုင်း လာရတာပေါ့
ဟာ ..."

"ငါ့ကိုလည်း ၄ နာရီခွဲအရောက် လာခိုင်းတာ၊ display
board မှာပြနေတာတော့ အဲ့ဒီလေယာဉ် ဆိုက်မယ့်အချိန်က
၅ နာရီခွဲမှ တဲ့"

"အေး ... ငါလည်း အဲ့ဒါဖတ်ပြီး အံ့သြနေတာ၊ သူ ငါတို့
နှစ်ယောက်လုံးကို အချိန်မှားပြောတာ ထူးတော့ထူးဆန်း
တယ်"

"အေး ... ငါလည်း အဲ့ဒီလိုပဲ တွေးမိတယ်၊ ကဲ ... လာဟာ
ဒီအတိုင်း ထိုင်နေရမှာ ပျင်းစရာကြီး၊ မုန့်တစ်ခုခု သွားစား
ရအောင်"

ခင့်ညိုက ထင်နှင့်အတူ ဆိုင်လေးဘက်သို့ လျှောက်
လာရင်း အတွေးတွေ ရှုပ်ထွေးနေရပါသည်။

ဘာသဘောလဲ ...။ ဒါ ဘာသဘောလဲ ...။ နှစ်
ယောက်လုံးကို လာကြိုခိုင်းတာ ဘာသဘောလဲ ...။ အချိန်မှား
တာကရော သွေးရိုးသားရိုးပဲလား ...။ ပုံမှန်အတိုင်းဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



လဝန်းလှဲပြာရဲ့ စိတ်ရင်းက လင်းရိပ်ထင်နဲ့ ခင့်ညိုညိုကို မဆုံစေချင်တာ၊ မနီးစေချင်တာ၊ ကင်းပြတ်စိမ်းဆတ်သွားစေချင်တာ မဟုတ်လား ...။ လဝန်းရဲ့ရင်ထဲမှာ ခင့်အပေါ် ဝန်တိုစိတ်ကြီးမားစွာ တည်ရှိနေတာကို ခင့် မသိဘဲနေမလား။

လဝန်း သွားခါနီး လေဆိပ်မှာ အမှတ်တမဲ့ ဆုံတုန်းကတောင် သူ့မှာ ပျာယာမခပ်ရုံတမည် စိတ်မချတွေဖြစ်ပြီး ထွက်သွားခဲ့ရတာ ...။

ခင့်ညိုရဲ့ ဆိုင်ဖွင့်ပွဲနေ့တုန်းကလည်း နှစ်ယောက်လုံးဆီကို ဖုန်းဆက်ပြီး နည်းနည်းတော့ စုံစမ်းစစ်ဆေး စပ်စုလိုက်သေးတာ ...။

ဆိုင်ဖွင့်ပွဲနေ့ပြီး တစ်ပတ်အကြာ မနက်စောစောမှာမှ ခင့်ညိုထံ ဖုန်းဆက်လာကာ ပျော့ပျောင်းချိုကြည်သော အသံကလေးဖြင့် ...

"ခင့်ရေ ... ငါ့ကို တစ်ခုလောက် ကူညီပါဟာ၊ ညနေ ၄ နာရီခွဲလောက် လေဆိပ်မှာ ငါ့ကိုလာကြိုနော်၊ လေယာဉ်က xxx၊ ဆက်ဆက်လာနော် ... ခင့်"

ဟု ပြောပြီး ဖုန်းချသွားခဲ့တာ ...။ လဝန်း ဒီလိုလုပ်တာ ထူးဆန်းတယ်လို့ ထင်ပေမယ့် မရိုးသားဘူးလို့ ယူဆပေမယ့် သူ့မှာ တကယ် ကြိုပေးမယ့်သူမရှိရင်ဟု တွေးကာ လာကြိုဖြစ်ခဲ့တာပင်။ ထင် ခရီးထွက်သွားလို့လား၊ မအားလို့လားဟု





တွေးမိတာမို့ ထင့်ဆီကိုလည်း ဖုန်းဆက် မမေးဖြစ်ခဲ့တော့ ...။ ခုတော့ နှစ်ယောက်လုံးဟာ လဝန်းကိုကြိုဖို့ တစ်နာရီစော ကြိုရောက်လာခဲ့ရသည်။

ခင့်ညိုက ကော်ဖီဆိုင်မှာ ထင်နဲ့အတူ မုန့်စားနေရင်းက မျက်မှောင်လေး တွန့်ကွေးကာ ...

"ထင် ..."

"ဟင် ..."

"ငါ ပြန်လိုက်တော့မယ်ဟာ ..."

"ဘာဖြစ်လို့လဲ ..."

"ငါက နင် မကြိုအားဘူးထင်လို့သာ လာကြိုတာ၊ နင်ရောက်ပြီဆိုရင် ငါက အပိုပဲလေ၊ ခုလို လေဆိပ်မှာ နင်နဲ့ ငါ နှစ်ယောက်တည်း တစ်နာရီလောက် အတူအချိန်ဖြုန်းနေတာကိုလည်း သူ သဘောမကျမှာ သေချာတယ်"

"နင် အဲ့ဒါတွေ လျှောက်မတွေးပါနဲ့ ခင့်ရာ၊ ပေါ့ပေါ့ပါးပါးပဲ စဉ်းစားပါ၊ လဝန်းက ကလေးဆန်ပေမယ့် စိတ်ရင်းလေးတော့ မဆိုးပါဘူး၊ နင့်ကိုလည်း ခင်ပါတယ်၊ ဟိုးအရင်ကလို တို့သူငယ်ချင်းသုံးယောက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပြန်နေချင်လို့ နင့်ကိုပါ လာကြိုခိုင်းတာ ထင်ပါတယ်"

"အဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညိုက မျက်နှာလေး မသိမသာရှုံ့မိကာ မသက်မသာ ပြုံးလိုက်ရင်း ...

"နင်က လဝန်းထက်တောင် ပိုပြီး ကလေးဆန်သေးတယ်"

"why... ?"

"လဝန်းက နင်ထင်သလောက် အလွယ်တကူ ပြောင်းလဲသွားမယ့်သူမှ မဟုတ်တာ၊ နင့်အတွေးက သိပ်စိတ်ကူးယဉ်ဆန်လွန်းတယ် ထင်၊ ငါတို့သုံးယောက်ကြားမှာ ရှိနေတဲ့ စိတ်ခံစားချက်တွေက အဲ့ဒီလောက် ရှင်းလင်းမယ် မထင်ပါဘူး ..."

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ ... ခုတော့ နင်မပြန်ပါနဲ့ဦး၊ လဝန်းရောက်လာရင် အဖြေပေါ်လာမှာပဲ၊ စောင့်ကြတာပေါ့၊ ဒါနဲ့ နင် ခုတလော စာအုပ်ဆိုင်ဘက် ရောက်ဖြစ်သေးလား"

"မရောက်ဖြစ်သေးဘူးဟ၊ ဒီရက်ပိုင်းတော့ သွားဖြစ်အောင် သွားရမယ်၊ ငါဖတ်ချင်တဲ့ စာအုပ်တွေ အများကြီးထွက်တယ်၊ နိုင်ငံရေး စာအုပ်တွေလည်း များတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်း အများကြီး ထွက်လာတယ်"

"အောင်သန်း၏ အောင်ဆန်း ဖတ်ပြီးပြီလား"

"အေး ... အဲ့ဒါတော့ ဝယ်ပြီးပြီ၊ ဖတ်လို့တော့မပြီးသေးဘူး ဦးနုရဲ့ တာတေ စနေသားတော့ မဝယ်ရသေးဘူး"





"ငါလည်း မဝယ်ရသေးဘူး၊ နင်နဲ့ ငါ တစ်ရက်လောက် ချိန်းပြီး စာအုပ်သွားဝယ်ရအောင်လေ"

အင်း ... ခက်ပေါ့ ထင်ရယ်။ နင် အဲ့ဒီလို အဖော်ခေါ်တိုင်း နင့်ခေါင်းပေါ်မှာ လဝန်းမျက်နှာကြီး ပေါ်ပေါ်လာပြီး ငါ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်နေတယ်လို့ပဲ ငါ အမြဲခံစားရတာ။ လဝန်းအကြောင်း သိရက်နဲ့ နင်က အမှတ်မရှိပါလား ...။

"မနက်ဖြန်ဆိုရင် ငါအားတယ်ဟ၊ သွားမလား"

"လဝန်းပဲ ခေါ်သွားလိုက်ပါဟာ ..."

"သူက စာအုပ်မှ သိပ်မဖတ်တာ"

"နင် ငါနဲ့သွားချင်ရင် လဝန်းဆီက ခွင့်ပြုချက် အရင်ယူလိုက်လေ၊ သူမသိအောင် သွားဖို့ စဉ်းစားရင်တော့ နီးပါ၊ ကိုယ့်ဆရာရေ ..."

"လဝန်းက အခုတောင် နင့်ကိုရော ငါ့ကိုပါ လာကြိုခိုင်းနေတာ၊ သူခွင့်ပြုမှာပါဟ"

"လာပြန်ပြီ ကလေးအတွေး၊ တော်ပါ တန်ပါ မောင်ထင်ရယ်၊ အေးအေးနေပါရစေကွယ် ..."

ခင့်ညိုအပြောကြောင့် လင်းရိပ်ထင်က ရယ်မိသည်။ ခင့်ညိုက ငယ်ငယ်လေးကတည်းက ယောကျာ်းဆန်ဆန် ဖျတ်ဖျတ်လတ်လတ် နေတတ်ပြီး အတွေးတွေ ဆုံးဖြတ်ချက်တွေက ပြတ်သားသည်။ ဒါ့ကြောင့်ပဲ ယောကျာ်းချင်း ခင်ရသလို ရင်းနှီးစည်း



www.burmeseclassic.com

www.burmeseclassic.com



လုံးနီးကပ်လေသလား မသိပါ။ နိုင်ငံအရေး၊ စီးပွားရေးတွေ စိတ် ဝင်စားတာချင်းလည်း တူညီလှကာ စာအုပ်ကြိုက်တာချင်းလည် တူပြန်တာမို့ ခင့်ညိုနဲ့တွေ့တိုင်း ပြောစရာစကားတွေ များလှသည် ပင်။

ခင့်ညိုနဲ့ လင်းရိပ်ထင်က စိတ်ဝင်စားမှု တူညီ စာအုပ်တွေအကြောင်း၊ နိုင်ငံ့အရေး၊ ကမ္ဘာ့အရေးတွေအကြော စကားကောင်းနေကြတာမို့ အချိန်ကုန်မှန်းမသိကုန်လာကာ လဝ လဲ့ပြာ ရောက်မည့်အချိန်သို့ တရွေ့ရွေ့ နီးကပ်လာခဲ့ပါသည်။

◆ ◆ ◆



♥ ♥ ♥

လဝန်းလဲ့ပြာသည် အဝေးကပင် လက်ဇော့ရမ်း၍ ပြုံးရယ်ရင်း ခင့်ညိုညိုနှင့် လင်းရိပ်ထင်တို့ကို နှုတ်ဆက်လိုက်တာ မို့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

ထင်ကတော့ ဘာမှရှုပ်ရှုပ်ထွေးထွေး ဆက်မတွေးတော့ဘဲ ကျေနပ်နေပါသည်။

"တွေ့လား ... လဝန်းက နင့်ကိုရော ငါ့ကိုပါ လာကြိုစေချင်တာ၊ သူ တကယ် စိတ်ပြောင်းသွားတာပါဟာ ..."

ခင့်ညိုကတော့ ထင့်လို မထင်။ သို့သော် ဘာမှ အတိုက်အခံ ပြောမနေတော့ဘဲ လဝန်းကိုသာ လှမ်းကြည့်နေလိုက်သည်။

လဝန်းမျက်နှာက တကယ်ပဲ ပြုံးရွှင်နေလိုက်တာ။ ကောင်တာမှာ စောင့်နေရင်းက ခင့်ဘက်ကို တစ်ချက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ပြီး ပြုံးလိုက်တဲ့ အပြုံးကလည်း ကြည်လင်တောက်ပ လှတာမို့ ခင့်ညိုတောင် ဇဝေဇဝါဖြစ်စပြုလာသည်။ 'သူ့ပြောင်းလဲ ပုံကြီးကလည်း သိသာချက်တော်' ဟု အညာသူမ လေသံဖြင့် ပြောချင်လာသည်။

ဟော ... ထွက်လာတော်မူပါပြီ။

လဝန်းက အကောက်ခွန် ကောင်တာကို ဖြတ်ကာ သွက်သွက်လေး လျှောက်ထွက်လာသည်။ ပြီးတော့ ခင့်ညိုကို အရင် နှုတ်ဆက်လိုက်ပါသည်။

"ခင့် လာကြိုပေးတာ ကျေးဇူးပဲဟာ"

"ငါက နင့်ကို လာကြိုမယ့်သူ မရှိဘူးထင်လို့ လာကြိုပေးတာ၊ ထင် လာမယ်ဆို ငါလာဖို့မှမလိုတာ၊ ပြီးတော့ လာကြိုခိုင်းတဲ့အချိန်ကလည်း တလွဲကြီး ..."

"ဆောရီးပါ ခင့်ရာ၊ အဖြစ်က ဒီလိုဟ၊ ငါက ကို့ဆီဖုန်း ခေါ်နေတာ အလွယ်တကူမရတာနဲ့ နင့်ဆီဆက်လိုက်တာ၊ နင့်ကိုလာကြိုဖို့ ပြောပြီးမှ ကို့ဆီ ထပ်ဆက်ကြည့်တော့ ဖုန်းကဝင်သွားရော၊ အဲ့ဒါနဲ့ ကို့ကိုလည်း လာကြိုဖို့ပြော မိရော၊ အလုပ်ကမအားတာနဲ့ ပျာပျာပျာပျာ ဆက်နေရ တော့ နင့်ကိုပါ လာကြိုခိုင်းထားတဲ့အကြောင်း မပြောဖြစ် တော့ဘူး၊ ပြီးတော့ ထုံးစံအတိုင်း ငါက နမော်နမဲ့နိုင်တဲ့ သူဆိုတော့ ဆိုက်ရောက်ချိန်ကို တလွဲမှတ်လိုက်မိပြီး မှား





ပြောမိတာပါဟယ်၊ နင့်ကို အလုပ်ရှုပ်မိအောင် လုပ်မိတဲ့ အတွက် ဆောရီးအထပ်ထပ်ပါနော်၊ ရော့ ... ဒါက နင့် အတွက် လေဆိပ်ဂျူတီဖရီးဆိုင်က ဝယ်လာတာ ..."

လဝန်းက လက်ကိုင်အိတ် ဇစ်လေးကို ဆွဲဖွင့်ပြီး ရေမွှေးဘူးထည့်ထားသည့် အိတ်လှလှလေးကို ထုတ်ယူကာ ခင့် ထံ လှမ်းပေးလိုက်ပါသည်။

ခင့်မှာ ယူရမလို မယူရမလို ...။ လဝန်း ပြောင်းလဲ သွားပုံကြီးက အသိသာကြီး မဟုတ်လား။ ဒါဟာ စိတ်ရင်းနဲ့လား၊ လဝန်း ခုပြောနေတဲ့ စကားတွေဟာ တကယ်ရော ဟုတ်ပါရဲ့လား ဟု သံသယအတွေးဖြင့် စိတ်တွေရှုပ်ထွေးနေပါသည်။

"ယူပါ ခင့်ရဲ့ ...၊ နင် ရေမွှေးကြိုက်တတ်မှန်းသိလို့ ငါ ဝယ်လာတာ၊ နင်ကြိုက်တတ်တဲ့ အနံ့မျိုးလေး ရအောင် သေချာရှာဝယ်လာရတာ"

"အင်း ... ကျေးဇူးပါပဲ၊ ဒါနဲ့ နင် နေတော့ကောင်းပါတယ် နော်"

ခင့်ညိုက ရေမွှေးအိတ်ကို လှမ်းယူရင်း ထွေငေါ့ သလိုလေး မေးမိသည်။

"ဟင်း ... ဟင်း ... ကောင်းပါတယ် ခင့်ရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကဲ ... ဒါဆိုလည်း ကျေးဇူး၊ ငါသွား တော့မယ်၊ ထင် ... လဝန်းကို နင်ပဲကြိုသွားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ငါသွားနှင့်တော့မယ်၊ လဝန်း ငါသွားမယ်"

"အေး ... အေး ..."

ခင့်ညိုညိုက လဝန်းတို့နှစ်ယောက်ကို နှုတ်ဆက်ထွက်လာရင်း သံသယအတွေးများကို ဆက်လက် သယ်ဆောင်လာခဲ့ပါသည်။

လဝန်းရဲ့ ပြောင်းလဲပုံက သိပ်ပြီး မှုမမှန်ပဲ ခံစားမိလေသည်။

◆ ◆ ◆



♥ ♥ ♥

လင်းရိုပ်ထင်သည် ကားမောင်းလာရင်း ဖုန်းမြည်သံကြောင့် ဖုန်းဟန်းဖရီးကို နားမှာတပ်လိုက်ရင်း..

"ဟဲလို ..."

"ကို ..."

"ပြော ... လဝန်းလေး"

"ကို ... ဒီနေ့ညနေ လဝန်းဆီ လာမှာလား"

"ခု လာနေပြီလေ၊ လဝန်းကို လာခေါ်မယ်၊ ပြီးရင် တစ်နေရာသွားပြီး ညနေစာ စားကြရအောင်"

"လဝန်း အပြင်ထွက်ဖို့ မအားတော့ဘူး ကိုရဲ့၊ ဒီညနေ အချိန်မီ ပေးရမယ့် ဝတ်စုံလေးတွေအတွက် အရမ်းအလုပ်ရှုပ်နေတာ"

"ဒါဆို ကိုယ် မလာတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကို လာလို့တော့ ရပါတယ်၊ အပြင်က စားစရာဝယ်လာ
လေ၊ ဒီရောက်မှ အတူစားတာပေါ့၊ စားရင်း စကားပြော
ရတာပေါ့"

"အင်း … ကောင်းသားပဲ၊ လဝန်း ဘာစားချင်လဲ၊ ကိုယ်
ဝယ်ခဲ့မယ်"

"လဝန်းက ခုတလော မြန်မာစာပဲ စားချင်နေတာ၊ ထုံး
အတိုင်း ခင့်ဆိုင်က မြန်မာဟင်းရယ်၊ မြန်မာမုန့်လေးတွေ
ရယ်ပဲ ဝင်ဝယ်ခဲ့လေ … ကို"

"ဪ … ခင့်ဆိုင်ဆို တော်တော်ဝေးဝေး ပြန်သွားရဦးမှာ
ဒီနားမှာလည်း မြန်မာထမင်းဆိုင် တစ်ဆိုင်တော့ ရှိတယ်"

"ဝေးလည်း သွားလိုက်ပါ ကိုရယ်၊ လဝန်းက ခုတလော
ခင့်ဆိုင်က လက်ရာကိုပဲ ခံတွင်းတွေ့နေလို့ပေါ့၊ ငါးပုဇွန်
ဟင်းရယ်၊ ငါးနုသန်းရယ်၊ ဘဲအချိုပေါင်းရယ် ဝယ်ခဲ့နော်
တခြား ကို စားချင်တာရှိရင်လည်း ဝယ်လာခဲ့၊ မြန်မာမုန့်က
ကျောက်ကျောအမျိုးစုံစုံနဲ့ အာလူးနှပ်မကင်း ဝယ်ခဲ့ပေး
နော်"

"အိုခေ … အိုခေ … ဝယ်ခဲ့မယ်၊ ကားလမ်းတွေ ပိတ်နေ
တဲ့အချိန်ဆိုတော့ နည်းနည်းတော့ ကြာမယ်နော် လဝန်း"

"ရတယ် … ရတယ်၊ လဝန်းလည်း ဗိုက်မဆာသေးပါဘူး
စောစောကမှ ဒီက ကောင်မလေးတွေ သုပ်ပေးတဲ့ သဘော်





သီးသုပ်တွေ စားထားတာ ဗိုက်တောင်ပြည့်နေတယ်၊ ကို
အေးအေးဆေးဆေးမှ လာလို့ရတယ်"

လဝန်းနဲ့ ဖုန်းပြောပြီးတာနှင့် လင်းရိပ်ထင်က ကား
ကို ပြန်ကွေ့ကာ ခင့်ညိုတို့ဆိုင်ရှိရာ လမ်းဘက်သို့ ဦးတည်၍
မောင်းလာခဲ့ပါသည်။

ထိုင်းက ပြန်ရောက်ပြီးကတည်းက လဝန်းဟာ
ခင့်ညိုအပေါ် သဘောထား ကြည်လင်ခင်မင်ယှတာမို့ သူ တစ်မျိုး
စိတ်ချမ်းသာရသည်။

ပြန်ရောက်ရောက်ချင်း နေ့မှာ 'ဟိုမှာ ထိုင်းစာချည်း
စားခဲ့ရတာ မြန်မာစာကောင်းကောင်း စားချင်တယ် ကိုရယ်၊
ခင့်တို့ဆိုင်ကို သွားစားကြရအောင်'ဟု ဆိုတာမို့ ခင့်ညိုကို ဖုန်း
ဆက်ချိန်းကာ ညနေစာ သွားစားဖြစ်ခဲ့သည်။

အဲ့ဒီနေ့က လဝန်းက သွက်လက်နေသလောက်
ခင့်ညိုမျက်နှာက မအီမသာ မယုံသင်္ကာရှိလှသည်။ တစ်ခုခုကို
တွေးဆသလိုလိုနှင့် လဝန်းမျက်နှာကို အကဲတခတ်ခတ်၊ မသိမသာ
မျက်မှောင်လေးကျုံ့ကာ စိတ်ရှုပ်ထွေးဟန်လည်း ရှိသည်။

လဝန်းဟာ ဘန်ကောက်ကပြန်ရောက်လာကတည်း
က ခင့်ညိုကို အရမ်းကြီး ရင်းနှီးလုံးထွေးပတ်သက်ဖို့ ကြိုးစားနေတဲ့
အပြင် လင်းရိပ်ထင်နဲ့ ခင့်ညိုညိုရဲ့ ရင်းနှီးခင်မင်မှုကိုလည်း မပိတ်
ပင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုမျိုး သူ့ကို ခင်ညိုဆိုင်ကို ဝင်ပြီး မြန်မာဟင်း ဝယ်လာခဲ့ခိုင်းတာလည်း ဘယ်နှစ်ခါမှန်းပင် မသိတော့။ တော်ကြာ 'မြန်မာမုန့်လေး ဝင်ဝယ်ခဲ့ပါဦး'၊ 'ထမင်းစားမကောင်းလို့ ဟင်း ဝင်ဝယ်ခဲ့နော်'၊ 'ခင့်ဆိုင်က ငါးပိထောင်းက လဝန်းတို့ ငယ်ငယ် က စားခဲ့ရတဲ့ ခင့်လက်ရာ အညာငါးပိထောင်း အရသာအတိုင်းပဲ သိလား' ဟုဆိုကာ ငါးပိထောင်းချည်း ဝင်ဝယ်ခဲ့ခိုင်းတာလည်း မကြာခဏပါ။

သူတစ်ယောက်တည်း ခင့်ဆိုင်ကို ရောက်ရောက် သွားရတဲ့အခါ ခင်ညိုနဲ့တွေ့တဲ့အခါလည်း တွေ့၊ တစ်ခါတလေ ခင်ညိုအပြင်သွားနေရင်တော့ မတွေ့၊ ခင်ညိုနဲ့ တွေ့ဖြစ်တဲ့အခါ စကားစမြည်ပြောဆို မုန့်လေးဘာလေး စားပြီးမှ လဝန်းဆီသွား ဖြစ်ခဲ့ပါသည်။ ခင်ညိုနဲ့တွေ့လို့ ကြာနေတာဟု ပြောလျှင်လည်း လဝန်းလဲ့ပြာတို့က အပြုံးမပျက် သဘောထား ကြီးလေသည်။

လဝန်း ပြောင်းလဲပုံက ဘယ်လောက်ထူးဆန်းတယ် ပဲဆိုဆို ပုံမမှန်ဘူးပဲပြောပြော ဒီလိုလေးနေခွင့်ရတာကိုတော့ သူက ပျော်ရွှင်ကျေနပ်ရသည်ပင်။ အရင်လို ချစ်သူနဲ့ သူငယ်ချင်းကြား ဘယ်လိုနေလို့နေရမှန်းမသိ စိတ်ကျဉ်းကြပ်နေရတာနဲ့စာရင် ဒီ အခြေအနေက ဘယ်လောက်တောင် ကောင်းထားသလဲ ...။

စဉ်းစားရင်း ကားမောင်းလာသော လင်းရိပ်ထင်က လဝန်းတို့ဆိုင်နှင့်နီးလာပြီမို့ ကားကို အရှိန်လျှော့ကာ ကားပါကင် ရှာလိုက်ပါသည်။

ညနေ ထမင်းစားချိန်နီးပြီမို့ ကားပါကင်မှာ ကား တွေ အပြည့်ပင်။ ကံကောင်းလို့ တစ်နေရာစာရတာမို့ သူက ပါကင်ဝင်ထိုးလိုက်ပြီး ခင်ညိုတို့ဆိုင်ဘက်သို့ လျှောက်လာခဲ့သည်။

ဆိုင်ထဲ တစ်နေရာမှာရပ်နေသော ခင်ညိုကို သူ လှမ်းမြင်ရသည်။

ခင်ညိုက ချည်သား အဖြူရောင် အင်္ကျီပွလေးနှင့် ချုပ်ခုပ်ထည်လိုမျိုး ချည်သားပတ်လုံချည်လေးကို ပေါ့ပေါ့ပါးပါး ဝတ်ထားသည်။ အမြဲထုံးထားနေကျ ဆံပင်လေးတွေကို ဖြန့်ချထား ကာ ပါးပြင်မှာ ပါးကွက်စင်းကျားကလေးနှင့် ...။ ဆိုင်ရှင်ရယ် လို့ ကိန်းခန်းကြီးမနေဘဲ ဧည့်သည်တချို့ကို ရယ်မောစကားပြော ရင်း ကူညီစားပွဲထိုးနေတာကို တွေ့ရပါသည်။

သူ ဆိုင်ထဲဝင်လာတော့ သူ့ကိုသိနေသော စားပွဲ ထိုး ကောင်လေးက ခင်ညိုကို သွားပြောတာမို့ ခင်ညိုက သူ့ဘက် သို့ မျက်ခုံးလေးပင့်ပင့်နှင့် လှမ်းကြည့်လိုက်ပါသည်။

သူက အေးဆေးဟူသော သဘောမျိုး လက်ကာပြ လိုက်ပြီး အနားက စားပွဲထိုးလေးကို ဟင်းပွဲပါဆယ် မှာနေလိုက် သည်။







www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ခင်ညိုက သူ့ဆီလျှောက်လာကာ သူထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်လိုက်ရင်း ...

"ထင် ... ဟင်းပွဲပါဆယ်လား"

"အေး ..."

"လဝန်း မှာတာလား"

"အေး၊ သူ ခုတလော နှင့်ဆိုင်က ဟင်းကို အရမ်းခံတွင်းတွေ့နေတာ ..."

"အဟင်း ..."

ခင်ညိုက အသံထွက်အောင် ပြုံးလိုက်ပါသည်။

"ဘာပြုံးနေတာလဲ ..."

"အရမ်းထူးဆန်းနေလို့ပါ ထင်ရယ်၊ ငါသိတာတော့ လဝန်းက တရုတ်စာကို ပိုကြိုက်တာပါ၊ ငါ့ဆိုင်ကလည်း ဟင်းမှာစားလေ့ မရှိပါဘူး၊ ခု ငါ မှတ်မိသလောက် ပြောရရင် သူ ဘန်ကောက်က ပြန်လာတဲ့ နှစ်လအကောအတွင်းမှာ နှင့်ကို ငါ့ဆိုင်ကနေ ဟင်းဝင်ဝယ်ဖို့မှာတာ ဆယ်ခါထက် မနည်းတော့ဘူး၊ နှင့်နဲ့အတူ ဆိုင်မှာလာစားတာလည်း သုံးခါလောက်ရှိပြီ၊ ဘယ်တုန်းကမှ ငါ့ဆိုင်ကို ဒီလောက် အသွားအလာ မစိပ်ဖူးပါဘူး"

"သူငယ်ချင်းအချင်းချင်း ခုလိုလေး တရင်းတနှီး ပြန်ဖြ





လာတာ ကောင်းတာပေါ့ ခင့်ရယ်၊ ဒါကို ထူးဆန်းတယ် လို့ချည်း တွေးမနေဘဲ ပျော်ပျော်ရွှင်ရွှင် လက်ခံလိုက်ရင် ပြီးတာပဲ မဟုတ်လား"

လဝန်းရဲ့ ပြောင်းလဲမှုကို ထင်ကတော့ သံသယရှင်းရှာ လက်ခံလာခဲ့သည်။ ခင်ညိုကတော့ 'ထူးဆန်းတယ်'ဆိုတဲ့ အတွေးကို ထင်က ဖျောက်ပါပြောလည်း မဖျောက်နိုင်သေးပါ။

ပိုပြီး ထူးဆန်းတာက လဝန်းဟာ ထင့်ကို ဟင်းမှာ ခင်မှာ ခင့်ဆီ အမြဲ ဖုန်းဆက်ပြီး ခင့်ညို ဘယ်မှာရှိနေသလဲဆိုတာ သေိမသာလေး မေးတတ်ခြင်းပင် ...။

ဒီနေ့လည်း ထင်ရောက်မလာခင် တစ်နာရီလောက်က လဝန်းက ခင့်ညိုဆီ ဖုန်းဆက်၍ အလွှာပသလွှာပ စကားမျိုး ပြောရင်း ခင့်ညို ဘယ်မှာရှိနေလဲဟု မေးခဲ့သည်ပင်။ ခင့်ညို ဆိုင်မှာရှိနေကြောင်း လဝန်းသိပြီး မကြာခင်မှာပဲ ထင်က ရောက်လာခဲ့သည်။

ဒါဆို ...

ထင့်ကို ခင်ညိုနဲ့ ဆုံစေချင်လို့ ဟင်းဝင်ဝယ်ခိုင်းခိုင်းလိုက်တာလား ...။

ဟိုအရင်တုန်းကတော့ ထင့်ကို ခင့်ညိုနဲ့ တမင်မဆုံစေချင်ခဲ့သူဟာလည်း လဝန်းလဲ့ပြာပဲလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ဘယ်လို ပြောင်းလဲသွားရတာတုန်း။

လဝန်းဘက်က မှုမမှန်တာလေးတွေကို သတိထား

မိသော်လည်း ထင့်ကို အသေးစိတ်တော့ ပြောပြမနေချင်တော့ပါ။

"ထင် ... ဟင်းပွဲစောင့်ရင်း တစ်ခုခုသောက်ပါလား၊ အအေး

ဖြစ်ဖြစ် ..."

"သောက်မယ်လေ ..."

"ကျွဲကောသီး ဖျော်ရည် သောက်မလား၊ ငါ မနေ့က

ကျိုက်ထိုဘက် ခဏသွားရင်း ကျွဲကောခြံထဲဝင်ပြီး သေချာ

ရွေးဝယ်လာခဲ့တာ၊ အသီးက အရမ်းလတ်ဆတ်တယ်၊ မျ

များလည်း မပါဘူး၊ နိုင်သလောက် သယ်ခဲ့တာ"

"ကောင်းတာပေါ့၊ ငါ့အကြိုက်ပဲ၊ သောက်မယ်လေ"

"နင် လဝန်းဆီသွားရင် နှစ်လုံးလောက် ထည့်ပေးလိုက်

မယ်၊ နင်တို့ ထမင်းစားပြီးရင် အချိုတည်းလို့ရတာပေါ့

လဝန်းလည်း ကျွဲကောသီး ကြိုက်တာပဲ"

ခင့်ညိုက ဝိတ်တာလေးကို လှမ်းခေါ်ကာ ဖျော်ရည်

လည်းမှာ၊ ကျွဲကောသီး နှစ်လုံးကို အိတ်နှင့် ထည့်ယူလာ

မှာနေဆဲ လင်းရိပ်ထင်ထံသို့ လဝန်းဆီမှ ဖုန်းဝင်လာပါသည်

"ကိုရေ ... လဝန်းတော့ ကို့ကို အားနာနာနဲ့ပဲ ကတိဖျက်

ရတော့မယ်၊ (...)အထိမ်းအမှတ် ရှိုးပွဲအတွက် ဆွေးနွေ





ရမှာလေးတွေရှိလို့ တာဝန်ရှိတဲ့ လူကြီးကတော်တစ်ယောက်

အိမ်ကို ခုပဲသွားရမှာ ..."

"သွားစရာရှိတာ သွားလေ လဝန်း၊ ပြန်လာမှ စားတာပေါ့၊

ကိုယ်လည်း မဆာသေးပါဘူး၊ ပြန်ရောက်ရင် ဖုန်းဆက်

လိုက်လေ၊ ဟင်းတွေက အေးသွားလည်း မိုက်ကရိုဝေ့ဖ်ထဲ

ထည့်ပြီး ပြန်နွှေးစားလို့ရတာပဲ"

"ဆောရီး ကိုရယ် ... ဒီညစာတော့ ကိုနဲ့အတူ စားနိုင်မှာ

မဟုတ်တော့ဘူး၊ လဝန်းက အပြန် ညဉ့်နက်မှာ၊ ဟိုကပြီး

ရင်လည်း ဆိုင်ပြန်မလာဘဲ အိမ်တန်းပြန်မှာ၊ ဒါနဲ့ ကို

အခု ဟင်းပွဲစောင့်နေတာလား"

"ဟုတ်တယ်လေ ..."

"အင်း ... ဒါဆို ဒီလိုလုပ်ပါလား ကို၊ ရောက်လက်စနဲ့

ကို အဲ့ဒီမှာပဲ ထမင်းစားလိုက်ပါလား၊ ခင့်ညိုရော ရှိလား"

"ရှိတယ် ..."

"ဒါဆို အတော်ပဲပေါ့၊ ခင့်ညိုနဲ့ အတူစားလိုက်လေ၊ ကဲ ...

လဝန်းလည်း သွားရတော့မှာမို့လို့ ဖုန်းချလိုက်တော့မယ်

ကို ..."

လဝန်း ဖုန်းချသွားတော့ ခင့်ညိုက ...

"ဘာတဲ့လဲ ထင် ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ အရေးတကြီး သွားစရာရှိလို့ မလာနဲ့တော့တဲ့၊ ဒီမှာပဲ စားလာခဲ့တော့တဲ့ ..."

အင်း ... အဲ့ဒါမျိုးတွေပေါ့။ လဝန်းဟာ ထင့်ကို ခင့်ညိုနဲ့ နီးစပ်အောင် တမင်လုပ်နေသလားဟု ခင့်ညိုက သံသယ ဝင်သထက် ဝင်လာပါသည်။ သို့သော် ထင့်ကို ဒါတွေပြောနေလည်း ဘာမှမထူးတာမို့ စိတ်ကို ပေါ့ပေါ့ပါးပါး ထားလိုက်ရင်း

"ဒါဆိုလည်း စားသွားလိုက်လေ ထင်"

"နင်ရော စားပြီးပြီလား"

"မပြီးသေးဘူး ..."

"ဒါဆို အတူစားမယ်လေဟာ"

"ဖြစ်လို့လား ..."

"ဖြစ်ပါတယ်ဟ၊ လဝန်း ခုပဲပြောသွားတာ နင်နဲ့အတူ စားလိုက်တော့တဲ့၊ လဝန်းက အရင်လို မဟုတ်တော့ပါဘူး ဟာ၊ တကယ်လို့ သူခွင့်မပြုတောင် ငါက နင်နဲ့အတူစား မှာပါ၊ သူငယ်ချင်းချင်း ထမင်းအတူစားတာများ ဘာဝန် လေးစရာ ရှိလဲ၊ ကဲ ... ကဲ ... ဟင်းမှာမယ် ... ဟင်းမှာ မယ်"

လင်းရိပ်ထင်က စားပွဲထိုးလေးကို လက်ပြ၍ လှမ်း ခေါ်လိုက်ပြီး ...

"ငါကြင်းပေါင်း တစ်ပွဲ၊ ပြီးတော့ ငါးသလဲထိုးကြော်





ငါးကျည်းခြောက်စပ်၊ ပဲနှပ်၊ ကြက်အချိုပေါင်း၊ ရှောက်သီး သုပ်၊ ပြီးတော့ ... ဆိတ်သားနှပ်"

"ဟဲ့ ... အလကားရတိုင်း နင်းကန်မှာမနေနဲ့၊ နင် တစ် ယောက်တည်း အဲ့ဒီလောက် အများကြီး ကုန်အောင်စားနိုင် လို့လား"

"စားနိုင်တာပေါ့၊ နင့်ဟင်း တစ်ပွဲစာက နည်းနည်းလေး ကို ..."

"အမယ် ... မနည်းပါဘူးနော်၊ ကျော်လတ် ခုန သူပါဆယ် မှာထားတဲ့ ဟင်းတွေ ထားလိုက်တော့နော်၊ ငါးမွေထိုး ကုလားဟင်း တစ်ပွဲနဲ့ ငါးရံ့ဒန့်ဒလွန် တစ်ပွဲပါ ထပ်ချ"

ခင့်ညိုက စားပွဲထိုးလေးကို ပြောလိုက်တာမို့ လင်းရိပ် ထင်က ...

"နင် ... ခုထိ ငါကြိုက်တဲ့ ဟင်းတွေ မမေ့သေးဘူးကိုး"

"အံမယ် ... နင့်ဖို့မှာတာ မဟုတ်ပါဘူး၊ ငါစားဖို့မှာတာ"

"အဲ့ဒါ ငါကြိုက်တဲ့ ဟင်းတွေလေ"

"နင်ကြိုက်သလို ငါလည်း ကြိုက်တာပဲလေ"

"အေးပါ ... အေးပါ၊ ငါတို့နှစ်ယောက်က ငါးကြိုက်တဲ့ နေရာမှာတော့ ပြိုင်စံရှားပဲ၊ နင့်ဟင်းလာရင် ငါလည်း နည်းနည်း ကပ်စားမယ်နော်"

"လောဘကြီးလိုက်တာဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ဟင်းပွဲတွေ ရောက်လာသည်။ ထို့နောက် နှစ်ယောက်အတူစားသောက်ရင်း သူ့အလုပ်အကြောင်း၊ ကိုယ့်အလုပ်အကြောင်း၊ ဟိုအရင်ကအကြောင်း၊ သူငယ်ချင်းတွေအကြောင်း ပြောဖြစ်ခဲ့ကြပြန်ပါသည်။

◆ ◆ ◆



♥ ♥ ♥

ခင့်ညိုသည် အင်းဝစာအုပ်တိုက်ထဲမှာ ဖတ်ချင်တဲ့စာအုပ်တွေ ရွေးနေရင်းက ထင့်ကို လှမ်းကြည့်မိပါသည်။

ထင်က စာအုပ်စင်တစ်ခုရှေ့မှာ ခင့်ညိုဘက်ကို ကျောခိုင်းအနေအထားဖြင့် ရပ်နေရင်းက စာအုပ်တွေ လှန်လျှောတော်ရှ ရွေးချယ်နေပါသည်။

ဒီလိုအနေအထားမျိုးကို မရခဲ့တာ ဘယ်လောက်ကြာမြင့်ခဲ့ပါလိမ့်။ အတိအကျပြောရရင်တော့ ထင်နဲ့ လဝန်းတို့ ချစ်သူတွေ ဖြစ်ခဲ့ကြချိန်ကတည်းကပေါ့။

ထင်နဲ့ လဝန်းတို့ ချစ်သူမဖြစ်ခင်တုန်းကတော့ ခင့်နဲ့ ထင်ဟာ စာဖတ်ဝါသနာပါသူများမို့ ဒီလိုစာအုပ်ဆိုင်တွေကို မကြာခဏ ရောက်ဖြစ်ခဲ့ကြတာ။ ပန်းဆိုးတန်း လမ်းဘေးအရောင်းဆိုင်လေးတွေ၊ လှည်းတန်းနားက လမ်းဘေးဆိုင်လေးတွေမှာ စာအုပ်ဟောင်းတွေကို အတူမွှေနှောက်ခဲ့ကြဖူးတာ ...။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းကတော့ လမ်းများများလျှောက်ရမည့် လှ
ရှုပ် နေရာတွေဆို မလိုက်ချင်၊ စာအုပ်တွေကိုလည်း စိတ်ဝင်စာ
မရှိတာမို့ ခင့်တို့နောက်ကို မလိုက်ခဲ့ ...။ ခင့်တို့ နှစ်ယော
တည်း သွားဖို့ အခွင့်အရေးဆိုတာ စာအုပ်ဝယ်ထွက်မှ ရလာ
အခွင့်အရေးပင် ...။

အဲ့ဒီတုန်းက အချိန်လေးတွေကို ပြန်သတိရတို
ကြည်နူးမိတုန်းပါ။ ထင်တို့နှစ်ယောက် ချစ်သူဖြစ်ခဲ့ကြပြီးနော
မှာတော့ လဝန်းက ထင့်ကို အစစအရာရာ ပိတ်ပင်ချုပ်ချယ်လ
တာမို့ ထင်ဟာ လဝန်းတားမြစ်သမျှ အရာရာတိုင်းကို ခေါင်းညိ
လိုက်လျောရင်း ခင်နဲ့လည်း ခပ်စိမ်းစိမ်း ဖြစ်ခဲ့ကြတာ။

ခုတော့ ... လဝန်းက ထင်နဲ့ ခင့်တို့ကို စာအုပ်အ
သွားဝယ်ကြဖို့ တိုက်တွန်း၏။ သူ့အတွက် ဖက်ရှင်မဂ္ဂဇင်းတ
ဝယ်လာဖို့လည်း မှာ၏။

"ဒီက ဘယ်သူတွေ ဘာတွေချုပ်နေကြတယ်၊ ဘာ
ခေတ်စားနေတယ်ဆိုတာ သိအောင် မဂ္ဂဇင်းတော့ မှန်
ဖတ်မှဖြစ်မှာ ကိုရဲ့၊ လဝန်း ဖတ်သင့်တဲ့ စာအုပ်တွေ
ရင်လည်း ဝယ်လာခဲ့ဦး၊ ခင့်နဲ့အတူသွားလေ၊ ခင့်က စာ
အရှာကျွမ်းတယ်၊ ခင့်ရေ ... ပလိစ် ... နင့်ဖို့ စာအုပ်
ရင်း ငါ့ဖို့ လိုအပ်မယ်ထင်တဲ့ စာအုပ်လေးတွေလည်း
ဝယ်ခဲ့ပေးနော်"





လဝန်းက ထင်နဲ့ ခင့်ကို အဲ့ဒီလို မျက်နှာစုံညီပြော
စာအုပ်အတူသွားဝယ်ခွင့် ပေးခဲ့တာပင်။

လဝန်း ပြောင်းလဲသွားပုံက မယုံစရာကောင်းပေမယ့်
ည်း ဒီလို ပြေလည်အေးချမ်းသည့် အခြေအနေကိုတော့ ခင့်
ည်းကြိုက်ခဲ့ပါသည်။ နှစ်သက်စ ပြုခဲ့ပါပြီ။

"ဟဲ့ ... ခင့်ညို ..."

"ဟယ် ... ကေသွယ်"

ရုတ်တရက် ခင့်ညိုပခုံးကို ခပ်ဆတ်ဆတ်လေး
ပုတ်ခံလိုက်ရတာမို့ ခင့်ညို လှည့်ကြည့်မိတော့ နှစ်အတော်ကြာ
ကွာနေသော သူငယ်ချင်း ကေသွယ့်ကို တွေ့လိုက်ရပါသည်။

"ကေသွယ် ... နင့်ကို ငါတို့သူငယ်ချင်းအသိုင်းအဝိုင်းကြား
မှာ မတွေ့တာ ကြာလှပြီ၊ နင် ဘယ်ရောက်နေလဲ"

"ငါ စင်ကာပူမှာ အလုပ်သွားလုပ်နေတာ သုံးနှစ်ရှိပြီဟ၊
အခု ခဏပြန်လာတာ၊ နင့်အကြောင်းတော့ ကြားပါတယ်၊
နင့်ဆိုင်က အရမ်းအောင်မြင်နေတယ်တဲ့"

"ကြိုးစားနေရတုန်းပါဟာ ..."

"ငါတို့မတွေ့ရတာ တော်တော်ကြာပြီနော်၊ လာဟာ ...
ဒီနားက တစ်ဆိုင်ဆိုင်မှာ သွားထိုင်ပြီး အေးအေးဆေးဆေး
စကားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ယောက်တည်း မဟုတ်ဘူးဟ၊ ဟိုမှာ ထင်လည်း ပါတယ်"

"ဟုတ်လား၊ ဟင်း … ဟင်း … ထင်တော့ထင်သားမဲ၊ တစ်နေ့ကျ နင်နဲ့ ထင်ပဲ ချစ်သူတွေဖြစ်သွားကြမယ်ဆိုတာ၊ နင်တို့နှစ်ယောက်က အရမ်းလိုက်ဖက်ညီတာ၊ နင့်လောက် လင်းရိပ်ထင်အပေါ် အလိုက်သိတာ၊ နားလည်မှုရှိတာမျိုး ရှိမှမရှိတာ၊ လဝန်းကကျတော့ လင်းရိပ်ထင်ကို ခိုင်းစားဖို့လောက်ပဲ စိတ်ဝင်စားတဲ့သူမျိုး"

"ဟဲ့ … ကေသွယ် …"

အဆက်မပြတ်တွေ ပြောနေသော ကေသွယ့်ကို ခင့်ညိုက ကမန်းကတန်း တားမြစ်ရပါသည်။

"နင် ထင်တာတွေ လျှောက်ပြောမနေနဲ့ဟဲ့၊ လဝန်းနဲ့ ထင်က ချစ်သူဖြစ်တာ ကြာလှပြီ၊ ငါနဲ့ ထင်က ခုထိ သူငယ်ချင်းတွေပဲ၊ လဝန်းလိုချင်တဲ့ စာအုပ်တွေကော ငါတို့လိုချင်တဲ့ စာအုပ်တွေပါ ရှာဖို့ အတူတူလာကြတာ၊ ဟိုမှာ ထင်တောင် နင့်ကိုမြင်လို့ လာနေပြီ …"

ခင့်ညိုက ကေသွယ့်နောက်ဘက်က ထင့်ဆီကို မေးဆတ်ပြလိုက်ရင်း ခပ်မြန်မြန်ပြောရသည်။ နောက်မို့ဆို ဘယ်လို စကားတွေ ဆက်ထွက်လာမှန်းမသိ။





ကေသွယ်က ထင့်ဘက်ကို ဆတ်ခနဲ လှည့်ကြည့်ရင်း …

"ဟဲ့ … ငထင်ရယ်၊ နင့်နှယ် … စိတ်ကူးလွဲလိုက်တာဟယ်၊ ဘယ့်နှယ်ကြောင့် လဝန်းကို သွားကြိုက်ရတာတုန်းဟဲ့၊ တကယ်ဆို ခင့်ညိုကမှ …"

"ကေသွယ် …"

"အမေ့ …"

ခင့်ညိုက ကေသွယ့်လက်ဖျံကို လှမ်းဆွဲဆိတ်လိုက်တော့မှ ကေသွယ်က ပါးစပ်ပိတ်သွားပါသည်။

လင်းရိပ်ထင်ကတော့ ကေသွယ့်စကားတွေအတွက် ခင့်ညိုကိုပဲ အားနာနေမိပါတယ်။

ကျောင်းသားဘဝတစ်လျှောက်လုံးမှာ သူငယ်ချင်းတွေ အားလုံးက ခင့်ညိုနဲ့ သူ့ကို ထင်ကြေးပေးခဲ့၊ စ,နောက်ခဲ့ကြသည်။ သူတို့ထင်မယ်ဆိုလည်း ထင်စရာ။ သူက ခင့်ညိုနဲ့ ပိုပြီး ဘရင်းတနီး နေဖြစ်ခဲ့သည်။ ချစ်သူအဖြစ် လဝန်းကို ရွေးချယ်လိုက်ချိန်မှာ အားလုံးက ခင့်ညိုကို သနားခဲ့ကြသည်။ ခင့်ညိုကို 'ကျန်ရစ်'သူလေးဟု ထင်ခဲ့ကြသည်။

အကြောင်းမသိသည့် သူငယ်ချင်း တချို့ကတော့ ခုလို လမ်းမှာတွေ့တဲ့အခါတိုင်း ခင့်ညိုနဲ့ သူနဲ့ လက်ထပ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လားဟုပင် မေးကြမြန်းကြသည်။ အဲ့ဒီလို အမေးခံရတိုင်း သူက ခင့်ညိုကို အားနာရမြဲပင်။

"လာဟာ … တိုက်ကြီးဒိုးနပ်ကို သွားရအောင်၊ မုန့်လေး ဘာလေးစားရင်း စကားပြောကြတာပေါ့"

ကေသွယ် ခေါ်တာမို့ သုံးယောက်အတူ တိုက်ကြီးဒိုးနပ်မှာ ထိုင်ကာ မုန့်စားရင်း စကားပြောဖြစ်ကြသည်။

သူငယ်ချင်းတွေဆုံပြီး ကျောင်းတုန်းကအကြောင်းတွေ ပြန်ပြောရတာလည်း ပျော်စရာတော့ အကောင်းသားပင်။

ကေသွယ် ပြန်သွားတော့ သူက ခင့်ညိုကို ခပ်တိုးတိုး တောင်းပန်မိသည်။

"ခင့် … ဆောရီးပဲဟာ"

"ဘာအတွက်လဲ ထင်"

"အရာရာတိုင်းအတွက် …"

"အရာရာ … ဘာအရာရာလဲ"

"အင်း … ငါ သိပ်တော့ အသေးစိတ် မပြောတတ်ဘူး။ အရာရာတိုင်းအတွက်လို့ပဲ မှတ်ထားပေးဟာ …"

◆ ◆ ◆



♥ ♥ ♥

ကောင်းကင်တွင် အမှောင်ထုကြီး သိပ်သည်းမနေတော့ဘဲ ဝိုးတဝါး လင်းစ ပြုလာသောအချိန် ဖြစ်သည်။

သို့သော် … မိုးကား မလင်းသေး။

အချိန်က မနက် ၅ နာရီခွဲ …။

ညက မိုးတွေ ဝုန်းဒိုင်းကျဲ ရွာထားတာမို့ ပတ်ဝန်းကျင်က မိုးရိပ်ဖြင့် မှိုင်းပျ အေးစိမ့်နေသည်။

"ခင့် … ဓာတ်လှေကားနဲ့ တက်မလား"

"ဟင့်အင်း …၊ မနက်စောစော သွေးပူသွားအောင် ရိုးရိုးလှေကားအတိုင်းပဲ တက်မယ်"

"ဒါဆို … လာ၊ သွက်သွက်လေး တက်ရအောင်၊ ငါးနာရီ ခွဲခါနီးပြီ"

ခင့်ညိုနဲ့ လင်းရိပ်ထင်တို့သည် ရွှေတိဂုံဘုရားစောင်းတန်း လှေကားထစ်တွေအတိုင်း ခပ်သွက်သွက်လေး တက်လာနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်ထင်က စောင်းတန်းတစ်ဖက်တစ်ချက်က ဆိုင်တွေဘက်ကို လှမ်းကြည့်ရင်း ...

"စံပယ်ပန်းသည် တွေ့ရင် ပြောဦးနော် ခင့်"

"အေးပါ၊ နင် ဘယ်နှကုံး ဝယ်မှာလဲ"

"လဝန်းအတွက် သက်စေ့ဆိုတော့ နှစ်ဆယ့်ငါးကုံး"

"ငါးနာရီခွဲတိတိ ကပ်ရမှာမဟုတ်လား"

"အေး ..."

"ဒါဆို အချိန်က ကပ်နေပြီ ထင်၊ ပြေးတက်မှ ဖြစ်တော့မယ်၊ စံပယ်ပန်းသည်က စောင်းတန်းထိပ်နားလောက်မှာ တွေ့တတ်ပါတယ်"

ခင့်ညိုက ပြောပြောဆိုဆို လှေကားတစ်တွေကို သွက်သွက် ပြေးတက်လိုက်သည်။ လင်းရိပ်ထင်ကလည်း ခင့်ညိုနှင့် ယှဉ်၍ပြေးတက်လာသည်။ ခင့်ညိုက ပြေးရင်းက လင်းရိပ်ထင်ကို ငဲ့ကြည့်ရင်း ...

"ငါးနာရီခွဲအတိ ရောက်မှဖြစ်မယ်ဆိုလည်း စောစောစီးစီး ထတာမဟုတ်ဘူး၊ သူ့ရည်းစား ယတြာချေဖို့ကိစ္စကို ငါက ဖုန်းဆက်နှိုးရတယ်၊ ခုတော့ အပြေးအလွှားတွေ ဖြစ်ကုန်ပြီ၊ ပြေးရတာ အမောဆို့တော့မယ် ..."

"နှိုးစက်မြည်သံက နည်းနည်းတိုးနေလို့ မနိုးတာပါ ခင့်ရာ"





"ကျယ်ကျယ်ပေးပေါ့ဟဲ့ ...၊ ဟော ... ဟိုမှာ စံပယ်ပန်းသည် တွေ့ပြီ"

စံပယ်ပန်းကုံးတွေ တစ်တွေးကြီးကို တန်းလန်းဆွဲကိုင်ထားသည့် စံပယ်ပန်းသည်ဆီ နှစ်ယောက်သား ပြေးသွားလိုက်ကြသည်။

"အကုံးအစိတ် ပေးပါ"

စံပယ်ပန်းသည်က အကုံးအစိတ်ကို ရေတွက်ပေးလိုက်ပြီးမှ ...

"အများကြီးဝယ်လို့ ပိုပေးလိုက်မယ်၊ ငါးကုံးအပိုယူသွား"

ဟုပြောကာ ငါးကုံးသပ်သပ် လှမ်းပေးလိုက်သည်။

"ယူလိုက်လေ ... ခင့်၊ ငါးကုံးက ငါတို့နှစ်ယောက် သပ်သပ် လှူတာပေါ့"

ခင့်က ပန်းသည် ပေးလိုက်သည့် စံပယ်ပန်းငါးကုံးကို ကိုင်ရင်း ထင်နှင့်အတူ ဗုဒ္ဓဟူးထောင့်သို့ ခပ်သွက်သွက်လျှောက်လာခဲ့ပါသည်။

ဒီလို ယတြာချေဖို့ကိစ္စကလည်း လဝန်းရဲ့ ထူးထူးခြားခြား အကူအညီတောင်းမှုတစ်ခု ဖြစ်ခဲ့ပါသည်။

ဘုရား တရားကိစ္စ၊ သူ့ကျန်းမာရေးကိစ္စမို့ ငြင်းလို့လည်း မကောင်းပြန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်ပိုင်းထဲ ငါ့ကျွန်းမှာရေး အညံ့ရှိတတ်တယ်လို့ ဟောထားလို့ပါ ခင့်ရယ်၊ ငါက ဗုဒ္ဓဟူးသမီးဆိုတော့ အင်္ဂါနံ စံပယ်ပန်းကို ဇွန်လ ၂၀ ရက်နဲ့ အနီးစပ်ဆုံး အင်္ဂါနေ့မှာ ရွှေတိဂုံဘုရား ဗုဒ္ဓဟူးနံထောင့်မှာ မနက် ၅ နာရီခွဲအတိမှာ ကပ်ရမှာ၊ ကပ်ရမယ့်သူက ဗုဒ္ဓဟူးသားနဲ့ တနင်္လာသမီး ဖြစ်ရမယ်တဲ့၊ ကိုက ဗုဒ္ဓဟူးသား၊ နင်က အင်္ဂါသမီးဆိုတော့ ငါ တခြားလူ ရှာစရာမလိုတော့ဘူးပေါ့၊ အဲ့ဒါလေးတစ်ခု ငါ့ကိုကူညီပေးပါနော် ... ခင့်"

လဝန်းက ဒီလိုပြောလာတော့ ခင့်မှာ အသက်ရှူကျပ်ရသည်။ ဘုရားကို မိုးမလင်းခင် ထသွားရမှာ။ ထင်နဲ့အတူသွားရမှာ။ သူ့ယတြာကလည်း သိပ်ယုတ္တိမရှိဟု ခံစားရသည်။

"ငါက ဗေဒင်တွေ ဘာတွေ မေးလေ့မရှိတော့ နင်ပြောတဲ့ ယတြာကိစ္စတွေတော့ ငါနားမလည်ဘူး လဝန်း၊ ဒါပေမယ့် ငါကြားဖူးတာတော့ ယတြာဆိုတာ ကိုယ်တိုင်ချေရတာ မဟုတ်ဘူးလား"

"အဲ့ဒီလို ပုံသေမှတ်လို့တော့ မရဘူးလေ၊ ဗေဒင်ဆရာက သင့်တော်သလို စီမံတာကို ငါတို့က လိုက်နာရတာကိုး၊ သူက ဒီလိုချေခိုင်းရင် ချေလိုက်ရုံပဲပေါ့၊ ကူညီပါ ခင့်ရယ်နော် ..."





"နင်လည်း လိုက်ခဲ့လေ၊ သုံးယောက်အတူသွားတာပေါ့၊ ဘုရားရောက်တော့ ငါတို့နှစ်ယောက်က နင့်အတွက် ပန်းကပ်ပေးမှာပေါ့"

"ငါလည်း အစကတော့ အဲဒီလို စဉ်းစားကြည့်ပါသေးတယ်၊ နင်တို့ချည်းပဲ ခိုင်းရမှာလည်း အားနာတယ်လေ၊ ဒါပေမယ့် အဲ့ဒီနေ့မှာ ငါ ရန်ကုန်မှာ မရှိဘူးဟ၊ မန္တလေးမှာ လုပ်မယ့် ဖက်ရှင်ရှိုးတစ်ခုအတွက် မန္တလေးမှာပဲ ရှိနေမှာ ..."

နောက်ဆုံးတော့ ခင့်ညိုလည်း မငြင်းသာပဲ လက်ခံခဲ့ရသည်။

ခုချိန်ဆို လဝန်းလဲ့ပြာ တစ်ယောက်ကတော့ အိပ်ကောင်းတုန်းနေမည်။ ခင့်ညိုနဲ့ ထင်ကတော့ စိုစွတ်အေးမြသည့် ကျောက်ပြားတွေကို နှင်း၍ လေအေးတွေ တဟူးဟူးတိုက်နေသော ဘုရားရင်ပြင်တော်ပေါ်က အေးစက်စက် ကျောက်ပြားတွေကို ခပ် သွက်သွက် နင်း၍ လဝန်းရဲ့ မွေးနံထောင့်ဆီ သွားနေသည်။

ရာသီဥတုက စိုစွတ်အေးစိမ့်နေသည်။ ခင့်ညိုရဲ့ ဘာမှလိမ်းခြယ်မထားသော ညိုမွတ်မွတ် မျက်နှာပြောင်ကလေးကတော့ ဘုရားရိပ်အောက်မှာ အေးချမ်းကြည်လင်နေသည်။ လေကအေးလှတာမို့ ပခုံးတစ်ဝိုက်မှာ ခပ်လျော့လျော့ ပတ်ထားသည့် တဘက်ထူထူလေးကို တင်းတင်းဆွဲစေ့ပတ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်က ရှပ်ဖြူလက်ရှည်လေးနှင့်၊ မရမ်းစေ့ရောင် ကွက်စိပ်ပုဆိုးလေးနှင့် ...။ ထင့်ပုံစံက လူငယ်အထာ အလန်းပုံ မျိုးတော့ မဟုတ်ခဲ့ ...။ စမတ်ကျကာ တည်ငြိမ်သည့်ပုံစံမျိုးလေး အမြဲမြင်ရသည်။ ဂျင်းဘောင်းဘီရှည် ခပ်ပွပွနှင့် ရှပ်အင်္ကျီကွက် စိပ် လက်ရှည်လေးတွေကို ထင် အမြဲဝတ်သည်။ စတိုင်လ်ပဲန်နှင့် ဝတ်တဲ့အခါလည်း ဝတ်သည်။ ဦးရေပြားထဲကနေ အားကောင်း မောင်းသန် ရှန်းထွက်နေတဲ့ ထင့် ဆံပင် ထူထူနက်နက်ကို ဆားခဲ လေး ညှပ်ထားတဲ့ ဆံပင်စတိုင်လ်က ထင်နဲ့ အလွန်လိုက်ဖက် ပါသည်။ အရပ်မြင့်မြင့် လူကောင်ထွားထွား၊ အသားအရည် ဖြူ သန့်လှတဲ့ ထင်ဟာ လဝန်းလို ဖြူဖြူသန့်သန့် အရပ်မြင့်မြင့် လှလှပပ မိန်းကလေးမျိုးနဲ့သာ လိုက်ဖက်တာပါပဲ။

ခင့်ညိုနဲ့ ထင်နဲ့ တွဲသွားရင် ကျီးကန်းနဲ့ ဘဲဥလိုမျိုး ကွာခြားလှတာလေ ...။ ဖြူမြင့်ထင်ပေါ်လှတဲ့ ထင်နဲ့တွဲသွားတိုင်း သူ့ကို မော့တကြည့်ကြည့်နဲ့ ရင်လှိုက်ဖိုခဲ့ရဖူးတဲ့ မဲတူမကလေးဟာ တိတ်တခိုးအချစ်တွေကို သိမ်းဆည်းသိုဝှက်ရင်း အမြဲတမ်း ကြေ ကွဲနေခဲ့ရသူဆိုတာ ထင်ကတော့ ဟိုတုန်းကလည်း မသိ၊ ခုလည်း မသိ ...။

အမြဲတမ်း စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ကိုယ့်ကိုယ် ကိုယ် ယုံကြည်ချက်ရှိရှိ နေထိုင်လာခဲ့တဲ့ ခင့်ညိုရဲ့ဘဝမှာ လိုချင် ရက်နဲ့ မရတာဆိုလို့ ထင့်အချစ်တစ်ခုပဲ ရှိခဲ့တာပါ။





"ခင့် ... ဗုဒ္ဓဟူးထောင့် ရောက်ပြီလေ၊ လာ ... ပန်းကပ် ရအောင်၊ အတူတူကိုင်ပြီး ကပ်မယ်လေနော်"

"အင်း ... ကပ်မယ်လေ"

ယတြာအတွက် နှစ်ယောက်အတူကပ်မှ ဖြစ်မှာမို့ န်းကုံးအစိတ်ကို အတူကိုင်ကာ ဗုဒ္ဓဟူးဂြိုဟ်တိုင် ဘုရားရှေ့ န်းအိုးမှာ ချိတ်ဆွဲလိုက်ရသည်။ ကျန်ငါးကုံးကိုတော့ ထင်က ခင့်ညိုရဲ့ မွေးနံ တနင်္လာထောင့်မှာ သွားကပ်ပေးလိုက်သည်။

ပန်းကပ်၊ ဘုရားရှိခိုးပြီးချိန်မှာ မိုးကရွာလာခဲ့ပြီမို့ ထင်နှင့်အတူ ဘုရားတန်ဆောင်းတစ်ခုဆီသို့ ပြေးခဲ့ကြသည်။ မိုး သင်းလာပြီဖြစ်သော်လည်း မိုးရိပ်ကြောင့် နေမပွင့်ချေ။

ဘုရားတန်ဆောင်းထဲမှာ ခပ်ခွာခွာလေးထိုင်ကာ မိုး အစဲစောင့်နေရင်း ခင့်ညိုက စကားစလိုက်သည်။

"လဝန်းက ကျန်းမာရေးအတွက် ယတြာချေတာဆိုတော့ သူ ကျန်းမာရေး မကောင်းလို့လားဟင်"

"ကောင်းပါတယ် ခင့်ရဲ့"

"သူ ဘန်ကောက်သွားခါနီးက ပြောတာတော့ ခေါင်းကိုက် ကိုက်နေလို့တဲ့"

"ဟုတ်တယ် ... အဲဒီတုန်းကတော့ ခဏခဏ ကိုက်တယ်၊ ဟိုရောက်တုန်း MRI (ဦးခေါင်းဓာတ်မှန်) ရိုက်ခဲ့ဖို့ မှာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ဒါပေမယ့် သူ မရိုက်ဖြစ်ခဲ့ပါဘူး၊ ခေါင်းလည်း မကိုက်တော့ဘူးတဲ့”

“ဪ … တော်သေးတာပေါ့”

ခင့်ညိုက စိတ်အေးသွားပုံဖြင့် ခေါင်းလေး တဆ ဆတ် ညိတ်သည်။

လင်းရိပ်ထင်ကတော့ အပေါ်ယံ မာကျောသလို ထ ရပေမယ့် အတွင်းသဘော ပျော့ပျောင်းတဲ့ ခင့်ညိုရဲ့ စိတ်ထားတေ ကို ဟိုအရင်ကတည်းက သဘောကျ နှစ်သက်ခဲ့ပါသည်။

လဝန်းနဲ့ ဘာတွေပဲ ပဋိပက္ခဖြစ်ဖြစ် လဝန်းအ စိတ်ပုပ်စိတ်ယုတ် မမွေးဘဲ စေတနာသန့်သန့် ထားနိုင်တာ ကိုလည်း နှစ်သက်လှပါသည်။

လဝန်းကတော့ အမြဲပဲ ခင့်ညိုအပေါ် သံသယ ဝန်တိုမှုတွေနဲ့ ထွေးလုံးရစ်ပတ် ရှိခဲ့သည်လေ …။ သို့သေ လဝန်း ဟာလည်း ခင့်ညိုအပေါ် စေတနာဆိုးမျိုးတော့ မရှိခဲ့တာ သူ နားလည်နိုင်ခဲ့ပါသည်။

“မိုးကလည်း မစဲနိုင်တော့ပါလား”

ခင့်ညိုက ကောင်းကင်ဆီ လှမ်းမျှော်ကြည့်ရင်း တိုးညည်းညူလိုက်သည်။

“တော်တော်နဲ့ စဲမယ့်ပုံတော့ မဟုတ်ဘူး၊ ဟပ် … ဟပ်ချိုး





သူကနှာချေလိုက်တော့ ခင့်ညိုက သူမပခုံးမှာ ခြုံ ထားသည့် ပဝါလေးကို ဖြုတ်၍ သူ့ထံကမ်းပေး၏။

“ရော့ … ဒါလေးပတ်ထား၊ နင်က အမြဲဒီလိုပဲ မိုးနည်းနည်း အေးတာနဲ့ နှာကချေပြီ”

“နေပါစေဟာ၊ နင်လည်း အေးနေမှာပေါ့၊ နင်ပဲ ခြုံထားပါ”

“ငါက နှာချေတဲ့အထိ မအေးဘူးလေ၊ ရော့ … ယူထား”

သူက ခင့်ပေးသော တဘက်ကို လှမ်းယူပတ်ထား လိုက်တော့ အေးစက်နေသော လည်ပင်းကနွေးထွေးလာပြီး နေသာ ထိုင်သာရှိလာသည်။ ပြီးတော့ ခင့်ညိုနဲ့အတူ ဖြတ်သန်းခဲ့ဖူးတဲ့ မိုးသည်းနေ့ တစ်နေ့ကို ပြန်သတိရလာသည်။

အဲ့ဒီနေ့က သူ့မှာ ထီးပါမလာ။ လဝန်းကလည်း ဖျားနေသဖြင့် ခွင့်ယူထားသည်။ ကျောင်းဆင်းချိန်မှာ သူနဲ့ ခင့်ညို တို့ နှစ်ယောက် ကျောင်းခန်းထဲက ထွက်လာတော့ အပြင်ဘက်မှာ မိုးက သည်းသည်းထန်ထန် ရွာချနေသည်။ ခင့်ညိုက သူ့ကိုလှည့် ကြည့်ရင်း မေးသည်။

“ထင် … နင့်မှာ ထီးပါလား”

“ဟီးဟီး … မပါဘူး၊ မေ့ခဲ့တယ်”

“လူမိုက်၊ မိုးတွင်းကြီး ထီးမေ့စရာလား၊ ရော့ … ယူထား”



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညိုက သူမရဲ့ ထီးလေးကို သူ့လက်ထဲထည့် ပြီး လှစ်ခနဲ ပြေးထွက်သွားသည်။

"ဟေး ... ခင့် ... နေဦးလေ၊ အတူဆောင်းမယ်လေ"

"နှစ်ယောက်လုံး စိုကုန်လိမ့်မယ်၊ ငါ သွားပြီ"

ခင့်ညိုက နောက်ကို လှည့်မကြည့်တော့ဘဲ လ မြှောက်ပြ၍ အော်ပြောရင်း မိုးသည်းထဲသို့ တိုးဝင်သွားခဲ့သည်။

ခင့်ညိုက ဒေါင်ဒေါင်မြည် ကျန်းမာလှသူ၊ သူ အအေးမိတိုင်း ဖျားတတ်သူမို့ သူ့ကို ခင့်က အမြဲဂရုစိုက် အ ပေးတတ်ခဲ့တာ ဖြစ်ပါသည်။

ခင့်ညိုညိုဟာ ဒီလို 'အကြင်နာကြီးတဲ့ နတ်သ ဖြစ်ခဲ့ပါသည်။

ခင့်ညိုကတော့ မိုးသည်းထဲသို့ ငေးကာ ငြိမ်သက် ဘာတွေစဉ်းစားနေသည်မသိ၊ လင်းရိပ်ထင်ကတော့ ရှေးဟော နှောင်းဖြစ်တွေးတော့ရင်းကပဲ လဝန်းအကြောင်း တွေးမိပြန်သည်

လဝန်းဟာ ခုတလော အလုပ်တွေ ရှုပ်သလော သူ့အပေါ်လည်း ခပ်စိမ်းစိမ်း ဖြစ်ဖြစ်နေတတ်သည်။

"လဝန်းက အလုပ်အရမ်းများတယ် ကို၊ နောက်ဆို ကို တွေ့ဖို့ သိပ်အချိန်ပေးနိုင်မှာ မဟုတ်တော့ဘူး"

ဟု အလုပ်ရှုပ် စိတ်ရှုပ်သော မျက်နှာလေးဖြင့် တည်တည် ပြောခဲ့သည်။





သူကလည်း အလိုက်တသိဖြင့် တွေ့ဖို့ မပူဆာခဲ့ပါ။ လဝန်း အလုပ်ရှုပ်နေချိန်မှာ အနှောင့်အယှက်ပေးသလို မဖြစ်ချင်တာမို့ လဝန်းရဲ့ ဆိုင်ကိုတောင် မသွားခဲ့။

မတွေ့တာ အတော်ကြာမှ လဝန်းက သူနဲ့ ခင့်ညိုကို နှုန်းဆက်ကာ ယတြာချေပေးဖို့ အကူအညီတောင်းခဲ့တာပင်။

"မိုးဖွဲလေးတွေပဲ ရှိတော့တယ် ထင်၊ သွားကြရအောင်"

ခင့် ပြောတော့မှ သူ အတွေးစပြတ်သွားကာ ထိုင်ရာမှ ထဖြစ်သည်။

အဲ့ဒီနောက် မိုးရေတွေ စိုရွှဲအေးစက်နေသော ရင်ပြင်တော် ကျောက်ပြားများကို အတူနင်းရင်း ဘုရားပေါ်မှ ဆင်းခဲ့ကြသည်။

မိုးရွာပြီးစမှာ တိုက်သောလေက ပြင်းရှရှအေးလှသော်လည်း သူ့လည်ပင်းကတော့ ခင့်ပဝါကြောင့် နွေးထွေးလှပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

❤ ❤ ❤

"ဟင် ..."

ဖြိုးမင်းနဲ့ချိန်းထားတာမို့ ထရိုတ်ဒါးဟိုတယ်အော
ထပ် ကော်ဖီဆိုင်မှာ ထိုင်နေသော လင်းရိပ်ထင်ရဲ့ မြင်ကွင်းထဲ
လဝန်းလဲ့ပြာက တည့်တည့်ဝင်လာသည်။

ဟိုတယ်ဝင်ပေါက်က သူ မျက်နှာမူ ထိုင်နေသေ
နေရာနှင့်ဆို ရှေ့တည့်တည့်ကျသော်လည်း အလှမ်းဝေးနေသဖြ
လဝန်းက သူ့ကိုမမြင် ...။

အလုပ်များလွန်းလို့ ရည်းစားနဲ့တွေ့ဖို့တောင် အချိ
မပေးနိုင်တော့ပါဟု ကြေညာထားသော လဝန်းရဲ့ဘေးမှာ ခပ်လ
လန်း ကောင်လေးတစ်ယောက်။

ကောင်လေးကြည့်ရတာ ကိုရီးယားမင်းသားလေ
လိုလို။ အသားအရည် ဖြူဥနုဖတ်နေတာဟာ တော်ရုံအသားလှ
မိန်းကလေးလောက်တော့ 'သနားတယ်'ဟု ဆိုရမည့်ပုံမျိုး ...





ယောကျ်ားတစ်ယောက်ကို ကြည့်လိုက်တာနဲ့ ကိုယ့်ကိုယ်ကိုယ် လုံးဝဂရုမစိုက်တဲ့ ယောကျ်ားလား၊ တော်ရုံသင့်ရုံဂရုစိုက်တတ်တဲ့ ယောကျ်ားလား၊ အလွန်အမင်း ဂရုစိုက်တတ်တဲ့ ယောကျ်ားလားဆိုတာ သိသာစွာ ကွဲလွဲနေတတ်ပါသည်။

လင်းရိပ်ထင်ကတော့ ကိုယ့်ကိုယ်ကိုယ် တော်သင့်ရုံဂရုစိုက်တတ်တဲ့ ယောကျ်ားမျိုး။ ဟိုကောင်လေးကတော့ အဝေးကကြည့်ရုံနဲ့တောင် သူ့ကိုယ်သူ အလွန်အမင်း ဂရုစိုက်တတ်တဲ့ပုံမျိုး အရမ်းသိသာစွာ လင်းထွက်နေသည်။

ဆေးဆိုးထားတဲ့ ဆံပင်ကို ကိုရီးယားမင်းသားတွေမှာ တွေ့ရတတ်တဲ့ ဆံပင်ပုံစံမျိုး ရှည်ရှည်အုပ်အုပ် အချွန်အမွှားအဖွေအဝဲလေး ညှပ်ထား၏။ အရပ်မြင့်သော်လည်း လူကောင်သိပ်မထွား၊ အနည်းငယ် ပိန်ရှည်သော်လည်း မင်းသားဆန်ဆန် နုနုတော်ဖတ်မို့ ကြည့်လို့ကောင်းလှပါသည်။ ဘောင်းဘီရှည် ခပ်ကျပ်ကျပ်၊ ရှပ်လက်ရှည်ကျပ်ကျပ် ပုံကျကျပေါ်မှာ ပုံဆန်းဆန်း ဇော့စ်ကုတ်လေး ထပ်ဝတ်ထားသော ဒီဇိုင်းကလည်း သပ်ရပ်တိကျလှပပါပေသည်။

လဝန်းက ဒူးခေါင်းအထက်နားလေးထိ ရှည်သည့် အနက်ရောင် ရင်ပြတ်ဂါဝန် အကျပ်လေး ဝတ်ထားပြီး လည်ပင်းနားမှာ ပဝါထူထူလှလှလေး တစ်ထည်ကို ပတ်ထားသည်။ မြင့်

www.burmeseclassic.com



လွန်းသော ဒေါက်ဖိနပ် ရွှေရောင်လေးဖြင့် မြင့်စွင့်ကြွရွစွာ လှမ်းလာနေပါသည်။

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မောစကားဆိုရင်း လှမ်းဝင်လာပုံမြင်ကွင်းလေးက ကိုရီးယား ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းလေးလို လှပနေတာမို့ လင်းရိပ်ထင်ရဲ့ ရင်ထဲမှာ ဗလောင်ဆူသွားရပါသည်။

သူတို့နှစ်ယောက်က ကော်ဖီဆိုင်အေား လှေကားထစ်များကို နင်း၍ ပထမထပ်သို့ တက်သွားသည်။

သူက တစ်ဖက်ဝိုင်းသို့ ကော်ဖီလာချပေးသော စားပွဲထိုး မိန်းကလေးကို လှမ်းမေးလိုက်သည်။

"အပေါ်မှာ ဘာပွဲရှိလဲဗျ"

"ဖက်ရှင်ရှိုးတစ်ခု ရှိပါတယ်ရှင့်"

သူက ထိုင်ရာမှ ထရပ်လိုက်မိပြီးနောက် လဝန်းတို့ တက်သွားသော လှေကားဘက်သို့ လျှောက်လာခဲ့ပါသည်။

ပုံမှန်အတိုင်းဆိုရင်တော့ လင်းရိပ်ထင်ဟာ ကိုယ့်ရည်းစားဟောင်း တွေ့သမျှ ယောကျ်ားကို အူတိုတတ်တဲ့သူမျိုး မဟုတ်ပါ။ တွဲမြင်ရတိုင်းလည်း သံသယမဝင်တတ်ပါ။

ခုတလောမှသာ ...။

ခုတလောမှာ လဝန်းက ကိုယ့်ကို ရှောင်ဖယ်နေလေ





သား၊ ခပ်စိမ်းစိမ်း ဆက်ဆံနေသလားဟု ခဏခဏတွေးမိနေခဲ့သော ဒီလိုတွေ့လိုက်ရချိန်မှာ စိတ်လှုပ်ရှားခဲ့မိတာပါ။

လူချင်းမတွေ့ဖြစ်ရင်တောင် လင်းရိပ်ထင်ဆီကို နေ့ သုံးလေးကြိမ် ဖုန်းခေါ်တတ်တဲ့ လဝန်းဟာ ဒီတစ်လက် အတောအတွင်းမှာ သူ့ဆီ ဖုန်းလည်းမခေါ်၊ သူကခေါ်င်လည်း ခဏပဲပြောကာ ဖုန်းချသွားတတ်ပြန်သည်။ လုပ်မအား တာကို အကြောင်းပြကာ တွေ့ဖို့လည်း ငြင်းခဲ့သည်။

သူက စိတ်လေးလေးနှင့်ပင် ဟိုတယ်အပေါ်ထပ်သို့ က်လာခဲ့သည်။

လှေကားထိပ် ရောက်တော့ အနားကလူတွေကို ဘာအကွယ်ယူရင်း ခန်းမထိပ် အဝင်ဝဆီကို လှမ်းကြည့်မိသည်။

အဝင်ဝက လက်ဆောင်ပစ္စည်းတွေ တင်ထားတဲ့ ပွဲလေးနားမှာ လဝန်းလဲ့ပြာနှင့် ထိုကောင်လေးက နီးနီးကပ်ကပ် ၍ စကားပြော ရယ်မောနေခဲ့သည်။

သူ ထိုမြင်ကွင်းကို ခဏရပ်ကြည့်နေပြီးမှ ချာခနဲ ည့်ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

အောက်ထပ်မှာ ထိုင်နေသော ဖြိုးမင်းက သူ့ကို က်လှမ်းပြတာမို့ သူက ဖြိုးမင်းဆီသို့ လျှောက်လာခဲ့သည်။

"မင်းက ရောက်နှင့်နေတာကိုး၊ ငါက မင်းမရောက်သေးဘူး မှတ်လို့၊ အပေါ်ကို ဘာသွားလုပ်တာလဲ၊ Toilet သွား:"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းခါပြရင်း ဖြိုးမင်းရှေ့ ထိုင်ခုံမှာ
ငူငူ ဝင်ထိုင်လိုက်သည်။

"ဟေ့ကောင် ... အီးမှန်ထားတဲ့ မျက်နှာနဲ့ ဘာဖြစ်နေတ
လဲ"

"ဘာမှမဖြစ်ဘူးကွာ ..."

"ဒါလား ... ဘာမှ မဖြစ်တဲ့ရုပ်၊ ပြောကွာ ... အချင်းချ
တွေ ကွယ်ဝှက်မနေစမ်းပါနဲ့ ..."

"လဝန်းနဲ့ ကောင်လေးတစ်ယောက် အပေါ်တက်သွားတ
တွေ့လို့ကွာ ..."

"အပေါ်မှာ ဖက်ရှင်ရှိုး ရှိတယ်လေကွာ၊ ကောင်လေး
အလန်းလေးလား"

"အေး ..."

"မော်ဒယ်တစ်ယောက်ယောက် နေမှာပေါ့၊ သူ့အလုပ်
ဒီလိုပဲ မော်ဒယ်တွေနဲ့ ပတ်သက်နေရတာ မဟုတ်လာ

"သူချုပ်တာ မိန်းမအင်္ကျီပါကွာ"

"ရော် ...၊ မိန်းမအင်္ကျီ ချုပ်ပေမယ့် ရှိုးတွေမှာ စုံတွဲလျှော
ဖို့တွေ ဘာတွေ စီစဉ်ရင် ယောကျာ်းလေးဝတ်ဖို့ အဝ
အစားနဲ့လည်း ညှိရတာမဟုတ်လား၊ လုပ်ငန်းသဘောအ
ဆက်စပ်နေတာပဲဟာ၊ ဟိုမင်းသားသစ်လေးနဲ့တောင် လဝ
နဲ့ တော်တော်ခင်တာ မဟုတ်လား၊ တစ်ခါတလေ ဂျာန





မှာ ပါလာတဲ့ပုံတွေမှာ အတူတွဲထိုင်နေတဲ့ပုံတွေ ပါတတ်
တာပဲ၊ လဝန်း ဒီဇိုင်းတွေ အမြဲဝတ်တဲ့ မော်ဒယ်ကောင်မ
လေးရဲ့ ရည်းစား အဆိုတော်လေးနဲ့လည်း လဝန်းနဲ့ အရမ်း
ခင်မင်ရင်းနှီးကြတယ် မဟုတ်လား၊ ဒီအနုပညာလောကမှာ
ယောကျာ်းနဲ့ မိန်းမ ရင်းနှီးကြတယ်ဆိုတာ အဆန်းမှမဟုတ်
တာကွာ ..."

"အဲ့ဒါတွေ ငါနားလည်ပါတယ် ဖြိုးရာ၊ ငါက အစစ
အရာရာ သဝန်လိုက်တိုနေတတ်တဲ့ သဘောထားသေးသေး
ယောကျာ်းမျိုးလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ခုတလော
လဝန်း ငါ့အပေါ် ဆက်ဆံတာ တစ်မျိုးပဲလို့ ခံစားမိလို့
ဟိုဒီ လျှောက်တွေးပြီး သံသယဝင်လာတာပါ"

"တစ်မျိုးဆက်ဆံတယ် ... ဟုတ်လား"

"အေး ...၊ အရင်နဲ့ မတူတာတော့ အမှန်ပဲ၊ အရမ်းစိမ်း
သွားတယ်"

"မင်း ခုတလော ခင့်ညိုနဲ့ ခဏခဏ တွေ့နေလို့ စိတ်
ကောက်တာများလားကွာ ..."

"ခင့်ညိုနဲ့ တွေ့တာက ငါ့သဘောနဲ့ငါ တွေ့ချင်လို့ သွား
တွေ့နေတာမှ မဟုတ်တာ၊ သူ့ကိစ္စနဲ့ချည်း တွေ့ဖြစ်နေတာ၊
သူ့ဖို့ ဟင်းဝင်ဝယ်တာ၊ သူ့အတွက် ယတြာသွားချေတာ၊
သူ့အတွက် စာအုပ်ဝယ်တာ၊ သူ့ကို လေဆိပ်မှာ သွားကြို

တာ၊ အားလုံး သူစီစဉ်တဲ့အတိုင်း သူခိုင်းတဲ့အတိုင်းပဲဆို တော့ သူ စိတ်ကောက်စရာအကြောင်းလည်း မရှိဘူးလေ"

"အေးလေ ... ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်မျိုး တော့ တစ်မျိုးပဲနော်"

"ဘာကိုလဲ ..."

"ခင့်ညိုအပေါ် လဝန်းရဲ့ သဘောထားတွေ ပြောင်းလဲသွား ပုံက ဖြန်းစားကြီး ဖြစ်နေသလားလို့ပါကွာ"

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ သူတို့ အဆင်ပြေနေတဲ့အတွက် တော့ ငါ စိတ်ချမ်းသာရပါတယ်"

"အင်း ... တစ်ခုတော့ စဉ်းစားစရာပဲ ထင်ကြီး"

ဖြိုးမင်းက တွေးတွေးဆဆ ရေရွတ်လိုက်တာမို့ လင်း ရိပ်ထင်က မျက်မှောင်တွန့်လျက် ဖြိုးမင်းကို ကြည့်မိသည်။

"လဝန်းက အသစ်တွေ့လို့များ မင်းကို ခင့်ညိုဆီ ပြန်တွန်း ပို့နေတာများလား ..."

"စိတ်ရှုပ်ရတဲ့အထဲ ပေါက်ကရတွေ လာမကြောစမ်းပါနဲ့ ဖြိုးရာ၊ မင်းအတွေးက ဝတ္ထုဆန်လွန်းပါတယ်"

ဖြိုးမင်းက ပခုံးတွန့်ပြီး ငြိမ်သွားသည်။ အဲ့ဒီနောက် တော့ လဝန်းတို့အကြောင်း ဆက်မပြောဖြစ်တော့ဘဲ အလုပ် အကြောင်း၊ တခြား သူငယ်ချင်းတွေအကြောင်းသာ ဆက်ပြောနေ လိုက်ကြသည်။





ဖြိုးမင်းနဲ့ လမ်းခွဲလာပြီးနောက် လဝန်းဆီ ဖုန်းခေါ် ကြည့်တော့ လဝန်းက ဖုန်းမကိုင် ...။ ပွဲထဲရောက်နေလို့ မကိုင် တာပဲလေဟု စိတ်လျှော့ကာ သူ အိမ်ပြန်လာခဲ့သည်။ ပွဲက ည ၁၀ နာရီလောက်မှာ ပြီးနိုင်တာမို့ ၁၁ နာရီလောက်မှာ ဖုန်းခေါ် ကြည့်တော့လည်း ဖုန်းက မကိုင်ပြန်။ သူ ရင်မောမောနဲ့ပဲ အိပ် ချော်အောင် ကြိုးစား၍ အိပ်လိုက်သည်။

နောက်တစ်နေ့ဟာ တနင်္ဂနွေနေ့ ...။ ဟိုအရင်ကဆို သူ အလုပ်နားတဲ့ ခုလို တနင်္ဂနွေနေ့တွေမှာ လဝန်းနဲ့အတူ အပြင် ထွက်ပြီး လည်ပတ်စားသောက်။ ဒါမှမဟုတ်လည်း လဝန်းကြိုက် ဝတ်တာတွေ ဝယ်ပြီး လဝန်းဆိုင်မှာ တစ်နေကုန်နီးပါး အချိန် ကုန်ဖြစ်မြဲ ...။ လဝန်းအလုပ်က ပိတ်ရက်ရယ်လို့ သတ်သတ် မှတ်မှတ် မရှိ ...။ အရေးကြီးသည့် အပ်ထည်ရှိရင်ရှိသလို ည ၁၀ နာရီအထိလည်း အလုပ်က နားချင်မှ နားရတာမျိုးမို့ သူက လဝန်းအပေါ် အမြဲနားလည်ပေးခဲ့သည်။ အဲ့ဒီတုန်းကတော့ လဝန်း ရဲ့ မအားလပ်မှုက ပုံမှန်မအားလပ်မှုမျိုးပင်။ နည်းနည်းလောက် အချိန်ရတာနဲ့ သူ့ဆီဖုန်းလှမ်းဆက်တတ်တဲ့၊ တွေ့ဖို့ချိန်းတတ်တဲ့ လဝန်းရဲ့ အပြုအမူလေးတွေ၊ အပြောလေးတွေဟာလည်း အင် အတန် ချစ်စရာကောင်းခဲ့ပါသည်။

ခုတလောမှာတော့ လဝန်းရဲ့ မအားလပ်မှုတွေက အကျိုးအကြောင်း မခိုင်လုံ ...။ တမင်ရှောင်ဖယ်နေတာကလည်း

www.burmeseclassic.com



သိသိသာသာ ...။ ဖုန်းတောင် သိပ်မဆက်တတ်တာဟာလည်း မရှိးသား။ မအားလို့ အချိန်မပေးနိုင်ကြောင်း ပြောခဲ့တုန်းကလည်း မျက်နှာက မပျော့ပျောင်းလှ ...။

လင်းရိပ်ထင်သည် လဝန်းရဲ့ မူမမှန်မှုတွေကို တစ် စိမ့် ပြန်စဉ်းစားရင်း သံသယတွေ၊ စိုးထိတ်မှုတွေကို ခံစားလာ ရပါသည်။

သူက လဝန်းဆိုင်ကို သွားဖို့ ဆုံးဖြတ်ကာ ရေမိုးချိ အဝတ်အစား လဲလိုက်ပါသည်။

လဝန်းဆီကိုတော့ ဖုန်းဆက်မနေတော့။ ဒီ တနင်္ဂနွေ မနက်ခင်းတွေမှာ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ အမျိုးသမီး တွေ အပ်ထည်လာရွေးတတ်တာမို့ လဝန်း ဆိုင်မှာပဲရှိဖို့ သေချာ ပါသည်။

သူက လဝန်းကြိုက်သည့် ရွှေဘဲက ဘဲကင်တ ကောင် ဝင်ဝယ်ခဲ့ပြီး လဝန်းဆိုင်သို့ ထွက်လာခဲ့ပါသည်။

◆ ◆ ◆



♥ ♥ ♥

"ဟင် ..."

အာမေဋိတ်သံလိုလို ... သက်ပြင်းချသံလိုလို ... ဒေါသ သံကြောင့် ထွက်လာသလိုလို အသံတစ်မျိုးဟာ လင်းရိပ်ထင်ရဲ့ လည်ချောင်းဝဆီမှာ တစ်နေသည်။

သူ့မျက်လုံးတွေက လဝန်းရဲ့ စားပွဲရှေ့မှာ ထိုင်၍ ရယ်မောနေသော ကောင်လေးထံမှာ စိုက်တန့်နေသည်။

ဒီကောင်က ဘာလဲ ...၊ ဘာကောင်လဲကွာ ...။

မနေ့ညနေတုန်းကလည်း လဝန်းနဲ့အတူ ရယ်လို့ မောလို့ ...။

ဒီမနက်မှာလည်း လဝန်းရဲ့ဆိုင်ကို အစောကြီး ရောက်ပြီး ရယ်မော ဟားတိုက်နေပြန်ပြီ။ ဘာကြီးလဲကွာ ...။

"လဝန်း ..."



www.burmeseclassic.com

www.burmeseclassic.com



သူ တံခါးဝမှာ ရပ်ပြီး လှမ်းခေါ်လိုက်တော့မှ လဝန်
က သူ့ကို လှမ်းကြည့်ကာ အံ့ဩသွားပုံဖြင့် မျက်ခုံးလေးပင့်လိုက်
ရင်း ...

"ဩော် ... ကိုပါလား၊ အစောကြီးပါလား၊ ဖုန်းလည်
ကြို မဆက်ဘူး"

"ဒီလိုနေ့တွေက ကိုယ်လာနေကျမို့ ဖုန်းမဆက်တော့တာ
ညက ဖုန်းခေါ်ကြည့်သေးတယ်၊ လဝန်း ဖုန်းမကိုင်လို့

"ဟုတ်တယ် ကို၊ လဝန်း ပွဲထဲရောက်နေလို့ silent လု
ထားတာလေ၊ အိမ်ရောက်တော့လည်း ဖုန်းကို ပြန်စ
မကြည့်မိဘဲ အိပ်ပျော်သွားတာ ..."

"မ ... ကျွန်တော် ဒိုးလိုက်ဦးမယ်၊ နေ့လယ်ကျ တစ်ခေါ
ပြန်လာမယ်"

"အိုခေ ... အိုခေ ... ကောင်း ..."

ကောင်လေးက လဝန်း စားပွဲပေါ် တင်ထားသည်
ကားသော့နှင့် ပိုက်ဆံအိတ်ကို ကောက်ကိုင်လိုက်ပြီး လဝန်းကို
နှုတ်ဆက်ရင်းက လင်းရိပ်ထင်ကိုပါ တစ်ချက်ဝေ့ကြည့်၍ ခေါင်
ဆတ်ပြလိုက်ပြီး လဝန်းရဲ့ အလုပ်ခန်းထဲမှ ထွက်သွားခဲ့သည်

"သူက ဘယ်သူလဲ ... လဝန်း"

"မောင်ဒယ် အသစ်လေးလေ၊ ကောင်းဇေ တဲ့"

"လဝန်းနဲ့ ဘော်ဒါတွေလား"





"အင်း ... ဆိုပါတော့၊ ချိုသက်ရေ စီးကွင့် ထိုးခိုင်းတဲ့
အထည်တွေ ပြီးပြီလား"

"ဟုတ် ... ပြီးပြီ မမ"

"ပြီးရင် ယူခဲ့၊ ခဏနေ ဒေါ်ဝင်းဝင်းခက် လာတော့မှာနော်၊
သူအပ်ထားတဲ့ ၁၀ စုံစလုံး အချောသပ်ပြီးပြီလား"

"ပြီးပါပြီ မမ ..."

"သူလာရင် သေချာ ဖစ်တင်ပြန်ချပေးရမယ်၊ သူက တစ်ခါ
တည်းနဲ့ စိတ်တိုင်းမကျတတ်ဘူး"

လဝန်းက ဝန်ထမ်းကောင်မလေးတွေကို ဆက်တိုက်
လှမ်းပြောနေတာမို့ သူ့ကိုတောင် ကောင်းကောင်း စကားမပြော
နိုင်။

သူက လဝန်းရဲ့ အလုပ်စားပွဲရှေ့ခုံမှာ ဝင်ထိုင်ရင်း
အလိုက်တသိ တိတ်ဆိတ်နေပေးလိုက်သည်။

"ကိုရေ ... ဆောရီးနော်၊ လဝန်း ဒီနေ့ အလုပ်သိပ်ရှုပ်နေ
လို့၊ မန္တလေးက ပြန်လာပြီးကတည်းက တစ်ခါမှကို မအား
ရသေးတာ၊ ခင့်ညိုနဲ့ တွေ့ရင်လည်း ပြောပေးပါဦးနော်၊
လဝန်းအတွက် ယတြာလိုက်ချေပေးတာ ကျေးဇူးပါလို့၊
ချိုသက်ရေ ... နွဲ့ဝင်းကို ခဏလာဦးလို့"

လဝန်းက သူ့ကို စကားပြောရင်း အလုပ်ကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်တိုက် ညွှန်ကြားပြောဆိုနေပုံက တဆိတ်တော့ လွန်က
ပျာယာခတ်လွန်းသည်ဟု ထင်ရသည်။

ဟိုအရင်ကလည်း သူလာရင် လဝန်း အလုပ်များ
တဲ့ အချိန်တွေ ရှိခဲ့တာပဲ။ သို့သော် ဘယ်လောက် အလုပ်များမျာ
သူ့အပေါ် အာရုံကျရောက်နေသေးသည်။ ခုဟာက လုံးဝ အာ
မကျရောက်သလိုပုံမျိုး။ အရင်လို နွေးထွေးမှု၊ ရင်းနှီးမှုတွေမရှိ
ဝင့်ကြွေတန်းကြွေ ဆန်လှသည်။

သူဟာ ယောက်ျားကြီးမို့ မိန်းကလေးတွေလိုမျိုးတေ
စကားနာ မထိုးတတ်။ ပြောင်းလဲနေတာကို သိသော်လည်း အဆေ
စိတ် ပြန်ပြောမပြတတ် ...။ လဝန်း သဝန်တိုတုန်းကတော
လဝန်းကို တရားပြ နားချခဲ့သူမို့ ခုနက ‘ကောင်းဖေ’ ဆို
ကောင်လေးနဲ့ စွပ်စွဲသဝန်တိုတာမျိုးလည်း လုပ်ရမှာရှက်သေးသည်

လဝန်း အခုလို ပြောဆိုပြုမူနေတာတွေဟာ ပုံမှ
လည်းမဟုတ်၊ အိုဗာလည်းဖြစ်၊ သူ့ကိုပြန်စေချင်သည့် စိတ်သဘေ
ကိုလည်း ပေါ်လွင်နေစေပါသည်။

သူ့နေရာမှာ မိန်းမ တစ်ယောက်ဆိုရင်တော့
‘ဘာလဲ ... နင်က ငါ့ကိုအဖက်လုပ်ပြီးတော့တောင် စကားမပြေ
ချင်တော့ဘူးလား၊ တမင် အလုပ်ရှုပ်ပြပြီး ငါ့ကို နှင်နေတယ်လာ
ဟု ရန်တွေ့ကောင်း ရန်တွေ့နိုင်ပေမယ့် သူကတော့ ယောက်
ကြီးမို့ သဘောထားကြီးစွာ နှုတ်ပိတ်ငြိမ်သက်နေပြီးမှ ...





“ကိုယ်တို့ အတူစားရအောင် ရွှေဘဲက ဘဲကင်တောင် ဝင်ဝယ်လာခဲ့သေးတယ်”

“လဝန်း ခုတလော ဗိုက်တွေတက်လာလို့ အဆီတက်မယ့် အစားအစာတွေ ရှောင်နေတယ် ကို၊ ဘဲကင်က အရမ်း အဆီတက်လာလေ၊ ကိုပဲ ပြန်ယူသွားလိုက်ပါ”

“ပြန်တော့ မယူပါဘူးကွာ၊ ထားခဲ့လိုက်မယ်၊ လဝန်းမစား လည်း ချိုသက်တို့ကို ကျွေးလိုက်ပေါ့၊ လဝန်း အားတဲ့ တစ်ရက်တော့ ကိုယ့်အတွက် အချိန်ခဏပေးပါ၊ ကိုယ် လဝန်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်၊ ကဲ ... ခုတော့ လဝန်းလည်း အလုပ်မအားဘူးဆိုတော့ ကိုယ်လည်း ပြန်လိုက်တော့မယ်”

“အိုခေ ... ကို၊ နွဲ့ဝင်းရေ ...”

“ရှင် ... မမ၊ လာပါပြီ”

နောက်ဘက်ဆီမှ လွင့်ကျန်ခဲ့သော အသံတွေကြောင့် သင်းရိပ်ထင်က နာကျင်ခံခက်သော အပြုံးလေးတစ်ချက် ပြုံးမိ ခဲ့လေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ခင့်ညိုသည် လူရှင်းစပြုနေပြီဖြစ်သော ဆိုင်ထဲ
ဝေ့ဝဲကြည့်လိုက်ပြီး နာရီတစ်ချက်ကြည့်လိုက်ပါသည်။

ည ၉ နာရီ ထိုးတော့မည်။

ဆိုင်ပိတ်ချိန်က ၉ နာရီမို့ ဆိုင်ထဲမှာ စားသော
လက်စ တိုးရစ်အဖွဲ့တစ်ဖွဲ့မှအပ လူရှင်းနေသည်။ ဒီလိုအချိန်
နောက်ထပ် လူလည်းရောက်မလာနိုင်တော့ပါ။

ခင့်ညိုက ဆိုင်မန်နေဂျာကို မှာစရာရှိတာ မှာ
ပြန်ဖို့ပြင်ဆဲမှာ ဆိုင်ထဲသို့ဝင်လာသော ထင့်ကို မြင်လိုက်ရပါသည်

ထင်က ခင့်ညိုကို မမြင်။

ခေါင်းငိုက်စိုက်နှင့် ဆိုင်ထဲဝင်လာပြီး ထောင့်ကျ
စားပွဲမှာထိုင်ကာ ဗီတ်တာလေးကို လက်ယပ်ခေါ်လိုက်သည်

ခင့်က ထင့်ဆီ လျှောက်သွားလိုက်ပြီး ...

"ထင် ..."





"ဟင် ... နင် ခုထိမပြန်သေးတာလား"

ထင်က ခင့်ကို ခုမှမြင်တာမို့ မေးခွန်းထုတ်လိုက်သည်။ ထင့်မျက်နှာက မသာယာတာမို့ ခင့်စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

"နင်ကရော ဒီအချိန်ကျမှ ထမင်းလာစားတာလား"

"အေး ... ညွှသည်တစ်ယောက်ကို ပြန်ပို့ပြီး ခုမှပြန်လာတာ၊ ဗိုက်ဆာလာတာနဲ့ တစ်ခုခုစားမလို့ပဲ၊ အိမ်မှာ အမေတို့က ဗုဒ္ဓဂါယာ သွားတယ်၊ ထမင်းချက်တဲ့ အဒေါ်ကြီးက တောပြန်သွားတယ်၊ ဒီရက်ပိုင်း ငါတစ်ယောက်တည်း ဖြစ်နေတာနဲ့ အပြင်မှာပဲ အဆင်ပြေသလိုစားဖြစ်နေတာ၊ ဗိုက်ဆာတယ်ဟာ၊ ဘာရှိသေးလဲ"

"ဒီအချိန်ကျမှ ဘာမှမရှိတော့ဘူးပေါ့ ထင်ရယ်၊ ဝက်သားနဲ့ ဆိတ်သားတော့ နည်းနည်းကျန်တာ တွေ့တယ်၊ ဒါပေမယ့် နင် မစားတဲ့ ဟင်းတွေချည်းပဲလေ"

"အဲ့ဒါဆိုလည်း ထမင်းသုပ်ပေးဟာ"

"အသုပ်သုပ်တဲ့ ကောင်မလေးတွေတောင် ပြန်သွားပြီထင်တယ်၊ ကဲ ... ငါပဲသုပ်ပေးပါ့မယ်"

"နင် ... အရင်တုန်းက ခဏခဏ သုပ်ကျွေးတဲ့ အညာထမင်းသုပ်မျိုး သုပ်နော်"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြေပဲများများထည့်"

"အေး ... အေး၊ နင့်အကြိုက် ငါသိပါတယ်၊ စိတ်အေးအေး စောင့်တော်မူပါ"

ခင့်ညိုက နောက်ဘက် စားဖိုဆောင်ဘက်သို့ ပြ လှည့်လာခဲ့သည်။

စားဖိုဆောင်ထဲ ဝင်လာသော ခင့်ကို ကောင်မလေ တွေက လှမ်းကြည့်ကာ ...

"မမ ... ဘာလိုချင်လို့လဲ၊ ကျွန်မတို့ ဘာလုပ်ပေးရမလဲ"

"ထမင်းသုပ်"

"ဟုတ်ကဲ့၊ ခု သုပ်လိုက်ပါ့မယ်"

"နေ ... နေ၊ ငါဘာသာ သုပ်မယ်၊ ဖယ် ..."

"ကျွန်မ သုပ်ပါ့မယ် မမရဲ့၊ မမ စားဖို့လား"

"ငါစားဖို့ မဟုတ်ပါဘူး၊ ငါ့ညှော်သည်စားဖို့၊ သူ့အကြိုက် ငါပဲသိတာ၊ ငါသုပ်မှဖြစ်မှာ ..."

ခင့်က ဆိုင်က ကောင်မလေးကို ဖယ်ခိုင်းပြီး ကိုယ် တိုင် ထမင်းသုပ်ဖို့ ပြင်ဆင်လိုက်ပါသည်။

ထင့်အကြိုက် အညာထမင်းသုပ်တစ်ပွဲ ပြင်ဆင်ပြီ ခင့်ကိုယ်တိုင်ယူကာ ဆိုင်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။

ဆိုင်ထဲမှာ ညှော်သည်ဆိုလို့ ထင် တစ်ယော တည်းသာ ကျန်တော့သည်။





"ကဲ ... ရော့ ... စားတော်မူပါ"

ခင့်ညိုက ထမင်းသုပ်ပန်းကန်ကို ထင့်ရှေ့သို့ ချပေး ပြီး ထင်နဲ့မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

ထင်က အရမ်း ဗိုက်ဆာလာပုံရသည်။ ထမင်းသုပ် ကို အားရပါးရ စားနေသည်။

ခင့်က စားပွဲပေါ်လက်တင် မေးထောက်လျက် ထင် စားနေတာကို ကြည့်ရင်း စိမ့်စိမ့်လေး ကြည်နူးလာပါသည်။ ဟို အရင်တုန်းကဆို ထင်က ခင့်လက်ရာ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ ခေါက်ဆွဲသုပ်၊ နန်းကြီးသုပ် ... ဘာသုပ်သုပ် အရမ်းကြိုက်ခဲ့တာ လေ။ လဝန်းနဲ့ ချစ်သူဖြစ်သွားတော့မှသာ ခင့်လက်ရာကို စားခွင့် ရတော့တာ မဟုတ်လား။ မတတ်တတတ်နဲ့ သုပ်ကျွေးတဲ့ လဝန်း လက်ရာကို မကြိုက်ဘဲ ကြိတ်မှိတ်စားနေခဲ့ရတာ မဟုတ်လား။

"စားလို့ ကောင်းလိုက်တာဟာ ..."

စားပြီးတော့ ထင်က ကျေကျေနပ်နပ် ရေရွတ်သည်။

ခင့်ညိုက ထင့်ကို စိုက်ကြည့်လိုက်ရင်း ...

"ကဲ ... ပြောတော့"

"ဟင် ... ဘာကိုပြောရမှာလဲ"

"နင် ဘာဖြစ်လာတယ်ဆိုတာ ပြောပြလေ၊ ရင်ဖွင့်လေ"

"ငါ ဘာဖြစ်လို့လဲ၊ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထင်က ခင့်ညိုနှင့် မျက်လုံးချင်း ဆိုင်မကြည့်ဘဲ ပြော၏။

"အဲ့ဒါ မရိုးသားတာပဲလေ၊ နင် ငါနဲ့ မျက်လုံးချင်းဆိုင် မကြည့်ဘဲ ပြောတာကိုက နင်ညာနေတယ်ဆိုတာ သိသာတယ်လေ၊ နင် ဆိုင်ထဲ ဝင်လာကတည်းက နင့်မျက်နှာ မသာယာတာ ငါမြင်သားပဲ၊ နင် တစ်ခုခုကြောင့် စိတ်ညစ်နေတယ်၊ အရင်ကတည်းက နင် စိတ်ညစ်တာကို ငါမသိဘဲ နေခဲ့လို့လားဟင်၊ နင့်စိတ်ကို ငါဖတ်တတ်ပါတယ်၊ ပြော ... နင် ဘာတွေ ခံစားနေရလဲ ..."

ထင်က ခဏငိုင်နေပြီးမှ သက်ပြင်းချကာ မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့် အုပ်၍ ပွတ်လိုက်ရင်း ...

"လဝန်းက တစ်မျိုးပဲဟာ ..."

"ဘယ်လို တစ်မျိုးလဲ ..."

"ငါ့အပေါ် ဆက်ဆံတာ အရမ်းစိမ်းတယ်၊ ငါ့ကိုရှောင်ဖယ်ဖယ် လုပ်နေသလိုပဲ"

"သူ အလုပ်ရှုပ်နေလို့ နေမှာပါဟာ ..."

"မဟုတ်ဘူး၊ ပုံမှန်အလုပ်ရှုပ်တာမျိုး မဟုတ်ဘူး၊ ငါ့အပေါ် ခံစားချက်မရှိတော့သလို ဖြစ်နေတာ၊ သူ ငါ့ကို မချစ်တော့ဘူးလား မသိပါဘူးကွာ"

"အဲ့ဒီလိုတော့ မဖြစ်နိုင်ပါဘူး ထင်ရယ်"





"သူ ငါ့ကို ရှောင်နေတယ်လို့ ခံစားရတယ်"

"စိတ်ကောက်နေတာများလား ထင်၊ နင်နဲ့ ငါ ခဏခဏ တွေ့နေတာကို သူ မကျေနပ်တာများလား"

"သူ့ကိစ္စတွေနဲ့ပဲ တွေ့နေရတာလေ ခင့်ရာ၊ သူပဲ တို့နှစ်ယောက် တွေ့ဖြစ်အောင် အမျိုးမျိုးခိုင်းနေတာ၊ ခုကိစ္စက နင်နဲ့မပတ်သက်ပါဘူး၊ သူ ခုတလော မော်ဒယ်အသစ်လေး ကောင်းဇေနဲ့လည်း အရမ်းရင်းနှီးလွန်းသလိုပဲ ..."

ထင့်မျက်နှာက စိတ်ရှုပ်ထွေးခြင်းနှင့် ကြေကွဲခြင်းတို့ကြောင့် ညှိုးလျော်နွမ်းဖတ်နေပါသည်။

ခင့် ဝမ်းနည်းလှပါသည်။

ထင် စိတ်ညစ်တာ မြင်ရတိုင်း ခင့် အမြဲ ဝမ်းနည်းခဲ့ရပါသည်။

လဝန်းဟာ ထင့်အပေါ် တကယ်ပဲ အချစ်ပြယ်စပြုနေပြီလား ...။

တခြားတစ်ပါးသော ယောကျ်ားအပေါ် သာယာစိတ်ကစားတတ် နေပြီလား ...။

လဝန်းက ထင့်အပေါ် တန်ဖိုးထားလျှင် ခင့်က လဝန်းကို လေးစားမည်။ လဝန်းက ထင့်ကို တန်ဖိုးမထားဘူးဆိုလျှင်တော့ လဝန်းကို ခင့် မုန်းမိလိမ့်မည်ထင်သည်။

ထင့်ကို ပျော်စေတဲ့ ဘယ်မိန်းမကိုမဆို ခင့်က

www.burmeseclassic.com



လက်ခံနိုင်သည်လေ။ ထင့်ကို စိတ်ဆင်းရဲအောင်လုပ်မယ့် မိန်း
မျိုးကို ခင့်ညိုက ရန်လိုတိုက်ခိုက်ဖို့လည်း ဝန်မလေးပါ။

"နင်ပြောတဲ့ သဘောက လဝန်းက နင့်အပေါ် သစ္စာဖော
ပြီဆိုတဲ့ သဘောလား ..."

ခင့်ညိုက လေသံဆတ်ဆတ်ဖြင့် မေးလိုက်မိသည်
ထင်က ပျာပျာသလဲဖြင့် ...

"ဟာ ... အဲ့လိုကြီးတော့လည်း မဟုတ်သေးပါဘူး ခင့်ရ
ငါ့အထင်ပဲရှိသေးတာပါ၊ ဒီလိုပဲ လျှောက်တွေးနေမိတာပါ"

"နင်တို့အချစ်ရေးကို ပြေလည်စေချင်ပါတယ် ထင်၊ နင်
နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိရှိ စစ်
မှန်မှန် ချစ်ကြရင်၊ တစ်ယောက်ရဲ့ စိတ်ချမ်းသာမှု
တစ် ယောက်က ဖန်တီးပေးနိုင်တယ်ဆိုရင်တော့ နင်တို့
အချစ် အတွက် ငါ အမြဲတမ်း ပီတိဖြစ်နေမှာပါ"

အေးစက်သော လေသံဖြင့် ပြောနေသော ခင့်
မျက်ဝန်းထဲက စိုစွတ်သော မျက်ရည်ကြည်တွေကို လင်းရိပ်ထ
က ငေးကြည့်ရင်း ရင်ထဲ စိမ့်ခနဲ အေးမြရှူးကျဉ်သွားလေသည်

◆ ◆ ◆



♥ ♥ ♥

"ကိုယ်တို့ ဘယ်တော့လောက် လက်ထပ်ကြရင် ကောင်း
မလဲ လဝန်းလေး ..."

"လက်ထပ်ဖို့ ! ..."

လဝန်းလဲ့ပြာက မျက်ခုံးလေးပင့်၍ ရေရွတ်လိုက်ပြီး
ဟွန့်ခနဲ တစ်ချက် အသံထွက်၍ ပြုံးလိုက်သည်။

ကိုယ့်ရဲ့ အလေးအနက် စကားကို ခပ်ပေ့ါပေါ့
သဘောထားနေတာလား လဝန်းရယ် ...။

လင်းရိပ်ထင်က လဝန်းရဲ့ ခပ်ပေ့ါပေါ့အမူအယာ
ကြောင့် ရင်ထဲ တစ်ချက် နင့်သွားသည်။

အလုပ်မအားပါဘူးဟု အမြဲအကြောင်းပြ ရှောင်ဖယ်
နေသော လဝန်းနဲ့ ခုလို နှစ်ယောက်တည်း တွေ့ခွင့်ရဖို့ သူ
အကြိမ်ကြိမ် ချိန်းဆိုခဲ့ရပါသည်။ ဒီနေ့တော့ ပြတ်ပြတ်သားသား
ဆွေးနွေးညှိနှိုင်းဖို့ သူ ဆုံးဖြတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာကူရာတာဝါ အထပ် နှစ်ဆယ်က Sky Bistro စား သောက်ဆိုင် ထောင့်စားပွဲမှာ အတူထိုင်ရင်း လဝန်းက မှန်နံရံရဲ့ အပြင်ဘက်က ကောင်းကင်ကြီးကို ငေးကြည့်နေသည်၊ သူ့ကို တော့ တစ်ချက်မကြည့်။

"ကိုယ်တို့ ချစ်သူဖြစ်တာလည်း ကြာခဲ့ပြီလေ ...၊ လက် ထပ်ဖို့လည်း ရည်စူးထားခဲ့ကြပြီးသားပဲ၊ ကိုယ့်ဘက်ကတော့ လဝန်းကို လက်ထပ်ဖို့ဆန္ဒက မပြောင်းမလဲ ရှိနေပါတယ်၊ လဝန်းသာ လက်ထပ်မယ်ဆို အချိန်မရွေး ကိုယ် လဝန်း ကို လက်ထပ်ချင်ပါတယ်"

"ဒီလောက် အလုပ်တွေ ရှုပ်နေတာ သိသားနဲ့ ကိုရာ အဲ့ဒီကိစ္စ ခေါင်းထဲတောင် မထည့်အားပါဘူး"

"ဩော် ..."

သူ အောင့်သက်သက်နှင့် ရင်ထဲနင့်သွားပါသည်။

"လက်ထပ်ဖို့ကိစ္စကို ခေါင်းထဲတောင် မထည့်အားဘူးဆိုရင် ချစ်တယ်ဆိုတဲ့ ခံစားချက်ကိုရော နှလုံးသားထဲမှာ ထည့် အားသေးရဲ့လား လဝန်း ..."

"ဝါးတားတားပါပဲ"

"ဘယ်လို ..."

"ဩော် ... အဲ့ဒါတွေ စဉ်းစားခံစားဖို့ အချိန်မရှိသေးလို့ပါ





ကိုရယ်၊ စိတ်ကူးယဉ်ဆန်ဆန် စကားမျိုးတွေနဲ့ လာချည် မနေစမ်းပါနဲ့ ..."

"လဝန်း ..."

"အင် ... ဘာလဲ"

သူ ခပ်ဆတ်ဆတ် ခေါ်တော့ လဝန်းက ခပ်ပေါ့ပေါ့ ပဲပြန်သည်။

"စကားကို ဘယ်လိုပြောနေတာလဲ"

"ဒီလိုပဲ ပြောနေတာလေ"

"ပေါ့ပျက်ပျက်နဲ့ ..."

"ဩော် ... လေးလေးနက်နက် ပြောစေချင်လို့လား၊ ဒါဆို လည်း ပြောမယ်လေ၊ လဝန်းက လက်ထပ်တဲ့ ကိစ္စကို စိတ်မဝင်စားဘူး"

"ဘာရယ် ..."

လဝန်းက စူးရှစိမ်းသက်သော မျက်ဝန်းများဖြင့် သူ့ကိုကြည့်ရင်း ...

"ဟုတ်တယ် ... လဝန်းက အလုပ်ပဲလုပ်ချင်တာ၊ လွတ် လွတ်လပ်လပ် နေရတာကိုပဲ ကြိုက်တာ၊ အချုပ်အနှောင် မကြိုက်ဘူး၊ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်ပဲ နေချင် တယ်"

"လဝန်း ... မင်းကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်ထင်က စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိပြီး ...

"ခု မင်းပြောနေတဲ့ စကားတွေကို အတည်လို့ ကိုယ် မယူဆဘူး လဝန်း၊ ကိုယ်သိခဲ့တဲ့ ကိုယ်ချစ်ခဲ့တဲ့ လဝန်းလဲ့ပြာက ဒါမျိုးမဟုတ်ဘူး၊ မင်း အေးအေးဆေးဆေး အချိန်ယူစဉ်းစားပါ လဝန်းလဲ့ပြာ၊ ကိုယ်တို့ နောက်တစ်ခေါက်တွေ့ ဒီကိစ္စကို ဆက်ဆွေးနွေးကြတာပေါ့ ..."

သူက စားပွဲပေါ် တင်ထားသော ကားသော့နှင့် ပိုက်ဆံအိတ်ကို ဆွဲယူပြီး ထထွက်လာခဲ့သည်။

အထပ် နှစ်ဆယ်မှ ဓာတ်လှေကားဖြင့် ဆင်းလာပြီး အောက်ထပ်ရောက်တော့ အပြင်ဘက်မှာ မိုးဖွဲလေးတွေ ကျနေတာ တွေ့ရသည်။ တစ်ခဏချင်းမှာပဲ မိုးစက်တွေ စိပ်စိပ်ကျလာသည်။

သူက လမ်းတစ်ဖက်ခြမ်း ကားပါကင်မှာ ရပ်ထားသည့် ကားဆီသွားဖို့ မိုးရေထဲသို့ တိုးဝင်လျှောက်လာခဲ့သည်။

မိုးရေက အေးသော်လည်း ...

ရင်ထဲမှာ ပူနေသည်။

◆ ◆ ◆



♥ ♥ ♥

လဝန်းလဲ့ပြာ ဆိုတာ ဟိုအရင်ကတော့ ဖတ်ရလွယ်သော စာအုပ်တစ်အုပ် ဖြစ်ခဲ့သည်။

ခုတော့ ဖတ်ရခက်သော စာအုပ်တစ်အုပ်အဖြစ် ပြောင်းလဲသွားသည်။

နောက် နှစ်ရက်အကြာမှာ လဝန်းက လင်းရိပ်ထင်ကို ဖုန်းစခေါ်ခဲ့သည်။

"ကိုရေ... လဝန်း အခု ဘယ်မှာလဲ သိလား"

"ဘယ်သိမလဲ ..."

"ကျိုက်ထိုနားက စိမ်းလဲ့တင်ကို ရောက်နေတာ ကိုရဲ့၊ ကျိုက်ထိုနဲ့ သုံးမိုင်ပဲ ဝေးတယ်၊ အပန်းဖြေ Resort လေ၊ ကို ရောက်ဖူးလား"

"မရောက်ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်း သာယာတယ် ကိုရဲ့၊ တိရစ္ဆာန်ဥယျာဉ်လေးလည် ရှိတယ်၊ ခြံဝန်းကလည်း အကျယ်ကြီးပဲ၊ ရေကူးကန်လည် ရှိတယ်၊ စားသောက်ဆိုင်မှာလည်း စားစရာအစုံရတယ် လဝန်း အရမ်းအလုပ်တွေပိပြီး stress ရလာလို့ ဆိုင်ဧ ကောင်မလေးတွေ ခေါ်ပြီး တစ်ညအိပ်ခရီး ထွက်လာတာ ဒီရောက်မှ အရမ်းသဘောကျပြီး ကိုနဲ့ ခင့်ညိုကိုပါ လာ ချင်လို့ ဖုန်းဆက်လိုက်တာ၊ ကို ခင့်ညိုကိုခေါ်ပြီး လိုက် လာခဲ့ပါလား"

လဝန်းက ရွှန်းရွှန်းဝေနေပေမယ့် သူက တွေး ငြိမ်သက်နေမိသည်။

ဟိုရက်က လဝန်း စကားတွေ အချိုးမပြေခဲ့တာ စိတ်တွေ ဖိစီးလွန်းလို့များလား ...။

အခုမှ ပုံမှန်စိတ် ပြန်ဖြစ်သွားလို့ သူ့အပေါ် ကော ကောင်းမွန်မွန် ပြန်ဆက်ဆံတာလား ...။

ဘယ်လိုပဲ စိတ်ဆိုးခဲ့ပါစေ ... ကိုယ့်ချစ်သူက န ပြောတော့လည်း သူ စိတ်ပြေချင်သားပင် ...။

ခရီးထွက်ဖို့ကိုလည်း စိတ်ဝင်စားသားပင်။

ခင့်ညိုရယ်၊ လဝန်းရယ်၊ သူရယ် သုံးယောက်အ အပန်းဖြေခရီးလေးက ပျော်စရာတော့ ကောင်းမည်ထင်ပါသည်

"ခင့်ညိုကို လဝန်းလည်း ဖုန်းဆက်ထားတယ် ကို၊ ကိုလည်





ဖုန်းဆက်လိုက်၊ ပြီးရင် အတူလိုက်လာခဲ့ကြပါလား ... နော် ကို ..."

"ခင့်ညိုက လိုက်ချင်မှလိုက်မှာ ..."

"လဝန်း သေချာပြောထားပါတယ် ကိုရဲ့၊ လိုက်မှာပါ"

"အင်းလေ ... ဒါဆိုလည်း ကိုယ် ဆက်ကြည့်လိုက်မယ်"

"ရန်ကုန်ကနေ ၃ နာရီသာသာပဲ မောင်းရတယ် ကို၊ ကိုတို့ မွန်းလွဲ ၂ နာရီလောက် ရန်ကုန်က ထွက်ခဲ့ရင် ဒီကို ညနေ ၅ နာရီကျော်လောက် ရောက်လာမှာ၊ လာခဲ့ နော် ... ကို"

"ကောင်းပြီလေ ..."

လဝန်းကို ကတိပေးလိုက်ပြီးနောက် စိတ်ပေါ့ပါးစွာ ခင့်ညိုဆီ ဖုန်းခေါ်လိုက်ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ကျွတ် … မိုးရွာတော့ ကားက မြန်မြန် မောင်းမရဘူးကွာ"

"ဖြည်းဖြည်းပဲ ထိန်းမောင်းလေ ထင်၊ အလျင်မှမလိုတာ မမောင်ခင်တော့ စိမ်းလဲ့တင်ကို ရောက်ပါတယ်"

ခင့်ညိုက စိတ်လောနေပုံရသည့် ထင့်ကို ငဲ့ကြည့်ရင်း ပြောမိသည်။

ပဲခူးအဝင်ကတည်းက ရွာလိုက်သည့် မိုးဟာ အထွက်ထိ မတိတ်သေး။

မိုးသည်းအောက်က စိမ်းလန်းသော စပါးခင်းများကို ကျယ်ပြန့်စွာ လှမ်းမြင်ရသည်။ သာယာစိမ်းလန်းသော သဘာဝပတ်ဝန်းကျင်က စိတ်ကြည်နူးဖွယ် ဖြစ်သော်လည်း ခင့်ညို ကတော့ လေးနက်စွာတွေးရင်း လိုက်ပါလာခဲ့မိတာပင် …။

လဝန်းရဲ့ လုပ်ရပ်တွေက နားမလည်စရာ ကောင်းလှသည် မဟုတ်လား …။





ထင်နဲ့ ဘယ်လိုမှ စိတ်ချလက်ချ မထားနိုင်ခဲ့တဲ့ ခင့်ညိုကို ခုလို ထင်နဲ့ နှစ်ယောက်အတူ လိုက်လာဖို့ ခေါ်တာဟာ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဟု ခင့်ညိုက ယူဆသည်။

ထင့်ကို ရောင်ဖယ်နေတဲ့ လဝန်းရဲ့ အပြုအမူဟာ မရိုးသား …။

ခင့်ညိုကို လိုတာထက်ပိုကာ အိုဗာဖြစ်စွာ လှိုက်လှဲကြည်ဖြူနေခဲ့တာကလည်း မရိုးသားမှုတစ်ခု …။

ထင်နဲ့ ခင့်ညိုကို နှစ်ယောက်တည်း ယတြာသွားချေခိုင်းတာ၊ နှစ်ယောက်ဆုံရအောင် ဖန်တီးပေးနေခဲ့တာတွေဟာလည်း သဘာဝ မရိုးသား။

ခုလို နှစ်ယောက်တည်းလိုက်လာဖို့ ခေါ်တာကတော့ အခင်မတန် သိသာသော မရိုးသားမှုကြီးတစ်ခု ဖြစ်ပါသည်။

မရိုးသားမှန်းသိရက်နဲ့ ဘာလို့မငြင်းသလဲဟု ခင့်ညိုကို မေးလာလျှင်တော့ …

ခင့်ညိုက ရိုးရိုးသားသားပဲ ဖြေချင်သည်။

ထင့်ဘေးမှာ နေခွင့်ရတဲ့ အချိန်ခဏလေးတွေကို မက်မောလွန်းလို့ ဖြစ်ပါသည်။

အပြီးတိုင် မဆုံးရှုံးရခင်မှာ ပိုင်ဆိုင်ခွင့် ရနေတဲ့ 'ခဏလေး' တွေကို တန်ဖိုးထားရလွန်းလို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ရှိနေခွင့်ရချိန်တွေမှာ ခင့်ညိုဘ
က မိန်းမသားမာယာဆိုတာကို ကြောင်လက်သည်းဖုက်သလို ဖု
ထားခဲ့သည်။

ထင့်ကို အရိုးသားဆုံး ဆက်ဆံခဲ့သည်။

ဘယ်လိုပဲ ရိုးသားတဲ့ မိန်းမမျိုးမှာမဆို မာယာ
တာ ရှိသည်။ အဲ့ဒီ မာယာကို အသုံးပြုတာနဲ့ မပြုတာပဲ ကွာ
မည်။

ခင့်ညိုညိုဟာ ဟိုတုန်းကလည်း ထင့်အချစ်ကို
မာယာမသုံးခဲ့ဖူးသလို ခုချိန်မှာလည်း သုံးဖို့ စိတ်ကူးမရှိ

"ရှေ့မှာ စစ်တောင်းတံတားတော့ မြင်ရပြီ၊ ရောက်
မယ်ထင်တယ်နော် ... ခင့်"

ထင်က လှည့်မေးတာမို့ ခင့်ညိုက အတွေးပျက်
ကာ တံတားဆီ လှမ်းမျှော်ကြည့်လိုက်ရင်း ...

"အင်း ... ဟုတ်တယ် ထင်၊ သိပ်မကြာပါဘူး၊ ရော
တော့မှာပါ"

"နင် အဆင်ပြေရဲ့လား ခင့် ..."

"အင် ... ဘာကိုလဲ"

"မြန်းစားကြီး ထလိုက်လာရလို့လေ၊ လဝန်းက အဲ့ဒီ
စိတ်ထင်ရာ လျှောက်လုပ်တတ်တော့ သူ့အနားက လူ
ပင်ပန်းရတယ်"





"ရပါတယ် ထင်ရယ်၊ ငါလည်း အဲ့ဒီကို ရောက်ဖူးချင်နေတာပါ၊ ကျိုက်ထီးရိုးသွားတုန်းက ဖြတ်သွားဖူးပေမယ့် မဝင်ဖြစ်ခဲ့ဘူးလေ၊ စာအုပ်တွေထဲမှာ ရေးထားတာ ဖတ်ရသလောက်တော့ မိုက်ပါတယ်၊ ပျော်စရာကောင်းမှာပါ"

"လဝန်းစိတ်ကလည်း အရူးစိတ်ဟ ... သိလား၊ ဟိုရက်က တွေ့တော့ လက်မထပ်ချင်ဘူးပြောပြီး ငါ့ကို ခပ်ပေါ့ပေါ့ စကားတွေ ပြောလွှတ်လိုက်တာ၊ ခုကျတော့လည်း သူက ဖုန်းစဆက်ပြီး ခေါ်ပြန်ရော၊ သူနဲ့ ငါနဲ့ကြားမှာ ဘာမှ မဖြစ်ခဲ့သလို ပုံစံမျိုးနဲ့ကွာ ... တော်တော်လေး အသည်းယားဖို့ ကောင်းတယ်"

အင်း ... လဝန်းက နင့်ကို အရူးလုပ်နေရုံ မဟုတ်ဘူး၊ ငါ့ကိုပါ အရူးလုပ်နေတယ်ဆိုတာရော နင် သိရဲ့လား ထင်။

ခင့်ညိုက ကားမောင်းနေသော ထင့် မျက်နှာကို သေမသာလေး ငဲ့ကြည့်ရင်း စိတ်ထဲက တီးတိုးမေးမိလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ဟုတ်ကဲ့ ခင်ဗျ၊ မလဝန်းလဲ့ပြာတို့အဖွဲ့က လွန်ခဲ့

နှစ်နာရီလောက်ကပဲ checkout လုပ်သွားပါပြီ၊ ကျိုက်ထီး

ဆက်တက်မှာမို့လို့ တောင်ပေါ်တက်တဲ့ကားတွေ မနား

ထွက်သွားတယ်လို့ ပြောခဲ့ပါတယ် ..."

လင်းရိပ်ထင်က ရီဆက်ရှင်က ညှော့ကြို အမျိုးသာ

စကားကြောင့် ငြိမ်သက်သွားပါသည်။ ပြီးတော့ ခင့်ညိုကို

ချက်လှည့်ကြည့်လိုက်သည်။ သူနဲ့ ခင့် မျက်လုံးချင်း ခဏဆုံ

မှာ စကားတွေအများကြီး ပြောပြီးသွားတာမို့ နှုတ်မှ ဘာစကား

မှ ဆက်ထွက်မလာတော့ပါ။

ဒီတစ်ကြိမ်မှာတော့ လဝန်းရဲ့ လုပ်ကြံမှုကြီးက

မရ ဖိမရ ဘွားခနဲ ပေါ်လာခဲ့တော့တာပင် ...။

"ဒီအချိန် တောင်ပေါ်တက်ဖို့တော့ မမီတော့ဘူး ခင်





ညနေဆို တောင်တက်ကားတွေ နားပါပြီ၊ ဒီမှာနားမယ်ဆို

ရင်တော့ နှစ်ယောက်ခန်း နှစ်ခန်း ကျန်ပါသေးတယ်"

ခင့်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိပြန်

သည်။

အပြင်ဘက်မှာတော့ မိုးတွေ သည်းကြီးမဲကြီး ရွာနေ

သည်။ အလင်းရောင်လည်း သိပ်မရှိတော့။ အချိန်က ညနေ ၆

နာရီခွဲ ကျော်နေပြီ။

မိုးသည်းညကြီးမှာ ကားမောင်းပြီးလည်း ပြန်မသွား

ချင် ...။

ထင်က ဘာမှမဆုံးဖြတ်တတ်သလို နှုတ်ပိတ်နေ

သည်။

ခင့်ညိုက ဆုံးဖြတ်ချက် ချကာ ...

"ကောင်းပြီ၊ အဲဒီ နှစ်ယောက်ခန်း နှစ်ခန်းပဲ ယူလိုက်ပါ

မယ်"

ဟု လှမ်းပြောလိုက်သည်။ ထို့နောက် ရီဆက်ရှင်မှ

သော့နှစ်ချောင်း ငှားကာ ဘန်ဂလို အခန်းတွေဘက်သို့ ထွက်လာခဲ့

ကြသည်။

မိုးရေထဲ ထီးကိုယ်စီဖြင့် နှစ်ယောက် ယှဉ်လျှောက်

နေရင်းက ခင့်ညိုက ထင့်ကို မျက်နှာချင်းဆိုင်၍ တုံ့ခနဲရပ်လိုက်

ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထင် ... နင် သိလား"

မိုးရွာနေတာကြောင့်ရယ်၊ စိတ်လှုပ်ရှား ဒေါသရယ် ကြောင့် ခင့်ညိုအသံက ပုံမှန်ထက်ကျယ်ကာ ခပ်ဆတ်ဆတ်ဖြစ် နေသည်။ ချမ်းလို့မဟုတ်ဘဲ ဒေါသကြောင့်လည်း တုန်ခိုက်နေ သည်။

"ဒါ ... လုပ်ကြံတာပဲ ထင်၊ အဲ့ဒါ အရမ်းသေချာတယ် နင်နဲ့ ငါ နှစ်ယောက်တည်း နီးစပ်တဲ့အခြေအနေမျိုးဖြစ် အောင် အရင်ကလည်း လုပ်ခဲ့တယ်၊ ခုလည်း လုပ်တယ် ဒီတစ်ကြိမ်ကတော့ အကြီးမားဆုံး လုပ်ကြံမှုပဲ၊ အဲ့ဒါ ဘာ သဘောလဲ ... ထင်၊ နင် စဉ်းစားကြည့်စမ်းပါ၊ သူ ဘာ သဘောနဲ့ ဒါမျိုးတွေ လုပ်နေခဲ့တာလဲ ..."

"ဆောရီးပါ ခင့်ရယ်"

"နီး ...၊ ဆာရီးလုပ်ရမှာ နင်မဟုတ်ဘူး၊ လဝန်းလဲ့ပြာက လုပ်ရမှာ ..."

ထင်က တိတ်ဆိတ်နေပြန်သည်။ သူ့ရဲ့ ကြေကွဲ နာကျင်နေသော မျက်ဝန်းတွေကို မိုးရေတွေခြားလျက် မြင်ရ သည်။

"ငါ သူ့ကို ဖုန်းဆက်ကြည့်ပါဦးမယ်၊ ခုန ခေါ်ကြည့်တော့ ဖုန်းမကိုင်သေးလို့ပါ"

"နင် ဆက်မခေါ်နဲ့တော့၊ ငါခေါ်မယ်၊ ပြောစရာရှိတာ





ငါ အကုန်ပြောလိုက်မယ် ထင်၊ ကဲ ... လာ ... မြန်မြန် မိုးမိပြီး ဖျားဦးမယ်၊ ခပ်မြန်မြန် လျှောက်ရအောင် ..."

ခင့်ညိုက ထင့်ကိုခေါ်ပြီး ရှေ့က သွက်သွက်လျှောက် ထွက်လာသည်။

မိုးတွေကလည်း သည်းဆဲပင် ...။

◆ ◆ ◆

"ဟဲလို ..."

"လဝန်း ... ငါပါ"

"ခင့် ... နင်တို့ ရောက်ပြီလား၊ ငါလည်း ကျိုက်ထီးရိုး သွားချင်လာတာနဲ့ ..."

"တော်ပြီ လဝန်း၊ နင့် အလိမ်အညာစကားတွေကို ရပ် လိုက်တော့၊ ငါ ငတုံး မဟုတ်ဘူး"

လဝန်းဘက်က တိတ်ဆိတ်သွားပါသည်။ ခင့်ညိုက ခဏငြိမ်ကာ ဒေါသကို ထိန်းလိုက်ရင်း ...

"နင် အသစ်တွေ့လို့ ထင့်ကို စိတ်မဝင်စားတော့ရင်လည်း တခြားနည်းနဲ့ ခွာထုတ်ပါလား လဝန်း၊ ဘာလို့ ငါ့ဘက် ကို တွန်းပို့နေရတာလဲ"

လဝန်းဘက်က တိတ်ဆိတ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ထင့်ကို မချစ်တော့ဘူးလား ..."

"... ... ..."

"ဖြေပါ လဝန်း၊ နင့်စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်း ဖြေပါ"

"မချစ်တော့ဘူး ..."

"ဒါဆို ငါ ချစ်လို့ ရပြီလား ..."

"နင် အစောကြီးကတည်းက စောင့်နေခဲ့တာလား"

"မဟုတ်ဘူး၊ ဒီနေ့မှ စစောင့်မလားလို့ပါ ..."

"ငါ့ဘက်ကတော့ ကန့်ကွက်စရာ မရှိပါဘူး၊ ထင့်အချ
ကို နင် ရပါ့မလားလို့ပဲ စိုးရိမ်တာပါ"

"ငါ မာယာသုံးမှာပေါ့ ..."

"မာယာ ! ..."

"ဟုတ်တယ် ..."

"ငါသိခဲ့တာတော့ နင်က မာယာ မရှိတဲ့ မိန်းမပဲလေ"

"နိုး၊ မရှိတာမဟုတ်ဘူး၊ မသုံးတာ၊ မိန်းမသားတွေ
ဗီဇစိတ်မှာ မာယာဆိုတာ ပါလာပြီးသားပါ၊ အသုံးမပြုချ
လို့သာ မသုံးဘဲ ပစ်ထားပေမယ့် မသုံးမဖြစ် သုံးဖို့လိုအ
လာရင်တော့လည်း အိပ်ပျော်နေတဲ့ မာယာဆိုတာ တစ်နေ
တော့ နိုးလာတတ်သေးတာပဲ ...၊ ရှိပြီးသား သံယော
အဖြူကို အထဲမှာမြုပ်ပြီး မာယာအကာလေးနဲ့ အုပ်ကြည
လိုက်ရင် အချစ်ဆိုတာ ဖြစ်လာမှာပဲလေ ..."





"ကောင်းပြီလေ ... နင် ကြိုးစားကြည့်လိုက်ပေါ့၊ အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

"သင့်ခ်ယူ ... သူငယ်ချင်း ..."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"အင့် ... ဟင့် ... အီး၊ ခင့်ညိုညို ကဝေမကြီး၊ ကတွက် ပေါက်က စောင့်နေတဲ့ ဖျိုင်းမကြီး၊ အီး ဟီး ဟီး ... ငါ ရည်းစားကို သူ့လက်ထဲ ထည့်ပေးတာတောင် ကျေးဇူးတင် ရကောင်းမှန်း မသိတဲ့ မိန်းမကြီး ... အီး"

လဝန်းလဲ့ပြာသည် ဖုန်းပိတ်ပြီးတာနှင့် အိပ်ရာပေါ် မှောက်ချလိုက်ပြီး အားရပါးရ ငိုပစ်လိုက်လေသည်။

အမှန်တော့ လဝန်းတို့က ရန်ကုန် ပြန်ရောက်နေကြ ပါပြီ ...။

ကျိုက်ထီးရိုးသွားသည်ဟု မှာထားခဲ့ပြီး ရန်ကုန်ကို ပြန်ခဲ့ကြတာပင် ...။ လဝန်းကားနဲ့ သွားကြတာမဟုတ်၊ မိုးတွေ လည်း ရွာနေတာမို့ လမ်းမှာ ကားချင်းဆုံပေမယ့်လည်း ထင်က လဝန်းတို့ကားကို သတိမထားခဲ့မိပါ။

လဝန်းနဲ့ အနီးကပ် အရင်းနှီးဆုံး လက်ထောက်





ကလေး ချိုသက်ကတော့ အခြေအနေအားလုံးကို အမှန်အတိုင်း ထားခဲ့သည်။

ခုချိန်မှာ လဝန်းရဲ့ လျှို့ဝှက်ချက်ကို သိသူဆိုလို့ သက်တစ်ယောက်သာ ရှိပါသည်။ ချိုသက်သာ လဝန်းကို သိမ့်နိုင်ပါသည်။

လဝန်း ခုလို ဆုံးဖြတ်တာ မှန်သလား မှားသလား တော့ မသိပါ ...။

လဝန်းချစ်သော ကို့အတွက် ဒီလိုလုပ်ပေးခြင်းသာ ကောင်းဆုံးဟု လဝန်းက ထင်ခဲ့တာပင်။

လဝန်း ဘန်ကောက်သွားတုန်းက မကြာခဏ ခေါင်း ကိုက်နေခဲ့တာမို့ ဆေးရုံတစ်ခုကိုသွားကာ MRI (ဦးခေါင်း ဓာတ် ) ရိုက်ဖြစ်ခဲ့ပါသည်။

ရလာခဲ့တဲ့ အဖြေဟာ လဝန်းဘဝကို ပြောင်းပြန်လှန် ခဲ့တဲ့ အဖြေဖြစ်ခဲ့ပါသည်။

ဦးနှောက်မှာ တွေ့ရတဲ့ အကျိတ်တချို့ဟာ ဦးနှောက် အကျိတ်ကင်ဆာဟူသော အဖြေကို ပေးခဲ့ပါသည်။

အဲ့ဒီတုန်းက ငိုလိုက်ရတာ မပြောပါနဲ့တော့။ တစ်ခါ ည်း ရူးသွားမလားလို့တောင် ထင်ခဲ့မိတာ ...။

လဝန်းရဲ့ ခေါင်းထဲက အကျိတ်ရဲ့ အရွယ်အစားအရ သလို့ မလွယ်ကူနိုင်တော့တာမို့ လဝန်းဟာ လူ့ဘဝကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆုံးနေရလှ တစ်နှစ်ပဲဟူသော အခြေကြောင့် ရှုးသွပ်မတတ်
ခံစားခဲ့ရပါသည်။

လဝန်း ကိုယ့်အခြေအနေ ကိုယ်သိရချိန်မှာ ပထ
ဆုံး စဉ်းစားခဲ့မိတာက ကို့ အတွက်ပင် ... ။

ကို့ကို လဝန်းအတွက် မခံစားရစေချင် ...။

လဝန်းက နောက်တစ်နှစ်လောက်သာ နေရတော့မ
မို့ လဝန်းမသေခင် ကို့ကို သင့်တော်ရာကလေးနဲ့ နေရာချပေး
ချင်တာပင် ...။

ဒီကမ္ဘာမှာ လဝန်းလဲ့ပြာက လွဲရင် ကို့ကို အချ
နိုင်ဆုံး မိန်းမဟာ ခင့်ညိုညိုသာ ဖြစ်ပါသည်။

ခင့်ညိုဟာ ကိုနဲ့ အသင့်တော်ဆုံး၊ ကို့အတွက် နွေ
ထွေး ပျော်ရွှင် အောင်မြင်တဲ့ မိသားစုဘဝလေးကို တည်ဆော
ပေးနိုင်မယ့် မိန်းမမျိုးဖြစ်ပါသည်။

ခင့်ညိုမှာ လဝန်းအားကျရသည့် အရည်အချင်းတွေ
ရှိသည်။ ခင့်ညိုကို အားကျရာကနေ မနာလိုဖြစ်ခဲ့မိပေမယ့်လည်
သူငယ်ချင်းသံယောဇဉ်ကတော့ ရင်ထဲမှာ မပျောက်မပျက် ရှိနေ
တုန်းပင် ...။

ခင့်ညိုဟာ ကို့ကို ချစ်ပေမယ့်လည်း သူ့အချစ်တွေ
ကို လှစ်ဟမပြဘဲ တိတ်တဆိတ် သိမ်းဆည်း သိုဝှက်ထားနိုင်
သည်။ ခင့်ညို ရင်ထဲကို လှမ်းမြင်ရသဖြင့်သာ သဝန်တိုခဲ့မိပေမယ်





ခင့်ညိုဟာ လဝန်း မကြည်ဖြူဘဲ ကို့ကို လုယူမည့် အရုက်မရှိ
မိန်းမမျိုးတော့ မဟုတ်ခဲ့တာကို လဝန်း သိခဲ့ပါသည်။

ကို့ကိုတော့ လဝန်းက စိတ်မချချင်။ ကို့ရင်ထဲက
ခင့်ညိုအပေါ်ထားတဲ့ သံယောဇဉ်ပမာဏက ထုထည်ကြီးမားနိုင်ခဲ့
သည်။ ခင့်ညိုအပေါ် အားကိုးအထင်ကြီးစိတ်လည်း ရှိသည်။
ရင်းနှီးမှု၊ အပြန်အလှန် နွေးထွေးမှုလည်းရှိသည်။ အဲ့ဒါတွေအားလုံး
ပေါင်းရင် အချစ်ထက်တောင် ထုထည်ကြီးမားလိမ့်မည်။

ရင်ခုန်မှုလေး တစ်ခုသာ လိုအပ်တာပါပဲ ...။

ရင်ခုန်စိတ်လှုပ်ရှားမှုလေး တစ်ခုကိုသာ ခင့်ညိုက
ဖန်တီးပေးခဲ့လျှင် ကို့နှလုံးသားအတွင်းတစ်နေရာက ခင့်ညိုအတွက်
ရှိနေတဲ့ ချစ်မေတ္တာဟာ ရုန်းကြွလာမှာ အသေအချာ ...။

အမှန်တော့ ကိုဟာ ရင်ခုန်မှုကဲစွာ လဝန်းလဲ့ပြာကို
ချစ်ခဲ့ပြီး ... ခင့်ညိုကိုတော့ နက်ရှိုင်းသိပ်သည်း လေးနက်သော
ခံစားမှုမျိုးနဲ့ တွယ်တာခဲ့တာ၊ တန်ဖိုးထားခဲ့တာ။ ဒါကို သူကိုယ်
တိုင်တောင် မသိပေမယ့် လဝန်းက သိခဲ့ ရိပ်မိခဲ့ပါသည်။

ဒီကမ္ဘာမှာ လဝန်းမရှိတော့ဘူးဆိုလျှင် ကိုဟာ
ခင့်ညိုနဲ့သာ လက်တွဲသင့်သည်ပင်။

ကို ဘယ်လို မိန်းမမျိုးနဲ့ အိမ်ထောင်ပြုမယ် မသိဘဲ
လဝန်းက သေမသွားချင် ...။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညိုလို မိန်းမမျိုးနဲ့ လက်တွဲတာကို မြင်ပြီး စိတ်ချလက်ချ သွားချင်ခဲ့ပါသည်။

ဒါကြောင့်ပဲ ကိုနဲ့ ခင့်ညိုတို့ ပြန်ပြီးနီးစပ်ခွင့်ရအော လဝန်းက ကြိုးစားကြည့်ခဲ့မိပါသည်။

ဘန်ကောက်က ပြန်မလာခင်ကတည်းက ဒီလိုစိ ကူးကြံစည်ခဲ့ပြီးဖြစ်တာမို့ ခင့်ညိုနဲ့ ကို့ကို အမှန်တကယ် လေယာ ဆိုက်ရောက်ချိန်ထက် တစ်နာရီစောပြီး လာကြိုဖို့ခေါ်ခဲ့သည အတူရှိချိန်ကလေးတွေ ရှည်ကြာပြီး ရင်းနှီးမှု ပိုရလာအောင် ဖန် ခဲ့သည်။

ခဏခဏ ဟင်းဝင်ဝယ်ဖို့ မှာခဲ့သည်။ စာအုပ်သွ ဝယ်ခိုင်းခဲ့သည်။ ယကြာ သွားချေခိုင်းခဲ့သည်။ အတူရှိချိန်ကလေ တွေ ဖန်တီးပေးခဲ့ပြီးမှ လဝန်းဘက်က စိမ်းကားယောင်ပြ၍ ရှော ဖယ်ခဲ့ပါသည်။ လဝန်းဆီမှာ အကြီအမြဲလာအပ်နေတဲ့ မင်းသ သစ်ကလေးကို သဘောကျတာမို့ မင်းသမီးလေးနဲ့ အောင်သွ ပေးဖို့ လာလာဂျီကျနေတဲ့ မော်ဒယ် ကောင်းဇေနဲ့ လဝန်း အထင်လွဲမှန်း သိပေမယ့် လဝန်းက မဖြေရှင်းခဲ့ပါ ...။

လဝန်း ဒီလိုလုပ်တာ သိပ်စိတ်ကူးယဉ်ဆန်န သလား။ ယုတ္တိကင်းမဲ့နေလေသလား။ အဓိပ္ပာယ်မရှိဘူးလာ ပေါကြောင်ကြောင် ဖြစ်နေသလား။ ဘာပဲဖြစ်ဖြစ် ကို လဝန်း စိတ်နာသွားရင်လည်း အကောင်းသားပင်။





ကို့ ရည်းစားအဖြစ်နဲ့တော့ လဝန်း အသက်မထွက် ချင် ...။

ဘယ်သူ့ရည်းစားမှ မဟုတ်ဘဲ အနှောင့်အဖွဲ့ကင်းသူ တစ်ယောက်အဖြစ်သာ အသက်ထွက်ချင်သည်။

လဝန်းသေလို့ ကို ဝမ်းနည်းမည်ဆိုလည်း လဝန်း ရည်းစားနေရာကနေ ဝမ်းနည်းရတာထက် ခင့်ညိုရည်းစားနေရာက နေ ဝမ်းနည်းရတာကို ပိုပြီး သက်သာရာရမည်ထင်သည်။

ကိုယ့်အတွေးနဲ့ကိုယ် အတွေးမျိုးစုံ တွေးပြီး အကွက် ချ စီစဉ်နေခဲ့တဲ့ လဝန်းဟာ အပူရုပ်ကို ဟန်လုပ်လို့တော့ နေနိုင် ခဲ့သည်။ လဝန်းရဲ့ လျှို့ဝှက်ချက်ကို လဝန်း မိသားစုကိုလည်း ပြောမပြခဲ့။ သူငယ်ချင်းတွေကိုလည်း မပြောခဲ့။ သူငယ်ချင်း တစ်ယောက်ယောက် သိတာနဲ့ ခင့်ညိုရော ... ကိုရော သိမှာမို့ သူငယ်ချင်းတွေကိုလည်း မပြောခဲ့ ...။

အနီးကပ်အဖော်လေးဖြစ်တဲ့ ချိုသက်ကိုမှ မပြောရင် လဝန်း မွန်းကျပ်ပြီး ရူးသွားနိုင်တာမို့ လဝန်း ခံစားရသမျှကို ချိုသက် တစ်ယောက်ကိုတော့ ပြောဖြစ်ခဲ့ပါသည်။

"မမ ... မငိုပါနဲ့ မမရယ်၊ မမပဲ အဲ့ဒီလို ဖြစ်စေချင်တာဆို၊ ခင့်ညိုနဲ့ဆို စိတ်ချတယ်ဆို ..."

ချိုသက်က လဝန်းဘေးမှာ ထိုင်ပြီး လဝန်းကို ချော့ မော့တော့မှ လဝန်းက ပိုပြီး ငိုချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အီးဟီး ... ဒါတော့ ဒါပေါ့ဟဲ့၊ ဒါပေမယ့်လည်း ငါ့ရည်းစားကို သူများလက်ထဲ ထည့်ရတာ မခံစားရဘဲ နေမလဲ ဟဲ့"

"အင်း ... အဲ့ဒါတော့ ဟုတ်ပါတယ် မမရယ်၊ မိုးတွေလည်း သည်းလိုက်တာနော်၊ မိုးရွာထဲ မောင်းရတာဆိုတော့ သူတို့လည်း မိုးချုပ်ခါနီးမှ ရောက်လို့ ခုမှ မမဆီ ဖုန်းဆ တာဖြစ်မယ်၊ ဟိုတယ်မှာ အခန်းမှ ရပါ့မလားမသိဘူ နှစ်ခန်းရမှ တစ်ယောက်တစ်ခန်း နေဖို့ အဆင်ပြေမှာ တစ်ခန်းတည်းရရင်တော့လည်း ... ဟင်း ..."

"အင် ..."

မအူမလည် ချိုသက်က ပူပူပင်ပင်လေး ညည်းတွ ပြောဆိုပြီး အဆုံးမှာ သက်ပြင်းကလေးတောင် ချလိုက်ပါသည်

လဝန်းမှာ ချိုသက်ကြောင့် လန့်ဖျပ်ကာ အငိုတော တိတ်သွားရပါသည်။

"ဟဲ့ ... မဟုတ်တာတွေ လျှောက်စဉ်းစားမနေနဲ့၊ သူတို့ ရည်းစားလည်းမဟုတ်၊ လင်မယားလည်း မဟုတ်ဘဲ တ ခန်းတည်း နေစရာလားဟဲ့ ..."

"သြော် ... မမရယ်၊ သူတို့က မနေချင်ပေမယ့် အခန်းမ တဲ့အဆုံး ဆိုရင်တော့လည်း ..."





"ဘာလို့ မရရမှာလဲ၊ ရကိုရတယ်၊ မရတဲ့အဆုံးကျ ညတွင်းချင်း ရန်ကုန်ပြန်လာလိမ့်မယ်"

"မိုးတွေရွာနေတာကို"

"ရွာ ... ရွာ ဘာဖြစ်လဲ"

"ကိုလင်းရိပ်ထင်က ညဘက်ကြီး ခရီးဝေး ကားမမောင်းနိုင်ဘူးဆို"

"ခင့်ညို မောင်းလိမ့်မယ်"

"မခင့်ညိုက မိုးသည်းရင် ကားမမောင်းရဲဘူးဆို"

"ချိုသက် ..."

"ရှင် ... မမ"

လဝန်းက ဒေါသဖြင့် ခေါ်လိုက်တော့ ချိုသက်က ကြောင်ကြောင်လေး ပြန်ထူးသည်။

"နင် ငါတို့ နှစ်သိမ့်နေတာလား၊ မီးထိုးပေးနေတာလား"

"နှစ်သိမ့်နေတာပါ မမရဲ့"

"နှစ်သိမ့်တယ်ဆိုလည်း စကားကို အချွန်တွေ အညှောင့်တွေ အတက်တွေနဲ့ ပြောမနေနဲ့"

"မမကလည်း ..."

"ဘာပြောချင်သေးတာလဲ ..."

"မမပဲ ဒီလိုဖြစ်အောင် ဖန်တီးခဲ့ပြီးကော"

"ဟဲ့ ... ငါဖန်တီးတာက ကို ငါ့ကို နာကြည်းသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ၊ ငါ ဒီလိုဖန်တီးခဲ့လို့ ညတွင်းချင်း မှောက်ရ
သွားမယ့်လူတွေ မဟုတ်ဘူးဆိုတာ ယုံလို့လုပ်တာ ...

"ခုန မခင့်ညို ဖုန်းဆက်တော့ မမကို ဘာပြောလဲ"

"မာယာသုံးမလို့တဲ့"

"ကဲ ... အဲ့ဒါပဲလေ၊ အဲ့ဒါဆို ပြီးပြီပေါ့၊ မိုးကလည်းချု
နေပြီ၊ ဟိုတယ်မှာလည်း နှစ်ယောက်တည်း အခုလောက်
မာယာသုံးနေပြီဆိုတော့ ..."

"ချိုသက် ... ငါစိတ်တိုလာပြီနော်၊ သူပြောတဲ့ မာယာ
တာ အောက်တန်းကျတဲ့ ပေါက်ကရ မာယာကို ပြော
မဟုတ်ဘူးဟဲ့၊ သူ့ကိုချစ်လာအောင် ဆွဲဆောင်မယ့်
တာ၊ ပညာသားလေးနဲ့ အိုက်တင်လေး အထာလေး
ပြောဆို ဆက်ဆံမှာကို ပြောတာ ..."

"အတူတူပဲ မဟုတ်လား"

"တူစရာလား ... နလပိန်းတုံးရဲ့၊ ခင့်ညို အဲ့ဒီလော
အောက်တန်းမကျတာ ငါသိတယ်"

"ဒါနဲ့ မမ ဒီနေ့လည်း ခေါင်းမကိုက်ဘူးနော်"

"ဪ ... အင်း ... ဟုတ်ပ၊ ငါကလည်း ဘန်ကောက်
ပြန်လာကတည်းက ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်
မြည်ရော၊ ဘယ်နေ့ ခေါင်းတအားကိုက်လာမလဲ စေ
နေတာတောင် ခုထိ တစ်ခါမှကို မကိုက်တော့ဘူး"

---
ပုညခင်စာအုပ်တိုက်



"မမဥစ္စာ ဟုတ်ရောဟုတ်ရဲ့လား"

"ဟမ် ... ဘာကိုလဲ"

"ရောဂါရှိတယ်ဆိုတာ ဟုတ်ရောဟုတ်ပါ့မလားလို့၊ မမ
ကြည့်ရတာ ကျန်းကျန်းမာမာ လန်းလန်းဖြာဖြာကြီး"

"အေး ... ငါလည်း အဲ့ဒါ စဉ်းစားနေတာ၊ ငါ့ခေါင်းထဲက
အကျိတ်က ငြိမ်ချက်သားကောင်းလွန်းလို့ မေ့တောင်နေ
တယ် ... တကယ်"

လဝန်းက တကယ်လည်း မေ့ချင်သလိုတောင် ဖြစ်
ခဲ့တာပါ။ သိခါစတုန်းကတော့ ဒီကိစ္စကို သတိရတိုင်း ငိုသည်။
သွားလိုက်တိုင်း ကြောက်သည်။ ညည အိပ်မက်တွေမက်ပြီး လန့်
သန့်နိုးသည်။

နောက်တော့ မလုပ်မဖြစ် လုပ်ရမယ့်အလုပ်တွေထဲ
တ်နစ်ပြီး ကိုယ့်ကိစ္စကို မေ့သွားသည်။ မေ့ဆို လဝန်းမှာ ဘာ
ဒနာမှ မခံစားရဘဲကိုး။ ခေါင်းလည်းမမူး၊ ခေါင်းလည်းမကိုက်၊
ာန်းနေတာမျိုးလည်း မဖြစ် ...။

ခုဆို ဦးခေါင်းဓာတ်မှန်ရိုက်လာခဲ့တာ ခြောက်လဖြင့်
နေပြီ။ ကျန်းမာရေးအရ အနှုတ်လက္ခဏာရယ်လို့ နှာစေး ချောင်း
ဆိုးလေးတောင် မဖြစ်ခဲ့ ...။ ချိုသက်ပြောသလို ကျန်းမာလန်းဖြာ
နေကာ အလုပ်တွေကိုလည်း တက်တက်ကြွကြွ လုပ်နိုင်ခဲ့
သည်။

---
ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သိခါစမှာ စိတ်ဓာတ်တွေ ကျနေခဲ့ပေမယ့်လည်း မိသားစုရှေ့မှာရော ခင့်ညိုနဲ့ ကို့ရှေ့မှာပါ ဟန်မပျက် နေခဲ့သည်။ လဝန်းက ဟန်ဆောင်ကောင်းလှတာမို့ လဝန်း စိတ်ဓာတ်ကျနေ တာကို လဝန်းရဲ့ မိသားစုတောင် မသိခဲ့။

လဝန်းဟာ စိတ်ဓာတ်ရင့်ကျက်သူတော့ မဟုတ် သို့သော် ပေါ့ပေါ့ပါးပါးနှင့် စိတ်ညစ်လွယ် ပျော်လွယ် မေ့ပျော် လွယ်သူမျိုး။ လဝန်းစိတ်ညစ်လျှင် အနားက ချိုသက်ကို တဂိုး ပြောဆို ညည်းတွားရင်ဖွင့်ပြီးရင် ပေါ့သွားပြီ။ လုပ်စရာရှိတာ လုပ်နိုင်ပြီ။ စိတ်ညစ်တော့ ငိုလိုက်သည်။ စိတ်ပျော်ရင် ရယ်လိုက် သည်။ စိတ်ကို ချုပ်တည်း နှောင်ဖွဲ့ လေးပင် ရင်နှင့် ခံစားရ ပင်ပန်းလွန်းသည်ဟု ထင်ခဲ့သူပင်။

"မမ ... ဆေးစစ်ချက် အဖြေများ မှားသလား"

"မှားတော့ မမှားလောက်ဘူး ထင်ပါတယ်ဟယ်"

လဝန်းက ချိုသက်ကိုပြောရင်း ဦးခေါင်းဓာတ်မှန် ရိုက်ခဲ့သည့် ဆေးရုံအကြောင်းကို ပြန်စဉ်းစားကြည့်ပါသည်။

လဝန်း ဦးခေါင်းဓာတ်မှန် ရိုက်ခဲ့သည့် ဆေးရုံ ဘန်ကောက်မှာ အရမ်းနာမည်ကြီးသည့် ဆေးရုံမျိုးတော့ မဟုတ် အတော်အသင့် အဆင့်သာရှိသည့် ဆေးရုံမျိုးပင်။

ထိုဆေးရုံက လဝန်းတို့ တည်းခိုသည့် နေရာနှင့်နီး





လဝန်းတို့အဖွဲ့ထဲက အစ်မတစ်ယောက်နဲ့ ရင်းနှီးသည့် ဆရာဝန် တစ်ယောက်လည်း ရှိတာမို့ ထိုဆေးရုံမှာ စစ်ဖြစ်ခဲ့တာပင်။

"မမ ... ရှေ့လထဲ စင်ကာပူ သွားစရာရှိတယ် မဟုတ်လား၊ စင်ကာပူက ဆေးရုံမှာ နောက်တစ်ခါ စစ်ကြည့်လိုက်ပါ လား ..."

ချိုသက်ရဲ့ အကြံကလည်း မဆိုးပါ။ ရှေ့လထဲမှာ လဝန်းရဲ့ အစ်မတစ်ယောက်က စင်ကာပူမှာ မင်္ဂလာဆောင်မှာမို့ လဝန်း စင်ကာပူကို သွားစရာရှိပါသည်။ အစ်မရဲ့ ဝတ်စုံကိုလည်း လဝန်းပဲ ချုပ်ပေးပြီး ယူသွားရမှာမို့ မဖြစ်မနေ သွားရမှာပင်။ ပြီးတော့ စင်ကာပူဆိုတာ လဝန်းနဲ့ မစိမ်း။ မမဆီ မကြာခဏ အလည်ရောက်နေကျမို့ သွားတတ်လာတတ်ရှိသည်။ စင်ကာပူက မောင့်အဲလိဇဘက် ဆေးရုံမှာ အလုပ်လုပ်နေသည့် မိတ်ဆွေ ဆရာ ဝန် တစ်ယောက်လည်း ရှိသည်။ လဝန်းတစ်ယောက်တည်းသွားပြီး စစ်ဆေးလို့လည်း ရတာပင်။

"မမ ... ဒီည ဒီမှာအိပ်မှာလား"

ချိုသက် မေးခွန်းကြောင့် လဝန်းက နာရီတစ်ချက် ကြည့်လိုက်ရင်း ...

"ဆယ်နာရီလည်း ခွဲနေပြီ၊ ငိုထားတဲ့ ငါ့မျက်နှာကြီးကို မာမီမြင်မှာလည်း ကြောက်ရသေးတယ်၊ ဒီမှာ အိပ်လိုက် တာပဲ ကောင်းပါတယ်၊ နင်လည်း ဒီမှာအိပ်လေ၊ ငါ

www.burmeseclassic.com



မာမီ့ဆီ ဖုန်းဆက်ပြောလိုက်ဦးမယ်၊ နင်လည်း နင့်အိမ်ကို ဖုန်းဆက်ပြောလိုက်ဦး"

လဝန်းက ဒီညတော့ ဆိုင်အပေါ်ထပ်က အခန်းထဲမှာပဲ အိပ်ဖို့ ဆုံးဖြတ်လိုက်သည်။ လဝန်းရဲ့ အလုပ်ခန်းက မြေညီနှင့် ပထမထပ် ဟောင်ကောင် နှစ်လွှာတိုက်ခန်းမှာ ရှိပါသည်။ မြေညီထပ်မှာက ဧည့်ခန်းနှင့် ဝန်ထမ်း မိန်းကလေးတွေရဲ့ အလုပ်ခန်း ရှိသည်။ အပေါ်ထပ်မှာက လဝန်းရဲ့ သီးသန့်အလုပ်ခန်းနှင့် လဝန်း နားနေဖို့ အိပ်ခန်းတစ်ခန်း ရှိပါသည်။ အကယ်ဒမီပွဲအတွက် ဖက်ရှင်ရှိုးပွဲတွေအတွက် အလုပ်များသည့် အချိန်တွေမှာ လဝန်းက အိမ်မပြန်တော့ဘဲ ချိုသက်နှင့်အတူ အပေါ်ထပ်အိပ်ခန်းမှာ အိပ်လေ့ရှိတာပင်။ ဒီနေ့လည်း ခရီးက ပြန်လာပြီးကတည်းက ဒီအခန်းမှာပဲ ရှိနေခဲ့ကြတာ ဖြစ်ပါသည်။

လဝန်းက မာမီ့ဆီ ဖုန်းခေါ်လိုက်ပါသည်။

"ဟဲလို ... မာမီ ... လဝန်းပါ"

"သမီး ... ဘယ်ကဆက်နေတာလဲ"

"လဝန်း အလုပ်ခန်းကပါ မာမီ"

"ဟင် ... ပြန်ရောက်နေတာလား၊ မာမီက သမီးတို့ စိမ်းလဲတင်မှာ တစ်ည ဆက်အိပ်မယ်မှတ်လို့"

"မအိပ်ဖြစ်တော့ပါဘူး မာမီ၊ လဝန်းတို့ မိုးချုပ်မှပြန်ရောက်တာ၊ အလုပ်ကိစ္စလေးတွေရှိလို့ ဆိုင်ကိုဝင်နေတာ၊ ဒီည





တော့ ချိုသက်နဲ့ ဒီမှာပဲ အိပ်လိုက်တော့မယ် မာမီ၊ မနက်မှပဲ ပြန်ခဲ့တော့မယ် ..."

"သမီး အသံက နွမ်းလှချည်လား၊ နှာခေါင်းသံလည်း ပါနေသလိုပဲ"

"မိုးမိပြီး အအေးမိလာလို့ပါ မာမီ၊ ခရီးနည်းနည်းပန်းလာလို့ပါ"

"ဒါဆိုလည်း စောစောအိပ်ပြီး အနားယူလိုက်လေ သမီး၊ မာမီလည်း မနေ့တုန်းက ညည်း အန့်တီနွယ်နဲ့ လိုက်သွားမိတာ စိတ်ပန်းလူပန်းပါပဲအေ ..."

အန့်တီနွယ်ဆိုတာ မာမီ့သူငယ်ချင်း ဒေါ်သက်သက်နွယ်ကို ပြောတာပင် ...။ အန့်တီနွယ်က လဝန်းနှင့်လည်း ရင်းနှီးခင်ပါသည်။

"အန့်တီနွယ် ဘာဖြစ်လို့လဲ မာမီ"

"သူ့အကြောင်းလည်း သမီးသိတဲ့အတိုင်းပဲ၊ သူ့ခန္ဓာကိုယ်မှာ ရောဂါတစ်ခုခု ရပြီဆို အင်မတန် ပုံကြီးချဲ့တတ်တဲ့ အမျိုးလေ၊ အဲ့ဒီလို ပုံကြီးချဲ့တတ်တဲ့သူက သူ့ထက် ပုံကြီးချဲ့ချင်တဲ့ ဆရာဝန်နဲ့လည်းတွေ့ရော သေးတဲ့အမှုက ကြီးသွားပါလေရော ..."

လဝန်းက အန့်တီနွယ်ကို မြင်ယောင်ပြီး ပြုံးမိသည်။ အန့်တီနွယ်ဟာ သူ့ခန္ဓာကိုယ်ကို ခြင်ကိုက်လို့ အနီစက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာရင်တောင် သွေးလွှန်တုပ်ကွေးကြောင့်လား၊ ဝဲလား ... ယားနာလား ... 'အလာဂျီ' ထတော့မလားရယ်လို့ ပူပန်သော[...] များကာ ဆေးရုံဆေးခန်း ပြေးပြရမှ ကျေနပ်တတ်သူပင်။

"ထုံးစံအတိုင်းပဲပေါ့ မာမီရယ် ..."

"ဒီထုံးစံကတော့ နည်းနည်း အထိနာပါတယ်အေး၊ သူ[...] ဘာသာ အအေးမိပြီး ငွေ့ငွေ့လေးဖျားလို့ ခေါင်းကိုက်[...] ကို တကယ့် ဝေဒနာကြီး ခံစားရတဲ့အလား ဆရာဝန်[...] မှာ ရောဂါသည်းပြတော့ ဆရာဝန်က သူ့ခေါင်းကို ဓာ[...] မှန်ရိုက်ခိုင်းလိုက်ရော၊ ဦးခေါင်းဓာတ်မှန်ရိုက်တာက နာ[...] ဝက်ကျော်ကျော်တောင် ကြာတာလေ၊ မာမီ တစ်ယော[...] တည်း ဓာတ်မှန်ခန်းထဲ ဝင်စောင့်နေရတာ၊ ရိုက်ပြီး[...] ပြန်ထွက်လာရတော့ ပြီးပြီထင်တာ၊ နောက်သိပ်မကြာ[...] ဓာတ်မှန်ကြည့်တဲ့ ဆရာဝန်က တစ်နေရာလေးကြည့်ရ[...] မသေချာလို့ဆိုလား နောက်တစ်ခါ ထပ်ရိုက်ရပြန်ရော[...] အခန်းထဲကို ၁၅ မိနစ်လောက် ဝင်နေလိုက်ရပြန်ရော ... ဒီလို ဓာတ်မှန်ဆိုတာကလည်း သေချာရိုက်မှလေ၊ တ[...] တလေ စက်ချို့ယွင်းမှုကြောင့်လည်း error (မှားယွင်းချ[...] တွေ ပြတတ်တယ်လို့ မာမီကြားဖူးတယ်၊ တစ်ခါ နိုင်ငံခြ[...] ကားတစ်ကားထဲမှာ ဓာတ်မှန်မှာထင်နေတဲ့အစက်အပြော[...] လိုဟာမျိုးတွေကို အကျိတ်လို့ထင်ပြီး ဦးနှောက်အကျိ[...]





ကင်ဆာလို့ မှားပြီး နာမည်တပ်မိတာမျိုး တွေ့ဖူးထားတော့ မာမီလည်း စိုးတထိတ်ထိတ်ပဲ၊ ဒီနေ့ အဖြေရလို့ ဘာမှမဖြစ်ဘူးဆိုမှ သက်ပြင်းချနိုင်တော့တာ ..."

မာမီ့ စကားတွေအဆုံးမှာ လဝန်းက တွေဝေတိတ်ဆိတ်သွားခဲ့ပါသည်။

"ကဲ ... ကဲ ... သမီး အိပ်တော့၊ ဂွတ်ဒ်နိုက် ..."

"မာမီ ..."

ဖုန်းချတော့မည့်ဆဲဆဲ မာမီက လဝန်းခေါ်သံကြောင့် ဖုန်းမချသေးဘဲ ...

"ဟင် ... ဘာလဲ သမီး၊ ဘာပြောစရာရှိလဲ"

"ဟို ... အဲ့ဒီလို ဓာတ်မှန်တွေက မှားတတ်သလားဟင်"

"မှားတတ်တာပေါ့ သမီးရဲ့၊ ဒီမှာတော့ မာမီ မကြားမိသေးဘူး၊ နိုင်ငံခြားက ဆေးရုံတွေမှာတောင် မှားဖူးတယ်လို့တော့ ကြားဖူးတာပဲ ..."

မာမီ့အဖြေက လဝန်းကို ရင်ခုန်စေပါသည်။

"မာမီ ... ဒါပဲနော် ... ဂွတ်ဒ်နိုက်"

လဝန်းက အနည်းငယ် ပေါ့ပါးသောစိတ်ဖြင့် ဖုန်းချလိုက်ပါသည်။

◆ ◆ ◆

www.burmeseclassic.com

♥ ♥ ♥

"ဒေါက် … ဒေါက်"

တံခါးခေါက်သံကြောင့် လင်းရိပ်ထင် အိပ်ရာမှ နိုးလာပါသည်။ နိုးနိုးချင်း ခဏဇဝေဇဝါဖြစ်နေပြီးမှ ဒါဟာ စိမ်းလဲ့တင်ရဲ့ မနက်ခင်းပဲဟု သတိရသည်။

သူက အိပ်ရာမှ ထကာ တံခါးဖွင့်လိုက်တော့ ခင့်ညိုရဲ့ ကြည်လင်သော အပြုံးမျက်နှာလေးကို မြင်ရသည်။

"မောနင်း … ထင်"

"မောနင်း … ခင့်"

ခင့်က မဝတ်စဖူး လှုငယ်ဆန်ဆန် ဒူးခေါင်းသာသာ ဘောင်းဘီအဖြူရောင် အကျပ်လေးနှင့် စပို့ရှပ် လိမ္မော်ရောင်လေး ဝတ်ထားတာမို့ သူက ပြုံးစိစိနှင့် မျက်ခုံးပင့်လိုက်မိသည်။ ခင့်နောက်မှာတော့ စက်ဘီးနှစ်စီးက ရပ်လျက်သား …။

"စက်ဘီးတွေက ဘာလုပ်ဖို့လဲ"





"စီးဖို့ပေါ့၊ နင်နဲ့ငါ တစ်ယောက်တစ်စီး စီးပြီး ဒီဥယျာဉ်ထဲ ပတ်မယ်လေ၊ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါးပေါ့၊ ကျန်တာတွေ ခဏမေ့ထား … အိုခေနော်၊ သွားတော့မျက်နှာသစ်ပြီး အမြန်ထွက်လာခဲ့တော့ …"

ခင့်ညိုက သူ့အခန်းတံခါးကို ပြန်ဆွဲပိတ်ပေးလိုက်မို့ သူက ပြုံးမိရင်း ရေချိုးခန်းဘက်သို့ လျှောက်လာခဲ့ပါသည်။

ခင့်ညိုကြောင့်သာ လဝန်းနဲ့ ပတ်သက်တဲ့ နာကျင်က်တဲ့ ခံစားမှုကို မေ့လျော့ထားနိုင်တာ ဖြစ်မည်ထင်ပါသည်။

မနေ့ညတုန်းက မိုးတွေလည်း သဲကြီးမဲကြီး ရွာနေခဲ့မို့ ညနေစာကို အခန်းကိုလာပို့ဖို့မှာပြီး ခင့်အခန်းရှေ့ စားပွဲးမှာ အတူစားဖြစ်ခဲ့ကြပါသည်။

ခင့် အခန်းနဲ့ သူ့ အခန်းက ဘေးချင်းယှဉ်နေပြီး ဂလို နှစ်ခုကြားမှာ ကျောက်စရစ်အလုံးကြီးတွေနှင့် ဒီဇိုင်းလုပ်ားသော တံတိုင်း အကာအရံ နိမ့်နိမ့်လေးရှိသည်။ အခန်းတွေမှာ ကားပါကင်ပါတာမို့ သူ့အခန်းရှေ့မှာပဲ ကားကို ပါကင်ထားပြီး ခင့်ညိုအခန်းအပြင်ဘက်ရှေ့ ဝရန်တာလို နေရာလေး ထမင်းအတူစားဖြစ်ခဲ့သည်။

သူ့အကြိုက်ကိုဆို ဘယ်တော့မှမမေ့တတ်တဲ့ ခင့်ညို သူ့အကြိုက် ကြက်သားသုပ်ကို သံပရာသီးနိုင်နိုင် ညှစ်ခိုင်းဖို့ည်း မမေ့ခဲ့ …။ ကျွဲကောသီးအချိုပွဲ မှာပေးဖို့လည်း မမေ့ခဲ့။

www.burmeseclassic.com



ခင့်ညို အဆင်သင့် မှာပေးထားတဲ့ ဟင်းအမည်တွေဟာ သူကြိုက်တဲ့ ဟင်းတွေချည်း ဖြစ်ခဲ့ပါသည်။

အပြင်ဘက်မှာ မိုးတွေ သဲကြီးမဲကြီး ရွာချနေချိန်မှ သူတို့နှစ်ယောက်က ဟင်းချိုပူပူလေး သောက်၍ ထမင်းစားရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြော၍ ရယ်မောခဲ့ကြသည်။ ယယ်ဝေ တုန်းက ပျော်စရာကောင်းတဲ့အချိန်လေးတွေကို သတိရခဲ့ကြသည်။ တိတ်ဆိတ် သဘောတူညီစွာဖြင့် လဝန်းအကြောင်းကို မပြော ပျော်စရာအတိတ်ကိုသာ ပြန်ပြောင်းပြောခဲ့ကြသည်။

ညက မြင်ရတဲ့ ခင့်ညိုမျက်နှာ ညိုမွတ်မွတ်ကလေး ဟာ လန်းဆန်းကြည်လင်စင်ကြယ်နေခဲ့သည်။ မျက်ဝန်းတွေ လည်း မြင်နေကျ မျက်ဝန်းများထက် ပို၍တောက်ပပါသည်။ တလောမှာမှ ခင့်ညိုညိုဟာ လှပသူဟု သူ မြင်လာရသည်။ ဖြိုးမေ ပြောတဲ့ ဆွဲဆောင်မှုဆိုတာကိုလည်း သူ ခံစားလာမိပါသည်။ ခင့်ညိုဟာ ဆွဲဆောင်မှုရှိတဲ့ မိန်းမသားတစ်ယောက်ဆိုတာကို ခုတော့ အသိအမှတ်ပြုချင်လာရပြီ။

သူ မျက်နှာသစ်ပြီး ပေါ့ပေါ့ပါးပါး ဘောင်းဘီ တစ်ထည်နှင့် တီရှပ်တစ်ထည် လဲဝတ်လျက် တံခါးဖွင့်၍ အပြ ထွက်လိုက်တော့ ထမင်းကြော်နံ့ မွှေးမွှေးလေးက အာရုံထဲ တိုးဝင်လာသည်။





သူ့အခန်းအပြင်ဘက် စားပွဲပေါ်မှာ သူ့အကြိုက် ပြုတ်ထမင်းကြော်ပွဲက အဆင်သင့်၊ ကြက်ဥဟက်ဖရိုက်လည်း ပါသေးသည်။

"လာ ... ထင်၊ ဘရိတ်ဖတ် အရင်စားကြတာပေါ့၊ နင်က အိပ်ရာနိုးနိုးချင်း ဗိုက်ဆာတတ်မှန်း သိလို့ ငါ မှာထားပေးတာ၊ စားပြီးမှ သွားကြတာပေါ့၊ အများကြီးတော့ မစားနဲ့၊ လမ်းသိပ်မညီတဲ့ ဟိုဘက်တောထဲထိ စီးသွားရင် ပြန်အန်ထွက်မှာစိုးလို့ ..."

သူတို့ ဘရိတ်ဖတ်စားပြီးနောက် စက်ဘီးကိုယ်စီဖြင့် ခြံဝန်းကျယ်ကြီးထဲ ပတ်နင်းလာခဲ့ပါသည်။

ညက မိုးရွာထားပြီး ဒီမနက်လည်း မိုးသားညို့ညို့ ရှိနေသေးတာမို့ နေကောင်းကောင်းပွင့်မလာသေးပါ။

နှစ်ယောက်အတူ စက်ဘီးယှဉ်နင်းလာရင်း ခင့်ကို ကြည့်မိသည်။ ဆံပင်တွေကို နဖူးအပြောင်လှန်၍ စည်းထားကာ ဘောင်းဘီကျပ်လေး စပို့ရှပ်လေးနှင့် ခင့်ပုံစံ ညိုပုပုလေးက လန်းလန်းဆန်းဆန်းနှင့် ချစ်စရာလေး ဖြစ်နေပါသည်။

"ဟော့ ... ဘာကြည့်တာလဲ"

ခင့်က လှမ်းမေးတာမို့ သူက ရယ်လိုက်ရင်း ...

"ခုတလော ငါ့မျက်စိထဲ နင့်ပုံစံက လှလားလို့ ... သေချာရဲ့လားလို့ ကြည့်နေတာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အရင်ကတည်းက လှတာပါ၊ ငါ လှတာကို နင်း
လွှဲပြီး အားလုံးက အသိအမှတ်ပြုပြီးသားပါ ..."

"အဟ ..."

စက်ဘီးနင်းရင်း မျက်နှာလေး မော့၍ ပြောလို
သော ခင့်စကားကြောင့် လင်းရိပ်ထင်က ရယ်မိသည်။ တကယ့်
ပေါ့ပေါ့ပါးပါး ရယ်မိပါသည်။ ဒီလိုမရယ်ဖြစ်တာ နည်းနည်
တောင် ကြာနေပြီ။

"ဘူးသီးကြီးတွေ ခူးသွားချင်လိုက်တာ"

ဘူးစင်အောက်က ဖြတ်နင်းရင်း ခင့်က ဘူးသီးတွေ
ကို မော့ကြည့်၍ ပြောလိုက်ချိန်မှာ စက်ဘီးက ခါယမ်းယိမ်းယို
သွားတာမို့ လင်းရိပ်ထင်က ဖမ်းထိန်းထားလိုက်ပါသည်။ သို့သေ
ဟန်ချက်မထိန်းနိုင်တော့ဘဲ စက်ဘီးနှစ်စီး ထိခိုက်ပွတ်တိုက် ယိမ်း
ယိုင်လဲပြိုသွားပါသည်။

"ခင့် ... ရရဲ့လား၊ ဘယ်နား နာသွားလဲ"

"အင်း ... ဒူးတော့ နည်းနည်းနာသွားတယ်၊ ကိစ္စမရှိပါဘူ
ရပါတယ် ... အေးဆေးပါ၊ နင်ရော"

"ငါ ဘာမှမဖြစ်ပါဘူး၊ ဒူးနာသွားရင် ခဏနားရအောင်
လေ၊ လာ ... ဟိုဒန်းပေါ်မှာ ခဏထိုင်လိုက်မယ်"

နှစ်ယောက်အတူ စက်ဘီးတွေကို တွန်းရင်း ကစာ
ကွင်းနားက ဒန်းလေးတွေဘက်သို့ လျှောက်လာခဲ့ပါသည်။





ဒန်းတစ်ခုစီမှာ ဝင်ထိုင်လိုက်ကြပြီးနောက် ခင့်ညိုက
ပြုံးစိစိဖြစ်လာကာ ...

"ထင် ... နင် မှတ်မိသေးလား"

"အင်ဟင် ..."

"နင် ၈ တန်းတုန်းက အမေက ဆူလို့ စာမရလို့ စာမေး
ပွဲကျလို့ နင် စိတ်ညစ်နေပြီဆို ဒန်းကို တအားအမြင့်ကြီး
လွှဲပြီးစီးလိုက်ရင် စိတ်ညစ်တာ ပျောက်သွားရောလေ ..."

"အေးလေ ..."

"အခု နင် စိတ်ညစ်နေတာဆိုတော့ နင့်ဒန်းကို အမြင့်ကြီး
လွှဲပေးမယ်၊ နင် စိတ်ညစ်ပြေအောင်"

"ဟာ ... ဟေ့ ... မလုပ်နဲ့လေ၊ အခုက လူကြီးဖြစ်နေပြီကွ၊
စိတ်ညစ်မပြေတဲ့အပြင် မူးလာမှာဟ ..."

"မရဘူး ... လွှဲမှာပဲ"

ခင့်ညိုက မြေပြင်ပေါ် ခြေစုံကန်ထောက်၍ လင်းရိပ်
ထင် ထိုင်နေသော ဒန်းကြိုးကို တအားတွန်းကာ လွှဲလိုက်လေ
သည်။

"ဟေ့ ... ဟေ့ ... မလုပ်နဲ့"

"အဟား ...၊ ဟေ့ ... ငြိမ်ငြိမ်နေ ... ပြုတ်ကျမယ်နော်၊
မြဲမြဲကိုင်ထား၊ လာပြီနော် ... ဟား ဟား"

"ခင့် ... နင် အကျင့်မယုတ်နဲ့ ... အား ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်ထင်က အော်ဟစ်တားလေ ခင့်က အလျှော့ မပေးဘဲ တအားလွှဲလေမို့ ဒန်းက အရှိန်ပြင်းပြင်း လွှဲယမ်းနေသည်

နှစ်ယောက်သား အော်ဟစ်ဆူညံနေပြီးမှ လင်းရိ ထင်သည် မြင့်တက်လိုက် နိမ့်ကျလာလိုက် ဖြစ်နေသော ဒန်းပေါ် မှာထိုင်ရင်း ခင့်ညိုရဲ့ ရယ်မောနေသော မျက်နှာကလေးကို လှမ်း ကြည့်မိသည်။

ခင့်ရဲ့မျက်နှာကလေးဟာ သူ့နဲ့ဝေးသွားလိုက်၊ ပြန်နီး လာလိုက် ဖြစ်နေသည်။

ဒီမြင်ကွင်းလိုပဲ ခင့်ညိုနဲ့ သူဟာ အလွန်ပဲ နီးကပ် လာခဲ့တဲ့ အချိန်တွေရှိသလို ပြန်ဝေးသွားတဲ့အချိန်တွေလည်း ရှိ သည်။ ဝေးသွားရင်လည်း ဘယ်တော့မှ စိတ်မပျက်ဘဲ တစ်ချိ တော့ ပြန်နီးလာဦးမှာပဲဟု စိတ်ချသေချာခဲ့ကြသည်။ ဒါဟ ယုံကြည်မှုလား၊ သံယောဇဉ်လား ...။ ဘယ်လိုခံစားမှုမျိုးလဲဆိုတ သူလည်း သေချာမဝေခွဲတတ်ခဲ့ပါ။

"အေး ... လာခဲ့၊ ဒီတစ်ခါ နင့်အလှည့် ..."

မြေပြင်နဲ့ ခြေထောက် ထောက်မိပြီး ဒန်းရပ်သွာ သည်နှင့် လင်းရိပ်ထင်က ခင့်ညို လက်မောင်းတစ်ဖက်ကို ပြေး ချုပ်ကိုင်ပြီး ဒန်းပေါ်မှာထိုင်ကာ ခိုင်းလိုက်သည်။ သို့သော် ခ က မရအရုန်းဖယ်ပြီး စက်ဘီးရှိရာသို့ပြေးကာ ရှေ့ကနေ စက်ဘီ နင်း ထွက်သွားနှင့်သည်။





သူက နောက်မှ စက်ဘီးကို အပြင်းနင်း၍ အမီလိုက် ပါသည်။

ခင့်ညိုက mini zoo (တိရစ္ဆာန်ရုံလေး) ရဲ့အဝင်ဝမှာ စက်ဘီးရပ်လိုက်ပြီး ...

"ထင် ... လာ၊ အထဲမှာ တိရစ္ဆာန်လေးတွေ အစာဝင်ကျွေး ရအောင် ..."

"ဘာကောင်တွေ ရှိလို့လဲ ..."

"မျောက်တို့၊ မျောက်လွှဲကျော်တို့၊ မြွေတို့၊ ငှက်တို့ ... ကျားသစ်တို့ အစုံပဲ"

"ငါ မြွေကြောက်တတ်တာ နင်သိတယ်နော် ခင့်"

"နင် မျောက်ချစ်တတ်တာလည်း ငါသိပါတယ်၊ မြွေက သူ့ဟာသူ လှောင်အိမ်ထဲ ခွေအိပ်နေတာ၊ နင့် ဘာမှမလုပ် နိုင်ပါဘူး၊ အထဲမှာ သနားစရာကောင်းတဲ့ မျောက်သားအမိ ရှိတယ်၊ နင်မြင်ရင် ချစ်မှာ ... လာ ..."

"နင်က ရောက်ပြီးသားလား"

"နင် မနီးခင် အစောကြီးကတည်းက တစ်ခါဝင်ပြီး အစာ ကျွေးပြီးပြီ"

ခင့်ညိုက ရှေ့ကနေ အရင်ဦးဆောင်ဝင်သွားသည်။ အထဲက လှောင်အိမ်တွေထဲမှာ ကျားသစ်၊ မျောက်လွှဲကျော်၊ စပါး ကြီးမြွေ၊ မျောက်စပ်၊ ငှက်ကြီးဝန်ပို၊ ရွှေသမင်၊ ဒရယ်၊ ဆတ်၊



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကုလားအုပ်၊ ဝက်ဝံ၊ ဖျံ … စသဖြင့် တွေ့ရတာမို့ သူ
စိတ်ဝင်စားသွားမိသည်။ ခင့်က ခရမ်းချဉ်သီးတွေ သွားဝယ်
ကာ …

"လာ … ထင် … ဟိုမျောက်သားအမိကို သွားကျွေးရအော
သူတို့က ခရမ်းချဉ်သီး ပိုကြိုက်တယ်၊ ဟိုမှာကြည့် … မေ
လား၊ မျောက်အသေးလေး ကဲလွှား ခုန်ပေါက်နေတာ
သူ့အမေကြီးက လိုက်ထိန်းပေးနေရတာ၊ ကြည့်လေ ကြ
လေ … လူသားအမိနဲ့ တူလေပဲ၊ အမေကြီးနာမည်က မြ
တဲ့၊ သားလေးနာမည်က ဖိုးအင်္ဂါတဲ့"

ခင့်ညိုက ပါးစပ်ကလည်းပြောရင်း ခရမ်းချဉ်
လေးတွေကို ဖဲ့ဖဲ့ပြီး လှောင်အိမ်ထဲက မျောက်သားအမိကို 
ကျွေးနေပါသည်။

လင်းရိပ်ထင်က ထိုမြင်ကွင်းလေးကို ရပ်ကြည့်
နှစ်သက်လာခဲ့မိပါသည်။ မျောက်သားအမိရဲ့ နွေးထွေးကြင်
နှင့် ခင့်ညိုရဲ့ ကြင်နာသောအပြုအမူကလေးက မြင်ရသူကို ကြ
စေသည်မို့ သူက ဘောင်းဘီအိတ်ထဲ ထည့်လာသည့် ဖုန်း
နှိုက်ယူပြီး ဓာတ်ပုံရိုက်ထားလိုက်မိသည်။ အဲ့ဒီနောက်တော့ ခ
က မျောက်လွှဲကေ ်ကို နေကြာစေ့ ခွာကျွေးနေတာလေး၊ 
ကုလားအုတ်ကို ကန ်က် ကျွေးနေတာလေးတွေကို အ
မပြတ် ဓာတ်ပုံရိုက်ယူ ပိုက်မိသည်။





ထို့နောက်တော့ ခင့်ညိုနဲ့ သူဟာ တိရစ္ဆာန်ရုံလေးထဲ
မှာ ဟာသတွေပြော၍ ရယ်မောကြရင်း၊ ဆူဆူညံညံစကားတွေ
ပြောကြရင်း၊ မိညိုနဲ့ ဖိုးအင်္ဂါတို့ သားအမိကို စကားတွေလှမ်းပြော
ရင်း ပျော်ရွှင်ရသော အချိန်တစ်ခုကို ဖြတ်သန်းခဲ့ကြပါသည်။

တိရစ္ဆာန်ရုံက ထွက်လာပြီး ခြံဝန်းတစ်ပတ် စက်ဘီး
စီးပြီးတော့ ပြန်ဖို့ပြင်ဆင်ရမည့်အချိန်သို့ ရောက်လာပါသည်။

"ထင် … ၁၂ နာရီမှာ checkout လုပ်ရမှာဆိုတော့ ခု
ကတည်းက ပစ္စည်းတွေ သိမ်းထားမှဖြစ်မယ်"

"ပစ္စည်းက အထွေအထူးသိမ်းစရာမရှိပါဘူးဟာ၊ ဖြည်း
ဖြည်းပေါ့ …"

"နင်က ဘာလုပ်လုပ် အေးအေးဆေးဆေးနိုင်လွန်းလို့ ခု
ကတည်းက သိမ်းခိုင်းတာပေါ့၊ ရေမိုးချိုး အဝတ်လဲလိုက်
တော့လေ၊ ပြီးမှ ရှေ့ဆိုင်မှာ ထမင်းသွားစားကြရအောင်"

ခင့်ညိုက စီမံခန့်ခွဲပြီး သူ့အခန်းထဲဝင်သွားပြီမို့ သူ
လည်း အခန်းထဲဝင်လာကာ အဝတ်အစား အသုံးအဆောင်တချို့
ကို သိမ်းဆည်းလိုက်ပါသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး သူ ပြန်ထွက်လာတော့
အခန်းရှေ့မှာရပ်ထားသည့် ကားကို မှီပြီး ဖုန်းပြောနေသည့် ခင့်ညို
ကို တွေ့လိုက်ရသည်။ ဖြူဖျော့ဖျော့ ချည်ထည်ပေါ်မှာ အနီရောင်
ပန်းပွင့်ကလေးတွေ ထိုးထားသည့် လုံချည်နှင့်၊ အကျီခါးတိုလက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်လေး ဝတ်ထားသော ခင့်ညိုကိုက ဆောတစောင်း အ... အထားလေးဖြင့် မြင်ရပြီး အသံကိုလည်း ပီပီသသ ကြားနေရ... သည်။

"အဟင်း ... တော်ပါ ဖြိုးမင်းရယ်၊ နင် အမြဲဒီလိုပဲ၊ အ... အကြောင်း တင်စားဖွဲ့နွဲ့ပြောနေတတ်တာ နင့်ဝါသနာလ... အဟင်း ... မယုံပါဘူးဟာ၊ အင်း ... အေးပါ ... စဉ်းစားမ... လေ၊ ဒါပဲလေဟာ ... နော်"

ခင့်ညိုအသံက ပျော့ပျောင်းသည်။ လေသံထဲမှာ ရ... နီးမှုတွေလည်း ပါနေသည်။ ဒီအသံကိုကြားရချိန်မှာ သူ့စိတ်... မနှစ်သက်သလို ဖြစ်သွားရတာတော့ အမှန်ပင်။

ဖြိုးမင်းကို ခင့်ညို ပြန်စိတ်ဝင်စားနေပြီလား၊ လ... ခံစဉ်းစားတော့မှာလား ... ဟု တွေးမိတော့ ရင်ထဲမှာ ခါးသီးသွ... မိပါသည်။

"ခင့် ..."

"သြော် ... ထင် ပြီးပြီလား"

"အေး ...၊ ဖြိုးမင်းနဲ့ ဖုန်းပြောနေတာလား"

"အင်း ...၊ သူက အမြဲအဲ့လိုပဲ တဂျီဂျီနဲ့ ..."

ခင့်ပြောပုံက ချစ်စနိုးလိုလို ...။

သူက ဖြိုးမင်းအကြောင်း ဆက်မပြောတော့ဘဲ ... နားက စားပွဲပေါ်ကို ငေ့ကြည့်မိသည်။ စားပွဲပေါ်မှာ ဒိုင်ယ...





...စာအုပ်တစ်အုပ်နှင့် ဘောလ်ပဲန်တစ်ချောင်းကို တွေ့ရပါသည်။ ...ခင့်က သူ့ထက်အရင် ပြင်ဆင်ပြီးတာမို့ ဒိုင်ယာရီရေးရင်း သူ့ကို ...စောင့်နေတာဖြစ်မည်။

"ထင် ... ငါတို့ နေ့လယ်စာကို ဒီမှာ မစားတော့ဘူးဟာ၊ ပါဆယ်ဝယ်ခဲ့ပြီး လမ်းကျမှ သာသာယာယာ တစ်နေရာမှာ ဝင်စားကြမယ်၊ ငါ ဟင်းသွားမှာရင်း အမှတ်တရ ပစ္စည်း တစ်ခုခု သွားဝယ်လိုက်ဦးမယ်၊ နင်က ဒီကပဲစောင့်၊ ခဏ နေ ဝန်ထမ်းလေးတွေ လာပြီး checkout လုပ်ဖို့ ပစ္စည်း လာစစ်လိမ့်မယ်"

ခင့်ညိုထွက်သွားတော့ သူက ခင့်စာအုပ်လေး တင် ...ထားသည့် စားပွဲရှေ့မှာ ဝင်ထိုင်လိုက်သည်။ ခင့် စာရေးနေတုန်း ...ဖုန်းလာခဲ့တာမို့ ဖုန်းပြောပြီးချိန်မှာ စာအုပ်ပြန်သိမ်းဖို့ မေ့ခဲ့ပုံရပါ ...သည်။

သူက ခင့်ကိုယ်ရေးကိုယ်တာကို မစပ်စုချင်ပေမယ့် ...ခင့်စာအုပ်ထဲက အစွန်းကလေးထွက်နေသော ဓာတ်ပုံလေးဆီကို ...အာရုံစိုက်မိသွားသည်။

ထိုအချိန်မှာပဲ လေဝေ့လိုက်လိုက်ရာ စာရွက်တွေ ...ဖျပ်ဖျပ် လန်သွားပြီး စာအုပ်ထဲမှာ ညှပ်ထားသည့် ဓာတ်ပုံလေး ...တစ်ပုံက လွင့်ကျသွားပါသည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ ဓာတ်ပုံလေးကို လိုက်ကောက်ယူပြီး ကြည့်လိုက်မိသည်။

ခင့်ညိုနဲ့ သူ ၈ တန်းနှစ်တုန်းက အတူတွဲရိုက်ထားသည့် ပုံ ...။ အဖြူအစိမ်း ဝတ်စုံလေးတွေဖြင့် လွယ်အိတ်ကိုယ်စီ လွယ်ထားကြသည်။ နှစ်ယောက်လုံးရဲ့ မျက်နှာလေးတွေက အားပါးရ ရယ်မောနေကြသည်။ လဝန်းနဲ့က ၉ တန်းနှစ်ကျမှ ဆုံကြတာမို့ ၈ တန်းနှစ်တုန်းက ခင့်ညိုနဲ့ သူ နှစ်ယောက်တည်း တတွဲတွဲ ရှိခဲ့ကြတာပင် ...။

ဓာတ်ပုံလေးကို ကြည့်ရင်း သူ့ရင်ထဲ နွေးလာသည်။ ခင့်ဟာ ဒီပုံလေးကို သွားလေရာ အမြဲယူသွားလေ့ရှိခဲ့တာလား။

သူ ဓာတ်ပုံလေးကို စာအုပ်ထဲ ပြန်ညှပ်ဖို့ စာအုပ်ထဲ လှမ်းဆွဲယူလိုက်တော့ ခရေပန်းခြောက်လေး ခုနစ်ပွင့်ကို ကပ်၍ သီချုပ်ထားသည့် ကတ်ပြားလေးတစ်ခု ထွက်ကျလာပါသည်။

ထိုကတ်ပြားလေးနှင့်အတူ စကားလုံးတွေလည်း ထွက်ကျလာပါသည်။

"ခင့် ... ဒီမှာ နင့်ဖို့ ခရေပန်းတွေ ကောက်ထားတယ်"

"ဟင် ... နည်းနည်းလေးရယ်၊ မှန်း ... ဘယ်နှပွင့်လဲ"

"တစ်ပွင့် ... နှစ်ပွင့် ...၊ အင်း ... ခုနစ်ပွင့်တည်းရယ်"

"အပင်က ကြွေကျသလောက်ပဲ ရမှာပေါ့ဟ ..."





"ဒီခရေပင်ကလည်း ခုနစ်ပွင့်ပဲ ကြွေရတယ်လို့၊ သီပြီး ပန်ရအောင်ကလည်း တစ်ကုံးစာမပြည့် ..."

"အဲ့ဒါဆိုလည်း လွှင့်ပစ်လိုက်ဟာ"

"အံမယ် ... မပစ်ပါဘူး"

"ဒါဆို ဘာလုပ်ရမှာလဲ"

"သိမ်းထားမှာ"

ဒီစကားတွေ ပြောခဲ့ကြတာ ခုဆို ၁၀ နှစ်လောက် ဆောင် ရှိတော့မည်။ အဲ့ဒီတုန်းက ခရေပွင့်လေးတွေကို ခုလို အမြတ်တနိုး သိမ်းဆည်းထားမယ်လို့ ဘယ်ထင်ခဲ့ပါ့မလဲ ခင့်ရယ်။

ခင့်ဟာ ကိုယ့်ကို တိတ်တခိုး ချစ်မြတ်နိုးခဲ့သလား ဆိုသည့် အတွေးက သူ့နှလုံးသားထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်လာပါသည်။ ဖြိုးမင်း ပြောတာကြားခဲ့ဖူးပေမယ့် လဝန်းက အခါခါ စပ်စွဲခဲ့ပေမယ့် သူကိုယ်တိုင်ကတော့ အဲ့ဒီလို တပ်အပ်ကြီး မတွေးခဲ့မိဖူးပါ ...။

ခုတော့ သူ တွေးမိလာပြီ ...။

သူ့စိတ်တွေ လှုပ်ရှား ခံစားလာမိပြီ ...။

ခင့်ညို ပြန်လာတော့ သူက ထိုစားပွဲမှာ ထိုင်မနေတော့။ ခင့်ညိုကတော့ သူမြင်သွားခဲ့တာကို မသိဘဲ စာအုပ်လေးကို ပြန်သိမ်းဆည်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ခါနီးတော့ ခင့်ညိုက သူ့ကို အထုပ် တစ်ထုပ် လှမ်းပေးသည်။

"ရော့ … ထင်၊ နင့်အိတ်ထဲထည့်လိုက်"

"ဘာလဲ …"

"နင့်ဖို့ မွန်ပုဆိုးအနီလေး တစ်ထည် ဝယ်လာတာ၊ ငါ့ လည်း ဝယ်ခဲ့တယ်"

"နင့်ဖို့က မွန်လုံချည်လား"

"ပုဆိုးပဲ"

"နင့်အဖေဖို့လား …"

"အဟင်း … ဟုတ်ဘူး၊ ငါ့ဖို့"

"နင်က ပုဆိုးဝတ်မယ်"

"အေး၊ အနီလေးက အရမ်းလှပြီး အကွက်လေးက စိပ် မှိန်မှိန်လေးမို့ လုံချည်လုပ်ဝတ်မလို့ …"

"နင်နဲ့ငါ ဆင်တူကြီးလား"

"အဆင်တော့ ကွဲပါတယ်"

သူက ပုဆိုးထုပ်ကို လှမ်းယူပြီး သူ့ကျောပိုးအိတ် ထဲ ထည့်လိုက်သည်။

စိမ်းလဲ့တင်က ထွက်လာပြီးနောက်မှာတော့ သူ ကားကို အာရုံစိုက်မောင်းရင်း ခပ်ငြိမ်ငြိမ် တွေးလာသည်။ ခင့် ကလည်း နှုတ်ဆိတ်၍ လိုက်ပါလာသည်။





မုပ္ပလင်နားရောက်တော့ ခင့်ညိုဖုန်းက အသံမြည် လာပါသည်။

ခင့်က ဖုန်းဖွင့်ကိုင်လိုက်သည်။

"ဖြိုးမင်းရယ် … ခုနမှ နင်နဲ့ငါ ဖုန်းပြောပြီးတယ်လေ၊ ဘာလို့ထပ်ဆက်တာလဲ၊ အခုလား … အခုတွေ့ချင်လို့တော့ မရဘူး၊ ငါက ရန်ကုန်မှာမဟုတ်ဘူး၊ လမ်းမှာ … လမ်းမှာ၊ နောက်မှ တွေ့မယ်လေနော်"

ခင့်ညို ဖုန်းပြောနေချိန်မှာ လင်းရိပ်ထင်က ဆုံးဖြတ် ချက်ချကာ ကားကို လမ်းဘေးမှာထိုးရပ်လိုက်ပြီး ခင့်လက်ထဲက ဖုန်းကို လှမ်းယူလိုက်ပါသည်။

"ဟင် … ထင် … ဘာလုပ်တာလဲ"

"ဟဲလို … ဖြိုးမင်း၊ ငါပါ … လင်းရိပ်ထင်ပါ"

ခင့်ညိုဖုန်းကို လှမ်းယူပြီး ဖုန်းပြောလိုက်တဲ့ ထင့်ရဲ့ လေးနက်ပြတ်သားသော မျက်နှာကို ခင့်က ရင်တခုန်ခုန်ဖြင့် ကြည့်နေလိုက်မိပါသည်။

"အခု … ခင့်ညိုက ငါနဲ့အတူရှိနေတာ၊ နောက်မှ မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွာ …"

ထင်က ဖုန်းကို ပါဝါပါ ပိတ်ချလိုက်ပြီး ခင့်ညို လက်ထဲသို့ ပြန်ထည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထင် ... ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာလို့ ငါ့ကိုစွက်
စွက်ဖက်ချင်ရတာလဲ ..."

"နင့်ကိစ္စတင် မဟုတ်ဘူး၊ နင့်ဘဝကိုပါ စွက်ဖက်ချင်လာ
လို့ ..."

"ဘာ ..."

"ဒီအချိန်မှာ ဒီလိုစကားမျိုးပြောဖို့ မသင့်ဘူးဆိုတာတော့
ငါသိပါတယ် ခင့်ညို၊ ဒါပေမယ့် ငါ့နှလုံးသားက လှုံ့ဆော်
လာလို့ ငါ ပွင့်ပွင့်လင်းလင်း ပြောချင်ပါတယ်၊ နင့်ကို
ငါ ချစ်တယ်လို့ မပြောဖူးပေမယ့် နင်နဲ့ပတ်သက်တဲ့ နား
လည်မှုတွေ၊ သံယောဇဉ်တွေ၊ ရင်းနှီးမှုတွေက နက်ရှိုင်းလွန်း
လို့ ချစ်တယ်ဆိုတဲ့ စကားထက်ပိုပြီး တခြား သင့်တော်
အပ်စပ်တဲ့ စကားလုံးမျိုးရှိရင် ငါ သုံးနှုန်းချင်ပါတယ်၊
နင့်အနေနဲ့လည်း ငါ့ကို ချစ်သူအဖြစ် သတ်မှတ်ဖို့ သဘော
ရှိနိုင်မလားလို့ စဉ်းစားကြည့်စေချင်ပါတယ်"

အင်း ... ဒါပဲပေါ့ ချစ်ရတဲ့ ထင်ကလေးရယ် ...
ဒီလို အခြေအနေကို ရောက်ဖို့ ငါ မာယာတွေများခဲ့ရတာတော့
နင်မသိနိုင်ဘူးပေါ့။

ဘယ်တုန်းကမှ စကားအကောင်း မပြောခဲ့ဖူးတဲ့
ဖြိုးမင်းနဲ့ ... နင့်ရှေ့မှာ ဘာလိုလို စကားတွေ ပျော့ပျော့ပျောင်း
ပျောင်း ပြောပြခဲ့တာလည်း နင့်ကို ပြချင်တဲ့ ငါ့ရဲ့ မာယာတွေ
ပေါ့ ...။

စက်ဘီးကလေး အတူစီးရင်း ယိမ်းယိုင်လဲပြိုခဲ့တာ
ကလေးတွေ၊ ငါ့ဒိုင်ယာရီစာအုပ်ထဲက ဓာတ်ပုံကလေးနဲ့ ခရေပန်း
ခြောက် ကတ်ကလေးတွေကို နင်မြင်အောင် ပြခဲ့တာတွေဟာလည်း
ငါ့ရဲ့ မာယာပဲပေါ့ ...။

ငါ့ရင်ထဲကို နင် ထိုးထွင်းမြင်ရမှ ငါ့ကို နင် ဒီလို
စကားမျိုး ပြောရဲမှာပေါ့ ...။ ဒီလိုမှမဟုတ်ရင် လဝန်းနဲ့ ခုလို
အနေအထားမှာ နင် ငါ့ကို ဘယ်ပြောရဲပါ့မလဲနော်။ မြဲနေတဲ့၊
ကွယ်နေတဲ့၊ အခြေအနေအရ နင့်ရင်ထဲမှာရှိလို့ ရှိမှန်းမသိတဲ့
ငါနဲ့ပတ်သက်တဲ့ ခံစားချက်ကို တူးဆွနိုင်ဖို့ ငါ့ဘက်က ဒီလောက်
မာယာလေး သုံးမိတာ အပြစ်တော့ မရှိလောက်ပါဘူးနော် ထင်။

တကယ်တော့ ငါက ငါ့ဘဝကို မာယာမပါဘဲ ရှင်
သန်ချင်သူပါ။

"နင့်ကို ရည်းစားမရှိတဲ့ လူတစ်ယောက်အဖြစ် ရှင်းရှင်း
လင်းလင်း သတ်မှတ်လို့ ရတဲ့ အချိန်ကျရင်တော့ ငါ
စဉ်းစားပေးမှာပေါ့ ထင် ..."

ခင့်က တည်တည်ငြိမ်ငြိမ်လေး ပြန်ပြောလိုက်ပြီးမှ
တစ်ဖက်သို့လှည့်ကာ လမ်းဘေးက ရာဘာတောတွေဆီ ငေးမော







www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ ထင်က ကားကို လမ်းလယ်သို့ ပြန်မောင်းတင်

လိုက်ရင်း ...

"ငါ့ဘဝမှာ ဒီလို ပျော်စရာကောင်းတဲ့ ခရီးမျိုး တစ်ခါမှ

မသွားခဲ့ဖူးတာတော့ အမှန်ပဲ ခင့်ညို ..."

ဟု ကြည်ကြည်နူးနူးလေး ပြောပါသည်။

ခင့်ကတော့ ပြုံးမိသွားသော မျက်နှာကလေးကို

တစ်ဖက်သို့ လှည့်ကာ ဖွက်ထားဆဲပင် ...။

◆ ◆ ◆



♥ ♥ ♥

"ကဲ ... ပြောစမ်းပါဦး၊ ဘာတွေဖြစ်နေကြတာလဲ၊ ခင့်ညိုနဲ့

မင်းက ဘယ်ကို ခရီးအတူထွက်နေကြတာလဲ ..."

ဖြိုးမင်းက လင်းရိပ်ထင်ကို တွေ့တွေ့ချင်း အလျင်

စလို မေးခွန်းထုတ်လေသည်။

ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့မှာပဲ တွေ့နေ

ကျ ထရိတ်ဒါးဟိုတယ်မှာ ဖြိုးမင်းနဲ့ တွေ့ဖို့ ချိန်းခဲ့တာဖြစ်ပါသည်။

လင်းရိပ်ထင်က ဖြိုးမင်းရှေ့ ဆိုဖာခုံပေါ်မှာ ဝင်ထိုင်

လိုက်ရင်း ...

"မင်း သိပါတယ် ငဖြိုးရာ"

"ဟမ် ... ဘာကိုလဲ"

"ခင့်ညို ငါ့အပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်

ဆိုတာကိုလေ ..."

"အေးလေ ... သိပါတယ်၊ ဒါပေမယ့် ခုလောလောဆယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းက လဝန်းလှဲပြာရဲ့ချစ်သူလေ၊ ခင့်ညိုနဲ့ မင်းနဲ့ ဘာ
မဆိုင်ဘူးလေ၊ အဲ့ဒီတော့ လွတ်လပ်သူဖြစ်တဲ့ ခင့်ညို
ငါ လွတ်လွတ်လပ်လပ် ပိုးပန်းခွင့် မျှော်လင့်ခွင့်ရှိတ
လေ ...၊ ငါ ခင့်ညိုနဲ့ ဖုန်းပြောနေတုန်း မင်းက လုဖြေ
ရအောင် ခင့်ညိုက မင်းရည်းစားမို့လို့လား ...”

“ငါ ... ခင့်ညိုကို ချစ်တယ်”

“ဘာ ...၊ ဟား ... ပြဿနာပဲ၊ မင်းမှာ လဝန်း ငုတ်တုတ်
နဲ့လေကွာ၊ နှစ်ပင်လာမပူးနဲ့လေကွာ ...”

“လဝန်းနဲ့ ငါ ပြတ်သွားပြီ ...”

“ဘာလဲ ... မင်း ခင့်ညိုနဲ့ တတွဲတွဲပြန်ဖြစ်နေလို့ ပြဿနာ
တက်ပြီး ပြတ်တာလား ...”

“မဟုတ်ဘူး၊ ငါနဲ့ ခင့်ညို တတွဲတွဲဖြစ်အောင် လဝန်းက
ဖန်တီးနေလို့ ...”

“ကျွတ် ... အဓိပ္ပာယ်မရှိတာကွာ”

“အေး ... အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေကို လဝန်းက လုပ်
တယ်၊ ငါ့ကို သူ့အနားမှာ ရှိမနေစေချင်တော့လို့ ခင့်ညို
ဆီကို တွန်းပို့ခဲ့တယ်”

“သူတွန်းပို့တာနဲ့ပဲ မင်းက ရွေ့သွားရောလား”

“သူတွန်းပို့တာ တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူးပေါ့
ခင့်ညိုအပေါ်ထားတဲ့ငါ့သံယောဇဉ်နဲ့ လေးနက်မှုကို င





ပြန်သိလာလို့ရယ်၊ ခင့်ညိုရဲ့အချစ်ကို ခံစားမိတာကြောင့်
ရယ် ... အဲ့ဒီအကြောင်းတွေကြောင့် ခင့်ညိုနားမှာပဲနေဖို့
ငါ ဆုံးဖြတ်လိုက်တယ်”

“ခင့်ညိုကရော မင်းကို လက်ခံလို့လား၊ အင်မတန့်မာန
ကြီးတဲ့ ခင့်ညိုက သူ့မာနကို အကျိုးခံပြီး လဝန်းနဲ့ ပြတ်
သွားတဲ့ မင်းကို လက်ခံပါ့မလား၊ သူ မင်းကို ချစ်ရင်တောင်
ချစ်သူအဖြစ် လက်ခံဖို့ ခက်ခဲမယ်ထင်တာပဲ ...”

“ငါကြိုးစားရမှာပေါ့ ...”

“မင်း လဝန်းကို တကယ်ပြတ်နိုင်လို့လား”

“ပြတ်နိုင်တယ်”

“လဝန်းကရော မင်းကို ပြတ်တာ သေချာလို့လား”

“သေချာတယ်ကွာ ...”

“လဝန်းဘက်က တစ်ချိန်ချိန်မှာ မင်းနဲ့ ဇာတ်လမ်းပြန်ဆက်
ချင်တယ်ဆိုရင် မင်း ဘယ်လိုလုပ်မလဲ”

“သူ့ဘက်က စပြီး ငါ့ကို ဘာလိုင်းကြီးရှောင်ခဲ့တာလေကွာ၊
နောက်ကျမှ ပြန်လှည့်ကြည့်လည်း လက်ကမ်းပေးဖို့ ငါ့မှာ
တာဝန်မရှိပါဘူး”

“သူ့မှာ ဘာ့ကြောင့် ဒီလိုလုပ်ခဲ့ရတယ်ဆိုတဲ့ အကြောင်း
ပြချက် ခိုင်ခိုင်မာမာ ရှိခဲ့ရင်ကော ...”

“သူ့အကြောင်းပြတိုင်း ငါ ယုံတော့မှာမှ မဟုတ်တာ ...”



www.burmeseclassic.com

www.burmeseclassic.com



“သူ့အကြောင်းပြချက်က ခွင့်လွှတ်နိုင်စရာ အကြောင်းပြချက်မျိုး၊ သူ့ဘက်က မှန်နေတာမျိုး၊ မင်းကို အချစ်မပြယ်တာမျိုးတွေ ဖြစ်လာခဲ့ရင်ကော ...”

“အဲဒီလိုတော့ လုံးဝ မဖြစ်နိုင်ပါဘူးကွာ”

“ဖြစ်လာခဲ့မယ်ဆိုရင်ကောကွာ ...”

“မဖြစ်နိုင်တဲ့ ကိစ္စကို ခေါင်းလာစားမနေစမ်းပါနဲ့ကွာ မင်း အခု သိထားရမှာက ခင့်ညိုကို မင်း ပိုးပန်းနေလို့လည်း အကြောင်းမထူးဘူးဆိုတာပဲ ...”

“အကြောင်းထူးထူး မထူးထူး ပိုးစရာရှိတာတော့ ပိုးရမှာလေ ...”

“ခင့်ညိုက ငါ့ကို လက်ခံဖို့ စဉ်းစားမယ်လို့ ပြောပြီးသား

“အေးလေ ... စဉ်းစားနေတုန်းဆိုရင် ငါ့ဘက်က ပိုးပန်း အခွင့်အလမ်းရှိတာပဲ၊ ခင့်ညိုနဲ့ မင်းနဲ့ ကြိုက်ပြီးမှလည်း ပြတ်သွားနိုင်တာပဲဆိုတော့ သူ အိမ်ထောင်မပြုမချင်း ငါ့မှာ မျှော်လင့်ချက်ရှိတယ်”

“လုံးဝ မပြတ်ဘူး ဟေ့ကောင် ...”

“ဒီလိုတော့ အပြောမစောနဲ့လေ၊ လုံးဝ မပြတ်ဘူးလို့ထင်ရတဲ့ မင်းနဲ့ လဝန်းတောင် ပြတ်သေးတာပဲ၊ ဟုတ်ဖူးလား

ဖြိုးမင်းက ပြုံးစိစိနှင့်ပြောပြီး မှာထားသည့် ဟန်ဘာဂါကို ပလုတ်ပလောင်း စားနေလိုက်သည်။ ဟန်ဘာဂါ တစ်လုံးကုန်တော့မှ စကားအရှည်ကြီး ပြောချလိုက်ပါသည်။





“အချစ်ဆိုတာ ဘယ်တော့မှ မသေချာဘူးကွ ...၊ အခြေအနေအရ အပြောင်းအလဲလေးတွေ အမြဲရှိတတ်တယ်၊ တစ်ယောက်ကို ချစ်နေပေမယ့် နောက်တစ်ယောက်နဲ့ ရည်းစားဖြစ်ချင် ဖြစ်သွားတတ်တယ်၊ ဒီတစ်ယောက်နဲ့ ရည်းစားဖြစ်နေရင်းနဲ့လည်း နောက်တစ်ယောက်ကို ပိုချစ်မိသွားတတ်တယ်၊ တစ်ဖက် မိန်းကလေးက ကိုယ့်အပေါ်ဆက်ဆံတဲ့ အပေါ်မှာ မူတည်ပြီး ကိုယ့်စိတ်တွေ ယိမ်းယိုင်သွားနိုင်သလို ကျောခိုင်းထွက်ခွာသွားချင်တာမျိုးလည်း ဖြစ်တတ်တယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ ဘယ်အချိန်မှာ ဘယ်သူ့ကိုချစ်မယ်လို့ သန္နိဋ္ဌာန်ချထားလည်း ပတ်ဝန်းကျင်အခြေအနေ ... ဘဝအခြေအနေ ... တစ်ဖက် မိန်းကလေးရဲ့အခြေအနေကြောင့် သန္နိဋ္ဌာန်ကြီးဟာ အချိန်မရွေး ပျက်ရွေ့သွားနိုင်တယ်၊ ဒါ ယောကျ်ားရဲ့အပြစ်လည်း မဟုတ်သလို မိန်းမရဲ့အပြစ်လည်း မဟုတ်ဘူး၊ ရှုပ်ထွေးနက်ရှိုင်းလွန်းတဲ့ လူ့စိတ်သဘောကြောင့်သာ ဒီကမ္ဘာကြီးမှာ အချစ်ရေးအရှုပ်အထွေးတွေ နေ့စဉ်နဲ့အမျှ ပေါ်ပေါက်နေရတာပဲ၊ ဒါကို ငါနားလည်တယ်၊ အဲဒါကြောင့် လဝန်း မင်းကို ရှောင်သွားတာကိုလည်း အပြစ်မတင်ဘူး၊ မင်း ခင့်ညိုကို ချစ်တာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အပြစ်မပြောဘူး၊ ခင့်ညို မင်းအချစ်ကို လက်ခံ
လည်း အပြစ်မရှိဘူး၊ အဲ့ဒီတော့ ငါ ခင့်ညိုကို ချစ်တာ
လည်း မင်း အပြစ်လာမပြောနဲ့ ... ဟုတ်ပြီလား ... အိုကေ

ဖြိုးမင်း စကားတွေက သူ့နှုတ်ကို စေ့ပိတ်သွားစေ
ပါသည်။

သူ ဖြိုးမင်းကို ဘာမှဆက်မပြောဘဲ လက်လျှော့
ထားလိုက်သည်။

'ခင့်ညို ... ဖြိုးမင်းကို လုံးဝမချစ်နိုင်ပါဘူးလေ' ဟု
သေ ယုံကြည်ချက်ကြောင့် လက်လျှော့ရတာ အဆင်ပြေပါသည်။

◆ ◆ ◆



♥ ♥ ♥

မကြာခင် ရက်အတောအတွင်းမှာပင် လင်းရိပ်ထင်
တို့ သူငယ်ချင်းအုပ်စုထဲမှ စိုင်းသူရနှင့် သက်လျာဦးတို့ မင်္ဂလာ
ဆောင်သို့ သွားဖို့ အကြောင်းပေါ်ပေါက်လာလေသည်။

သတို့သမီးနဲ့ သတို့သား နှစ်ယောက်လုံးဟာ လင်း
ရိပ်ထင်၊ ခင့်ညိုညို၊ လဝန်းလဲ့ပြာနှင့် ဖြိုးမင်းတို့ အားလုံးနှင့်
ခင်ကယ့် ဘော်ဒါအရင်းကြီးများမို့ သူငယ်ချင်းများအတွက် VIP
အဝိုင်း သီးသန့်နေရာချထားပေးမည့်အကြောင်း သိရတော့ လင်း
ရိပ်ထင်က နည်းနည်း စိတ်ရှုပ်သွားမိပါသည်။

သတင်းရရချင်း သူက ဖြိုးမင်းဆီ ဖုန်းလှမ်းဆက်
လိုက်သည်။

"ဟေ့ကောင် ..."

"အေး ... ပြော၊ ဟဲ ဟဲ ... မင်းဆက်မယ်လို့တော့ ထင်
သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမင်းအသံက တော်တော် အူမြူးနေပါသည်။

"မင်း သူရတို့ မင်္ဂလာဆောင် သွားမှာလား"

"သွားမှာပေါ့ကွ၊ သူငယ်ချင်းအရင်းကြီးဟာကို၊ သူရ အမ[illegible] က ငါနဲ့ခင်တော့ ငါ့ကိုတောင် ဖုန်းဆက်ပြောထား[illegible] တယ်၊ မင်းရယ် ငါရယ်၊ ခင့်ညိုနဲ့ လဝန်းရယ်ကို တစ်ဝိုင်[illegible] တည်းထိုင်ဖို့ sitting plan ဆွဲထားပြီးသားတဲ့၊ တို့ သူ[illegible] ချင်းတွေအတွက် VIP တစ်ဝိုင်း ပေးထားမှာတဲ့ ..."

"ငါ မထိုင်ချင်ဘူးကွာ"

"ဘာဖြစ်လို့လဲ ... ၊ မျက်နှာပူလို့လား၊ ဟဲ ဟဲ ... ငါ[illegible] တော့ ခင့်ညိုနဲ့ တစ်ဝိုင်းတည်းဆို အဆင်ပြေပါတယ်"

"လဝန်းနဲ့လည်းအတူရှိနေမှာဆိုတော့ ခင့်ညို စိတ်မကော[illegible] ဖြစ်သွားမှာ စိုးတယ်၊ လဝန်းကလည်း ငါနဲ့ ခင့်ညို[illegible] ဘယ်လိုပြောဆို ဆက်ဆံမယ်မှန်း မသိဘူးလေ၊ ဒီအချိ[illegible] မျက်နှာစုံညီ မျက်နှာချင်းမဆိုင်ချင်ဘူးကွာ"

"မဆိုင်ချင်လို့ မရတော့ဘူး မောင်ရင်၊ မင်း တစ်ယော[illegible] တည်း သပ်သပ် ခွဲထိုင်ရင်လည်း သူငယ်ချင်းတွေ အား[illegible] က သို့လော သို့လောဖြစ်မယ်၊ လဝန်းကို လာမထိုင်နဲ့[illegible] ပြောလို့လည်း မကောင်းဘူး၊ လဝန်းကတော့ ကြိုဆို[illegible] တဲ့ သူတွေ သူ့ကို နေရာချထားပေးတဲ့ နေရာမှာပဲ [illegible] မှာပါ"





"ငါ မလာရင်ကော ..."

"အဲ့ဒါဆို ဟိုကောင် သူရက တွေ့တဲ့နေရာမှာ မင်းမျက်နှာကို လက်သီးနဲ့ ထိုးမှာပေါ့၊ လက်သီးအထိုးခံရမှာ နောက်ထားဦး၊ မင်းမလာရင်ကို ခင့်ညိုက မင်းကို တစ်မျိုးထင်၊ လဝန်းက နှစ်မျိုးထင်၊ သူငယ်ချင်းတွေက မင်းကိုသုံးမျိုးထင်၊ ဟား ... ဟား ... မလွယ်ပါဘူးကွာ ..."

ဖြိုးမင်းက အကူအညီမရတဲ့အပြင် လှောင်ပြောင်[illegible]ဆော့နေတာမို့ သူ ဖုန်းချပစ်လိုက်ပါသည်။

သူ့စိတ်ထဲမှာ ခင့်ညိုနဲ့ပတ်သက်ပြီး စိုးရိမ်မကောင်း[illegible]ရတာလေးတွေလည်း ခုတလောမှာ ရှိနေပါသည်။

စိမ်းလဲ့တင်က ပြန်လာပြီး နောက်ပိုင်းမှာ ခင့်ညိုနဲ့[illegible]တွေ့ချင်ပေမယ့် တွေ့ခွင့်မရခဲ့ပါ။ ခင့်ညိုက ဆိုင်ဘက်ကို သိပ်[illegible]လာဖြစ်တော့ ...။ သူ ဖုန်းဆက်ရင်တော့လည်း လိုလိုလားလား[illegible]ပြန်ပြောတတ်ပါသည်။ ဖုန်းပြောတိုင်း ခဏခဏ မေးတတ်[illegible]သည့် မေးခွန်းကလေးက ...

"ထင် ... ရှင် နောက်ကြောင်းပြန် မလှည့်မှာတော့ သေချာပါတယ်နော်"

ဟူသော စကားကလေးပင် ...။ နိုင်ငံရေးလောက[illegible]လည်း ခေတ်စားလှသော မေးခွန်းမျိုးမို့ ခင့်ညို ထိုမေးခွန်းမေး[illegible] သူ ပြုံးမိသည်။ ကတိအထပ်ထပ် ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညိုက စဉ်းစားနေတုန်းကာလမို့ ခင့်ညို သူ့ အတွေ့မခံတာဟာ … ခင့်ညိုဘက်ကလည်း သေချာအောင် စဉ်း နေတာဟု သူသဘောပေါက် နားလည်သလို ခင့်ဘက်က သူ့ လက်ခံပါ့မလားဟူသော စိုးရိမ်မကင်းစိတ်မျိုးကြောင့် ခင့်အကြော အမြဲတွေးကာ အာရုံမှာ ခင့်က နေ့နေ့ညည စွဲငြိလာပါသည်။

မတွေ့ရတာကြာပြီဖြစ်သော ခင့်ကို သူရတို့ မင်္ဂ ဆောင်ကျမှပဲ ခပ်ကြာကြာလေး မျက်နှာချင်းဆိုင် တွေ့ရမှာ ပျော်ရွှင်နေမိသော်လည်း လဝန်းနဲ့ပါ အတူတကွတွေ့ရမှာမို့ စိ လည်းရှုပ်ထွေးရပါသည်။ လဝန်းဘက်က ဘယ်လို ပညာပေးမှု တွေ ပေါ်လာလေမလဲ … ။ ခင့်ဘက်ကရော ဘယ်လို စိတ်ကွ ဝန်လေး တွန့်ဆုတ်ရှောင်ဖယ်သွားလေမလဲ … ။ တွေးတိုင်း မော ရင်း မင်္ဂလာဆောင်နေ့သို့ ရောက်ရှိလာပါသည်။

◆ ◆ ◆



♥ ♥ ♥

လင်းရိပ်ထင်၏ မြင်ကွင်းထဲသို့ ခင့်ညိုက လှပစွာ ဝင်လာပါသည်။

ငယ်ငယ်တုန်းက ‘မဲတူမ’ဟု အမြဲခေါ်ခဲ့သော၊ လှ တယ်လို့ အသိအမှတ် မပြုခဲ့မိသော ခင့်ညိုဟာ ဒီနေ့မှာတော့ လှချင်တိုင်း လှနေသည်ဟု ထင်ရသည်။ မြင်ဖူးသမျှထဲမှာတော့ ဒီနေ့မှာတွေ့ရတဲ့ အလှကလေးက ဆွဲဆောင်မှုအရှိဆုံးပင် … ။

အနက်ခံပေါ်မှာ လိမ္မော်ရောင် ချိပ်လုံချည်နှင့် လိမ္မော် ရောင် ကော်လံရင်ဖုံး လက်ပြတ်အင်္ကျီကလေးနှင့် … ၊ ထိပ်တည့် တည့်က ဆံထုံးလေးကို ရွှေရောင်ဆံအုပ်ကလေးဖြင့် ထုံးဖွဲ့ရစ် ပတ်လျက် နားရွက်အောက်မှာ ဆံပင်အကော့လေး လုပ်ထားပုံက လှပဆန်းပြား ထင်ရှားလွန်းလှပါသည်။

“ခင့် … လှလိုက်တာ”

“သင့်ခ်ယူ … ”



www.burmeseclassic.com

www.burmeseclassic.com



ခင့်က သူဆွဲထုတ်ပေးသော ခုံမှာ ကြော့ကြော့ကော့ကော့လေး ဝင်ထိုင်ရင်း သူ့ကို ပြုံးပြလိုက်သည်။

ထိုအချိန်မှာပဲ သူ့မြင်ကွင်းထဲသို့ လဝန်းလဲ့ပြာ ဝင်ရောက်လာပါသည်။

လဝန်းပုံစံက ပေါ့ပေါ့ပါးပါး ကြည်ကြည်လင်လင်။ အနီရဲရဲ ချိပ်လုံချည်စကို နောက်ခွဲစကတ်ရှည် ချုပ်ဝတ်ထားပြီး ပိုးပြောင်အနီ ရင်ပြတ်အကျႌ အင်္ကျီပေါ်မှာ ပဝါအနက်ရောင်အပါးကလေး မလုံ့တလုံ ခြုံထားပုံက ရင်ခုန်ဖွယ်ဖြစ်သော်လည်း သူ ရင်မခုန်မိ ...။ အနားက ခင့်ညိုကို မသိမသာ ငဲ့ကြည့်ရင်း ခွေးတော့ နည်းနည်းပြန်ချင်လာသည်။

လဝန်းက သူတို့စားပွဲဆီသို့ ဦးတည်လျှောက်လာသည်။ သူတို့ဝိုင်းမှာတော့ ခင့်ညိုနှင့်သူ နှစ်ယောက်တည်းသာ ရောက်သေးသည်။

ထိုအချိန်မှာပဲ ကယ်တင်ရှင် ဖြိုးမင်းက လဝန်းနောက်က သွက်သွက်လေး လိုက်လာပြီး ...

"လဝန်း ... လာ ... ငါတို့အတွက် ဝိုင်းက ဟိုမှာ ..."

ဟု ပြောလျက် လဝန်းကို ကြိုဆို ခေါ်ဆောင်လာသည်။ ပြီးတော့ လင်းရိပ်ထင်ရဲ့ မျက်နှာချင်းဆိုင်က ခုံကို အနည်ငယ်ရွှေ့ပြီး ထိုင်ခိုင်းလိုက်ပါသည်။





"ထင်နဲ့ ခင့်က အစောကြီး ရောက်နေတာကိုး၊ ငါက မနက်ပိုင်း တစ်ပွဲ သွားနေရသေးလို့လေ၊ မိသက်လျှာက တော့ သူငယ်ချင်းတွေ စောစောလာဖို့ မှာလိုက်သား ..."

"ခုလည်း စောပါတယ် လဝန်းရဲ့ ...၊ တခြား သူငယ်ချင်းတွေတောင် ရောက်မလာသေးပါဘူး"

ဖြိုးမင်းက လဝန်းဘေးမှာ ဝင်ထိုင်ရင်း ပြောလိုက်သည်။ ဖြိုးမင်းနှင့် လဝန်းက ဘေးချင်းကပ်၊ လင်းရိပ်ထင်နှင့် ခင့်ညိုက ဘေးချင်းကပ် ...။ နှစ်ယောက် တစ်တွဲစီ မျက်နှာချင်းဆိုင် ထိုင်နေဖြစ်ကြသည်။

ခင့်ညိုက ကိုယ့်မျက်စိရှေ့တည့်တည့်မှာ မြင်နေရသော လဝန်းကို ကြည့်ရင်း နည်းနည်းတော့ အံ့ဩမိပါသည်။ ခုံကိုက သူနဲ့ကိုယ်နဲ့ကြားမှာ ဘာကိစ္စမှမရှိသလို မှင်သေလွန်းတာမို့ အမြင်ကတ်လှသည်လေ။

ကိုယ့်နံဘေးက ထင်ကလေးကတော့ ငြိမ်ချက်သားကောင်းလှပါသည်။

ထင့်အပေါ် ကိုယ်က မာယာကလေး နည်းနည်းသုံးပြီး ဆက်ဆံထားလိုက်တာမို့ မလှုပ်ရဲလေသလား။

စိမ်းလဲ့တင်က ပြန်ရောက်လာကတည်းက ထင့်ကို တွေ့ချင်လှပေမယ့် ... အဖြေပေးချင်လှပြီဖြစ်ပေမယ့် တမင် ရှောင်ယဲ့နေခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှသာ ထင်ကလေးက ကိုယ့်အချစ်ကို ရမှရ မလားဟု စိုးရိမ်မကင်း ဖြစ်လာမည်။

ယောကျ်ားတစ်ယောက်ရဲ့ စိုးရိမ်မှုကို လှုံ့ဆော် ခြင်းဟာ အချစ်စိတ်ကို လှုံ့ဆော်ပေးတာနဲ့ အတူတူပဲမဟုတ်လား ထင့်ရဲ့ စိုးရိမ်စိတ်က ခင့်ကို ချစ်တဲ့ ထင့်အချစ်ကို လှုံ့ဆော် နိုင်တာပဲ မဟုတ်လား ...။ ဒါဟာလည်း ခင့်ရဲ့ မာယာဟုဆိုလျှ ခင့်ကတော့ မငြင်းချင်ပေ ...။

"လဝန်း ... နင် ခုတလော ငါ့ဆိုင်က ဟင်းတွေကို ခံတွင် မတွေ့တော့ဘူးထင်တယ်နော် ..."

ခင့်ညိုက နည်းနည်း လှမ်းကလိလိုက်တော့ လဝ က ပြုံးလိုက်ရင်း ...

"လူ့အကြိုက်ဆိုတာ ပြောင်းလဲတတ်တာ သဘာဝပဲ ခင့်ရယ်၊ ငါ့အကြိုက်လည်း ပြောင်းသလို ထင့်အကြိုက် လည်း ပြောင်းမှာပဲ၊ နင်တစ်ယောက်ပဲ တစ်ခုဆို တစ် မပြောင်းမလဲ သဲသဲမဲမဲ ကြိုက်တတ်တာ၊ နင့်အစား ငြီးငွေ့ လိုက်တာ၊ ပျင်းစရာကြီး၊ ဒါပေမယ့် နင်က ငယ်ငယ်လေး ကတည်းက အကျင့်တော့ ကောင်းတယ်၊ ငါ့ဘောလ်ပဲ လှလှလေးတွေ တွေ့လို့ နင်အရမ်းကြိုက်ပြီဆို ဘယ်တော့ မှ တောင်းမယူဘူး လုလည်းမယူဘူး၊ ငါပေးမှ ယူတာ





နင် အရမ်းကြိုက်ထားတဲ့ ပစ္စည်းဆို ငါသုံးပြီးသားဆိုလည်း ယူတာပဲ ..."

လဝန်းက အပြုံးမပျက် သာသာလေး ပြန်နှက်လိုက် ပါသည်။

ခင့်ညို ကလိတာကို မခံချင်လို့သာ ပြန်ပြောရပေ မယ့် ကိုယ့်ရှေ့မှာ ငုတ်တုတ်ရှိနေတဲ့ ကိုကိုတော့ သနားအားနာ မိသားပင်။

ကိုယ့်ကို တွယ်ငြိပြီး ပင်ပန်းနေရမှာစိုးလို့သာ တွန်း လွှတ်ရပေမယ့် ရင်ထဲမှာတော့ နှမြောဝမ်းနည်းလှသည်လေ ...။ ကိုယ်မချစ်လို့ ပစ်ရသည်မှ မဟုတ်ဘဲ ...။

လဝန်းက တီးဝိုင်းဆီ အကြည့်ပို့ထားသော ကိုမျက် နှာကို မသိမသာ ခိုးကြည့်ရင်း ရင်ထဲမှာ ဆိုလာပါသည်။

ကိုကတော့ လဝန်းကို သစ္စာပျက်သူလို့ ထင်ခဲ့မှာ ပဲပေါ့ ...။ အချစ်ကို တန်ဖိုးမထားသူလို့ သတ်မှတ်ခဲ့ပြီပေါ့ ...။ ဒါကြောင့် လဝန်းကို လုံးဝမဆက်သွယ်တော့တာပဲပေါ့ ...။ ခု လောက်ဆို ခင့်ညိုရဲ့ သံယောဇဉ်ကြိုးမှာ ငြိနေလောက်ပြီပေါ့ ...။

ဒီလိုဖြစ်စေချင်လို့ ဒီလိုလုပ်ခဲ့ပေမယ့် လဝန်း ဘယ် လောက်ခံစားရမယ်ဆိုတာ ရှင်နဲ့ ခင့်ညိုကတော့ ဘယ်သိပါ့မလဲ။

ရှင်သာ အဆင်ပြေ ပျော်ရွှင်မယ်ဆို လဝန်းလဲပြီက



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးလေးနဲ့ပဲ တုံးလုံးလေးလှဲပြီး သေသွားမှာပါ ကိုရယ် ... ဒါပေမယ့် ထူးဆန်းတာက ခုထိ လဝန်းလှဲပြာမှာ ဘာရောဂ လက္ခဏာမှ ပေါ် ပေါက်မလာတာပဲ။ ဘာလို့ ဒီလောက်တောင် ကျန်းမာလန်းဖြာနေတယ်ဆိုတာ နားမလည်နိုင်အောင်ပဲ။

လဝန်းက သန့်ဘက်ခါဆို စင်ကာပူ သွားမှာမို့ ဟိုရောက်ရင်တော့ တစ်ခေါက် ပြန်စစ်ကြည့်ဖို့ ဆုံးဖြတ်ထားပါသည်။

"လဝန်း ... နင် ခရီးသွားစရာရှိတယ်ဆို"

ဖြိုးမင်းက မေးတာမို့ လဝန်းက ခေါင်းညိတ်ရင်း ...

"ဟုတ်တယ်၊ ငါ့အစ်မက စင်ကာပူမှာ မင်္ဂလာဆောင်မှာဆိုတော့ ငါလိုက်သွားရမှာလေ၊ ဟိုမှာက သူငယ်ချင်းတွေ လုပ်ဖော်ကိုင်ဖက်တွေနဲ့ တစ်ပွဲဆောင်မှာပေါ့၊ မာမီနဲ့ ဒက်ဒီကတော့ ဟိုကပွဲကို မလိုက်တော့ဘဲ ဒီကပွဲအတွက် စီစဉ်ထားနှင့်မှာ၊ ငါတစ်ယောက်တည်းပဲ လိုက်သွားမှာ"

"ဘယ်လောက်ကြာမှာလဲ ..."

"၅ ရက်ပဲ ကြာမှာ၊ ဒီကအလုပ်တွေလည်း ပစ်ထားလို့ မရတော့ ခပ်မြန်မြန်ပဲ ပြန်လာရမှာ"

ဖြိုးမင်းနဲ့ လဝန်းက စကားဆက်ပြောနေချိန်မှာ တခြားသူငယ်ချင်းတွေလည်း ရောက်လာတာမို့ အချင်းချင်း စကားတွေ လှမ်းပြောနေလိုက်ကြသည်။





မင်္ဂလာသတို့သား သတို့သမီး ပွဲထွက်လာပြီးနောက် မင်္ဂလာသြဘာ ဖတ်ကြားပြီးနောက် အစားအသောက်ကဏ္ဍသို့ ရောက်ရှိလာပါသည်။

ဖြိုးမင်းက ကော်ဖီကရားကို အရင်ကောက်ကိုင်လိုက်ရင်း ခင့်ညိုရှေ့သို့ ခါးကိုင်းကာ ...

"ခင့် ... ကော်ဖီသောက်မယ်မဟုတ်လား၊ ထည့်မယ်နော်"

"နေ ... နေ ... ဟော့ကောင်၊ မင်းနဲ့အဝေးကြီးကို မျက်စိနောက်အောင် ကုန်းကုန်းကွကွ လုပ်မနေနဲ့၊ ငါ ထည့်ပေးမယ်၊ မင်းဘေးက လဝန်းကို အရင်ထည့်ပေးလိုက်၊ ခင့်ညိုအတွက် ငါ့တာဝန်ထား ..."

လင်းရိပ်ထင်က ခပ်မြန်မြန် တားမြစ်လိုက်ပြီး ခင့်ညိုရဲ့ ကော်ဖီခွက်လေးထဲကို သကြားထုပ် ဖောက်ထည့်၊ နို့ငှဲ့ထည့်နှင့် ဂရုတစိုက်ကြင်ကြင်နာနာလေး လုပ်ကိုင်ပေးနေတာကို လဝန်းက မျက်ရည်လေး အဝဲသားနှင့် ငေးကြည့်နေမိပြီးမှ အားပြန်တင်းကာ ဟန်ဆောင်နေလိုက်ရပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ဖြစ်နိုင်ရင် ရွှေတိဂုံဘုရားကြီးကို ပျပျလှမ်းမြင်ရ ကတည်းက လေယာဉ်ပေါ်က အမြန်ခုန်ချပြီး ကို့ဆီ အမြန်ပြေး ကာ ကို့ကို ပြေးဖက်လိုက်ချင်သည်။ အဖြစ်အပျက်တွေကို အမှန် အတိုင်း ပြောပြလိုက်ချင်သည်။

လဝန်းလဲ့ပြာရဲ့ လေယာဉ်ထိုင်ခုံ လက်ရမ်းကို ဆုပ် ကိုင်ထားသော လက်တို့က အေးစက်တုန်ယင်နေပြီး နှလုံးသားက တဒိတ်ဒိတ် ဆောင့်ခုန်နေသည်။

နားထဲမှာတော့ မိတ်ဆွေ ဆရာဝန်ကလေးရဲ့ စကား သံကို အကြိမ်ကြိမ် အဖန်ဖန် ကြားယောင်နေသည်။

"ဒီဆေးရုံရဲ့ အဖြေကိုတော့ ယုံကြည်စိတ်ချပါဗျာ၊ ပြီးတော့ မလဝန်းဆီမှာ ခုချိန်ထိ ဘာရောဂါလက္ခဏာမှ မပြသေး တာကို ကြည့်ရင်လည်း မလဝန်းမှာ ဒီရောဂါ ရှိမနေတာ





သေချာပါတယ်၊ ပထမစစ်ခဲ့တဲ့ အဖြေက မှားခဲ့တာသေချာ ပါတယ်"

အဲ့ဒီစကားတွေ ကြားရစဉ်က ဘယ်လိုခံစားရမှန်း အောင်မသိဘဲ ခဏကြောင်နေခဲ့မိပါသည်။ နောက်တော့ ငါမသေ တော့ဘူးရယ်လို့ အရမ်းဝမ်းသာသွားသည်။ ပြီး ... ထင်နဲ့ ခင့်ညို တို့ကို ဖြုန်းခနဲတွေးမိတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင် ယောင်ချောက်ချား ဖြစ်သွားပါသည်။

'ကံကောင်းထောက်မလို့ သူတို့တွေ ချစ်သူတွေမဖြစ် ပါစေနဲ့ဦးဘုရား' ဟု အခါခါရေရွတ်ဆုတောင်းရင်း ဘုရား ခါခါရှိခိုးရင်း ကတုန်ကယင် မျက်ရည်တွေ ကျခဲ့ရပါသည်။

ဒီကိစ္စ သိသိချင်း ဖုန်းဆက်ပြောချင်သော်လည်း ဖြစ်တောင့်ဖြစ်ခဲကိစ္စကြီးမို့ လူချင်းမတွေ့ဘဲ ဖုန်းဆက်ပြောရုံနှင့် ယုံပါတယ်လည်းအောင် ပြောနိုင်မှာလည်းမဟုတ် ...။ အစ်မ မင်္ဂလာ ဆောင်လည်း ပြီးပြီမို့ အမြန်ဆုံးပြန်ဖို့ စီစဉ်ကာ ပြန်လာရတော့ ဘာပင် ...။

ခုတော့ မြန်မာ့မြေပေါ်မှာ လေယာဉ်ကြီးက ဝဲနေ ပါပြီ ...။ မကြာမီ ရန်ကုန်မြေကို နင်းရပါတော့မည် ...။ ရင်တွေ လည်း ခုန်လှုပါပြီ ...။

လေယာဉ်ဆိုက်ပြီးနောက် လေဆိပ် အဆောက်အဦး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ခြေချမိချိန်မှာ ဘယ်သူ့ဆီ အရင်ဖုန်းဆက်ရင် ကောင်းမလဲဟု စဉ်းစားလိုက်သည်။

ထင့်ကို အရင်တွေ့ချင်ပေမယ့် ခင့်ညိုကို အရင်တွေ့မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ခင့်ညိုကို အရင်အကျိုးအကြောင်း ပြောပြပြီးလို့ ခင့်ညို နောက်ဆုတ်သွားရင် ပထမ တစ်ဆင့် အဆင်ပြေမည်။

ပြီးမှ ကို့ကိုတော့ အေးအေးဆေးဆေး မျက်နှာကလေးငေ့ပြီး ပြောပြရမည်။

ကို ... ဒီအကြောင်းသာ သိရင် လဝန်းကို ဘယ်လောက် သနားလိုက်မလဲနော်။

လဝန်းရဲ့ အနစ်နာခံမှုကြီးကို ဘယ်လောက်တောင် ကရုဏာသက်လိုက်မလဲနော် ... ။

လဝန်းက ထိုအတွေးကလေးဖြင့် ခင့်ညိုဆီ ဖုန်းလှမ်းခေါ်လိုက်ပါသည်။

◆ ◆ ◆



♥ ♥ ♥

ကားမောင်း၍ အိမ်ပြန်လာနေသော ခင့်ညိုညိုရဲ့ မျက်နှာကလေးသည် အလွန်တရာမှ ကြည်နူးပီတိ စိမ့်အိနေပါသည်။

ဒီနေ့မှ စတင်ကာ ခင့်ညိုညိုသည် လင်းရိပ်ထင်ရဲ့ တရားဝင် ချစ်သူရည်းစား ဖြစ်ခဲ့ရပြီတည်း ... ။

ထင်နဲ့ ပတ်သက်ရင် မာယာလည်း သုံးစရာ မလိုဘူး ... ။ မိန်းမတစ်ယောက်မှာ ရှိသမျှ မာနနဲ့ မာယာတွေကို ခေါ်ချပြီး ထင့်ကို ချစ်မြတ်နိုးတော့မည်ဟု တွေးလိုက်တိုင်း ချမ်းမြေ့ကြည်နူးရသည်။

ဥစ္စာရင်းမှန်လို့ ပြန်ရသည်ပဲဆိုဆို ... မေတ္တာမှန်လို့ ချောင်ပြန်ပ်ဟပ်တယ်ပဲဆိုဆို နှစ်လရှည်ကြာ ချစ်လာခဲ့ရတဲ့ ထင်နဲ့ ခင့်ဟာ ခုတော့ အမှန်တကယ် ဆုံနိုင်ခွင့်ရပြီဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်နာရီခန့်က ခင့်က ထင့်မျက်နှာ ကြည်ကြည်နူးနူးလေး ငေးကြည့်ရင်း ...

"ထင့် အချစ်ကို ခင့် ယုံကြည်လက်ခံပါတယ်၊ ထင့် ခင့် အရမ်းချစ်တယ်ဆိုတာ ဝန်ခံပါတယ်"

ဟု ... လေးနက်နူးညံ့စွာ ပြောခဲ့ပါသည်။

ထင်က ခင့်လက်ဖဝါးလေးကို ထွေးဆုပ်ထားေ အခါ ခင့်က မျက်လွှာကလေးချကာ ငြိမ်သက်ရင်း ကြည်နူး ခံနေခဲ့ရပါသည်။

အဲ့ဒီနောက် ... ပြာလဲ့သော အလင်းရောင်ကေ ဖြန့်ကျက်ထားသည့် စားသောက်ဆိုင် သီးသန့်ခန်းလေးထဲ နှစ်ယောက်အတူ ထမင်းစားရင်း စကားတွေ ဖောင်ဖွဲ့ခဲ့ကြ သည်။

ကားမောင်းပြီး ပြန်လာချိန်အထိ ခင့်စိတ်တွေ ထင့်ထံပါးမှာ လွင့်မျောကျန်ရစ်ခဲ့သည်။

ကားမောင်းနေရင်း မိုးဖွဲလေးတွေ ကြွေကျလာတာ ခင့်က ကားမှန်ဝိုက်ပါကိုဖွင့်၍ မောင်းနေဆဲမှာ ဖုန်းသံမြည်လာ သည်။

ခင့်က ဖုန်းဟန်းဖရီးကို လှမ်းယူကာ နားမှာ လိုက်ပြီး ...





"ဟဲလို ..."

"ခင့် ... ငါပါ၊ လဝန်းပါ ...၊ ငါ အခု နင်နဲ့တွေ့ချင်တယ်၊ တွေ့ရမှ ဖြစ်မယ်၊ အရေးတကြီး ပြောစရာရှိတယ်"

လဝန်းအသံက အနည်းငယ်တုန်ရင်နေတာမို့ ခင့်ညို က သူငယ်ချင်းသံယောဇဉ်ဖြင့် စိုးရိမ်သွားမိကာ ...

"ဘာဖြစ်လို့လဲ လဝန်း၊ နင် အခု ဘယ်မှာလဲ ..."

"ငါ စင်ကာပူက အခုပဲ ပြန်ရောက်တယ်၊ လေဆိပ်မှာပဲ ရှိသေးတယ်၊ ငါတို့ အခုတွေ့ကြရအောင်၊ လေဆိပ်နားက ရောမမာန်ကို ခဏလာခဲ့ပေးပါ ခင့်ရယ် ... နော်"

"ရောမမာန် ..."

"အေး ... လေဆိပ်နဲ့နီးတဲ့ စားသောက်ဆိုင်လေ"

"ဪ ... အင်း ... သိပြီ၊ လာခဲ့မယ်"

ခင့်ညိုက ၈ မိုင်နားက ဂျွန်းရှင်းအိတ် ကွန်ဒိုကို ပြန်နေတာမို့ ရှေ့ဆက်သွားရင် သိပ်မဝေးတော့။ ခုလည်း ၇ မိုင် နားကို ရောက်နေပြီမို့ ကားကို အိမ်ဘက်သို့မကွေ့တော့ဘဲ ပြည် လမ်းအတိုင်း ဆက်မောင်းလာခဲ့ပါသည်။

ထင်နဲ့ ချစ်သူဖြစ်စအချိန်လေးမှာ လဝန်းဘက်က အလျင်စလို အရေးတကြီး တွေ့ချင်ကြောင်း ပြောလာခြင်းက အာရုံနှောက်စေတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးထူးဆန်းဆန်း အသနားခံသလိုမေ... ပျော့ပျောင်းတုန်ရင်နေသော လဝန်းအသံကြောင့် သူ့တောင်းဆို... ကို မငြင်းရက်ခဲ့တာ ဖြစ်ပါသည်။

◆ ◆ ◆



♥ ♥ ♥

"ကဲ ... ပြော၊ ဘာအရေးတကြီး ရှိလဲ"

ခင့်က လဝန်းရှေ့ခုံမှာ ဝင်ထိုင်ရင်း မေးလိုက်သည်။

"လွန်ခဲ့တဲ့ ခုနစ်လလောက်က ငါ ဘန်ကောက်ကို သွားခဲ့တာ နင် မှတ်မိဦးမှာပါ၊ နင်နဲ့တောင် လေဆိပ်မှာ ဆုံခဲ့ သေးတယ်လေ ..."

"အင်း ... ငါမှတ်မိပါတယ်"

ခင့်ညိုက လဝန်းရဲ့ ဖျော့တော့တော့ အသံကလေး ...ကို နားထောင်ရင်း ခပ်မြန်မြန် ခေါင်းညိတ်လိုက်သည်။

လိုရင်းက ဘာလဲဆိုတာ သိချင်လှပြီ ...။

လဝန်းက စကားမဆက်သေးဘဲ သူ့စလင်းဘတ် ...အိတ်ကြီးထဲက စာရွက်တချို့ကို ခင့်ညိုရှေ့ စားပွဲပေါ်သို့ တင်ပေး ...လိုက်ပြီးမှ ...

"အဲဒီတုန်းက ဘန်ကောက်က ဆေးရုံတစ်ရုံမှာ ငါ checkup



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖြစ်ခဲ့တယ်၊ အဖြေက ဦးနှောက်အကျိတ်ကင်ဆာတဲ့ တစ်နှစ်လောက်ပဲ နေရတော့မယ်တဲ့"

ခင့်ညို ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

လဝန်းကို မယုံနိုင်စွာ ကြည့်မိသည်။

"ငါ တကယ်ပြောတာပါ၊ မယုံရင် နင့်ရှေ့က စာရွက်စာ… တမ်းတွေကို စစ်ကြည့်ပါ …"

ခင့်ညိုက ကိုယ့်ရှေ့က စာရွက်တွေကို ခပ်မြန်မြန် ဆွဲယူကြည့်မိသည်။ ခင့် လက်တွေက တုန်ယင်နေပါသည်။

အမှန်ပဲ။ စစ်ချက်တွေက ဘာရိန်းကျူမာဟူသော… အဖြေကို ဖော်ပြနေပါသည်။

"အဲ့ဒါကြောင့်မို့လို့ ကိုကို နင်နဲ့ ပြန်နီးစပ်အောင် ငါလုပ် ခဲ့တာပါ၊ နင့်လက်ထဲမှာ ကိုကို ထားခဲ့ချင်လို့ပါ၊ ငါက… လွဲရင် ဒီကမ္ဘာမှာ ကိုကို အချစ်နိုင်ဆုံး မိန်းမဟာ နင်ပဲလို့ ယုံကြည်ခဲ့လို့ပါ ခင့်ရယ် …"

"အင့် …"

ခင့်သည် မျက်ရည်တွေတွေ ကျလာကာ အင့်ခနဲ ရှိုက် လိုက်ပြီး မတ်တတ် ရပ်လျက် လဝန်းကို လှမ်းဖက်လိုက် သည်။

လဝန်းကလည်း မတ်တတ်ထရပ်ပြီး နှစ်ယောက် သား ကျစ်ကျစ်ပါအောင် ဖက်ပွေ့လိုက်မိကြသည်။





ခင့်က ငိုရှိုက်နေရင်းက …

"နင် ဘာလို့ဒီလိုလုပ်ရတာလဲ၊ ဘာလို့ စောစောက မပြော ခဲ့တာလဲ၊ နင် အမှန်အတိုင်းပြောခဲ့ဖို့ ကောင်းတာပေါ့ …၊ နင့်ရင်တွေ ဘယ်လောက် နာကျင်နေရှာမလဲ သူငယ်ချင်း ရယ်၊ ငါ နင့်ကို သနားလိုက်တာ …"

ဟု တီးတိုးပြောဆိုနေသည်။

လဝန်းက ခင့် ပခုံးလေးကို ဖွဖွပုတ်၍ နှစ်သိမ့်လိုက် …မှ သက်ပြင်းချလိုက်ရင်း …

"ဒါပေမယ့် ငါ အခု စင်ကာပူက မောင့်အဲလိဇဘက်ဆေးရုံ မှာ ထပ်စစ်ကြည့်တော့မှ အဲ့ဒီအဖြေဟာ အမှားကြီးမှန်း သိလိုက်ရတယ်"

"အင် …"

ခင့်သည် ငိုရှိုက်နေရာမှ ခဏငြိမ်သွားကာ လဝန်း …့ ရင်ဘတ်ကို တွန်း၍ ဆတ်ခနဲ ကိုယ်ချင်းခွာလျက် လဝန်း …က်နှာကို ကြည့်မိသည်။

လဝန်းက စကားမဆက်သေးဘဲ သူ့စလင်းဘတ် …ကြီးကို နောက်တစ်ကြိမ် ထပ်ဖွင့်ကာ စာရွက်စာတမ်းတချို့ ထုတ် …လျက် ခင့်ရှေ့ စားပွဲပေါ်မှာ ချပြလိုက်ရင်း …

"ငါ တကယ်ပြောတာပါ၊ ဒါ စင်ကာပူဆေးရုံက ထွက် လာတဲ့ အဖြေစာရွက်တွေပါ၊ နင်မယုံရင် ကြည့်ကြည့်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ငါ ဘာဝေဒနာမှ မခံစားရဘဲ ကျန်းမာနေတာ ရယ်၊ ဒီအဖြေရယ်ကိုကြည့်ရင် ဘန်ကောက်မှာ စစ်ခဲ့တုန်းက မှားယွင်းခဲ့တာ သေချာပါတယ် ...”

ခင့်က ခဏကြောင်သွားပြီးမှ ...

“ဒါ ... ဒါဆို နင် မသေတော့ဘူးပေါ့ ... ကောင်းတာပေါ့ တော်သေးတာပေါ့ လဝန်းရယ်၊ နင် အရမ်းပျော်သွားမှာ နော်”

ခင့်ညိုက လဝန်းရဲ့ လက်နှစ်ဖက်ကို ဝမ်းသာအား ဆုပ်ကိုင်လှုပ်ယမ်းလိုက်မိပြီးမှ တစ်စုံတစ်ခုကို တွေးမိသလို ငြိမ် သွားသည်။

လဝန်းက မလှုပ်တချောက်လေး ပြုံးလိုက်ပြီး သက်ပြင်းချလိုက်ရင်း ...

“ငါ တကယ်ပျော်နိုင်ဖို့အတွက်ကတော့ နင် ကူညီမှ ရမှာပါ ခင့်ရယ်၊ အခု ငါမသေတော့ဘူးဆိုတော့ ကိုကို နင့်လက် ထဲ မထည့်နိုင်တော့ဘူးလေ၊ အဲ့ဒီတော့ နင်ကပဲ အလိုက် တသိလေး ရှောင်ထွက်ပေးစေချင်တယ်”

“ဘာ ...”

ခင့်က ကိုင်ထားမိသော လဝန်းရဲ့ လက်နှစ်ဖက်ကို ဆောင့်လွှတ်ချပစ်လိုက်ရင်း ခပ်ဆတ်ဆတ် အော်လိုက်သည်။

“နင် ... နောက်ဆုတ်မယ် မဟုတ်လား ခင့်”





“လုံးဝပဲ ...”

“ဘာ ...”

“လုံးဝနောက်မဆုတ်ဘူးလို့ ပြောတာလေ၊ နားမလည်ဘူး လား၊ ထင်က ခုချိန်မှာ ငါ့ချစ်သူဖြစ်နေပြီပဲ၊ ငါက ဘာလို့ နောက်ဆုတ်ရမှာလဲ ...”

“နင် မညစ်ပတ်နဲ့ ...”

“ဒါ ညစ်ပတ်တာ မဟုတ်ဘူးလေ၊ ငါ့ဘက်က အမှားမှ မရှိတာ ...”

“ဒါပေမယ့် နင် နားလည်ပေးရမယ်လေ၊ ငါသေရင်သာ ကိုကို နင့်အတွက် ထားခဲ့ပေးမှာ၊ ငါမသေသေးသရွေ့တော့ ကိုကို နင့်လက်ထဲ မထည့်နိုင်ဘူးလေ ...”

“ဩော် ... အဲ့ဒါနဲ့ပဲ ငါက ငါ့ရည်းစားကို နင့်ပြန်ပေးရ တော့မှာတဲ့လား၊ နင့်ဘာသာ အစောကြီးကတည်းက သေ ချာစဉ်းစားပါလား၊ ခုမှတော့ ဘွာတေးလာမခတ်နဲ့၊ နင်နဲ့ ငါ သူငယ်ချင်းအရင်းကြီးမို့လို့ နင် သေမယ်ဆို ငါဝမ်းနည်း တယ်၊ နင် မသေတော့ဘူးဆိုရင် ငါဝမ်းသာတယ်၊ ဒါပေ မယ့် ထင်နဲ့ လမ်းခွဲပေးတဲ့အထိတော့ ငါ သဘောထား မကြီးဘူး”

“နင် ... နောက်မဆုတ်နိုင်ဘူးပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"မဆုတ်ဘူး"

"ငါလည်း မဆုတ်ဘူး၊ ကို့ကို ငါ အဖြစ်မှန် ရှင်းပြလိုက်ရင် ကို ငါ့ဆီ စိတ်ပြန်လည်လာမှာပဲ၊ အဲ့ဒီတော့မှ အသည်းကွဲ ကျန်ခဲ့မှာ မြင်ယောင်သေးတယ်"

"အဟက် ... ငါ့အသည်းက မကွဲဘဲ နင့်အသည်းကွဲသွားနိုင်တယ်ဆိုတာလည်း ကြိုတွေးထားဦးလေ၊ ထင်က နင် တွန်းထုတ်တိုင်း သွားပြီး နင် ဆွဲခေါ်တိုင်း ဘာမှ မစဉ်းစားဘဲ ပြန်လာမယ့်သူမှ မဟုတ်တာ"

"ငါ ဘာကြောင့် တွန်းထုတ်ရတယ်ဆိုတာ သူသိရင် မျက်ရည်တောက်တောက်ကျပြီးတော့တောင် ငါ့ဆီ ပြန်လာလိမ့်ဦးမယ်"

"ဒါဆိုလည်း ပြောကြည့်လိုက်လေ ..."

"ပြောမယ် ... နင် စောင့်ကြည့်နေလိုက်"

◆ ◆ ◆



♥ ♥ ♥

"အဲ့ဒါကြောင့် ... အဲ့ဒါကြောင့် ကို့ကို လဝန်း ရှောင်နေခဲ့မိတာပါ၊ ကိုနဲ့ ခင့်ညိုကို နီးစပ်အောင် ဖန်တီးခဲ့မိတာပါ ကိုရယ် ..."

"ဟား ... ၊ လဝန်းရယ် မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ကိုယ့်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ရောပေါ့ကွာ ..."

"ကို ... ခံစားရမှာ စိုးလို့ပါ"

ကိုသည် မျက်ရည်တောက်တောက် မကျသော်လည်း မျက်ရည်တော့ ရစ်လည်လာသည်။ ကို့မျက်ဝန်းအကြည့်တွေထဲမှာ ဘရုဏာတွေ ပြည့်နှက်နေသည်။

လဝန်းရဲ့ မျက်နှာကလေးမှာလည်း ကြေကွဲရိပ်တွေ လွှမ်းခြုံနေသည်။ ပထမအဆင့်ကို ပြောပြနေရချိန်မို့ ထိုအကြောင်းအရာနှင့် လိုက်ဖက်ညီသော ခံစားမှုတွေ ပြည့်နှက်နေရသည်။ (ဒုတိယအဆင့်ကတော့ ခဏလေး နေလိုက်ဦး။)



www.burmeseclassic.com

www.burmeseclassic.com



လင်းရိပ်ထင်သည်လည်း လုံးဝ ထင်မှတ်မထားသော ကိစ္စကြီးကို ကြားလိုက်ရချိန်မှာ ရုတ်တရက်ဆိုသလို ဆို့နင့်မော လိုက်သွားသည်။

ဖြိုးမင်းရဲ့စကားတွေကိုလည်း ပြန်သတိရလာသည်။

"သူ့မှာ ဘာ့ကြောင့် ဒီလိုလုပ်ခဲ့ရတယ်ဆိုတဲ့အကြောင်း ပြချ ခိုင်ခိုင်မာမာ ရှိခဲ့ရင်ကော၊ သူ့အကြောင်းပြချက်က ခွင့်လွှတ်နိုင်စရာအကြောင်းပြချက်မျိုး၊ သူ့ဘက်က မှန်နေ တာမျိုး၊ မင်းကို အချစ်မပြယ်တာမျိုးတွေ ရှိခဲ့ရင်ကော ..."

အဲ့ဒီတုန်းကတော့ ဖြိုးမင်းပြောသလို ဖြစ်မလာနိုင်ပါ ဘူးဟု ထင်ခဲ့မိတာပင် ...။

ခုတော့ ... ဒါမျိုးကြီးက တကယ်ဖြစ်လာခဲ့ပြီ ...။

ခုချိန်မှာ ခင့်ညိုဟာ ကိုယ့်ချစ်သူဖြစ်ခဲ့ပြီ ...။ အပြန် အလှန်အချစ်တွေလည်း ရှိခဲ့ပြီ ...။

လဝန်းဟာ ကိုယ့်ချစ်သူမဟုတ်တော့ဘူးဆိုပေမယ့် လည်း ဘရိန်းကျူမာနဲ့ သေရတော့မယ့်အဖြစ်ကို မစာနာ မခံစား ဘဲတော့ မနေနိုင်။ ရှိခဲ့ဖူးတဲ့ သံယောဇဉ်ကြောင့် ရင်နင့်ပူလောင် ရတာတော့ အမှန် ...။

လင်းရိပ်ထင်အတွက် အနစ်နာခံ အသည်းကွဲခံပြီး ရောဂါကို သိုဝှက်ခဲ့တာ ... ခင့်ညိုနဲ့ ကြည်ဖြူပေးခဲ့တာတွေဟာ တော်ရုံတန်ရုံ သစ္စာမျိုး၊ သဘောထားကြီးမှုမျိုးနဲ့ မဟုတ်။





ခင့်ညိုနဲ့ လမ်းမခွဲနိုင်တော့ပေမယ်လည်း လဝန်း အသက်ရှင်စဉ်အချိန်တွေမှာ ဖြူစင်သော မေတ္တာဖြင့် လဝန်းဘေး မှာ ဖေးမကူညီပေးဖို့ သူက ဆုံးဖြတ်လိုက်ပါသည်။

သူ ... လဝန်းရဲ့ လက်ဖဝါးကလေးတွေကို နွေးနွေး ထွေးထွေး ဆုပ်ကိုင်လိုက်ရင်း ကြင်နာစွာ ပြောမိသည်။

"လဝန်း ... အားမငယ်နဲ့နော်၊ လဝန်းအနားမှာ ကိုယ် ရှိနေ မှာပါ ..."

"ကိုက ဘယ်အချိန်ထိ ရှိနေပေးမှာလဲဟင် ..."

"လဝန်း လိုအပ်တဲ့အထိပေါ့ကွာ ..."

"လဝန်း မသေမချင်း ကို့ကို လိုအပ်တယ်ဆိုရင်ကော ကိုက နေပေးမှာလား"

"လဝန်းရာ ... သေစကား မပြောပါနဲ့ကွာ"

လင်းရိပ်ထင်က တစ်နှစ်လောက်ပဲ နေရတော့မှာဆို သည့် လဝန်းကို ဖေးမနှစ်သိမ့်ရင်း ခင့်ညိုကို သတိရကာ ...

"ခင့်ရေ ... တစ်နှစ်လောက်တော့ သည်းခံပေးပါကွာ"

ဟု စိတ်ထဲက မေတ္တာရပ်ခံထားလိုက်သည်။

"ဖြေပါ ကိုရယ်၊ လဝန်း မသေမချင်း ကိုက လဝန်းအနား မှာ ရှိနေပေးမှာလား"

"ရှိနေပေးမှာပေါ့၊ လဝန်း ဘာပဲလိုလို ဘာပဲခံစားရခံစားရ ကိုယ့်ကိုသာ ဖုန်းဆက်လိုက်၊ ကိုယ့်မှာ ဘာအလုပ်ရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်ခဲ့ပြီး လဝန်းဆီ ပြေးလာခဲ့မယ်၊ လဝန်းစိတ်သ
သာရာရအောင် ... လဝန်းပျော်အောင် ကိုယ် စကား
ပြောပေးမယ်၊ စားချင်တာ လိုက်ကျွေးမယ်၊ သွားချင်တ
လိုက်ပို့မယ်"

"လဝန်းက တော်တော်နဲ့သေမှာတော့ မဟုတ်ဘူးနော်"

"အင်း ... ဟုတ်တာပေါ့၊ လဝန်း အသက်ရှည်ရှည် နေ
မှာပါကွာ ..."

လင်းရိပ်ထင်က အလိုက်သင့်ကလေး နှစ်သိမ့်
လိုက်ရသော်လည်း စိတ်တော့မကောင်း။ ဒီရောဂါဟာ အသ
မရှည်နိုင်တဲ့ ရောဂါဆိုတာ သေချာပြီးသားမို့ပင်။

"လဝန်း ... မနေ့ကမှ စင်ကာပူက ပြန်ရောက်တာ ကို"

"ဟုတ်လား၊ လဝန်း အစ်မ မင်္ဂလာဆောင် သွားတာလား"

"ဟုတ်တယ် ကို ...၊ စင်ကာပူမှာ လဝန်း ရောဂါ
ပြန်စစ်ကြည့်လာခဲ့တယ်"

"အဲဒီတော့ ..."

"အဲဒီတော့ ပြန်စစ်ကြည့်တော့ ဟို ... ဟို ... ဘန်ကော
မှာ စစ်ခဲ့တဲ့ အဖြေက မှားနေတာတဲ့၊ လဝန်းမှာ ဘာရော
မှ မရှိဘူးတဲ့"

"အင် ..."





လင်းရိပ်ထင်က ရုတ်တရက် ဘာပြောရမှန်းမသိအောင် ကြောင်သွားကာ လဝန်းကို မျက်လုံးအပြူးသားဖြင့် ကြည့်နေပြီးမှ ...

"တကယ် ... တကယ်လား"

"တကယ်ပေါ့ ကိုရဲ့၊ ကို ဝမ်းမသာဘူးလား"

"ဝမ်းသာတာပေါ့၊ ဒါ ဝမ်းသာစရာပေါ့ လဝန်းရဲ့"

လင်းရိပ်ထင်က စိတ်ရင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားချိန်မှာပဲ အန္တရာယ်အငွေ့အသက်ကို စတင်ခံစားမိသွားသည်။

"ကို ... လဝန်းလိုအပ်တဲ့အထိ၊ လဝန်း မသေမချင်း ကို လဝန်းနားမှာ နေပေးမယ် မဟုတ်လားဟင် ..."

"ဟို ... အဲ့ဒါ ... အဲ့ဒါကတော့ ..."

"အဖြေမှားကြီးကြောင့် လဝန်း အရမ်းခံစားခဲ့ရတာ၊ ကို့အတွက် စိတ်ပူခဲ့ရတာ၊ ကို ခံစားရမှာစိုးလို့ အသည်းကွဲခံပြီး ရှောင်ဖယ်ခဲ့ရတာ အဲ့ဒါတွေအတွက် ကို့ဆီက အကြင်နာတွေ ပြန်ရမယ်ဆိုရင် ဖြေသာပါပြီ ကိုရယ်"

"မဟုတ် ... မဟုတ်သေးဘူးလေ"

"ဘာကို မဟုတ်သေးတာလဲ ကိုရဲ့ ..."

လဝန်းလေသံက ခပ်ဆတ်ဆတ်လေး ဖြစ်လာပါသည်။ လင်းရိပ်ထင်ရဲ့ နဖူးမှာ ချွေးတွေစို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ခင့်ညိုနဲ့ ကိုယ်က ချစ်သူတွေ ဖြစ်နေကြပြီလေ ... အခု လဝန်းမှာလည်း ရောဂါမရှိဘူးဆိုတော့ ကိုယ် စိတ်ပူ စရာ မလိုတော့ဘူးလေ ..."

"လဝန်းမှာ ရောဂါမရှိတဲ့အတွက် ကို့ကို စွန့်လွှတ်စရာ လည်း မလိုတော့ဘူးလေ၊ ကိုလည်း လဝန်းဆီကိုပဲ ပြန်လာ တော့လေ ..."

"ဟာ ... အဲ့ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ လဝန်း၊ ခင့်ညို က အရုပ်မှမဟုတ်တာ၊ လိုတုန်း ဆွဲသုံးပြီး မလိုတော့တာနဲ့ ပြန်လွှင့်ပစ်လိုက်လို့မှ မရတာ"

"အဲ့ဒီတော့ ကိုက ဘယ်လိုလုပ်မှာလဲ"

"ခင့်ညိုအနားမှာပဲ ကိုယ် နေရတော့မှာပေါ့ ..."

"နေသင့်လို့ နေမှာလား၊ နေချင်လို့ နေမှာလား"

"နေသင့်လို့ရော ... နေချင်လို့ရော ..."

"ကို ... ရူးနေလား"

လဝန်းက ဒေါသဖြင့် အော်လိုက်တာမို့ လင်းရိပ်ထင် ကလည်း ဒေါသထွက်လာကာ ...

"မင်း ဘာလို့ ပေါက်ကရတွေ လျှောက်လုပ်လဲ၊ မင်း ကိုယ့်ကို အမှန်အတိုင်းပြောခဲ့ပါလား၊ ကိုယ်နဲ့ ခင့်ညိုကို မင်း အောင်သွယ်ပေးစရာလား၊ မင်း ရှာပေးခဲ့မှ ငါက မိန်းမတစ်ယောက် ရရမှာလား ..."





"ဟင် ... ကြည့်စမ်း ... ကြည့်စမ်း ... ခုနတော့ သနားပြနေ ပြီး ခုကျတော့ လဝန်းကိုအပြစ်တင်နေလိုက်တာ၊ အပြောင်း အလဲ မြန်လှချည်လား ... ဟင်"

"အေး ... ခုနတော့ မင်း တကယ် သေတော့မယ်မှတ်လို့ သနားတာ၊ ခုကျတော့ မင်း မသေနိုင်တာ သေချာသွားပြီ လေ၊ မသေတော့တဲ့အပြင် ခင့်ညိုဘက်ကို နည်းနည်းမှ မငဲ့ဘဲ မင်းဖြစ်ချင်တာချည်း ဇွတ်ပြောနေလို့ ဒေါသဖြစ် ရတာပဲ ..."

"အစကတည်းက မင်း ဒီလိုမလုပ်ရင် ဒီလို ရှုပ်ထွေးလာစရာ အကြောင်းလည်းမရှိဘူး၊ ငါ့ကို ခင့်ညိုနဲ့ ပေးစားခဲ့ဖို့ စိတ်ကူးတာကိုက မင်း ရုပ်ရှင်ဆန်ဆန်တွေး ပြီး အရူးထတာပဲ"

"ခင့်ညိုက လဝန်း အမြဲအားကျပြီး မနာလိုဖြစ်ရအောင် တော်တဲ့သူ၊ ထက်မြက်တဲ့သူ၊ အိမ်ထောင်ရှင်မကောင်း ဖြစ်နိုင်တဲ့သူမို့လို့ သူနဲ့သာရရင် ရှင့်ဘဝအတွက် စိတ်အေး ရမယ်ဆိုပြီး ..."

"တော်စမ်းပါ လဝန်းရာ၊ မင်း ပြောသလိုဆို ငါက တော် တဲ့ မိန်းမကို မှီခိုမှ ရပ်တည်နိုင်မယ့် ငတုံးကြီးဖြစ်နေပြီ"

"ဒါဆို ရှင်က ခင့်ညိုလို ခပ်ထက်ထက် မိန်းကလေးမျိုး ကို စိတ်မဝင်စားဘူးပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"စကားကို လိုရာရောက်အောင် လှည့်ပတ်မေးမနေပါနဲ့ လဝန်းရာ၊ အခုလတ်တလောမှာတော့ ကိုယ်နဲ့ ခင့်ညိုဟာ ပွင့်ပွင့်လင်းလင်း အပြန်အလှန်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်နေကြပါပြီ၊ ကိုယ် နောက်ဆုတ်ဖို့ မဖြစ်နိုင်တော့ပါဘူး"

လဝန်းက နှုတ်ဆိတ်သွားကာ ကို့ကို စိုက်ကြည့်လျက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာရင်း ...

"ကိုရယ် ... ဒါဆို ကိုက ကို့အပေါ် စေတနာထားတဲ့ ကို့ကို စိတ်ဆင်းရဲမှာ စိုးတဲ့၊ ကို့အတွက် ရင်ကွဲခံခဲ့ရတဲ့ လဝန်းရဲ့ ခံစားချက်တွေကို အသိအမှတ် မပြုဘူးပေါ့ တန်ဖိုးမထားဘူးပေါ့၊ မစာနာဘူးပေါ့ ..."

"လဝန်းရာ ..."

လင်းရိပ်ထင်က မျက်ရည်တွေတွေကျပြီး သနားစဖွယ် ပြောနေသည့် လဝန်းကို ကြည့်ပြီး ဘာဆက်ပြောရမှန်း မသိတာမို့ ငြိမ်သွားရသည်။

"ဒီမှာ ... ကို ..."

လဝန်းက အားရအောင် ငိုပြီးမှ ချက်ချင်း အငိုတိတ်လျက် မျက်ရည်တွေကို သုတ်ပစ်လိုက်ရင်း ....

"ကို ... ခင့်ညိုနဲ့ လမ်းမခွဲနိုင်ရင် လမ်းမခွဲပါနဲ့ ..."

အင်း ... အဲဒီတော့ ...။

"လဝန်းလည်း ကိုနဲ့ လမ်းမခွဲဘူး"





မြတ်စွာဘုရား ...။ ဒါဆို ဘာတွေဖြစ်ကုန်မှာလဲ။

"ကျေးဇူးပြုပြီး ကို့မှာ ရည်းစားနှစ်ယောက် ရှိတယ်လို့ပဲ သတ်မှတ်ပေးပါ ... ကို"

အင်း ... ခက်တော့ ခက်ချေပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ကို … လဝန်း အိတ်ဝယ်ချင်လို့ အောက်ထပ်က ဆိုင်

တွေဘက်ကို အရင်သွားမယ်နော်"

ဂျုန်းရှင်းစကွဲထဲမှာ လဝန်းက လင်းရိပ်ထင်ရဲ့ လက

မောင်းကို ဖက်ချိတ်တွဲခေါ်လိုက်သည်။

ခင့်က လင်းရိပ်ထင်ကို စူးစူးရှရှလေး ကြည့်က

လက်ချင်းတွဲထားလိုက်ရင်း …

"ထင် … ခင့် ဟန်းဆက်အသစ် ဝယ်ချင်လို့ အပေါ်ထပ်

အရင်သွားရအောင် …"

ဟု ခပ်တည်တည်လေး လှမ်းပြောလိုက်ပါသည်

လင်းရိပ်ထင်သည် နှစ်ယောက်ကြားမှာ ရပ်လျ

ဘာလုပ်ရမှန်းမသိအောင် ခေါင်းကိုက်လာပါသည်။

ဒီလို ဝင့်ကြွေးကြီးထဲက ဘယ်နည်းနဲ့ ရုန်းထွ

ရမှန်း မသိ … ။





လဝန်းက သူ့ဘာသာဆုံးဖြတ်ချက်ချကာ လင်းရိပ်

ထင်ကို ရည်းစားအဖြစ် သတ်မှတ်ထားသည်။

လဝန်း ဒီလိုဆုံးဖြတ်မှန်း သိတော့ ခင့်ညိုက အေး

ဆေးစက် ထိမထင် ပုံစံကလေးနှင့် ပြုံးခဲ့ရင်း …

"သူလည်း နောက်မဆုတ်ဘူး၊ ခင့်လည်း နောက်မဆုတ်ဘူး

ဆိုတော့ ထင်က ဘယ်လိုလုပ်မှာလဲ၊ ဟင်းဟင်း … ထင်ပဲ

နောက်ဆုတ်လိုက်တာ ကောင်းမယ်ထင်တယ်"

ဟု ခနဲ့တဲ့တဲ့လေး ပြောခဲ့သည်။ သူက ခင့်ညိုကို

ချော့မော့တောင်းပန်ရသည်။

"ခဏတော့ သည်းခံလိုက်ပါ ခင့်ရယ် … နော်၊ လဝန်းစိတ်

က ကလေးစိတ်၊ အရူးစိတ်လေ၊ ခင့်လည်း သိတာပဲ၊

သူက သူလုပ်ချင်ပြီဆို ဘာမှ ထွေထွေထူးထူး မစဉ်းစားဘဲ

လုပ်တတ်တဲ့ လူမျိုးလေ၊ နောက်တော့ သူ တဖြည်းဖြည်း

နားလည်ပြီး နောက်ဆုတ်သွားမှာပါ …"

"သူ နောက်ဆုတ်တယ် မဆုတ်ဘူးဆိုတာ ထင့်အပေါ်မှာပဲ

မူတည်တယ် ထင်၊ ထင့်ဘက်က ပြတ်ပြတ်သားသား ငြင်း

ဖို့သာ လိုတာပဲ"

"အဲ့ဒီလို ငြင်းဖို့အတွက် ကိုယ် အားနာနေမိလို့ပါ ခင့်ရယ်၊

သူ့မှာ သေလောက်တဲ့ရောဂါ ရှိနေတယ်လို့ သိခဲ့တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ ကိုယ့်ကို သူ့အတွက်အတွက် တွယ်ဖက်မထားခဲ့ဘူး လေ၊ သူ့စိတ်ဆင်းရဲမှုတွေကို ကိုယ့်ဆီ ဝေမျှမပေးခဲ့ဘူး ကိုယ့်အတွက် သူစဉ်းစားပေးခဲ့တာပဲ၊ သူစဉ်းစားတာ နည်းလမ်းမကျခဲ့လို့သာ၊ စစ်ချက်မှားကြောင်း သိရလို့သာ ဒီလို ကိစ္စတွေ ဖြစ်လာရပေမယ့် သူ ကိုယ့်အပေါ်တော့ စေတနာ ထားခဲ့တာပဲ"

"သူသေမယ်ဆိုလို့သာ ခင့်နဲ့ ကြည်ဖြူပြီး သူလည်း မသေတော့ဘူးဆိုရော ငါ့ရည်းစား ပြန်ပေးလို့ ပြောတာကတော့ ခင့်အပေါ် သူ မတရားတာပဲ ထင်"

"ဒါတော့ဟုတ်ပါတယ် ခင့်ရယ်၊ သူ ဒီလိုပြောတာ အရမ်း ကလေးဆန်ပါတယ်"

"သူ ကလေးဆန်တာက အရမ်း ရယ်စရာကောင်းပြီ အဓိပ္ပာယ်လည်း မရှိဘူး ထင် ...၊ ထင် သူ့ကို ငဲ့ညှာရမှာမို့လို့ သူ့အပေါ် အချစ်မပြယ်နိုင်လို့ သူ့ဆီပြန်သွားချင်တယ် ဆိုလည်း ပြန်သွားနိုင်တယ်၊ နေရာတကာ သုံးယောက် တတွဲတွဲကြီး ဖြစ်နေတာကြာတော့ ခင့် ရှုက်လာပြီ ..."

"တစ်နေ့တစ်နေ့ ခင့်ဆီ ဖုန်းခဏခဏဆက်ပြီ ခင့်တို့ ဒီနေ့ ဘယ်သွားမလဲ မေးတယ်၊ ရှော့ပင်သွားမယ်ဆို သူပါလိုက်မယ်ဆိုပြီး ခင့်အိမ်ရှေ့က လာစောင့်နေတယ်





ခင့်တို့ ဘယ်မှာသွားပြီး မုန့်စားမယ်ဆိုလည်း သူလိုက်လာတာပဲ ..."

"သူ မေးတိုင်း ခင့်က ပြောတာကိုး၊ မပြောဘဲ နေရောပေါ့ ခင့်ရယ်"

"သူ မသိအောင် ခိုးဝှက်သွားနေရတာမျိုး မဖြစ်ချင်လို့ပေါ့ ထင် ...၊ သူ့ရည်းစားကို ခင့်က ခိုးတွဲနေတာ မဟုတ်ဘူး၊ သူမသိအောင် လိမ်ညာလှည့်ပတ် ခိုးထွက်ရတာမျိုးလည်း အဖြစ်မခံနိုင်ဘူး"

နေ့တိုင်းလို စိတ်ညစ်နေရသော ခင့်ညိုကို အားနာသော်လည်း လဝန်းကို ပစ်ပစ်ခါခါ မပြောရက်ပြန်။ ဒီလိုနဲ့ပဲ ဘယ်သွားသွား သုံးယောက်တစ်တွဲကြီး ဖြစ်နေခဲ့ရသည်။

ခင့်ကလည်း သူ့ခံယူချက်နဲ့သူမို့ လဝန်းက ဖုန်းဆက်မေးတိုင်း မမှန်သောစကားကို မဆို ...။

နှစ်ယောက်အတူ ကော်ဖီဆိုင်ထိုင်နေကြတုန်း လဝန်းဆီက ဖုန်းလာလျှင် ခင့်ညိုက မတုန်မလှုပ် ပုံစံနှင့်ပင် တုံ့ပြန်တတ်သည်။

"ငါလား၊ အေး ... နင်ထင်တဲ့အတိုင်းပဲ၊ ဟုတ်တယ် ... ထင်နဲ့အတူ ကော်ဖီဆိုင် ထိုင်နေတာ၊ သဘောပဲလေ ... နင်လာချင်ရင်လည်း လာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ညို ဒီလိုပြောတိုင်း သူ စိတ်ညစ်ရသည်။ မကြ
ခင် လဝန်းကားက ကော်ဖီဆိုင်ရှေ့သို့ အရှိန်ပြင်းပြင်း မောင်းထ
ရပ်လာသည်။

မျက်နှာမော့မော့ ခပ်ကျော့ကျော့နှင့် ဝင်လာနေသေ
လဝန်းကိုမြင်ရင်တော့ နေရာကနေ ထပြေးသွားလိုက်ချင်သည်

ခင့်ညိုနှင့် သူက မျက်နှာချင်းဆိုင် ထိုင်နေလျှ
လဝန်းက သူ့ဘေးခုံမှာ ဝင်ထိုင်လိုက်ပြီး ခင့်ညိုကို မထိခလုတ်
စကားလေးတွေ စပြောတတ်ပါသည်။

"ဒီဆိုင်လေးက ကိုနဲ့ ငါ ခဏခဏ ထိုင်ဖြစ်ခဲ့တဲ့ ဆိုင်လေ
လေ၊ ကော်ဖီဆိုင်မှာလို့ နင်ပြောကတည်းက ဒီဆိုင်ပဲဖြ
ရမယ်လို့ ထင်လိုက်သား၊ ကိုကလည်းလေ ... တခြားဆိ
အသစ်ရှာပြီး သွားရောပေါ့၊ ဒီဆိုင်ပဲ ခေါ်လာတော့ လဝန်း
အတူထိုင်ခဲ့တုန်းက အကြောင်းတွေ ပြန်သတိရပြီး အာ
တွေ ရှုပ်ထွေးကုန်မှာပေါ့ ..."

ခင့်ကလည်း ခေသူမဟုတ်ရကာ လဝန်းရဲ့ မ
ခလုတ် စကားကိုမတုန်လှုပ်ဘဲ တုံ့ပြန်ချေပနိုင်၏။

"သူ့ မှတ်ဉာဏ်ထဲမှာ ဘာမှမကျန်ခဲ့ရင် ဒီဆိုင်က သ
အတွက် အသစ်ဖြစ်နေမှာပေါ့ လဝန်းရယ် ...၊ ရင်ထဲ
ဘာမှမရှိတော့ရင် ရှုပ်ထွေးစရာအကြောင်းလည်း မရှိတေ
ဘူးပေါ့"





သူ့ကို ငုတ်တုတ်ထားကာ မိန်းမသားနှစ်ယောက် စကားစစ်ထိုးနေတာကို နားထောင်ရခြင်းသည်လည်း ဝဋ်ကြွေး တစ်ပါး ...။

စကားစစ်ထိုးနေရင်းက လဝန်းက သူ့ကို လှည့်ကြည့်ကာ ...

"ကို ... လဝန်းအတွက် ကော်ဖီမှာပေးပါ"

"ဩော် ... အင်း ... ဘာသောက်မလဲ"

"လဝန်း အမြဲသောက်တတ်တာ ကို သိပါတယ်"

"ရှုတ် ... ရှုတ် ... ညီလေး ကော်ဖီမှာချင်လို့"

"ဟုတ်ကဲ့ အစ်ကို၊ ဘာမှာမလဲ ခင်ဗျ"

"လက်တေး တစ်ခွက်ပေးပါ"

လင်းရိပ်ထင်က ဘာရယ်ညာရယ် မစဉ်းစားဘဲ သဘောရိုးဖြင့် မှာပေးလိုက်တော့ လဝန်းက တစ်ကွက်အသာရ သွားသည်။

"အဟင်း ဟင်း ... ကိုက လဝန်းအကြိုက်ကို မမေ့ဘဲကိုး၊ ကို့ မှတ်ဉာဏ်ထဲမှာ ကျန်တော့ ကျန်ပါသေးတယ် ခင့်ရဲ့"

ခင့်ညိုက ဘာမှပြန်မပြောသော်လည်း ကုလားထိုင်မှာ ခါးမတ်မတ်လေး ထိုင်ကာ လက်ပိုက်ထားရင်း လဝန်းကို



www.burmeseclassic.com

www.burmeseclassic.com



လှောင်ပြောင်ချင်သလို မျက်နှာထားမျိုးဖြင့် ပြုံးတေ့တေ့ စိုက်ကြည့် နေလိုက်သည်။

သူက ခင့်စိတ်ဆိုးသွားမှာလည်း စိုး၊ အားလည်းနာ ကာ ...

"ခင် ... ကော်ဖီပဲ သောက်မှာလား၊ မုန့်တစ်ခုခု မှာဦးလေ ခင့်ကြိုက်တဲ့ တူနာဆန်းဒဝတ် မှာပေးရမလား"

ဟု ပျာပျာသလဲ မေးရသည်။ ခင့်က စတိုင်လ်ကျ ကျလေး ခေါင်းညိတ်ပြသည်။

လဝန်းက လက်မှာကိုင်လာသည့် ကားသော့ကို စားပွဲပေါ်သို့ မသိမသာလေး ဆောင့်ချလိုက်သည်။

ဒီလို ... ဒီလို ခက်ခဲကြပ်တည်းသော နေ့ရက်တွေကို သူ မကြာခဏ ရင်ဆိုင်နေရသည်။

ဒီနေ့လည်း သူတို့နှစ်ယောက်နှင့်အတူတကွ ရှော့ပင် ထွက်လာခဲ့ရသည်။

အခု တစ်ယောက် တစ်နေရာ သွားဖို့ ဆွဲခေါ်နေကြ ပြီ၊ သူ ဘာလုပ်ရမည်နည်း။

"ကို ... လာလေ၊ သွားရအောင်"

"ထင် ... အပေါ်ထပ်က ဖုန်းဆိုင်ကို အရင်သွားရအောင်"

"ဟို ... ဒီလိုလုပ်ပါလား၊ ကိုယ်က မိန်းကလေးကိုင်အိတ်





တွေလည်း သိပ်မကြည့်တတ်ဘူး၊ ဟန်းဆက်တွေအကြောင်း လည်း သိပ်နားမလည်ဘူးဆိုတော့ ကိုယ် မလိုက်တော့ဘူး လေ၊ ကိုယ် ... ဒီအောက်ထပ်က ဘော်စနီဆိုင်ထဲမှာ အကြို လေး ဘောင်းဘီလေး ဝယ်စရာရှိလို့ အဲ့ဒီမှာပဲ စောင့်နေ လိုက်မယ်"

"ကိုနော် ... အရင်တုန်းကဆို လဝန်း တစ်ခုခုဝယ်တိုင်း ကို အမြဲပါနေကျပါ"

"အား ... ဇက်ကြောကြီး အရမ်းတင်းပြီး ခေါင်းအရမ်းကိုက် လာတယ်ကွာ၊ အား ... ကိုယ် အရင်ပြန်နှင့်လိုက်တော့မယ် နော်"

"မပြန်နဲ့ဦး ..."

လင်းရိပ်ထင်က ဇက်ပိုးကို လက်ဖဝါးနှင့် အုပ်ကိုင်ရင်း ညည်းညူကာ ထွက်ပေါက်ဘက်သို့ ခြေဦးလှည့်လိုက်သော်လည်း လဝန်းက သူ့လက်ကို လှမ်းဆွဲထားလိုက်သည်။

"ခဏလေးထိုင်ပြီး နားလိုက်ရင် သက်သာသွားမှာပါ ကိုရဲ့၊ မသက်သာရင်လည်း အတူတူပြန်ကြတာပေါ့၊ သက်သာ ရင်လည်း သုံးယောက်အတူပဲ ဈေးလျှောက်ဝယ်ကြတာ ပေါ့"

လဝန်းက သူ့ကို အလွတ်မပေး။ အဲ့ဒီနောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်တွဲကြီး တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လှည့်ပတ်သွား လာ ဝယ်ခြမ်းရင်း ဝင့်ကြီးသော နေ့တစ်နေ့ကို ဖြတ်သန်းရ သည်။

◆ ◆ ◆



♥ ♥ ♥

မနက် လေးနာရီတိတိတွင် ခင့် ခုတင်ဘေး စားပွဲပေါ်မှာ တင်ထားသော ဖုန်းထဲမှ alarm မြည်သံလေး ထွက်ပေါ်လာလေသည်။

ခင့်က အိပ်ရာမှ ဖျတ်ဖျတ်လတ်လတ်ထကာ ရေချိုးခန်းဝင်၊ မြန်မာဝတ်စုံလေး ဝတ်ပြီး ဘုရားသွားဖို့ ပြင်ဆင်နေလိုက်သည်။

ဒီနေ့ဟာ ထင့် မွေးနေ့....။ မေ့တတ်သော လဝန်းဟာ သတိရချင်မှရမည်။ သတိရလည်း အစောကြီး ထပြီး ဘုရားသွားဖို့ ပျင်းတတ်သူမို့ ဒီနေ့တော့ ခင့်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး သွားရတော့မည်ဟု စဉ်းစားကာ ခင့်က သီချင်းလေး ညည်းဆဲ ဖုန်းမြည်လာသည်။

ခင့်က ရင်ထိတ်သွားကာ ဖုန်းကို ငုံ့ကြည့်လိုက်တော့ လဝန်းရဲ့နံပါတ်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... လာပြီ၊ စောစောစီးစီး ကျက်သရေတုံးပြီ"

ခင့် မကိုင်မချင်း ဖုန်းဘဲလ်က ရိုက်နေတာ လောက်အောင် အဆက်မပြတ် ခေါ်နေတော့မှာမို့ ခင့်က ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို ..."

"အံမယ် ... ဒီအချိန်ထူးတဲ့ ဟဲလိုအသံက အရမ်း တက်ကြွ နိုးကြား ဖြစ်နေပါလား၊ အစောကြီး နိုးနေတာလား"

"ဟုတ်တယ်၊ ဒီအချိန်ဆက်တဲ့ နင့်အသံကလည်း အိပ်ချင် မူးတူး ဖြစ်မနေတာ တော်တော်ထူးဆန်းတယ်"

"ဟင်းဟင်း ... ဘာ့ကြောင့်မှန်းမသိပါဘူးဟာ၊ ဒီနေ့မနက် အစောကြီး ရုတ်တရက် အိပ်ရာကနိုးလာတာ၊ တော်တော် ထူးဆန်းတယ်"

"နင်နိုးတိုင်း ငါ့ကိုဆက်စရာလား"

"ဩော် ... နင်ရော နိုးနေသလားလို့ သိချင်လို့ပါ၊ ထင်တဲ့ အတိုင်းပဲ နင်လည်း နိုးနေတယ်ပေါ့၊ တို့နှစ်ယောက် အတူ နိုးနေတာ ဆန်းတယ်နော် ..."

လဝန်း ကလိနေမှန်းသိတာမို့ ခင့်က စိတ်တိုလာ[illegible]ိက ကာ ...

"ကဲ ... အပိုစကားတွေ လာပြောမနေနဲ့၊ ငါ ဖုန်းချလိုက် တော့မယ် ..."





"နေပါဦး ခင့်ရဲ့၊ ပြောစရာလေး ရှိသေးလို့ပါ"

"ပြော ... မြန်မြန်"

"နင်ကလည်း မနက်စောစောစီးစီး ဘယ်သွားမှာမို့လို့ အလျင်စလို ဖြစ်နေရတာလဲ၊ ငါ ဒီလိုစဉ်းစားမိလို့ပါ၊ ငါ အခု ပြန်အိပ်မရတော့တဲ့အတူတူ ဘုရားသွားရင် ကောင်း မလားလို့ ...၊ နင်ရော လိုက်ခဲ့မလားလို့ ..."

"မလိုက်ဘူး ..."

"အေး ... မလိုက်နေလေ၊ ငါ့ဘာသာပဲ သွားတော့မယ်၊ နင် စိတ်ပြောင်းသွားရင်တော့ လိုက်ခဲ့ပေါ့၊ ငါ ရွှေတိဂုံဘုရား ဗုဒ္ဓဟူးထောင့်မှာ ရှိမယ်"

"နင့်ဟာနင် ဘယ်မှာရှိရှိ"

"အဟမ်း ... တစ်ခုတော့ပြောလိုက်မယ်နော်၊ ငါ့ကိုကြောက် ရင်တော့ ငါမသိအောင် ခိုးသွားပေါ့ တခြားဘုရားကို ..."

"စောစောစီးစီး ကျက်သရေမင်္ဂလာကို မရှိဘူး ... ဟွန်း"

ခင့်က ဖုန်းကို ပိတ်လိုက်ပြီး စိတ်တိုနေဆဲမှာ ထင့် ဖုန်းဝင်လာပါသည်။

"ခင့် ... ပြီးပြီလား"

"အင်း ... ပြီးပါပြီ"

"ပြီးရင် လာခဲ့တော့လေ၊ ကိုယ် ခင့်အိမ်ရှေ့ ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခင့်က စလင်းဘတ်အိတ်အသေးလေးနှင့် တဘက် အနီရောင်လေးကို လွမ်းယူကာ အိမ်မှထွက်လာခဲ့သည်။

သူ့ကံကြမ္မာ သူမသိရှာလေသော ထင်ကတော့ ပြုံး ရွှင် ကြည်လင်စွာ ဆီးကြိုပြောရှာ၏။

"ဒီနေ့မိုးမရွာတော့ ရာသီဥတုလည်းသာယာတယ်၊ ဒီအချိန် ဘုရားမှာ အရမ်းအေးချမ်းမှာ၊ မွေးနေ့မနက်စောစောလေး ဘုရားသွားရမှာမို့လို့လား မသိဘူး၊ အစောကြီး ထလာ တာတောင် လူက လန်းဆန်းနေတယ်"

"ဟုတ်လား၊ ဘုရားပေါ်ရောက်ရင် ပိုတောင်လန်းဆန်းသွား ဦးမှာ"

"အဟင်း ... ခင့်နဲ့အတူတူ ကုသိုလ်ကောင်းမှု လုပ်ရမှာဆို တော့ လန်းဆန်းနေတာပေါ့"

"သုံးယောက်အတူ ကုသိုလ်ပြုတော့ ပိုပြီး လန်းဆန်းတာ ပေါ့ ထင်ရယ် ..."

"သုံးယောက် ..."

"အင်းလေ ... သုံးယောက်ပေါ့၊ ရှင့်ရဲ့ လဝန်းလဲ့ပြာကလေး လည်း ရွှေတိဂုံဘုရားက သွားစောင့်နေပေါ့ရှင် ..."

"ဟင် ... တကယ်"

"တကယ်ကြီးပါရှင်၊ ပျော်စရာကြီးပါရှင် ..."





ခင့်က ပေါ့တော့တော့လေး ပြောပြီး ထင့်ကားပေါ် တက်ထိုင်လိုက်ပါသည်။

လင်းရိပ်ထင်က ဘာမှမပြောနိုင်တော့ဘဲ နှုတ်ဆိတ် ငြိမ်ကုပ်စွာ ကားမောင်းလာပါသည်။

ခင့်က ထင့်စိတ်ကို စမ်းချင်တာမို့ ...

"ထင် ... ရွှေတိဂုံဘုရား မသွားတော့ဘဲ ကမ္ဘာအေးဘုရား သွားမလား"

ထင်က သက်ပြင်းချရင်း ...

"အဲ့ဒီလိုလုပ်လို့တော့ မကောင်းဘူးထင်တယ်"

"ဘာလို့ ..."

"ကိုယ့်မွေးနေ့ကို သတိတရ ကုသိုလ်ပြုပေးတဲ့သူ တစ် ယောက်ရဲ့ စေတနာကိုတော့ အသိအမှတ် ပြုရမှာပေါ့ ခင့်ရယ်"

"အင်းလေ ... ဟုတ်ပါတယ်၊ ဘာပဲပြောပြော ထင်တို့က နှစ်တွေအကြာကြီး ဘုရားအတူ တက်ဖြစ်ခဲ့ကြတဲ့သူတွေ ပဲ၊ ထင်တို့ သံယောဇဉ်ကို ခင့်ကလည်း အသိအမှတ်ပြုပါ တယ်"

ခင့်က ဘာခံစားချက်မှ မရှိသလို အေးစက်စက် လေသံဖြင့် ပြောလိုက်ပါသည်။ ထင်က ခင့်ကို လှည့်ကြည့်ရင်း ...

"ခင့် စိတ်ဆိုးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး၊ ခင့် စဉ်းစားနေတာပါ"

"ဘာကိုလဲ ..."

"ထင့်ကိုမပြောချင်တဲ့ တစ်ခုခုပေါ့ ..."

ခင့် မဖြေချင်မှန်း သိတာမို့ ထင်က ထပ်မမေးတော့ဘဲ ကားကိုသာ အာရုံစိုက်၍ မောင်းနေလိုက်သည်။

ခင့်ရင်ထဲကိုတော့ ထင့်ကို ပြောမပြချင်သည့် အရေးတွေ တစိမ့်စိမ့် စီးဝင်ရောက်ရှိလို့ လာပါသည်။

ထင်ရယ် ...

နင် ငါ့ကို တကယ်ချစ်တာ ငါ ယုံပါတယ်။ လ... နဲ့ နင် ချစ်သူမဖြစ်ခင်ကတည်းက ငါနဲ့ပတ်သက်တဲ့ နင် မသိ... ချစ်ခြင်းတွေ နင့်နှလုံးသားထဲမှာ ရှိနေနှင့်တာကို နင် 'အ'... မသိခဲ့တာပါ ...။ နင့်ရင်ထဲက အချစ်တွေ နိုးလာအောင် မနှိုးတ... ခဲ့တာလည်း ငါ 'အ'လို့ပါဟာ ...။

ရင်ခုန်လာအောင် မစွမ်းဆောင်နိုင်တာလေး တ... နဲ့ပဲ အချစ်ထက်ပိုနက်ရှိုင်းတဲ့ သံယောဇဉ် ထုထည်ကြီးကို ... ခဲ့ရတဲ့ နှစ်တွေမှာ ငါဟာ အထီးကျန်ကျန် ခြောက်ခြောက်... သွေ့ မျှော်လင့်ချက်မဲ့မဲ့ နေထိုင်လာခဲ့ရတာပါ။

နင် စဉ်းစားကြည့်စမ်းပါ ... သူများနဲ့သွားမယ့် ... ချစ်ရတဲ့သူတစ်ယောက်ကို မျှော်လင့်စရာမရှိဘဲ ချစ်နေရတဲ့ ...





...လေးတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက်ကြေကွဲစရာကောင်း...သလဲ ...။

ကိုယ်ချစ်တဲ့သူကို မချစ်တော့သလို စိတ်မဝင်စား...သလို စိမ်းကားသလို အထာကြီးနဲ့ ဟန်လုပ်နေခဲ့ရတာကရော ...ဘယ်လောက် ဝဋ်ကြီးတဲ့ ဘဝလဲ ...။

နှုတ်ခမ်းလေး စူပြီး စိတ်ကောက်မပြတတ်တာ၊ ရုပ်...တည်ကြီးတဲ့ ရင်ခုန်စရာ မကောင်းအောင်ပဲ ဂရုစိုက်တတ်ခဲ့တာ၊ ...တွေဟာ ငါ့ရဲ့ လိုအပ်ချက်တွေလား။

တစ်ခါတလေမှာ မိန်းမသားတွေဟာ မွေးရာပါ...ထာကို သုံးသင့်တဲ့နေရာမှာတောင် မသုံးဘဲ ချောင်ထိုးထားခဲ့...င် ကိုယ်ချစ်ရတဲ့သူကို ပိုင်ခွင့်မရနိုင်ဘူးဆိုတာ ငါ အခုတော့...သိပါပြီ ထင်။

တကယ်တော့ အချစ်နဲ့ ပတ်သက်လာရင် ငါတို့...မိန်းကလေးတွေက နင်တို့ ယောကျ်ားလေးတွေထက် ပိုပြီး အာရုံ...ခံမှုရှိတယ်၊ ချစ်တာက ဘယ်လို၊ မချစ်တာက ဘယ်လိုဆိုပြီး ...ချစ်တဲ့ မချစ်တဲ့ ခံစားချက်တွေကို အသေးစိတ် နားလည်နိုင်စွမ်း...ရှိမှာတယ်။

နင်တို့ ယောကျ်ားလေးတွေကတော့ တချို့နေရာမှာ ...တ်မြက်သလောက် အချစ်နဲ့ ပတ်သက်လာရင် ဘုံးလေးတွေ...နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် မိန်းကလေးရဲ့ တုံ့ပြန်မှု၊ ဆွဲဆောင်မှု
ဆက်ဆံမှုအပေါ် မူတည်ပြီး နင်တို့ ယောကျ်ားတွေရဲ့ အာရုံ
တွေပြားလာတယ်၊ ဝေဝါးလာတယ်၊ ပေမျှားလာတယ်။ အပေါ်
မြင်သာတဲ့ ချစ်ခြင်းမျိုးကိုပဲ အချစ်လို့သတ်မှတ်ပြီး ခက်ခက်ခဲ
နက်နက်ရှိုင်းရှိုင်း ရှာဖွေတူးဖော်ရနိုင်မယ့် အချစ်မျိုးကိုတော့
လျှော့ပေါ့ဆနေတတ်ကြတယ် ...။

အထူးသဖြင့် နင်ပေါ့ ...။

နင့်ကို တည့်တည့်ပဲ ပြောမယ်၊ နင်က ပျင်း
အဲ့ဒီလို နင့်မျက်လုံးတည့်တည့်ကို လက်ညှိုးနဲ့ ထိမတတ်ထိုး
ပြောချင်တယ်။

ဟိုးချောက်အနက်ကြီးရဲ့ အောက်ခြေမှာ ကပ်နေ
ကျောက်ဖျာလို ထုထည်ကြီးကြီး ခိုင်ခိုင်မာမာ အချစ်မျိုးကို တူ
ဖော်ဖို့ ပျင်းလို့ နင့်ရှေ့မှာ ဖလန်းဖလန်းဖြစ်နေတဲ့ မြင်သာထင်သ
အချစ်တစ်ခုကိုပဲ အလွယ်တကူ ဖမ်းဆုပ်လိုက်တော့တာ မဟုတ်
လား။

နင် လဝန်းကို ခိုင်ခိုင်မာမာကြီး နားလည်မှု
ချစ်ခဲ့တယ်ဆိုရင် သူ နင့်ကို အဓိပ္ပာယ်မဲ့ ရှောင်ဖယ်နေတာတွေ
ဘာ့ကြောင့်ဆိုတာ၊ လဝန်းရဲ့ ထူးခြားတဲ့ ပြောင်းလဲမှုရဲ့ ဇစ်မြစ်
ဘာလဲဆိုတာ နင် သေချာလေ့လာစုံစမ်းခဲ့ပါလား၊ လဝန်းနဲ့
ပွင့်လင်းလင်း မေးမြန်းဆွေးနွေးခဲ့ပါလား ...။





ဒီလိုမဟုတ်ဘဲ လဝန်းကြောင့် စိတ်ညစ်ရတိုင်း ငါ့ကို
ဖွင့်ဟလွန်းခဲ့တာဟာ ဘာကြောင့်ဆိုတာ နင် မသိပေမယ့် ငါ
သိတယ်။ နင် လဝန်းကို ခပ်နက်နက် မချစ်တာကို ငါ ခံစားမိ
တယ် ...။ လဝန်းနဲ့ ချစ်သူတော်ထားပေမယ့် ငါနဲ့တွေ့တိုင်း
ကလေးတစ်ယောက်လို ပျော်ရွှင်ပေါ့ပါးနေတတ်တဲ့ နင့်အတွင်းစိတ်
ကို ငါ ဖတ်နိုင်ပေမယ့် နင်ကတော့ အကန်းကြီးလိုပဲ ...။

နင့်ရှေ့မှာ ဖွင့်ချထားတဲ့ စာအုပ်ကို နင်မဖတ်နိုင်
ပေမယ့် ငါက အဝေးကနေ ဖတ်လို့ရနေခဲ့တယ်။ နင်က အကန်း။
ငါက မှန်ဘီလူးကောင်းကောင်းနဲ့ ကြည့်နေတဲ့သူ ...။

နင့်စိတ်ကို နင်သိဖို့၊ နင့်စိတ်ကို ငါရဖို့ ငါတစ်သက်
သုံး အသုံးမချဘဲ ချောင်ထိုးထားတဲ့ မာယာကို အသုံးချခဲ့ရတယ်။

ခုချိန်မှာ ငါအကြောက်ဆုံးက နင် လဝန်းကို ထား
ခဲ့ပြီး ငါ့ကိုရွေးချယ်လိုက်မှာကိုပဲ ...။

ထူးဆန်းသွားလား ... ထင်။

ငါ ရှင်းပြမှာပေါ့ ...။

ဒီလိုရှိတယ် ... ထင်။

နင် လဝန်းကို ပြတ်ပြတ်သားသား ငြင်းပယ်ပြီး
ငါ့ကို ရွေးချယ်လိုက်ရင် ငါကတော့ နင့်ရဲ့ တစ်ဦးတည်းသော
ချစ်သူဖြစ်သွားမယ်။ ဒါပေမယ့် နင့်စိတ်ထဲမှာ လဝန်းက ပါလာ
မယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်တစ်သက်လုံး လဝန်းကို အားနာနေမယ်၊ နင်
တစ်သက်လုံး လဝန်းကို သနားနေမယ်၊ တစ်သက်လုံး စိတ်
မကောင်းဖြစ်နေမယ်။

အဲ့ဒီလို လုဝန်းကို နင့်စိတ်ထဲမှာ သယ်ဆောင်မလ
စေချင်လို့ နင့် ငါ့ကို ရွေးချယ်လိုက်မှာကို ငါကြောက်တာလေ ...

နင် တကယ်လို့ လဝန်းကို ရွေးချယ်ခဲ့မယ်ဆိုရ
လဝန်းက နင့်ချစ်သူဖြစ်သွားမယ်၊ ဒါပေမယ့် နင့်စိတ်ထဲမှာ
ပါသွားမယ်။ နင် ငါ့ကို တစ်သက်လုံး သနားအားနာ လွမ်းဆွ
တမ်းတနေမယ်။

ဒါပေမယ့် နင့်စိတ်ထဲပါသွားနိုင်ဖို့ နင့်ချစ်သူအဖြ
ကို လက်လွှတ်ရမှာတော့လည်း မဖြစ်ချင်ပြန်ဘူး။

နင့်ချစ်သူလည်း ဖြစ်ချင်တယ်။

နင့်စိတ်ထဲကို လဝန်းပါလာမှာမျိုးလည်း မဖြစ်
ချင်ဘူး။

အဲ့ဒါဆို ...

အဲ့ဒီလိုဆို ...

ငါ ဘာလုပ်သင့်သလဲ ထင် ...။

ငါ လုပ်သင့်တာက ...

နင့်ကို မရွေးချယ်ခိုင်းဘဲ





ငါ့အတွက် အကောင်းဆုံး ဖြစ်မယ့်လမ်းကို ရွေး
ချယ်လိုက်ဖို့ပဲ ...။

အဲ့ဒီအတွက် ...

ငါ လိုချင်တဲ့ အခြေအနေကို ရဖို့ ...

မာယာပါးပါးလေးတော့ သုံးရလိမ့်မယ် ထင် ...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မနက်ဖြန်သည် valentine day နေ့ ဖြစ်သည်။

ထိုနေ့မှာ ချစ်သူစုံတွဲတွေ၊ ဇနီးမောင်နှံစုံတွဲတွေအ
လုံး သူရတို့ ခြံထဲမှာ စုဆုံပြီး ပါတီလုပ်ဖို့ အစီအစဉ်ရှိနေခဲ့သည

အတက်ကြွဆုံး ဖြိုးမင်းက လင်းရိပ်ထင်ဆီ ဖု
ဆက်ကာ ...

"သူရတို့က အထည်ချုပ်စက်ရုံတစ်ခုဖွင့်တာ မကြာသေး
ကွ၊ ဘရန်းအသစ်တစ်ခုနဲ့ ယောကျာ်းဝတ်၊ မိန်းမဝ
အင်္ကျီတွေ ထုတ်မှာ၊ လူငယ်ကြိုက် ဖန်စီဒီဇိုင်းလေးေ
စထုတ်မှာပေါ့၊ လာမယ့် valentine အမီ စုံတွဲဝတ်စုံေ
တွေ ထုတ်ထားတာဆိုတော့ အဲ့ဒီနေ့ကျရင် ငါတို့သူ
ချင်းတွေ အားလုံးကို ဖိတ်ပြီး စက်ရုံဖွင့်ပွဲသဘောေ
ကျွေးမွေးဧည့်ခံမှာ၊ လူငယ်တွေချည်းပဲ ပျော်ပျော်ပါးပါးေ
ပေါ့"





"ဟဲဟဲ ... အဲ့ဒီနေ့ကျ မင်းနဲ့ လဝန်းနဲ့က တစ်တွဲ၊ ငါနဲ့ ခင့်ညိုက တစ်တွဲပေါ့ကွာ၊ မင်းအနေနဲ့ လူအများကြားမှာ ဘယ်တစ်ယောက် ညာတစ်ယောက် တွဲသွားလို့တော့ မကောင်းဘူး မဟုတ်လား"

သူက ခပ်လျောင်လျောင် ရယ်လိုက်ရင်း ...

"အဟ ... ခင့်ညိုက မင်းနဲ့တွဲမှာမို့လို့လား"

"မပြောနိုင်ဘူးလေကွာ၊ မင်းရဲ့ မပြတ်သားမှုကြီးကို စိတ်ကုန်ပြီး ငါနဲ့တွဲချင် တွဲမှာပေါ့"

မပြတ်သားမှုကြီးကို စိတ်ကုန်သွားမှာတဲ့လား ...။

အဲ့ဒါ တစ်ခုကိုတော့ သူလည်းကြောက်ပါသည်။

သို့သော် ... လဝန်းကိုလည်း သနားအားနာကာ ချက်ချင်း ကျောခိုင်းဖို့ မသင့်တာမို့ အချိန်ဆွဲကာ ပေရှည်နေရသည်ဟု ဆိုရမှာပင်။

"ခင့်ညိုက ငါ့အပေါ် အရမ်းနားလည်မှုရှိတယ် ဖြိုးမင်း၊ သူ ငါ့ကို ဘယ်တော့မှ မထားခဲ့ဘူးဆိုတာ ငါယုံတယ်"

"အဲ့ဒီယုံကြည်ချက် အားကိုးနဲ့ မင်း ဘယ်လောက်ကြာကြာ မပြတ်မသား လုပ်နေမှာလဲ၊ ခင့်ညိုအကြောင်း မင်းလည်း သိပါတယ်၊ သူ့စိတ်အတွင်းပိုင်းက နူးညံ့သလောက် အပေါ် ယံက ပြတ်သားမာကျောတယ်၊ မင်းကို ဘယ်လောက်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ချစ် ကျော်ခိုင်းသွားနိုင်တဲ့ သတ္တိမျိုး သူ့မှာရှိတယ်ဆိုတာ ငါကတော့ ယုံတယ်"

ဖြိုးမင်း စကားက သူ့ကို အသည်းစိမ့်အေးသွားစေသည်။

ခင့်ကို သူ လုံးဝမစွန့်လွှတ်နိုင်တာ သေချာသည်။

"အဲ့ဒီညမှာတော့ ငါ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖြစ်မှာပါ"

သူက ဖြိုးမင်းကို ပြောလိုက်သော်လည်း လဝန်းကို သတိရကာ စိတ်မကောင်းဖြစ်ရသည်။

သို့သော် ... သူက အားပြန်တင်းထားလိုက်သည်။

အဲ့ဒီညမှာ ...

Valentine ညမှာ

ဖေဖော်ဝါရီ ၁၄ ရက်နေ့ ညမှာ ...

လဝန်းရှေ့မှာ ခင့်ညိုကို လက်ထပ်ခွင့် တောင်းရပါလိမ့်မည်။

ကိုယ် ဒီလိုဆုံးဖြတ်မှ ဖြစ်တော့မှာမို့လို့ပါ လဝန်း ရယ် ...။

ရက်စက်တယ်လို့တော့ မဆိုစေချင်ပါဘူး။

◆ ◆ ◆



♥ ♥ ♥

ထိုနေ့က သူရတို့ခြံထဲသို့ လင်းရိပ်ထင်နှင့် ခင့်ညိုညို တို့ ရောက်လာချိန်ထိ လဝန်းလဲ့ပြာက ရောက်မလာသေးချေ ...။

ခြံထဲမှာတော့ တခြား သူငယ်ချင်းတွေ စုံစုံညီညီ ရောက်နေကြပြီ ...။

သူရတို့ ခြံဝန်းက ပေတစ်ရာပတ်လည်လောက် ကျယ်ဝန်းတာမို့ ပါတီပွဲကို ခြံထဲမှာပဲလုပ်ဖို့ စီစဉ်ထားသည်။

ခြံထောင့်မှာ ကင်စားဖို့ အသားချောင်းတွေ၊ အသီး အနှံတွေကို ခုံရှည်ကြီးနှင့် တင်ထားသည်။ နေရာအနှံ့အပြားမှာ မီးသွေးမီးဖိုလေးတွေလည်း တွေ့ရသည်။ မီးပုံပွဲလုပ်ဖို့အတွက် ထင်းမီးဖိုကြီးတစ်ခု ပြင်ဆင်ထားတာလည်း တွေ့ရလေသည်။

သူရနှင့် သက်လျှာက သူတို့ကိုလာနှုတ်ဆက်၏။

"ဟော့ကောင် ... လာ၊ လာ ... ခင့်ညို၊ မင်းတို့က ဖြိုးမင်း လောက် ဝီရိယ မကောင်းဘူး၊ ဖြိုးမင်းဆို အစောကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ရောက်နေတာ၊ ခုဆို ရေချိန်တောင် ကိုက်
ပြုပြီ ...”

သူရ စကားတောင် မဆုံးသေးခင်မှာ မလှမ်းမကမ်း လူအုပ်စုကြားက ဖောက်ထွက်လာသော ဖြိုးမင်းရဲ့ ရယ်သံကျယ် ကြီးကို ကြားလိုက်ရသည်။ သူတို့ လှည့်ကြည့်မိတော့ လက်ထဲ မှာ ဖန်ခွက်ကြီးကြီး ကိုင်ထားသော ဖြိုးမင်းကို တွေ့ရသည်။ သူ့ဟာသူ ကောင်းနေပြီမို့ ခင့်ညိုနဲ့တွဲဖို့တောင် သတိရပုံမပေါ်

“ခင့် ... လဝန်းရော လာမှာတဲ့လား ...”

သက်လျှာက လှမ်းမေးတာမို့ ခင့်ညိုက ခေါင်းညိတ် ပြရင်း ...

“လာမှာ သက်လျှာ၊ သူ ဖက်ရှင်ရှိုးပွဲတစ်ခုရှိနေလို့ နည်း နည်းနောက်ကျမယ်တဲ့၊ ပွဲက ထွက်မရသေးလို့သာ စောစော မလာနိုင်တာ၊ သူက နောက်ကျခံချင်တဲ့သူမျိုး မဟုတ်ဘူး လေ၊ ငါတို့ ရောက်နှင့်မှန်းသာသိရင် သူ့ခမျာ ဖင်တကြွကြွ နဲ့ ထိုင်မရ ထမရ ဖြစ်နေလောက်ပြီ”

သက်လျှာတို့က ခင့်တို့ သုံးယောက် ပြဿနာ အကြောင်း ဘာမှသိမထားတာမို့ အေးအေးဆေးဆေး နှုတ်ဆက်ပြီး တခြားသူငယ်ချင်းတွေဘက်သို့ ဆက်လျှောက်သွားကြသည်။

ထိုအချိန်မှာပဲ လူအုပ်ကြားက လက်ခုပ်သံ နှစ်ချက် ပေါ်လာသည်။





“ဖြော်င်း ... ဖြော်င်း၊ ကဲ ... ကဲ ... ဒီမှာ စုံတွဲအင်္ကျီဒီဇိုင်း အစုံ အရောင်အစုံ တင်ထားပါတယ် ခင်ဗျာ၊ တစ်တွဲကို တစ်စုံ လက်ဆောင်ပေးမှာမို့ အတွဲနှင့်လာသူများ လာယူ ပြီး ခုချက်ချင်း ဝတ်ဆင်နိုင်ကြပါပြီ ခင်ဗျား”

တစ်ယောက်တစ်ပေါက် ဆူညံနေသော လူအုပ်ကြား မှာ သူရရဲ့ ညီလေးက လက်ခုပ် နှစ်ချက်တီးပြီး ခြံထောင့်က စားပွဲရှည်တွေပေါ်မှာ အပုံလိုက် အထပ်လိုက် တင်ထားသော အင်္ကျီတွေကို လက်ညှိုးညွှန်၍ ပြောလိုက်ပါသည်။

“ဟဟ ... မိုက်တယ်၊ ဒီအစီအစဉ်ရှိမှန်း မသိခဲ့ရပါလား ဟေ့ ...”

“တို့လို တစ်ကိုယ်တည်းသမားတွေကရော ဘယ်နှထည် ယူရမလဲဟေ့ ...”

“ဟား ဟား ... နှစ်ထည်လုံး ယူပြီး တစ်ထည်ဝတ်၊ တစ် ထည်ကိုတော့ နောင်ရေးအတွက် သိမ်းထားပေါ့ကွာ”

အားလုံးက ဆူဆူညံညံ ရယ်မောပြောဆိုရင်း အင်္ကျီ တွေ သွားရွေးယူနေကြသည်။

“ခင့် ခဏစောင့်နော်”

လင်းရိပ်ထင်က လူအုပ်ကြားထဲ တိုးဝင်သွားသည်။ ပြီးတော့ စုံတွဲ ရုပ်အင်္ကျီလေး နှစ်ထည်ယူပြီး ခင့်ညိုအနားသို့ ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်အင်္ကျီလေးတွေကတော့ ချစ်စရာကလေးတွေပင်။ မိန်းမဝတ် ရုပ်အင်္ကျီကလေးက ပန်းနုရောင် အစင်းစိပ်စိပ်လေးနှင့် ရင်ဘတ်မှာ အသည်းပုံ သေးသေးလေး နှစ်ခု ထိုးထားသည်။ ယောကျ်ားဝတ် ရုပ်အင်္ကျီက အပြာရောင်ကလေး။ အစင်းကျ စိပ်စိပ်လေးတွေကတော့ မိန်းမဝတ်ရုပ်နှင့် ဆင်တူ။ အသည်း အသေးလေး နှစ်ခုကလည်း ဆင်တူပင် ...။

"ရော့ ... ခင့်က ပန်းရောင်ဝတ်၊ ကိုယ့်အတွက်က အပြာ"

လင်းရိပ်ထင်က ခင့်ဝတ်ဖို့ အင်္ကျီလေး လှမ်းပေးပြီး သူက သူဝတ်လာသည့် တီရှပ်အဖြူပေါ်မှာ အပြာရောင် ရုပ်အင်္ကျီ လေးကို ကြယ်သီး တစ်ဝက်တစ်ပျက် ဟ၍ ထပ်ဝတ်လိုက်ပါ သည်။

ခင့်က ဒီနေ့မှာ ပေါ့ပေါ့ပါးပါး ဂျင်းပျော့ ဘောင်းဘီ ရှည် အဖြူအကျပ်လေးနှင့် ဆွဲသားကိုယ်ကျပ် လက်ပြတ်အနက် ရောင်ကလေး ဝတ်လာတာမို့ ရုပ်အင်္ကျီပန်းရောင်ကလေးကို အပေါ် က ထပ်ဝတ်ထားလိုက်သည်။

ထိုခဏမှာ သူတို့နောက်ကျောဆီမှ လဝန်းရဲ့အသံ ထွက်ပေါ်လာပါသည်။

"ဟင်း ... ဟင်း ... ရောက်နေတာ ကြာပြီလား"

သူတို့ လှည့်ကြည့်လိုက်တော့ ခင့်နှင့်ဆင်တူ ပန်း





ရောင် ရုပ်အင်္ကျီကလေး ဝတ်ထားသည့် လဝန်းကို တွေ့လိုက်ကြ ရပါသည်။

လဝန်း လက်ထဲမှာ ဖန်ခွက်လေးတစ်ခွက် ကိုင်ထား သည်။ မျက်နှာက ခနိုးခနဲ့ ပြုံးနေသည်။

အပြာက တစ်ယောက် ...

ပန်းရောင်က နှစ်ယောက်

သူ ... သက်ပြင်းချမိပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မဟာသမုဒ္ဒရာတို့သည်ပင် အနားသပ် ကမ်းစပ်ရှိသည်ဟု ဆိုကြသည်။

ရှုပ်ထွေးသော ပြဿနာရပ်တွေမှာလည်း အဖြေဆိုတာ ရှိလာတတ်ကြသည်။

ကစားပွဲဆန်ဆန် အချစ်ရေးတွေမှာလည်း game over ဆိုတာ ရှိလာရမြဲ ဖြစ်သည်။

Valentine ညကတော့ အသာအယာကလေးပဲ ရွေ လျားကုန်ဆုံးနေခဲ့သည်။

သူရတို့ ခြံထဲမှာ သူငယ်ချင်းအစုအဖွဲ့ကလေး ဟိုနားတစ်စု ဒီနားတစ်စုနှင့် မီးသွေးမီးဖိုတစ်ခုစီဘေးမှာ ဝိုင်းထိုင် ရင်း အသားကင်နေကြသည်။ အကင်စားသူက စား၊ စကားပြော သူက ပြော၊ သောက်သူက သောက်။





ဖြိုးမင်းတစ်ယောက်ကတော့ သူ့ဟာနဲ့သူ ရေချိန်ကိုက်နေကာ လင်းရိပ်ထင်တို့အနားကို ပေါ်တောင်မလာတော့။

လင်းရိပ်ထင်၊ ခင့်ညိုညိုနှင့် လဝန်းလဲ့ပြာတို့ သုံးယောက်ရှေ့မှာတော့ ငွေ့ငွေ့လေး လောင်နေသေးသော မီးဖိုတစ်ခု ရှိနေခဲ့သည်။

မီးပုံပွဲ ပြီးပြီမို့ အရှိန်သေစ မီးပုံရှေ့မှာ သုံးယောက်သား ထိုင်နေကြတာ ဘယ်လောက်တောင် ကြာသွားပြီမသိပါ။

လင်းရိပ်ထင်သည် ဒီနေ့အဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်မှုဖြစ်မည်ဟု တွေးရင်း ရင်မော နှုတ်ဆိတ်နေသည်။

ခင့်ညိုညိုသည် ထင့်ရဲ့ ရွေးချယ်မှုကို ခံယူလို့မဖြစ်ဟုတွေးကာ ငြိမ်သက်ရင်း မီးညွန့်ကလေးတွေကို စိုက်ကြည့်နေသည်။

လဝန်းလဲ့ပြာသည် လင်းရိပ်ထင်ရဲ့ မူလပထမချစ်သူကတော့ ကိုယ်ပါပဲဟု တွေးကာ မာန်တက်လျက် ခင့်ညိုကို ဘယ်လို ဖယ်ရှားရင် ကောင်းမလဲဟု စဉ်းစားရင်း ထင်းမီးဖိုပေါ်မှ အသားကင် တုတ်တံရှည်ကလေးကို လှည့်ပတ်၍ အသားကင်နေသည်။

ခဏကြာသော် လင်းရိပ်ထင်က ဆုံးဖြတ်ချက်ချ၍ င်းကို ကြင်နာသနားစွာ ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လဝန်း ..."

"ဟင် ... ကို၊ ပြောလေ ..."

"ကိုယ် လဝန်းကို တောင်းပန်ချင်တာလေး ရှိလို့ပါ၊ ကို
လေ ကိုယ့်စိတ်ကလေ ဘယ်လိုမှ ..."

"ထင် ..."

ခင့်ညိုက ထင် စကားဆက်ခွင့်မရအောင် ဖြတ်
လိုက်သည်။ ဟင့်အင်း ... နင်မပြောနဲ့။ နင်ဘာပြောမယ်ဆို
ငါသိတယ် ထင်။ နင် လဝန်းကို တောင်းပန်ပြီး ငါ့ကိုပဲ လ
ထပ်တော့မယ်လို့ပြောမှာ ငါသိတယ်။ အဲ့ဒီအတွက် နင့်ရင်
နင့်နေမယ်။ လဝန်းကို အရမ်းသနားနေမယ်။ အားနာနေမ
အဲ့ဒီစိတ်ကြီးက နင့်ဆီကို ပါလာမယ်"

အဲ့ဒီစိတ်ကို ယူဆောင်လာပြီး ငါနဲ့ လက်ထ
ငါ အကြောက်ဆုံးပဲ ထင် ...။

ငါက နင့်ကိုလည်း ရချင်တယ်၊ နင့်ရဲ့ နူးည
စိတ်ကလေးကိုလည်း လဝန်းဆီမှာ ချန်မထားခဲ့ချင်ဘူး။

အဲ့ဒီအတွက် ငါ စွန့်စားရတော့မှာပေါ့။

မာယာ ပါးပါးလေးသုံးပြီး စွန့်စားရတော့မှာ
ထင်ရယ် ...။

"ထင့်ကို ခင့်ညို ပြောစရာရှိတယ်"

"ပြောလေ ... ခင့်ညို"

ပုညခင်စာအုပ်တိုက်



"ခင့် ဒီကစားပွဲက နုတ်ထွက်လိုက်တော့မယ် ..."

"ဘယ်လို ..."

"ယောကျ်ားတစ်ယောက်အတွက် ချစ်သူဆိုတာ တစ်ယောက်တည်း ရှိသင့်တယ်၊ အိမ်ထောင်ဘက်ဆိုတာလည်း တစ်ယောက်တည်း ရှိသင့်တယ်မဟုတ်လား၊ နှစ်ယောက်တောင် ရှိနေတယ်ဆိုရင် စည်းမျဉ်းနဲ့မညီဘူးလေ၊ ဂုဏ်သိက္ခာရှိတဲ့ ယောကျ်ားလည်း ဖြစ်မလာနိုင်တော့ဘူးလေ၊ ခင့်က ထင့်ကို ဂုဏ်သိက္ခာရှိတဲ့ ယောကျ်ားမျိုးဖြစ်စေချင်တယ်၊ စိတ်နှလုံး အေးချမ်းစေချင်တယ်၊ ဘာအတွက်မှ စိတ်ရှုပ်တွေး ဗျာများမနေစေချင်ဘူး၊ ထင့် စိတ်ချမ်းသာမှုကို ခင့်အမြဲ ရှေ့ရှုပါတယ် ထင် ...၊

"ထင့်အနေနဲ့ လဝန်းနဲ့သာ လက်တွဲဖို့သင့်ပါတယ်၊ လဝန်းကမှ ထင့်ရဲ့ မူလပထမ ချစ်သူပါ၊ ခင့်ကတော့ အခြေအနေတစ်ခုကြောင့်သာ ဖြစ်လာရတဲ့ ချစ်သူပါ၊ နောက်ဆုတ်ဖို့ အသင့်ဆုံးသူဟာ ခင့်ပါ ...၊ ခင့် ဒီပွဲက နုတ်ထွက်လိုက်ရင် ကစားပွဲက လှလှပပလေး Game over ဖြစ်သွားမှာပါ ...၊

"ခင့်ကို သွားခွင့်ပြုပါတော့ ထင်၊ လဝန်း ... အစစအရာရာအတွက် so sorry ပါနော်၊ တို့တွေကြားမှာ ဒီလိုမျိုးတွေ ရှိခဲ့တာကို မေ့ပစ်ပေးပါနော် ... ကိုခေ"

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခင့်က လဝန်းဘက်ကို လှည့်ကာ ပြုံးပြုံးလေးပြော
လိုက်ရင်း ခင့်ကိုယ်ပေါ်မှာ ထပ်ဝတ်ထားသည့် ပန်းရောင်ရှပ်အင်္ကျီ
ကလေးကို ချွတ်လိုက်ပါသည်။

ထို့နောက် အင်္ကျီကလေးကို လုံးထွေး၍ မီးပုံထဲသို့
ဖျတ်ခနဲ ပစ်ချပစ်လိုက်သည်။

တစ်ခဏချင်းဆိုသလို တွန့်လိတ် မည်းညိုလော
ကျွမ်းသွားသော အင်္ကျီကလေးကို လဝန်းနှင့် ထင်တို့ ကြောင်ကြည့်
နေဆဲမှာ ခင့်က မီးပုံကို ကျောခိုင်းလျက် ခြံတံခါးဝဆီသို့ လျှောက်
ထွက်လာခဲ့သည်။

ခင့် နှုတ်ခမ်းတွေကတော့ လျှို့ဝှက်စွာ ပြုံးနေခဲ့
သည်။

◆ ◆ ◆



နောက် ခြောက်လခန့် ကြာသောအခါ ...

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ဟဲ့ … ဖိုးအင်္ဂါ ဒီကောင်လေးဟာ သူချည်း စားနေတော့တာပဲ၊ နင့်အမေ မိညိုကိုလည်း ကျွေးလိုက်ဦးလေ …"

ခင့်ညို ကျွေးသမျှ ခရမ်းချဉ်သီးတွေကို လုစားလိုက်၊ ကောလေါ် ကုပ်တွယ်တက်ကာ ကျွမ်းထိုးချလိုက် လုပ်နေသော ျောက်ကလေး ဖိုးအင်္ဂါကို ခင့်က စကားလှမ်းပြောရင်း ထင့်ကို တိရနေမိပါသည်။

စိမ်းလဲ့တင်ထဲက ဒီတိရစ္ဆာန်ရုံလေးထဲမှာ ခင့်နဲ့ င်နဲ့ တိရစ္ဆာန်လေးတွေကို အစာကျွေးရင်း … အထူးသဖြင့် မိညိုနဲ့ အင်္ဂါ မျောက်သားအမိကို သဘောကျချစ်ခင်ခဲ့မိတာ …။ အဲ့ဒီ န်းက ခရမ်းချဉ်သီးတွေ အများကြီး ဝယ်ကာ မျောက်သားအမိ ို အတူကျွေးရင်း …

"ကိုယ်က မျောက်ဆို ငှက်ပျောသီးနဲ့ ပေါက်ပေါက်ဆုပ်လောက်ပဲ စားတတ်တယ် ထင်နေတာ၊ ခရမ်းချဉ်သီးစားတာ ခုမှသိတယ်"

ပုညခင်စာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင် တအံ့တသြလေး ပြောနေတာကို ကြည့်
ရင်း ခင့်စိတ်မှာ ချစ်စနိုးကလေး ဖြစ်ခဲ့မိတာ ...။

"ဟင် ... သူတို့က ခရမ်းချဉ်သီးအစွဲ မစားဘူးကွ၊ အနှ
ချည်း စုပ်စားနေတာ၊ ခရမ်းချဉ်သီးဆော့စ် တစ်ပုလင်း
လောက် ဝယ်လာကျွေးရင် ကောင်းမလား"

ဟု ထင်ပြောတော့ ခင့်က ကြုံကြုံဖန်ဖန် တွေးတတ်
သူရယ်လို့ ရယ်မောလှောင်ပြောင်ခဲ့သေးတာ။

အဲ့ဒီတုန်းက နှစ်ယောက်အတူ ရှိခွင့်ရတဲ့ မနက်ခင်
လေးမှာ ခင့်တို့ ဒီတိရစ္ဆာန်ရုံသေးသေးလေးထဲမှာ အံ့အံ့သြ
ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ဖူးတာ။

ကျားသစ်မကလေး ချောချော၊ မျောက်လွှဲကျော်
ကလေး မောင်ညို၊ မျောက်လေပွေ မောင်ချစ်ပို၊ သားသားဂျီး
ခေါ်တဲ့ အင်းကျား၊ မြိုင်ကြီးငှ ဝက်ဝံ၊ ချောင်းဖျားဖျံနဲ့ ရွှေသမင်
ဒရယ်၊ ဆတ် အကောင်လေးတွေ၊ အလိမ္မာလို့ ခေါ်တဲ့ ငှက်ကြ
ဝံပို၊ ဒီတိရစ္ဆာန်ကလေးတွေကို အတူအစာကျွေးရင်း ဟာသနှော
ပြောရင်း ရယ်မောခဲ့ကြဖူးတာ ...။

"ဟား ... ဟား ... ဟိုမှာကြည့်စမ်း ခင့်၊ ရေးထားတာ
လား ...၊ ငှက်ကုလားအုပ်ဥကို အထီးက ဝပ်တာတဲ့
အောင်မာ ... ငှက်ကုလားအုပ်နာမည်က အောင်သူ ဆိုး





"ခင့် ... ကြည့်စမ်း ... ကြည့်စမ်း၊ ဟိုမျောက်စပ်အုပ်စုကို
ကြည့်စမ်း၊ ဟား ဟား ... သန်းရှာတဲ့သူက ရှာ၊ ဖိုက်တဲ့
သူက ဖိုက်၊ အပျင်းဆန့်တဲ့သူက ဆန့်နဲ့ ရပ်ကွက်ထဲက
အဒေါ်ကြီးတွေ စုပြီး အတင်းစုပြောနေကြတာနဲ့မတူဘူး
လား ... ဟား ဟား ..."

ထင်က ဟာသတွေ ပြောကာ တသောသောရယ်
ရင်း သူ ဘာကြောင့် စိမ်းလဲ့တင်ကို ရောက်လာရသလဲဆိုတာကို
မေ့လျော့နေခဲ့တာဟာ ခင့်ညိုနဲ့ အတူရှိနေခွင့်ရလို့လားရယ်လို့
တိတ်တခိုးအတွေးနဲ့ ရင်ခုန်နေခဲ့ရတာပါ ...။

ခင့်က သက်ပြင်းချရင်း ဖိုးအင်္ဂါတို့ သားအမိ
အတွက် ခရမ်းချဉ်သီးလေးတွေ သွားထပ်ဝယ်လိုက်ပါသည်။

"အစ်မ ... ဒီတစ်ခေါက် တစ်ယောက်တည်းလား၊ ဟို
အစ်ကို မပါဘူးလား"

"သြော် ..."

အစာရောင်းသည့် ကောင်မလေးက လှမ်းမေးတာ
မို့ ခင့်က ပြုံးပြလိုက်ရင်း ...

"အစ်မကို မှတ်မိတယ်"

"ဟိုတစ်ခါလာတုန်းကတည်းက အစာတွေ အများကြီး
ဝယ်ကျွေးလို့ မှတ်မိနေတာပါ အစ်မ"

"သြော် ... ဒီတစ်ခေါက်တော့ မပါဘူး ညီမရဲ့၊ မ မ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ဝန်ထမ်းလေးတွေကို ကျိုက်ထီးရိုးလိုက်ပို့ရင်း ဒီမှာ တစ်ညဝင်အိပ်တာလေ၊ မနက်ဖြန်တော့ ပြန်ကြမှာ"

ခင့်က ကောင်မလေးကို အဖြေပေးရင်း ထင့်ကို ပြင်းပြင်းပြပြ သတိရလာမိပါသည်။

ခုဆို ထင်နဲ့ လမ်းခွဲခဲ့တာ ၆ လပြည့်တော့မည်။

၆ လအတွင်း ထင်က အကြိမ်ကြိမ် ဖုန်းဆက်သော်လည်း ခင့်က ဖုန်းမကိုင်ဖြစ်ခဲ့ပါ။

ထင့်အတွက် အချိန်ပေးဖို့ လိုအပ်သည်လို့ ခင့်က ယူဆထားခဲ့လို့ အလွမ်းတွေနဲ့အတူ အချိန်တစ်ခုကို စောင့်ဆိုင်းနေခဲ့ရတာပါ။

ခင့်ကို ရင်ထဲထည့်ပြီး လဝန်းနားမှာ နေလို့မပျော်နိုင်ဘူးဆိုတာ သေချာသွားမယ့်နေ့ကို ခင့် စောင့်ခဲ့တာ။

တကယ်တော့ ခင့်ညိုညိုဟာ လူကိုလည်း လိုချင်၊ စိတ်ကိုလည်း အပြည့်အဝ လိုချင်လို့ မာယာသုံးခဲ့တဲ့ မိန်းမတစ်ယောက်ပါ ထင် ...။

လဝန်းအပေါ် မတရားခဲ့ရင်တောင် အနှစ်နှစ်အလလ စောင့်ချစ်ခဲ့ရတဲ့ ခင့်နှလုံးသားအတွက်တော့ ဒါဟာ တရားမျှတတယ်လို့ ခင့်က ယူဆပါတယ်။

ခင့်က ထင့်အကြောင်းတွေးကာ ထင်နဲ့အတူ ရယ်မောခဲ့ရဖူးသော ဒန်းကလေးတွေရှိရာသို့ လမ်းလျှောက်လာခဲ့သည်။





ထိုအချိန်မှာပဲ ခင့်ဖုန်းလေးက အသံမြည်လာခဲ့လေသည်။

အို ... ချစ်သော ထင်ကလေးရဲ့ ဖုန်းပါလား ...။

ခုတော့ ဖုန်းကိုင်ဖို့ အချိန်တန်လေပြီ ...။

ခင့် သတိရနေတာကို သိများသိနေလို့လား၊ အတူရှိနေစွင့် ရချင်တာကို ခံစားမိလို့များလား ထင်ရယ် ...။

ခင့်က ထင် ထိုင်ခဲ့ဖူးသော ဒန်းလေးမှာ ထိုင်လျက် ရှက်ရွှင်းသိမ်မွေ့စွာ ပြုံးရင်း ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ခင့် ...၊ ခင့် ကိုယ့်ဖုန်းကို ကိုင်တယ်နော်၊ ကိုယ် ပျော်လိုက်တာ ခင့်ရာ၊ ခင့်အခုဘယ်မှာလဲ၊ ကိုယ် ခင့်နဲ့ စကားပြောချင်လို့၊ ခင့်ဆီကို ကိုယ် လာခဲ့ချင်လို့ ..."

"ရှင် အခုတော့ လာဖို့ မဖြစ်နိုင်သေးဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ..."

"ခင့်က အဝေးကြီးမှာမို့လို့"

"ခင့် ဘယ်ရောက်နေလို့လဲ"

"စိမ်းလဲ့တင်မှာ ..."

"အိုခေ ... ကိုယ် အခုလာခဲ့မယ်၊ သုံးနာရီပဲ စောင့် ..."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ထင်နဲ့ တွေ့မယ့်နေ့မှာ ခင့်ညိုက မွန်ပုဆိုးအ ကလေးနဲ့ တီရှပ်အမည်းကလေး ဝတ်ထားတာဟာ တမင် ကြံစ မှု မဟုတ်ခဲ့ ...။

သုံးနာရီအကြာမှာ ခင့်ဆီရောက်လာခဲ့သော ထင် ခင့်ပေးခဲ့သော မွန်ပုဆိုးကလေး ဝတ်လာခဲ့တာကတော့ တမ ကြိုတင်ကြံစည်မှုကြောင့် ဖြစ်လိမ့်မည်။

"ခင့်ရယ် ... ကိုယ် လွမ်းလိုက်ရတာကွာ ..."

"လွမ်းတယ်ဆိုတာ သေချာလား ထင်"

"သေချာတာပေါ့၊ ပြီးတော့ ခင့်ကို ချစ်တာလည်း သေ တယ်၊ လဝန်းဆောင်မှာ ကိုယ်နေကြည့်ရင်း လဝန်းကို မ နိုင်တော့တာလည်း သေချာလာခဲ့တယ်၊ ပြီးတော့ ဒီမှ ရော ... လဝန်းက ခင့်နဲ့တွေ့ရင် ပေးပေးဖို့ဆိုပြီး စာတ စောင် ပေးထားတာကြာပြီ၊ ဖတ်ကြည့်လိုက်ဦး ..."





ခင့်က ထင် လှမ်းပေးသော စာအိတ်လေးကို လှမ်း ယူဖွင့်ဖောက်ပြီး စာရွက်လေးကို ဖြန့်ဖတ်လိုက်ပါသည်။

ခင့် ...

ယောကျ်ားတွေဟာ တစ်ခါတလေမှာ သူတို့ရဲ့ ချစ်စိတ်အစစ်ဟာ ဘယ်မှာဆိုတာ သူတို့ကိုယ်တိုင်တောင် မသိ ကြပါဘူး။

ငါကတော့ ကိုနဲ့ ချစ်သူဖြစ်နေတဲ့အချိန်မှာကတည်း က သူ့ရဲ့ ချစ်စိတ်အစစ်က နင့်ဆီမှာဆိုတာ သိခဲ့လို့ သူနဲ့နင့် ကြားမှာ သံကွန်ချာအထပ်ထပ် ကာဆီးထားမြစ်ဖို့ အမြဲ ကြိုးစား ရင်း ငါတစ်ယောက်တည်း ပင်ပန်းနေခဲ့ရဖူးတယ်။

သူ့ချစ်စိတ်အစစ်ကို မသိချင်ယောင်ဆောင်ထား ရပေမယ့် လောကကြီးမှာ လဲဝန်းလှဲပြာဆိုတာ မရှိတော့ဘူးဆို ရင်တော့ သူ့ကို နင်နဲ့ စိတ်ချ ကြည်ဖြူခဲ့ချင်တယ်၊ နင်ဟာ ကို့ကို အကောင်းဆုံး ချစ်နိုင်မယ့်သူလို့ ငါယုံတယ် ...။

ဒါပေမယ့် ငါ လောကကြီးမှာ ရှင်သန်နေထိုင်ခွင့် ရဦးမှာလို့ သိလိုက်ရချိန်မှာ ကို့ကို အဆုံးရှုံးမခံနိုင်လို့ နင်တို့ ချစ်ခြင်းကို မထီမဲ့မြင် ပြုခဲ့မိတယ်။

ဒါပေမယ့် ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုတာ တစ်ဖက်သတ် သိမ်းပိုက်လို့ရကောင်းတဲ့ အရာမျိုးလည်းမဟုတ် ဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ...

စွန့်လွှတ်တိုင်းလည်း မဆုံးရှုံးသလို သိမ်းပိုက်တိုင်းလည်း မပိုင်ဆိုင်ဘူး။

နင်က စွန့်လွှတ်ခဲ့ပေမယ့် ကိုကို ငါမပိုင်ဆိုင်ခဲ့ဘူး ...။

အဲ့ဒါကြောင့် ...

ငါနားမှာ မပျော်တာ သေချာတဲ့ ...

နင့်ဘေးမှာ ပျော်မှာ သေချာတဲ့ ကိုကို လွှတ်လိုက်ခွင့် ပေးလိုက်တယ်။

နင်တို့နှစ်ယောက် ပျော်ရွှင်မယ်လို့ ငါ ယုံတယ်

နင်တို့ရဲ့ ...

အမြဲတမ်း သူငယ်ချင်း ...

(လဝန်းလဲ့ပြာ)

ခင်က စာရွက်လေးကို ပြန်ခေါက်သိမ်းလိုက်ပြီး မျက်ရည်အဝဲသားဖြင့် ထင့်ကို မော့ကြည့်လိုက်သည်။

ထင်က ခင့် နဖူးကို လက်ညှိုးလေးနှင့် တောက်လိုက်ရင်း ...

"မဲတူမ ... လာ ... မိညိုနဲ့ ဖိုးအင်္ဂါကို အစာသွားကျွေးအောင်"





ဟု ခေါ်ပြီး ခင့် လက်ကလေးကို ဆုပ်ကိုင်ကာ ဘိရွှာနံရံကလေးဆီ လျှောက်သွားလိုက်သည်။

ခင့်ကတော့ မျက်ရည်ဝဲလျက်ကပင် အတောက်ပဆုံး ပြုံးရင်း ထင့်ခြေလှမ်းတွေကို မီအောင် လိုက်လာခဲ့လေသည်။

ထင်ရယ် ...

ရှင့်အချစ်ကို ရဖို့အတွက် ...

ရှင့်စိတ်ကို အပိုင်ရဖို့အတွက် ...

ရှင့်ကို ပိုင်ဆိုင်ရဖို့အတွက် ခင့်ဘဝမှာ ခပ်ကြာကြာ အိပ်မောကျနေခဲ့တဲ့ မာယာဟာ တရေးနိုးလာခဲ့ရတယ်။

မသုံးမဖြစ်တော့လို့ မာယာ သုံးခဲ့မိပါတယ်။

ဒါပေမယ့် ...

ခင့်မာယာက ပါးပါးလေးပါ ထင်ရယ် ...။

ပုညခင်

9.6.2013

(Sunday)

4 : 28 PM



www.burmeseclassic.com